


# စိတ်စိတ်ဖြာဖြာ ဥပါဒါနက္ခန္ဓာ

ဓမ္မဝိဟာရီ ဆရာတော် အရှင်ဉာဏ

# စိတ်စိတ်ဖြာဖြာ ဥပါဒါနက္ခန္ဓာ

အရှင်ဉာဏ

# မာတိကာ

## အစွဲဖြုတ်တရား

## သက္ကာယမိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့

## ကြီးပေါင်း သို့မဟုတ် ကိလေသာ

နိဗ္ဗာန်ဆိုတာ အပယ်လေးပါး၊ ကပ်သုံးပါး၊

ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးက လွတ်တာပဲ။

ကိုယ်က စပြီး၊ မဆိုးစေနဲ့၊

သူများ ဆိုးတာတွေကိုလည်း၊

ကိုယ်က အဆိုးနဲ့ မတုန့်ပြန်မိစေနဲ့။

လူနဲ့ကံကို တခြားစီလို့ မြင်လာတဲ့အခါမှာ

အမှားအပေါ် ခွင့်လွှတ်လာနိုင်မယ်၊ သည်းခံလာနိုင်ပါမယ်။

**အရှင်ဉာဏ**

# အစွဲဖြုတ်တရား

## အစွဲမသိ အစွဲငြိ

အစွဲ မြန်မြန် ပြုတ်ဖို့ ဆိုတာကတော့၊ အစွဲ ပြုတ်ချင်တယ်ဆိုတာကတော့ အစွဲကို ကျုပ်တို့သိဖို့လိုတယ်။ အစွဲကို မသိတတ်ကြဘူး။ အစွဲ မသိတော့ အစွဲလည်း မပြုတ်ဘူး။ ဒီလိုပဲ ပြောကြရမှာပဲ။

ဥပမာ - ဆရာတော် အရှင်ဥက္ကဋ္ဌ တို့ဆိုရင် "အစွဲပြုတ် တဲကုပ် ရွှေနန်းတော်" လို့ ပြောတယ်။ ဒီလိုသာ ပြောတာ၊ အစွဲက ဘယ်ဟာဆိုတာ မသိဘူး။

နောက်တစ်ခါ ကျောက်သဘော်ာ ဆရာတော်ကြီး ဆိုရင်လည်း အစွဲတွေကို ဖြုတ်တယ် ဆိုပြီး ဖြုတ်လိုက်တာ၊ တခါတည်း ကျောက်သဘော်ာ ဆရာတော်ကြီးရဲ့ လက်ရုံးဖြစ်တဲ့ ဆရာတော် အရှင်ဩသဓ ဆိုရင် နောက်ဆုံးပိတ် ကျောက်သဘော်ာနဲ့ ခွဲရတော့မယ့် အနေအထားလောက် ရောက်တဲ့အခါကျတော့မှ တရားပွဲမှာ သူ ပြောလိုက်တာက "ခင်ဗျားတို့ ကျောက်သဘော်ာတွေ အစွဲဖြုတ်ကြ၊ အစွဲဖြုတ်ကြနဲ့ ဖြုတ်လိုက်ကြတာ အစွဲတွေလည်း အကုန်ပြုတ်ကုန်ပြီ၊ ပြုတ်ကုန်ပြီးခါမှ အပြုတ်ကို ခင်ဗျားတို့ ပြန်စွဲနေတယ်" လို့ သူ ပြောလိုက်တာဗျ။ တကယ် ပြောချင်စရာပဲလို့ ပြောရမှာပဲ။

သူတို့လည်း အစွဲလို့ ထင်ရတာတွေ အကုန် ဖြုတ်ပစ်တယ် ဆိုရာမှာ ကာမတွေလည်း စွဲတာပေါ့။ တကယ်တော့ တရားအားထုတ်တယ်ဆိုတဲ့ သူတွေကျတော့ ရူပစွဲတယ် ပြောရမှာပေါ့။ ရူပစွဲတာလည်း သူတို့က ဖြုတ်ပစ်တာပဲ။ နောက်ဆုံးကျတော့ ငါ ဆိုတဲ့သူ ရှိနေတယ် ဆိုတာတောင်မှ ဖျောက်ပစ်လိုက်ပြီဆိုတော့ အကုန်လုံး ဖြုတ်ပစ်လိုက်တယ် ဆိုရမှာပဲ။

ကိုယ့်ကိုကိုယ်တောင်မှ ဖြုတ်ပစ်လိုက်ပြီဆိုမှတော့ ဘာဖြုတ်စရာ ရှိတော့မှာလဲပေါ့။ စွဲမက်သူဖြစ်တဲ့ ကိုယ်တောင်၊ "ကတ္တား" ဖြစ်တဲ့ ကိုယ်တောင် မရှိတော့ဘူးဆိုတော့ အစွဲ မရှိတော့ဘူးပေါ့။ မရှိတော့ပေမဲ့ ကိုယ်မရှိတော့ဘူး။ "စိတ် စိတ်အတိုင်းလေးနေ" ဆိုတာမျိုး၊ သူတို့က အဲဒါကို မျက်မှောက်ပြုနေရတယ်ဆိုတော့ ဒီအပြုတ်ကို စွဲနေတယ်ဆိုတာမျိုးလို စွပ်စွဲမယ်ဆိုရင်လည်း စွပ်စွဲခံရတာပေါ့။

## အစွဲသိဖို့ ပဋိစ္စသမုပ္ပာဒ်ကို ကြည့်

ပြောမယ်ဆိုရင် ရိုးရာဘာသာ၊ ဗုဒ္ဓဘာသာမှာ တကယ့်ဗုဒ္ဓဘာသာတရားရဲ့ ထောက်တည်စရာ မရှိဘူးလို့ ပြောရမယ်။ အဲဒီလိုနေရာကို မရှိတဲ့အတွက် ဘယ်လိုမှကို မမီနိုင်ဘူး ပြောကြစို့။ အဲဒီတော့ ဘာလုပ်ရမှာတုံးဆိုရင်၊ အစွဲတို့၊ အစွဲပြုတ်တို့ အပိုင်း ဆိုင်ရာတွေကို သိဖို့အတွက်ဆိုရင် ပဋိစ္စသမုပ္ပာဒ်ကိုပဲ ပြောရမှာပဲ။

ကျုပ်တို့ဘုရားဆိုရင် အတော်ပြောခဲ့တဲ့ အကွက်တွေ အများကြီး တွေ့ရတယ်။ ပဋိစ္စသမုပ္ပာဒ်ကလည်း အတော်ကြည်ညိုစရာ ကောင်းပါတယ်။ ဘုရား တရားထဲမှာ ဒီနေ့ ပြောနေကြတာ၊ ဥပမာ - သင်္ဂြိုဟ်မှာလာတဲ့ ပဋိစ္စသမုပ္ပာဒ်ဟာ တစ်ကွက်တည်းပဲ ဘုရားဟောခဲ့တယ် ဆိုတာမျိုးလို။ တကယ်

ထုတ်ကြည့်ရင် သုတ္တန်ပေါင်း တစ်ရာလောက်။ သံယုတ်ထဲဆို မနည်းဘူး။ တခြားနိကာယ်တွေထဲမှာ လည်း အများအပြား။ ဘုရားက အကြောင်းသင့်တိုင်း အဲဒီကို ပြန်ပြန်ပို့တယ်။

တကယ်တော့ ဗုဒ္ဓဝါဒဟာ ဟောဒီ ဝါဒပဲ ဆိုတာမျိုး သိရမှာ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ တရားရတော့လည်း ဒီ ကံကို ကြည့်ပြီးတော့ ဒီ ကံနဲ့ စပ်လျဉ်းလို့၊ အသိတွေကို ဉာဏ်သုံးလို့ ဖြစ်တာ။ ဒါကိုလည်း သူ ဂါထာလေးတွေ ဖွဲ့ဖွဲ့ပြီး ပြောခဲ့တာ။ အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပာဒ်က သိပ်အရင်းကျတယ် ဆိုတာ သိရတာပေါ့။

နောက် ပဋိစ္စသမုပ္ပာဒ်ကို အစအဆုံး သိမြင်ဖို့ အပိုင်းကျတော့၊ ကမ္မဝါဒဘက်ကို ဝင်လာပုံလေး ဆိုရင်လည်း သူရဲ့ ငယ်ငယ်နှောင်းနှောင်းက သိဒ္ဓတ္ထ လသားအရွယ်လေးအကြောင်းကို ပြောတာ အတော်ထင်ရှားတယ်လို့ ပြောရမယ်။

အဲဒီလိုမျိုး ပဋိစ္စသမုပ္ပာဒ်က သူ ဘုရားဖြစ်ချိန်မှာလည်း အကြီးအကျယ် ဟောခဲ့သလို၊ သူ နောက်ဆုံး ပရိနိဗ္ဗာန် စံခါနီးမှာလည်း ပဋိစ္စသမုပ္ပာဒ်ကို ပြောသွားတယ်လို့ ပြောရမှာပဲ။

## ဗုဒ္ဓ၏ နောက်ဆုံးစကား

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ဒီ သင်္ခါရကို ဟောသွားတာ။ "ဒီ "သင်္ခါရ"တွေဟာ "ဝယ" သဘောရှိတယ်။ အပျက်တွေ။ ဒါတွေကို မမေ့မလျော့တဲ့ သတိနဲ့ ပြည့်စုံနေအောင် လုပ်ကြ" လို့ ဆိုတာမျိုး။ ဒါ နောက်ဆုံးစကား။

အလယ်ဘက် ဟောချက်တွေကလည်း ဒီ သာတိရဟန်းတို့ကို "သေပြီးနောက် ဒီအကောင်ကြီးကသာ မသွားတာ၊ ဝိညာဉ်ကတော့ ကူးတယ်" နဲ့ သာတိက ပြောတာကိုး။ ဒါနဲ့ ကျန်တဲ့ ရဟန်းတွေက "ဒီလိုတော့ မဟုတ်ဘူး။ ဘုရားက ဒီလိုဟောတာပဲ" နဲ့ ပြန်ပြီးငြင်းဆန်တော့တာပဲ။ "ဒီလိုဆို ဘုရားဆီ လိုက်ခဲ့" နဲ့ ဘုရားဆီ ခေါ်သွားတယ်။ ခေါ်သွားတဲ့အခါကျတော့ ဘုရားက သူ့ ငေါက်တာပေါ့။ "ကဲ ကျန်တဲ့ ရဟန်းတွေ၊ ငါ ဒီလိုမျိုး ပြောတာမျိုး ကြားဖူးသလား" နဲ့ ခေါ်ခေါ်ပြီး တစ်ခါတည်း ပဋိစ္စသမုပ္ပာဒ် ပြန်ပြောတာပါပဲ။

ပဋိစ္စသမုပ္ပာဒ်ကို အလယ်ပိုင်းမှာလည်း တော်တော်ပဲ သူ့တရားကွက်တိုင်း ဝင်အောင် ပြောတယ်။ ဘုရားစဖြစ်တဲ့ ဗောဓိပင်အောက်မှာ ပဋိစ္စသမုပ္ပာဒ်နဲ့ စသလို၊ အင်ကြင်းဥယျာဉ်မှာ သေတဲ့ အခါကျတော့လည်း ပဋိစ္စသမုပ္ပာဒ်နဲ့ပဲ သူသေတယ် ပြောရမှာပဲ။ ဒီတော့ ကျုပ်တို့ဘုရားနဲ့ ဓမ္မပုံစံဟာ ဘာလဲဆိုရင် ပဋိစ္စသမုပ္ပာဒ်ကို ပြရမှာပဲ။

ပဋိစ္စသမုပ္ပာဒ်ဟာ ဒီလောက် လေးနက်ပေမဲ့ ဒီကနေ့ ဗုဒ္ဓဘာသာလောကမှာ သိပ်လေးနက် ယောင် မထင်ဘူး။ ဘာနဲ့ သိရသလဲဆိုရင် ပဋိစ္စသမုပ္ပာဒ်ဆိုတာ ဒီတစ်ကွက်တည်း ရှိတယ် ဆိုတာမျိုးလိုလို နဲ့ပဲ။

ပဋိစ္စသမုပ္ပာဒ်ကို ဟောတယ်ဆိုတဲ့ ဘုန်းကြီးတွေလည်း ဒါဟောတာပဲနော်။ ဒီပဲခူးဘက်ထဲက ညောင်လေးပင်တောရ ဆရာတော် ဆိုရင်လည်း "ပဋိစ္စသမုပ္ပာဒ် အရသာ" ဆိုတာ ရေးသွားတယ်။

အဲဒီကနေ မိုးကုတ် ဆရာတော်တို့ ရတာပေါ့။ မိုးကုတ် ဆရာတော်တို့ ဆိုရင်လည်း ပဋိစ္စ သမုပ္ပာဒ်ပဲ သူဟောသွားတာ။ အဲဒီ ဟောချက်တွေဟာလည်း သင်္ဂြိုဟ်ထဲက ပဋိစ္စသမုပ္ပာဒ်လောက်ပဲ ရှိတယ်။

## အရကောက်ချက်လွဲ အစွဲ မသိနိုင်

သင်္ဂြိုဟ်ထဲက ပဋိစ္စသမုပ္ပာဒ်ကလည်း အလွန် အပြည့်စုံဆုံးဖြစ်တဲ့အတွက် "ဘာဖြစ်လဲ၊ ကောင်းတာပေါ့" လို့ ထင်ချင်စရာ ရှိတယ်။ ဒီ ပဋိစ္စသမုပ္ပာဒ်ကို အရကောက်ချက်ကျတော့ လွဲသွား ပြီ။ သိပ်လွဲသွားတော့ ဘယ်လိုမှ အစွဲကို မသိနိုင်တော့ဘူး။ စွဲတယ်ဆိုတာ ဘာလို့ကို မသိနိုင် တော့ဘူး။ အဲဒီ အနေအထား ရှိတယ်။

အရကောက်တာ ဘာဖြစ်လို့ လွဲသလဲဆိုတော့ မမွေးခင် ဘဝတုန်းက အဝိဇ္ဇာနဲ့ သင်္ခါရ ဖြစ် တယ်။ အဲဒီလိုမျိုး တစ်ဘဝ ကောက်လိုက်တယ်။

အခု ဒီဘက်ဘဝ အမေက မွေးတဲ့ အခါကျတော့ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုပြီး အကျိုးတရား ငါးချက်။ ဒီ ငါးချက်နဲ့ နောက် အဲဒီလူ ဖြစ်ပြီး သိတတ်လို့ လှုပ်ရှား တတ်တဲ့ အခါကျတော့ တဏှာ၊ ဥပါဒါန်၊ ဘဝ ဆိုတဲ့ ဒီ ပဋိစ္စသမုပ္ပာဒ်ရဲ့ အင်္ဂါက နောက်ထပ် သုံးချက် ဖြစ်တယ်တဲ့။

ဒီဘဝမှာ ပဋိစ္စသမုပ္ပာဒ် အလယ် ရှစ်ချက်ပဲ ရှိတယ် ဆိုပြီးသကာလ ဝိညာဉ်၊ နာမ်ရုပ်၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဒီ ရှစ်ချက်ပဲ ရှိတယ်။

လူတွေ လည်ကြရ၊ လည်ကြရနဲ့ ဒီ ရှစ်ချက်နဲ့ပဲ လည်ရတယ် ဆိုတာမျိုး ပြောတယ်ဗျနော်။

နောက်တစ်ခါ ဇာတိနဲ့ ဇရာမရဏ ဆိုတဲ့ အင်္ဂါနှစ်ရပ်က သေပြီး နောက်ဘဝကျမှ ဖြစ်မှာ ဆို တာမျိုး။ ပဋိစ္စသမုပ္ပာဒ် အင်္ဂါလေး (၁၂) ရပ်ကို သုံးဘဝ စပ်ထားတာနော်။

အဝိဇ္ဇာနဲ့ သင်္ခါရက မမွေးခင်ဘဝ။ နောက်နှစ်ချက်ဖြစ်တဲ့ ဇာတိနဲ့ ဇရာမရဏက သေပြီး နောက်ဘဝ။ ဒီလိုဆိုတော့ ဒီ အလယ်ရှစ်ချက်က အကျိုး ငါးချက်၊ အကြောင်း သုံးချက်တော့ ပါပါရဲ့။

ဒါပေမယ်လို့ အကျိုးက အရင် ဖြစ်နေတယ်။ အကြောင်းက နောက်မှာ ဖြစ်တာဆိုတော့ ဒါ အကျိုးအကြောင်းပေါ့ လို့ ပြောလို့ မရဘူး။ ဒီ အကျိုးပေါ်မှာ ထိုင်ပြီးတော့သာ အကြောင်းလုပ်တာ ဖြစ်နေတာလေ။ ဒီ အကြောင်း လုပ်လို့မှ ဒီ အကျိုး ဖြစ်တာ မဟုတ်ဘူး။

အဲဒီလိုဆိုတော့ ပဋိစ္စသမုပ္ပာဒ်က ဒီဘဝမှာတော့ဖြင့် ကန်းကိုနေရောလို့ ပြောရမှာပဲ။ မလည်ဘူး။ ရပ်နေတယ်။ ဒီ ရှစ်ချက်မှာ အကျိုးအကြောင်းနဲ့ သူဟာသူ လည်နေတာပေါ့ ဆိုတာလည်း မလည်ဘူး။ ဘာလို့လဲဆိုတော့ အကြောင်းက နောက်မှ ဖြစ်တာကိုး။ အဲဒီလိုမျိုး ဖြစ်တဲ့အတွက် ပဋိစ္စသမုပ္ပာဒ်ကလည်း ပျက်နေတယ်။

အကုန်လုံး သိတာက အဲဒီအတိုင်း သိတာ။ အဲဒါတောင်မှ ခက်တယ်၊ နက်တယ် ဆိုပြီးတော့ အလွှာက လေးလွှာ၊ အစပ်က သုံးစပ် ဆိုပြီး အမျိုးမျိုး ပြောကြတယ်။ အခြင်းအရာတွေက (၂၀) နဲ့၊ ဒါတွေ ဖြစ်အောင်ကိုပဲ တစေ့တစပ် စပ်ပြီး ကျုပ်တို့ နေကြရတာ မဟုတ်လား။

## အင်္ဂါ (၁၂) နဲ့ ဝဋ်သုံးပါး

ပဋိစ္စသမုပ္ပာဒ်က တကယ် အဲဒီလောက်နဲ့ ပြီးရမှာ မဟုတ်ဘူး။ တကယ့်ဘုရားဟောတဲ့ ပဋိစ္စသမုပ္ပာဒ်က အဲဒီလို မဟုတ်ဘူး။ မပြတ် တရစပ် လည်နေတာ။ ဘယ်လောက်အထိ လည်သလဲဆိုရင်၊ ဒီ (၁၂) ရပ် ရှိတယ်ဆိုတာ ဟောစဉ် ဒေသနာမို့သာ (၁၂) ရပ် လုပ်ထားတာ။

တကယ်တော့ သံသရာ နှစ်ပတ် လည်ပုံကို ပြထားတာ။ ဘယ်လို ပြသလဲဆိုရင် အဝိဇ္ဇာ ဆိုတဲ့ ကိလေသဝဋ်ရယ်၊ သင်္ခါရလို့ ဆိုတဲ့ ကမ္မဝဋ်ရယ်၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ဝိပါကဝဋ်ရယ်၊ ဒီ ဝိပါကဝဋ်ကြောင့် အဝိဇ္ဇာ ဖြစ်၊ အဝိဇ္ဇာကြောင့် သင်္ခါရ လုပ်၊ သင်္ခါရကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ် ဆိုတဲ့ သံသရာ တစ်ပတ်လည်တာ။ တစ်ပတ်လည်တာ နောက်တစ်ပတ် မလည်တော့ ဒါတင်ပဲဆို ကိုယ်က မလည်သလိုလိုဘဲ ဖြစ်တာပေါ့။

ဒါ နောက်ထပ် လည်တာကို ပြချင်တော့ အဲဒီ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုပြီး ဝေဒနာ ပြီးတော့ တဏှာ၊ ဥပါ ဒါန်ကို ပြလိုက်တယ်။ တဏှာ၊ ဥပါဒါန် ဆိုတာနဲ့ အဝိဇ္ဇာ ဆိုတာ အတူတူပဲ။ ဒီလို ပြောရမှာပဲ။

နောက်ထပ် ဘဝ ဆိုပြီး ပြလိုက်တော့ သင်္ခါရနဲ့ ဘဝဟာ အတူတူ။ နောက်ပြီး ဇာတိ၊ ဇရာ မရဏနဲ့ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အတူတူဆိုတော့ ဒီဝဋ်တွေ လည်တာကို ပြတာ။ နှစ်ပတ်လောက် လည်တာပြပြီ ဆိုတော့ နောက်ထပ် မဆုံးနိုင်အောင် ထပ်ပြီး လည်ပြမနေတော့ဘူးပေါ့ဗျာ။

အဲဒီလိုမျိုး နားလည်သွားဖို့အတွက် အင်္ဂါ (၁၂) ရပ် ဘုရားက ဟောခဲ့တာ။ တကယ် ဘုရားဟောတာကတော့ ဝဋ်သုံးပါးပါပဲ။

ကိလေသာဝဋ်လည်း ကိုယ့်အနေနဲ့ မကောက်တတ်ဘူး။ ကမ္မဝဋ်လည်း ကိုယ့်အနေနဲ့ မကောက်တတ်ဘူး။ ဟုတ်ဟုတ်ညားညား မကောက်တတ်ဘူး။ ယောင်တောင်ကန်းတန်းနဲ့ ကောက်တတ်ကြတာ။ ဝိပါကဝဋ်ကို ကျတော့ ယောင်တောင်ကန်းတန်းနဲ့တောင် မကောက်တတ်ကြဘူး။ အဲဒီလို ရှိတယ်ဗျ။

## ကံ ကောင်း မကောင်း ဘာကို ကြည့်ပြီး ပြော

ပြောမယ်ဆိုရင် ပဋိစ္စသမုပ္ပာဒ်နဲ့ စပ်လို့ မျက်စိအလင်းနည်းကြပုံ တကယ်ထင်ရှားတယ်။ မြတ်စွာဘုရားရဲ့ ပဋိစ္စသမုပ္ပာဒ် ကွယ်တဲ့ အဆင့်အထိ ဒီကနေ့ ပဋိစ္စသမုပ္ပာဒ် နားလည်မှုက ဖြစ်နေတယ်။ ကွယ်သွားအောင် နားလည်တော့ တကယ်လည်း မြတ်စွာဘုရားရဲ့ ပဋိစ္စသမုပ္ပာဒ် ကွယ်တော့တာပေါ့လို့ ပြောရမှာပဲ။ ဒါကို တကယ်လို့ မကွယ်ဘူးဆိုရင် လူတွေ ပြောမှာပေါ့။ ကံတွေ တစ်ခုခု လုပ်နေကြပြီ။

ဉပမာ - စိတ်ဆိုးလို့ ဆဲလိုက် ဆိုလိုက်သလား၊ လောဘကြီးပြီး လိမ်လိုက် ကောက်လိုက်သလား၊ ဒေါသတွေ ကြီးပြီး သကာလ ရိုက်လိုက် ပုတ်လိုက် သတ်ဖြတ်လိုက်သလား။ ဒါ က ကံတွေ လုပ်ကြတာပဲ မဟုတ်လား။ အဲဒီ ကံကိုတောင်မှ သိပ်မသိချင်ကြဘူး။

ကံမှန်း မသိချင်ကြဘူး ဆိုတာက ကံ မကောင်းဘူးလို့ ပြောတဲ့သူဟာ၊ သူ မကောင်းဘူးလို့ ပြောတာဟာ ဘာသိ ပြောတာလဲ မေးရင် သူ ဖြစ်နေတဲ့ ဖြစ်ရပ်က ဆိုးနေတဲ့အတွက် သူ ကံမကောင်းဘူး ပြောတာနော်။

ဉပမာ - ထီထိုးတယ်။ အကြိမ်တစ်ရာလောက် ထိုးတယ်။ တစ်ခါတောင် မပေါက်ဘူးဆိုရင် ငါ ကံမကောင်းပါဘူးကွာ - ဒီလိုပြောတယ် မဟုတ်ဘူးလား။ ထီ မပေါက်တာနဲ့ ကံမကောင်းတာကို ပြောတာနော်။ သူက အကျိုးက မကောင်းတဲ့အတွက် ကံမကောင်းဘူး ပြောတာ။ ကံကြည့်ပြီး ပြောတာ မဟုတ်ဘူး။

အခု ငါ ခိုးနေတာပဲ၊ ငါ လိမ်နေတာပဲ ဒါကြောင့် ငါ ကံမကောင်းနေဘူးလို့ သိတာ မဟုတ်ဘူးနော်။ ဝိပါက်ကြည့်ပြီးသာ ကံမကောင်းဘူး ပြောတာ။

ကံကောင်းတယ် ပြောတဲ့သူကကော မေးရင် ငါ အခု သူများကို ကူညီနေတာပဲ၊ ရိုင်းပင်းနေတာပဲ၊ ငါ ကံကောင်းနေတာပဲလို့ ဒီလိုသိပြီး ပြောတာ မဟုတ်ဘူး။ ကံကောင်းတယ်လို့ ပြောတာကလဲ ထီလေး တစ်ခါလောက် ထိုးလိုက်တယ်။

မတော်တဆ ဖြစ်ပြီး ထီပေါက်သွားတယ်။ ငါ သိပ်ကံကောင်းသွားပြီ။ ဝိပါက် ကြည့်ပြီး ကံကောင်းတယ် ပြောတာပဲ။

ဒီတော့ ကျုပ်တို့ ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓက ကမ္မဝါဒီပုဂ္ဂိုလ်ကြီး ဖြစ်တယ်ဆိုတော့ ကျုပ်တို့လည်း သူ့တပည့်တွေဆိုတော့ ကမ္မဝါဒီတွေပဲပေါ့။ ကမ္မဝါဒီတွေ ဖြစ်လို့ ကံများ မင်းတို့ သိလို့လား မေးရင် ကံ မသိကြဘူး လို့ ပြောရမှာဗျ။

မခံယူဘူးလား မေးရင် ယောင်တောင်ကန်းတန်းနဲ့တော့ ခံယူတယ်။ အခု လုပ်နေတဲ့ ကောင်းတဲ့ ကံ၊ မကောင်းတဲ့ ကံကို မသိတာတင် မကဘူး၊ အဲဒီ ကောင်းတဲ့ ကံ မကောင်းတဲ့ ကံ လုပ်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ကိလေသာကိုလည်း မသိဘူးဗျ။

## သင်္ခါရကို ဒီလူ လုပ်တာ မဟုတ်

ကံတွေ ဆိုးနေပြီဆိုရင် ဒီကောင်ကိုက ဆိုးတာ၊ ကံတွေ ကောင်းနေပြီဆိုရင် ဒီကောင်ကိုက ကောင်းတာ၊ ဉာဉ်ကိုက ကောင်းတာ၊ ဒီလိုမျိုး ပြောတာ မဟုတ်လား။ တကယ်တော့ အဲဒီ ကောင်းတဲ့ ကံနဲ့ ဒီကောင်နဲ့ဆိုတာ စပ်လို့တောင် မရ, ရဘူး။ ဆိုးတဲ့ ကံနဲ့ အဲဒီ ဆိုးတဲ့ကံလုပ်သူနဲ့ စပ်လို့တောင် မရ, ရဘူး။ ဘုရားရဲ့ ပဋိစ္စသမုပ္ပာဒ် နားလည်ရင်ပေါ့ဗျာ။

ဘုရားက ဘာပြောလဲ ဆိုတော့ ကိလေသာကြောင့် ကံလုပ်တာ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာလို့ ဒီလို ပြောခဲ့တာ မဟုတ်လားဗျာ။ ဒီ သင်္ခါရ လို့ဆိုတဲ့ ကံက မကောင်းတဲ့ ကံ ဖြစ်ဖြစ်၊ ကောင်းတဲ့ ကံ ဖြစ်ဖြစ်၊ မကောင်းတဲ့ သင်္ခါရကို အကုသိုလ် သင်္ခါရ ပြော၊ ကောင်းတဲ့ သင်္ခါရကို ကုသိုလ် သင်္ခါရလို့ ပြောတာ မဟုတ်လား။

ဒီ ကံတွေ ဖြစ်တဲ့ ကုသိုလ်တို့ အကုသိုလ်တို့ ဆိုတာ ဒီလူ လုပ်တာမှ မဟုတ်တာ မဟုတ်လား။ တကယ်တော့ အဝိဇ္ဇာကြောင့် သို့မဟုတ် တဏှာ၊ ဥပါဒါန်တို့ကြောင့် ဒီလို ပြောရမှာ မဟုတ်လား။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုတာကလည်း ကိလေသာ ဆိုတော့ ကိလေသာကြောင့် ဒီ ကံတွေ လုပ်တာ။ ကံရဲ့ လက်သည်ကို ရှာပါ ဆိုရင် ကံရဲ့ လက်သည်ဟာ ကိလေသာ ဖြစ်တယ်။ ကိလေသာတွေကြောင့် ဆိုတာ သိနေမှတော့ ဒီကောင် လုပ်တာလို့ ဆိုတာမျိုး ပြောလို့ ဘယ်ကောင်းပါ့မလဲ။ ဒါပေမယ်လို့ ကံလုပ်တဲ့ သူကို တရားခံချပြီဆိုရင် လုပ်တဲ့ကောင်ပဲ ဆိုတာမျိုးပဲ အားလုံး ချနေကြတာ ဆိုတော့ ကိလေသာ မသိဘူး။

## ဒေါက်သုံးဒေါက် သိဖို့ လိုတယ်

ကိလေသာ ဆိုတဲ့ စကားလုံး ကြားဖူးတယ်။ ကိလေသာ ထတယ် ဆိုတာလည်း အရပ်ထဲမှာ ပြောကြတယ်။ အဲဒါတွေ ဘာလဲ ဆိုရင် မိန်းမတွေ လိုက်စားတယ်၊ ယောကျ်ားတွေ လိုက်စားတယ်၊ အမျိုးမျိုး ပြောင်းဆန်အောင် လိုက်စားတယ်ဆိုရင် ကိလေသာ ဆိုတဲ့ စကားကိုလည်း ယောင်တောင်ကန်းတန်းပဲ သိတာ။ တကယ် ကိလေသာ မသိဘူး။

ဘုရား ဟောခဲ့တဲ့ ပဋိစ္စသမုပ္ပာဒ်ရဲ့ တကယ့် ဒေါက်သုံးဒေါက် ဖြစ်တဲ့ ကံကိုလည်း မသိဘူး။ ကမ္မဝဋ် ဖြစ်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ကိလေသာ ဆိုတာလည်း မသိဘူး။ ဝိပါက် ကျတော့ လုံးလုံး လျားလျားကို မသိဘူး။ ဝိပါကဝဋ် ပေါ့နော်။ လုံးလုံးလျားလျားကို မသိဘူး ဆိုတော့ မဖြစ်လို့လား ပေါ့နော်။ ဖြစ်လိုက်သမှ ဖြစ်ခြင်းပေါ့ဗျာ။ ဖြစ်ပေမဲ့လည်း ဝိပါကဝဋ်ကို မသိဘူးပေါ့ဗျ။

ဘယ်လောက် ပြောတုံးဆိုရင် ဒီ ဝိပါကဝဋ်က အခု မဖြစ်ဘူးတဲ့၊ အခုလုပ် အခု မဖြစ်ဘူးတဲ့။ ဘယ်တော့ကျမှ ဖြစ်မှာတုံး ဆိုရင် သေပြီး နောက်ဘဝတွေ ဘဝတွေ အကြာကြီး ကြာမှ ဖြစ်မှာတဲ့။ အဲဒီလိုမျိုးလို ဒီနေ့ ဗုဒ္ဓဘာသာဝင်တိုင်း ခံယူတယ်ဗျာ။

အဲဒီလို ခံယူလို့ ကျုပ်တို့ဘုရားရဲ့ ဝါဒများနဲ့ ကိုက်ရဲ့လားလို့ မေးရင်၊ ဘုရားက သေပြီး နောက်  ဖြစ်တယ်လို့ ယူတာလား မေးရင် မဟုတ်ဘူးလို့ ဖြေတယ်။ သေပြီးနောက် မဖြစ်ဘူးလားလို့၊ မြတ်စွာဘုရား အယူက ယူတာလားလို့ မေးတော့လည်း မဟုတ်ဘူးတဲ့။ သူ့ စကားနှင့်တောင် ဆန့် ကျင်ရဲ့လို့ ပြောရမှာပေါ့ဗျာ။

ဒါပေမဲ့ ကျုပ်တို့ ဒီကလုပ်တဲ့ ကံတွေကတော့ သေပြီးနောင် ဖြစ်မယ် ဆိုတာမျိုးပေါ့ဗျာ။

ပြောတယ် ကျုပ်က ပြောတယ်။ ထီးချိုင့်က တည်တော ဆရာတော်ဆိုတဲ့ ဆရာတော် တစ်ပါး က သူတို့မြို့မှာ နူစွဲပြီး တောင်းစားနေတဲ့သူ တစ်ယောက် ရှိတယ်တဲ့။ အဲဒီလူက ကောလင်းမြို့က လာတာတဲ့။ သူ ငယ်ငယ်ကတည်းက ထီးချိုင့်ကို ရောက်နေတာဆိုပဲ။ သူက ဆိုးဆိုးပေပေလူကွ တဲ့။ ဒီလို ဆိုးပေတဲ့ ကံတွေရဲ့ အကျိုးအဖြစ်နဲ့ သူ အနူအဝဲ သူတောင်းစား ဖြစ်နေရတာပေါ့လို့ ပြောတယ်။ ဒီလိုဆိုရင် ထီးချိုင့် ဆရာတော်ကို မေးကြစမ်းပါ။

## စာလို ပေလိုနဲ့ ချပြစမ်းပါ

အဲဒီလိုမျိုးလို မကောင်းတဲ့ လုပ်ငန်း လုပ်တဲ့အတွက် မကောင်းကျိုး ဖြစ်နေတာကို လက်တွေ့ ကြီးတောင် မြင်ရပြီးနေပြီ ဆိုရင် အဲဒီသူရဲ့ မကောင်းတဲ့ ကံနဲ့ အဲဒီ သူရဲ့ မကောင်းတဲ့ ဝိပါက် အကျိုး ကို စာလို ပေလိုလေးနဲ့ ပဋ္ဌာန်ပါဠိရာဇဓမ္မန်း၊ သမ္မဋ္ဌိစ္ဆိုင်း၊ သင်္ဂြိုဟ်ရဏနဲ့ ပေါ့ဗျာ။

အဲဒီလို စိတ် အစဉ်လေး သွားပုံ လာပုံလေးနဲ့ ချပြီး အကျိုးပေးပုံ ပြစမ်းပါလို့ ပြောကြစမ်းပါ လို့ ကျုပ်က တရားပွဲကနေ အော်တယ်ဗျ။

အော်တော့ ဘယ်သူမှ လုပ်လို့ မရဘူး။ တိပိဋကလည်း လုပ်လို့ မရဘူး။ စာအုပ်တွေ အများ ကြီး ရေးခဲ့တဲ့ အရှင်ဇနကာဘိဝံသလည်း ရေးလို့ မရဘူး။ ခင်ဗျားတို့လည်း အဘိဓမ္မာ သင်ထားလို့ တတ်ထားတာပဲ။ ဘယ်လိုမှ အကျိုးပေးပြလို့ မရဘူး။

ဖော, ဟုတ်တယ် မဟုတ်လား။ ကံတွေ လုပ်တယ် ဆို။ ဖော၊ ဖော ခုနစ်ကြိမ် ကျပြီးနောက် တဒါရုံရင်လည်း ကျမယ်။ ဒါမှမဟုတ် ဘဝင်ကျမယ်။ တဒါရုံဆိုတာ ကံရဲ့ အကျိုးဝိပါက်။ ဘဝင်ကျတော့ ဘာ ဘဝင်ကျတုံး ဆိုရင် ဟို မမွေးခင် ဘဝက လုပ်ခဲ့တဲ့ ကံရဲ့အကျိုး ဝိပါက်ကိုပဲ ကျတာတဲ့။

ဒီလိုဆို ဒီဘက် ဝိပါက်ရဲ့ နေရာ မရှိတော့ဘူး။ ဝိပါက်ကို ပေါ်လို့ မရ, ရဘူး။ အခု လုပ်လိုက်တဲ့ ကံရဲ့ အကျိုး ဝိပါက်ကို ပေါ်လို့ မရ, ရဘူး။ အခု ဘဝတင် အကျိုးကို ပေးမပြနိုင်ဘူး။ ဘယ်လောက် ပညာရှင်ပဲ ဖြစ်ဖြစ် ပေး မပြနိုင်ဘူး။

## ပဋ္ဌာန်းလည်း လေးနက်မှု နည်း

ကျုပ် ရွှေမြင်တင်တောင် နေစဉ်တုန်းက အရှင်ဇနကာဘိဝံသ ကျောင်းတိုက်က ပဋ္ဌာန်းတွေကို ပို့ချပြီး စာချလုပ်လာခဲ့တဲ့ ဘုန်းကြီးလေးတစ်ပါးက ကျုပ်ကျောင်း ရောက်လာတယ်။ သူက ဟိုဘက်ရွာကို သွားမှာပါ။ နေပူလွန်းတာနဲ့ ခဏ နားပါဦး တားပြီး စကား ပြောတာပေါ့။

ပဋ္ဌာန်းကလည်း ဘုရား၊ သိပ်လေးနက်သလိုလို ရှိပေမဲ့ တကယ်တမ်း စစ်ဆေးပြီး ကြည့်မယ်ဆိုရင် လေးနက်မှုက နည်းလိုက်တာ လို့ ကျုပ်က ပြောတာပေါ့။ သူတော့ လေးနက်ပါတယ်တဲ့။

အဲဒီလိုဆိုရင် တကယ်လေးနက်တာလား၊ စိတ်ထဲက လေးနက်တယ်လို့ ထင်တာလားလို့ သိရအောင် မေးခွန်း မေးကြည့်ခွင့်ပေးပါ ဘုရား ဆိုတော့၊ မေးပါတဲ့။

ကျုပ်ကလည်း အခု ဖြစ်နေတဲ့ ဝိပါက်နဲ့ အခု ပြုလုပ်တဲ့ ကံရဲ့ အကြောင်းဆက် အကျိုးဆက်ကို ရှင်းလင်းနေအောင် ပြောဖို့ သူ့ကို ပြောလိုက်တဲ့ အခါကျတော့ အဲလိုတော့ မရှင်းတတ်ဘူး ပြောတယ်။ တကယ်တော့ မရှင်းနိုင်ဘူးဗျ။

ကျုပ်တို့ စာကြီးတွေ ပိဋကတ်သုံးပုံ ကျော်အောင် တတ်လို့လည်း မဟုတ်ဘူး။ ကျုပ်တို့ သင်ကြားရတဲ့ ဒီ အဘိဓမ္မာလောက်ပဲ တတ်တာပါ။ ဒီ အဘိဓမ္မာ ပိဋကတ်လောက် ကြည့်ရင်လည်း ကုန်တာဆိုတော့ ကျုပ်ပြောနိုင်တာပေါ့။ တကယ် အကျိုးမပေးလို့လား။ လုပ်လိုက်သမျှ ကံတွေက ပေးလိုက်သမှ ဖြစ်ခြင်း၊ လူတိုင်း သိနိုင်လောက်အောင် ပေးတယ်။

အခု ဒီလူကို ငါ ချစ်နေရာက မုန်းကြည့်၊ ရန်ဖြစ်ကြည့်တယ်ပေါ့ဗျာ။ ရန်ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဒီလူ့ကို ချစ်တယ်ဆိုတာ ရှာလို့ မရတော့ဘူး။ ပျောက်သွားပြီ။ ဒီလူ့ဖြင့် ငါ မုန်းလိုက်တာကွာ ဆိုတာ အမှတ်ရနေသည် ဖြစ်စေ၊ မရနေသည် ဖြစ်စေ မုန်းနေတာ။ ဒါ အခု မုန်းတယ်ဆိုတဲ့ လုပ်ငန်းလေး၊ ရန်ဖြစ်တယ် ဆိုတဲ့ လုပ်ငန်းလေး လုပ်ပြီး နောက်ပိုင်းကျမှ ဖြစ်နေတာ။

အခု ရန်ဖြစ်နေတုန်းလား ဆိုရင် ရန်ဖြစ်နေတုန်းလည်း မဟုတ်ဘူး။ ရန်ဖြစ်နေတုန်းက အတိုင်း မဟုတ်ဘူးလား ဆိုရင် ရန်ဖြစ်နေတုန်းကအတိုင်း ဖြစ်တယ်။ ဝိပါက် ဖြစ်နေတာပဲ မဟုတ်

လား။ ဘဝင်ကျနေတာ။ ဒီ ဘဝင်ကျနေတာဟာ ဒီ ကံနဲ့ ဒီ အကျိုး ဝိပါက် ဘဝင် ဆက်လျက် ရှိနေတယ်ဆိုတာ သိပ် ထင်ရှားတယ်။

သိပ် ထင်ရှားတာကြီးကို မျက်နှာလွှဲပြီး စာထဲက ပြောတဲ့အတိုင်းပဲ နောက်ဘဝကျမှ ဖြစ်မှာချည်း သူတို့ ပြောကြတာပေါ့ဗျာ။ အဲဒီလောက် ပဋိစ္စသမုပ္ပာဒ် ပျောက်တာ။

## ဗုဒ္ဓမေတ္တစက်ရဲ့ အနှစ်ကြောလေးဟာ ဘာလဲ

ဝိပါက်လည်း မသိ၊ ကံလည်း မသိ၊ ကိလေသာလည်း မသိဘူး။ ဒီ ဝဋ်သုံးခုက ဘာသိတာများပါတော့လဲ ပြောရတော့မှာပေါ့နော်။ သိသိထင်ထင် ဘာမှ မသိဘူး။ ဗုဒ္ဓဘာသာတော့ လုပ်နေတာပဲ၊ ဗုဒ္ဓဘာသာရဲ့ တကယ့်မေတ္တစက်ကို အနှစ်ကြောလေးဟာ ဘယ်ဟာလဲ သိဖို့ ကောင်းတယ်။

အဲဒီလို မသိဘူးဆိုရင် ယောင်တောင်တောင်နဲ့ နေရမှာ။ တရားတွေကလည်း များပါဘိသနဲ့။ တရားတွေကို ရှေ့ဆောင်ဦးရွက်လုပ်ပြီး တကယ့်ခန့်ခန့်ကြီးနဲ့ ဟောပြောနေတဲ့ သူကလည်း အတည်ဟောပြောနေတာပဲ။ တကယ် သူတို့လည်း ရွှေလူတွေနဲ့ ငွေလူတွေနဲ့ ခြံရံပြီး ပြောနေတာပဲ။ ပြောနေပေမဲ့ သူတို့လည်း ဘာမှ မသိဘူး။

အဲဒီတော့ ဘာဖြစ်တုံးဆိုရင် လူတွေ မျက်စိလည်တာပေါ့။ မဟုတ်တာတွေကို လမ်းညွှန်ပြီးပြနေတယ် ဆိုတဲ့ အခါကျတော့ လမ်းညွှန်ပြခံရတဲ့ သူတွေ မလည်ရင် ဘယ်သူ လည်မှာတုံးဗျာ။ တတ်နိုင်သမျှ ဂရုစိုက်ပါလို့ ပြောရမှာပဲ။ ဘာဖြစ်လို့လဲ ဆိုရင် ဘဝမှာ ရနေ ရတုန်းလေးမှာတော့ ဟုတ်တာ မှန်တာ သိသွားရဖို့ မကောင်းပေဘူးလား။ (တကယ်ဟုတ်မှန်တဲ့ အတိုင်းလေးသာ) ဘုရားပြောခဲ့တဲ့ ရှင်းရှင်းလေး သိရဖို့ ကောင်းတာပေါ့။

ပလ္လင်ကြီးတွေပေါ်မှာ ထိုင်ပြီးသကာလ ပြောနေကြတယ်ဆိုတဲ့ သူတွေက ကံလည်း မသိဘူး။ ဝိပါက်လည်း မသိဘူး။ ကိလေသာလည်း မသိဘူး။ ဒီလိုများ မသိကြဘဲနဲ့ မသိဘူးလို့ ပြောတဲ့သူက ကျုပ်တို့ဆိုတော့ ငယ်လွန်းလှချည်လား။ အပြောခံရတဲ့ သူတွေက တကယ့် ထိပ်ခေါင်တင်ကြီးတွေ။

ဟုတ်မှ ဟုတ်ရဲ့လား ကိုယ်တော်ရယ်။ မြင့်မိုရ်တောင်များ ဆီးစေ့နဲ့ ပစ်သလို ဖြစ်နေမလားလို့ ထင်ချင်စရာ၊ ခင်ဗျားတို့လည်း ဆင်ခြင်ပြီးတော့ နားထောင်ပါလို့ ပြောရမှာပေါ့နော်။ ကျုပ်တို့ ဂုဏ်သိက္ခာ ငယ်ပါတယ်။ ယုံစရာ မရှိဘူး။ ယုံလည်း မယုံပါနဲ့။ တကယ့် ဖြစ်နိုင်ခြေ ကိုယ်ကိုယ်တိုင်ရဲ့ ဉာဏ်နဲ့ ဆင်ခြင်ပြီး နားထောင်ပါလို့ ပြောရမယ်။

## သံသရာ ဆိုတာ

ဆိုလိုတာကတော့ ကိလေသာ မသိတဲ့ အကြောင်းလည်း ပြောခဲ့ပြီ။ ကံ မသိတဲ့ အကြောင်းလည်း ပြောခဲ့ပြီ။ ဝိပါက် မသိတဲ့ အကြောင်းလည်း ပြောခဲ့ပြီ။ ဒီ သုံးခု မသိဘူး ဆိုရင် ဝဋ်သုံးပါး

ဘယ်သိမှာလဲဗျ။ ဒီ ဝဋ္ဋ်သုံးပါးတောင် မသိဘဲနဲ့ ဗုဒ္ဓဘာသာ လုပ်နေပြီဆိုရင် ဘယ်လိုလုပ် သံသရာလည်တာ သိမှာလဲ။ ဝဋ္ဋ်သုံးပါးရဲ့ အရကောက်တွေ မသိမှတော့ သံသရာလည်တာ ဘယ်သိမှာလဲ။

သံသရာလည်တာမှ မသိရင် ဒီ သံသရာလည်ခြင်းကြောင့် ဖြစ်ထွန်းလာတဲ့ သတ္တဝါတွေ လောကပေါ့ဗျာ။ "လုဇ္ဇတိ ပလုဇ္ဇတိ တိလောကော" ဆိုပြီးတော့ ရှေးအခါ က လောကကို ဝိဂ္ဂြဟ်လုပ် ပါဆိုရင် ဖြစ်တတ် ပျက်တတ်တဲ့အတွက် လောက ခေါ်တယ်။ ဖြစ်တာ ပျက်တာ ဘယ်လိုလုပ် သိမလဲ။

လုဇ္ဇတိ ပလုဇ္ဇတိ - ဖြစ်တတ် ပျက်တတ်၏၊ ဣတိတသ္မာ - ထိုသို့ ဖြစ်တတ် ပျက်တတ်သော သတ္တိကြောင့်၊ လောကော - လောကမည်၏။ လောကဆိုတာ ဖြစ်တတ် ပျက်တတ်တာပဲ။ သံသရာလည်တာဟာ ဖြစ်ပျက်နေတာပဲ။ သံသရာလည်တာ မသိရင် လောက မသိဘူး။ လောက မသိဘူး ဆိုတဲ့ စကားကို ဖြစ်ပျက် မသိဘူးလို့ ပြောရင် ပိုကောင်းပါတယ်ဗျာ။

မိုးကုတ် ဆရာတော်ကြီးက စကားလုံး တိုတိုလေးနဲ့ ပြောခဲ့တယ်။ အနက်အဓိပ္ပာယ်ကတော့ ဒါမဟုတ်ဘူး။ ဖြစ်ပျက်ကို ရုပ်နာမ်ရဲ့ ဖြစ်ပျက်။ ရုပ်တွေ ဖြစ်တယ် ပျက်တယ်။ နာမ်တွေ ဖြစ်တယ် ပျက်တယ်။ အဲဒီလို ရုပ်နာမ် ဖြစ်ပျက်ကို မြတ်စွာဘုရားက ပြောတယ်။

ဥဒယဗ္ဗယ။ ဥဒယ ဆိုတာ ဖြစ်တာ၊ ဝယ ဆိုတာ ပျက်တာ၊ ဥဒယဗ္ဗယ ဆိုတာ ရုပ် နာမ်တွေရဲ့ တဖောက် ပြန်ပြန် ဖြစ်ပျက်နေတာကို ပြောတာ မဟုတ်ဘူး။ ဒါ လေးလည်း နည်းနည်း ဘေးထွက် ပြောရမယ်။

ဒီကက်ဆက်တစ်လုံး လျှပ်စစ် ခလုတ်ခဲကနေ ထွက်လာတာ တကယ် သူ့မြန်နှုန်း သိပ်မြန်မယ် ပေါ့ဗျာ။ လျှပ်စစ်ရဲ့ မြန်နှုန်းသဘာဝပဲပေါ့ဗျာ။ ရုပ်ရဲ့ သဘာဝ။ ဒီခလုတ်ခဲကနေ လျှပ်စစ် ထွက်နေမှ တော့ ဒီကက်ဆက် ပျက်မလားလို့ ပြောရင် ဒီလျှပ်စစ် ထွက်နေလို့ ဒီကက်ဆက် ကောင်းတာဗျနော်။

ဆိုလိုတာက ဒီဖြစ်ပျက်က ကျုပ်တို့ ပယ်ရမယ့် ဖြစ်ပျက် မဟုတ်ဘူး။ ဒီကက်ဆက် ပျက် သွားရင် ကြိုးခွေက မလည်တော့ဘူး။ လည်ရင်လည်း အသံ မမိတော့ဘူး။ ဒါဆိုရင်တော့ ကက်ဆက် ပျက်ပြီ။ ကက်ဆက် ပျက်တာမျိုးကိုမှ ပျက်တာ။ လျှပ်စစ် ထွက်ပြီး ပျက်နေတာက တစ်မျိုး။ တခြားစီ။ ကက်ဆက်ပျက်တာ မဟုတ်ဘူးလို့ ပြောရမယ်။

အခုလည်း ကျုပ်တို့ရဲ့ အသားထည်ဖြစ်တဲ့ ရုပ်နာမ်၊ ဒီ ရုပ်နာမ်တွေကတော့ ဖြစ်ပျက်တာပေါ့။ သူ့စည်း သူ့ကလနား အတိုင်းပေါ့။ အဲဒီလို ဖြစ်ပျက်နေတဲ့ အဖြစ် အပျက်တွေကို သူတို့က ဥဒယဗ္ဗယ = ဥဒယ + ဝယ တဲ့ ဒီလို ထင်တာဗျနော်။

တကယ်တော့ ဝဋ္ဋ်သုံးပါးက ကိလေသာ ဖြစ်လိုက်၊ ကံ ဖြစ်လိုက်၊ ဝိပါက် ဖြစ်လိုက်၊ ဝိပါက်က ရပ်နေတာ မဟုတ်ဘူး။ ကိလေသာ ဖြစ်၊ ကိလေသာက ကံ ဖြစ်၊ ကံက ဝိပါက် ဖြစ် ဒီလို လည်နေတာ ဖြစ်နေတာကို လောက မြင်တယ်လို့ ခေါ်တာ။ သံသရာ မမြင်ဘဲ လောက မမြင်ဘူး။

ဥပမာ - ဦးရင်စိန်ဆိုတာ ခင်ဗျားပဲလို့ ကျုပ်က သိပေမဲ့၊ ဒါလောက သိတာ မဟုတ်ဘူး။ ဒါနဲ့သာ လောက သိတယ်ဆိုရင် လူတိုင်း လောက သိမှာပေါ့နော်။ ဒီလို အကောင်တွေ သိမှာ မဟုတ်ဘူး။ ဒီ လောကကို သိတဲ့သူဟာ သံသရာကို သိတယ်။ သံသရာ သိလို့ လောက သိတဲ့သူဟာ အဲဒီ လောက ပြောင်းလဲနေတာ မြင်ရတယ်။

ဘယ်လို ပြောင်းလဲနေတုံးလို့ ဆိုရင် နဂိုတုန်းကတော့ သူ ရိုးရိုးသားသား လူကောင်းကလေးပဲ။ သူများပစ္စည်း သွားခိုးလိုက်ပြီဆိုရင် ဒီကောင် သူခိုးအဖြစ် ပြောင်းလာပြီ။ ခိုးမှုက သူ ထင်ရှားသွားပြီ။ သူ ခိုးတဲ့ လောက ဖြစ်သွားပြီ။ သူက ဒါကြောင့်မို့ ဖြစ်ပျက်ဆိုတာ ဒီလိုမျိုး ဖြစ်ပျက်ကို ဆိုတာဗျနော်။

## သတ္တဝါ ဆိုတာ

အဲဒီလို သူခိုး ဖြစ်သွားတော့ သူ့ ဘာပြောရမလဲ ဆိုတော့ သူခိုး ပြောရပြီဗျ။ သူခိုး ဆိုတာ သတ္တဝါ။ ခင်ဗျားတို့လည်း သတ္တဝါဆိုတဲ့ စကား အများကြီး ကြားဖူးကြမှာပါ။

သတ္တဝါ ဆိုတာ အကောင်ပလောင်လေးတွေ။ သတ္တဝါ မဟုတ်ဘူး။ ကျုပ်တို့ သတ္တဝါ မဟုတ်ဘူး။ သတ္တဝါ ဆိုတာက ကျုပ်တို့ ခင်ဗျားတို့ အထဲမှာ သံသရာ လည်တယ်။ သံသရာလည်လို့မို့ အဖြစ်အပျက်တွေ ထင်တယ်။ ဒီ အဖြစ်အပျက်တွေ မြင်တာဟာ တစ်ခုထဲမှာ ဥပပတ္တိ အဖြစ်နဲ့ ပုံပေါ်နေတဲ့ အဖြစ်လေးကို သတ္တ လို့ ပြောတယ်။

သတ္တ ဆိုတဲ့ စကားက "သဥ္စ" ဆိုတဲ့ ဓာတ်က လာတယ်။ "သဥ္စ" ဆိုတဲ့ အရာဟာ စုတာကို ပြောတာဗျ။ အဲဒီစု ဆိုတာက "ဝန္တု" က လာတာ။ "ဝန္တု" ဆိုတာ ရှိတာကို ပြောတာ။ " ဝါ " ဆိုတာလည်း ရှိတာကို ပြောတာ။ သတ္တဝန္တု ကနေ သတ္တဝါ ဖြစ်လာတာ။

သတ္တဝါဆိုတာ စုနေတဲ့ အဖြစ် ရှိနေတာ။ ကျုပ်ကလည်း သတ္တဝါလား ဆိုတော့ ငါ ။ သတ္တဝါ မဟုတ်ဘူး။ တကယ်တော့ ငါ က ဦးဉာဏပဲ။ ဟုတ်တယ်လို့ ဒီလို ပြောရမှာပဲ။ ဒီအထဲကနေ ကျုပ် အဖြစ် တစ်ခုက အကောင်းဖြင့် အကောင်း၊ အဆိုးဖြင့် အဆိုးပေါ့ဗျာ။

ဆိုလိုတာက သတ္တဝါဆိုတာ လူပေါ်မှာ မြင်ရမယ်။ လူက ကောင်းတာတွေ လုပ်နေရင်တော့ နတ်တွေ ဖြစ်နေမယ်ပေါ့။ နတ် သတ္တဝါပေါ့။

ဥပမာ - ဗိုလ်ချုပ်အောင်ဆန်းတို့၊ တကယ့်ကို တိုင်းပြည်ကြီး ကောင်းစားအောင် လုပ်ခဲ့ပြီး သကာလ နတ် ဖြစ်နေတာပဲ မဟုတ်လား။ သေသွားတောင်မှ အခုဆိုရင် ဒီကနေ့ဆိုရင် နတ်တက်ရမှာ မဟုတ်လား။ ဒါ ဗိုလ်ချုပ်အောင်ဆန်း နတ်ကွန်းမှာ နတ်တက်ရမှာ မဟုတ်လား။ ဒီကနေ့ အတူတူပဲဗျ။ ဦးမင်းကျော် နတ်ကွန်း နတ်တက်ရာမှာလည်း ဒီလိုမျိုးပဲနော်။

ရှေးအခါကသာ ရှေးအခါလျောက်မို့ မုန့်ဆီကြော်တို့ ဘာတို့နဲ့ နတ်တက်ရတာ ဖြစ်မှာ။ အခု တော့ ပန်းခွေတွေ ပန်းခြင်းတွေနဲ့ တက်ကြတာ။ ဆိုလိုတာကတော့ ဒါ နတ်လုပ်ငန်းကို လုပ်လို့ နတ် ဖြစ်တာနော်။ ဗြဟ္မာလုပ်ငန်းကို လုပ်ရင်လည်း သူ ဗြဟ္မာ ဖြစ်မယ်။ လူပေါ်မှာ ဗြဟ္မာ ဖြစ်တာ။ လူ ပေါ်မှာ နတ် ဖြစ်တာ။ ငရဲလုပ်ငန်း လုပ်ရင်လည်း လူငရဲ ဖြစ်မယ်နော်။ တိရစ္ဆာန်လုပ်ငန်း လုပ် ရင်လည်း လူတိရစ္ဆာန် ဖြစ်မယ်နော်။ (၃၁) ဘုံကြီးဟာ လူပေါ်မှာ ဖြစ်နေတာ။

## ကိုယ့်ကိုကိုယ် ဘာကောင်လဲ

ဒီ လူပေါ်မှာ ဖြစ်နေတဲ့ ဒီ (၃၁) ဘုံကြီးကို ကျုပ်တို့က ရှင်းရှင်းကွင်းကွင်း မြင်ရမှာ။ ဒီလို မမြင်ရရင် ကိုယ် ဖြစ်နေရာက ထွက်ထွက် ဆိုလို့သာ ထွက်ရတယ်။ ပွဲထဲက ဘီလူး လိုပေါ့ဗျာ။ ငါ ဘာကောင်လဲ မသိသလိုပေါ့။

တကယ် လူတွေ ကိုယ့်ကိုကိုယ် မသိဘူးနော်။ ဘာဖြစ်လို့ မသိတာလဲ။ လောကကို မသိလို့။ လောက ဘာဖြစ်လို့ မသိတာလဲ။ သံသရာကို မသိလို့။ သံသရာကို ဘာဖြစ်လို့ မသိတာလဲ။ ဝဋ်သုံးပါး ကို မသိလို့။ ဝဋ်သုံးပါးကို ဘာဖြစ်လို့ မသိတာလဲ။ ခုနက ဝဋ်သုံးပါးရဲ့ အစိတ်အပိုင်း ဖြစ်တဲ့ "ကိလေ သာ၊ ကံ၊ ဝိပါက်" မသိလို့။ ကြားတော့ ကြားဖူးတဲ့ စကားလုံးတော့ သိတာပေါ့။

တကယ့် စကားလုံးရဲ့ စကား အနက်ဖြစ်တဲ့ လူပေါ်မှာ ဖြစ်ထွန်းနေတဲ့ ဖြစ်ရပ်ကို မသိတာ ပေါ့ဗျာ။ ဒီ ဝဋ်သုံးခု တစ်ခုနဲ့ တစ်ခု ဘယ်လို ချိတ်ဆက် လည်တယ် ဆိုတာ မသိတော့ လောက မသိ ဘူး။ ဒီ လူ့ရဲ့ အဖြစ်အပျက်ကြီး မသိတော့ဘူး။

အဖြစ်အပျက်ကတော့ လူတိုင်း ရှိတာပေါ့။ ကောင်းတဲ့ အဖြစ်အပျက်လား။ မကောင်းတဲ့ အဖြစ်အပျက် ဖြစ်ပျက်နေတာလား။ ဒီ အဖြစ်အပျက် မဖြစ်ပျက်တော့ဘူး ဆိုရင် ဒီလူ သေတာပဲ။ ဘာမှ အသုံးမကျတော့ဘူး။ စကားလည်း မပြောတတ်တော့ဘူး။ သိလည်း မသိတတ်တော့ဘူး။ ကြားလည်း မကြားတတ်တော့ဘူး ဆိုပါတော့ဗျာ။ စားလည်း မစားတတ်တော့ဘူး။ ဒီလူ ဘာမှ အသုံးမကျတဲ့သူ ဖြစ်သွားပြီ။

တကယ်တော့ လူဆိုတာ ကောင်းတာလား၊ မကောင်းတာလား။ တစ်ခုခုတော့ လှုပ်ရှားနေ တာဆိုတော့ လောက ကတော့ ရှိနေမှာ။ လောက ရှိနေရင် သတ္တ ဖြစ်နေမှာပဲ။ (၃၁) ဘုံထဲက တစ်ခုခု တော့ ဖြစ်နေမယ်။ အဲဒီ သတ္တဝါကို မမြင်ကြဘူး။

## လက္ခဏာကိုလည်း သိကြပါ

သတ္တဝါ မမြင်တော့ လက္ခဏာလည်း မမြင်တော့ဘူး။ ဥပမာအားဖြင့် ဒီလူဟာ နံပါတ်ဖိုး ရှူနေတဲ့ သူပဲ ဆိုရင် သာမန်အားဖြင့် သူ့ သိလိုက်ရင် ဒီကောင်ကတော့ ပျက်စီးနေတဲ့ အကောင်ပဲလို့ လက္ခဏာ မသိဘူးလားဗျာ။ ပျက်စီးနေတဲ့ ကောင်ပဲလို့ သိနေပြီ ဆိုရင် အနိစ္စ လက္ခဏာ မြင်တာပေါ့။

ဒီကောင်ကတော့ အသုံးမကျတဲ့ ကောင်ပါ။ ဘိန်းစားဆိုရင် ဒီလို သိမှာပေါ့။ အသုံးမကျဘူး ဆိုတဲ့ စကားနဲ့ အနတ္တဟာ အတူတူပဲ။ အနှစ်သာရ မရှိတဲ့ကောင်။ ဒီကောင် တော်တော် ဆိုးဝါးတဲ့ အကောင်။ ဆိုးဝါးတယ် ဆိုတာ ဒုက္ခလို့ ပြောတာ။

အဲဒီတော့ တကယ်လို့သာ သတ္တဝါကို သိရင် အနိစ္စ လက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ အလိုအလျောက် ထင်မယ်။ ဒီလူဟာ ဗြဟ္မာ ဖြစ်နေမယ်လို့ အကောင်သာ သိကြည့်၊ ဗြဟ္မာ ဖြစ်တာ ဘယ်ကောင်းမလဲလို့ ပြောမှာပေါ့။ အနည်းဆုံး ရူပဗြဟ္မာ ဖြစ်ရင် နှာခေါင်းလည်း မပါ ၊ လျှာလည်း မပါ ၊ အရေပြား အထိအတွေ့ သိတတ်တာလည်း မပါဘူး။ ဘယ်ကောင်းမလဲ။ အရူပ ဗြဟ္မာ ဖြစ်ပြီဆိုရင် မျက်စိက မြင်တယ်။ မြင်တာကို ဦးနှောက်က အလုပ် မလုပ်ဘူး။ နားက ကြားတယ်။ ကြားတာကို ဦးနှောက်က အလုပ် မလုပ်ဘူး။

အရူပဗြဟ္မာ ဖြစ်ချင်သလားဆိုရင် ဘယ်သူမှ မဖြစ်ချင်ဘူး။ ဒါပေမဲ့ အရူပဗြဟ္မာသာ သိနေပြီးတော့ ဒီအရူပဗြဟ္မာရဲ့ တကယ့် လက္ခဏာတွေ ဖြစ်တဲ့ သူ့အရှိတွေကို ကျုပ်တို့က မကြည့်တော့ အရူပ ဖြစ်ကောင်းတယ်။ ရူပ ဖြစ်ကောင်းတယ်။ ဒီလို မှတ်ကြတာ မဟုတ်လားဗျာ။

အကောင် မသိလို့နော်။ အကောင်သာ သေချာသိပြီဆိုရင် ဒါ က ပျက်စီးနေတာကြီး။ မဖြစ်ပါစေနဲ့လို့ ပြောမိမှာနော်။ ဒါ ဘာမှ အသုံးမကျတာကြီး။ ဆိုးဝါးတာ ဒုက္ခ။ အသုံးမကျတာ အနတ္တ။ အကောင်မြင်ရင် လက္ခဏာ သေချာထင်တယ်ဗျ။

ကျုပ်တို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ရှုတ်နေကြတယ်။ ဒါမှ မဟုတ်ရင်လည်း ကိုယ့်ကိုယ်ရဲ့ ရုပ်တွေ၊ နာမ်တွေ ဖြစ်ပျက်နေတာ ကြည့်ပြီး အနိစ္စ လုပ်နေတယ်။ ဒီ ဖြစ်ပျက်တာတွေက နှိပ်စက်နေပါတယ် ဆိုပြီး ဒုက္ခ လုပ်နေတယ်။ ဒီ နှိပ်စက်တာတွေ ခံရတဲ့အတွက် ကိုယ့်မှာဖြင့် တကယ့်ကို အနှစ်သာရ မရှိ ဖြစ်နေပါတယ် ဆိုပြီး အနတ္တ လုပ်တယ်ဗျာ။

ဒါ က ရုပ်တွေ၊ နာမ်တွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဗျနော်။ ခုနက သတ္တဝါတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မဟုတ်ဘူး။ သတ္တဝါတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဘုရားက ဟောတာဗျ။

ဒီ သတ္တဝါဆိုတာ လောကကို ပြောတာ။ ဒီ လောကဆိုတာ သံသရာကို ပြောတာ။ ဒီ သံသရာ ဆိုတာ ဝဋ်သုံးပါး လည်ပတ်တာကို ပြောတာ။ ဒီ ဝဋ်သုံးပါးဆိုတာ ကိလေသာ၊ ကံ၊ ဝိပါက်တွေကို ပြောတာ။ ဒါတွေကို ကျုပ်တို့က မမြင်ကြတော့ ဒီ လက္ခဏာမှ မထင်ဘဲကိုး၊ လက္ခဏာတွေ မထင်တော့ ဒုက္ခလည်း မမြင်တော့ဘူးပေါ့။

ဒုက္ခသစ္စာကို ပိုင်းခြား သိတယ်။ ဒုက္ခသစ္စာ ပရိဇာနန။ ဒုက္ခသစ္စာ ပိုင်းခြား သိတယ်ဆိုတာ ဒီ လက္ခဏာတွေ သိရမှာ။ ဒုက္ခသစ္စာ ပိုင်းခြား သိတာ မခံရတော့ ပိုင်းခြားသိအောင် လုပ်တဲ့ မဂ္ဂ ဆိုတာ ဘယ်လိုမှ မပေါ်တော့ဘူး။ အဲဒီတော့ မဂ္ဂသစ္စာလည်း မပေါ်ဘူး။ ဒုက္ခသစ္စာလည်း မပေါ်ဘူး။

ဒုက္ခမှ ပိုင်းခြား မသိတော့ ဒီဒုက္ခကြီး မလိုချင်ပါဘူးလို့ ဆိုတဲ့ ငြီးငွေ့ပါတယ် ဆိုတဲ့ သမုဒယ ပယ်တာလည်း မဖြစ်ဘူး။ သမုဒယမှ မပယ်တော့လည်း ဒီဒုက္ခက ပြန်ပြန်ရောက်နေမှာပေါ့။ နိရောဓ မဖြစ်တာလို့ ပြောရမှာပေါ့။ ဒီလူ သစ္စာ ဘယ်တော့မှ မဝင်ဘူး။

## နိဗ္ဗာန်ရဲ့ အရသာ

ဗုဒ္ဓဘာသာဟာ သစ္စာက လွဲလို့ ဘာမှ ပြောတာ မဟုတ်ဘူး။ ကျုပ်တို့ လူတွေကို ဒီသစ္စာဆိုတဲ့ အလင်းလေးတစ်ခုပဲ၊ ကျုပ်တို့ ဗုဒ္ဓ ပေးသွားတာ။ နိဗ္ဗာန်ဆိုတဲ့ အရသာလေးတစ်ခုပဲ သူ့တရားမှာ ပေးသွားတာ။ ဒီ အရသာကို နကန်းတစ်လုံးမှ မသိကြရဘူး ဆိုတော့ ကျုပ်တို့ ဗုဒ္ဓဘာသာဝင်တွေ သိပ်ဝမ်းနည်းစရာ မကောင်းဘူးလား။

တကယ်တော့ နိဗ္ဗာန်ဆိုတာ ကျုပ်တို့က သိပ် တထွင့်တမြတ်ကြီးကို ထား ထားတာ။ အဲဒီလို ထားလို့လည်း ဘယ်သူမှ မရောက်ဘူး။ ဘယ်သူမှ မရောက်တာလည်း မလုပ်လို့ ဆိုတာ ထားတော့၊ ဘယ်သူမှတောင် မသိဘူး။

မသိဘူး ဆိုတဲ့ အကြောင်း ဘာလို့ ပြောနိုင်ရတာလဲ ဆိုတော့၊ နိဗ္ဗာန်အကြောင်း စာအုပ်ကြီး ရေးတယ်။ ရွှေကျင်ဂိုဏ်းကို စထောင်သွားခဲ့တဲ့ ဆရာတော်ကြီး။ ဂမ္ဘီရာ ဂမ္ဘီရ နိဗ္ဗုတ ဒီပနီ ဆိုပြီး တော့ လက်သုံးလုံးလောက် ရှိတဲ့ စာအုပ်ကြီး။ နိဗ္ဗာန်ဆိုတာ ကောင်းကင်မှာတဲ့။ ရွှေဘုံ ရွှေနန်းကြီး နဲ့တဲ့။ အချုပ်က အဲဒါရောက်သွားတယ်။

နောက်တော့ မြို့ပြင်ကြီး ဆရာတော်ကလည်း ရေးတယ်။ နောက် လယ်တီ ဆရာတော်က လည်း ရေးတယ်။ တစ်အုပ်နဲ့ တစ်အုပ်တော့ မတူဘူး။ နိဗ္ဗာန်တောင်မှ သိသွားကြတဲ့ပုံ မရှိဘူးလို့ ဒီလို ပြောရမှာပေါ့။

နိဗ္ဗာန် သိတယ် ဆိုရင်လည်း သမုဒယ ပယ်နိုင်လို့ပေါ့နော်။ သမုဒယ ပယ်နိုင်တယ် ဆိုတာ ကလည်း ဒုက္ခ သိလို့ပေါ့။ ဒုက္ခ သိတယ် ဆိုတာလည်း မဂ္ဂ ပွားနိုင်လို့ပေါ့။

အခုတော့ နိဗ္ဗာန် မသိတာကို ထောက်ခြင်းအားဖြင့် သမုဒယလည်း မပယ်နိုင်ဘူး၊ ဒုက္ခလည်း မသိဘူး၊ မဂ္ဂလည်း မပွားဘူးလို့ ဒီလို ပြောရမှာပေါ့။

ဘယ်မှာတုံးဗျာ။ ကျုပ်တို့ ဘုရား ပေးခဲ့တာက ဒီ သစ္စာ၊ ဒီ သစ္စာက လွဲပြီး ဘာမှ မပေးခဲ့ဘူး။ ဒါလေး အနံ့အသက်တောင် မရဘူးဆိုတော့ ကျုပ်တို့ ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ ဘယ်လောက် ရှုံးသတုံး။

တကယ်ဆိုတော့ ကံ မသိဘူး။ ဝိပါက် မသိဘူး။ ကိလေသာ မသိဘူး။ ဗုဒ္ဓဘာသာ ဖြစ်ပြီး ဒီ သုံးခု မသိတော့ ဝဋ္ဋသုံးခု မသိဘူး။ ဝဋ္ဋသုံးခု မသိတော့ တစ်ခုကြောင့် တစ်ခုဖြစ်တာ မသိဘူး။

မသိတော့ သံသရာ မသိဘူး။ သံသရာ မသိတဲ့အတွက် လောက မသိ၊ လောက မသိလို့ သတ္တဝါ မသိ၊ သတ္တဝါကို မသိတာကြောင့် သတ္တဝါတို့ရဲ့ လက္ခဏာကို မသိဘူး။

လက္ခဏာကို မသိတော့ ဒုက္ခကို မသိဘူး။ သမုဒယလည်း မပယ်နိုင်ဘူး။ နိရောဓကိုလည်း ဘယ်လိုမှ မဆိုက်ရောက်နိုင်တော့ဘူး။ မဂ္ဂလည်း ဘယ်လိုမှ ပွားလို့ မရဘူး။ ပြောမယ်ဆိုရင် ဗုဒ္ဓဘာသာရဲ့ အပြင်ကို လုံးလုံး လွင့်စဉ် သွားတာပါပဲ။

အဆုံးထိ တရာခံ ချလိုက်တဲ့ အခါကျတော့ ဗုဒ္ဓဘာသာ မဟုတ်လို့ ဗုဒ္ဓဘာသာ အပြင်ကို လွင့်စဉ်ထွက်သွားတာ ဘာမှ အရေးမကြီးဘူး။ ကိုယ်က ဗုဒ္ဓဘာသာ လုပ်နေပြီးတော့ ဗုဒ္ဓဘာသာနဲ့ ဘာမှ မဆိုင်တဲ့ အဖြစ်မျိုးကျတော့ တော်တော်နာတယ်လို့ ပြောရမှာပဲ။ ကံ မသိတာ အစရှိတာတွေ ဖြစ်ပြီးတော့ ဗုဒ္ဓဘာသာရဲ့ သစ္စာရဲ့ အနားသီတောင်မှ မသီနိုင်ဘူး။

ဒီတော့ ဘာဖြစ်ကြသလဲ ဆိုတော့ ပါရမီ ဖြည့်နေရတာပဲနဲ့ လုပ်နေရတာ။ ဘာဖြစ်လို့လဲ ဆိုတော့ သစ္စာကို ကိုယ်တိုင် မျက်မှောက် သိနိုင်တဲ့ အဆင့်က ကိုယ့်ကိုကိုယ် သစ္စာ သိနိုင်တဲ့ အဆင့် မရှိဘူးလို့ မှတ်ပြီးသား ဆိုတော့ ပါရမီ ဖြည့်နေရတာ။

အခုခေတ် ဘိုးတော်တို့ ဘာတို့ဆိုရင် သူတို့ ဝိဇ္ဇာဖြစ်အောင် ဘာလို့ လုပ်နေရတာလဲ မေးရင် ဝိဇ္ဇာဖြစ်မှ မသေမှာ။ မသေမှ နောင် ပွင့်မယ် ဆိုတာ မီမှာ။ မီမှ မဂ်ဖိုလ်ရပြီး နိဗ္ဗာန် ရောက်မှာကိုး။

အဲဒီလောက် တရှည်တဝေးကြီးတောင် နိဗ္ဗာန်ကို လိုချင်ကြတာ။ နိဗ္ဗာန် မဂ်ဖိုလ်ကို ကိုယ်နဲ့ မဆိုင်ဘူးလို့ မှတ်မှတော့ ဗုဒ္ဓဘာသာကို လုပ်မနေနဲ့တော့။

ဗုဒ္ဓဘာသာ လုပ်ခြင်းကြောင့် ဗုဒ္ဓဘာသာကနေ အကျိုးကျေးဇူး ရတာထက် ဗုဒ္ဓဘာသာရဲ့ ကျေးကျွန်ပဲ ဖြစ်နေမယ်။ ဗုဒ္ဓဘာသာ လုပ်တယ်ဆိုရင် ဗုဒ္ဓဘာသာရဲ့ တာဝန်တော့ ထမ်းရမှာပဲ။ ကျေးဇူးတရားတော့ မရဘူး၊ တာဝန်တော့ ထမ်းနေရတယ် ဆိုရင် ဒါ ကျွန်ပဲ။ ဗုဒ္ဓသာဘာသာရဲ့ ကျေးကျွန်ပဲ ဖြစ်မှာပဲ။

အဲဒီလောက်အထိ ဗုဒ္ဓဘာသာမှာ ပဋိစ္စသမုပ္ပာဒ်နဲ့ အလှမ်းဝေးနေတယ် ပြောရမှာပဲ။ ပဋိစ္စသမုပ္ပာဒ်လို့ ဘုရား စကားလုံးကြီးနဲ့ ပြောလို့ သိပ်နက်သွားပြီလို့ မမှတ်နဲ့။ ကျုပ်တို့ အဖြစ်ပဲ။

## ကံအတိုင်းပဲ ဖြစ်နေတယ်

ကျုပ်တို့ လူဟာ တကယ်တော့ ကံကို ဦးညွှတ်တယ်ဗျ။ ကံကို ဦးညွှတ်တယ် ဆိုတာ ဒီလူ ခိုးတယ်လို့သာ သိကြည့် ဒီလူ့ကို မိတ်ဆွေအဖြစ်က လျှော့တော့တာပဲ။ ဒီလူဟာ သူများရဲ့ အိမ်ထောင် သားမယားတွေ မှားယွင်းတတ်တဲ့သူလို့သာ သိကြည့် အဲဒီလူကို မိတ်ဆွေအဖြစ်က လျှော့မှာနော်။

ကိုယ့်မှာလည်း အမေရှိ၊ နှမရှိ၊ သမီးရှိနဲ့ပေါ့ဗျာ။ ဒီလိုမျိုး မှားတတ်တဲ့သူ ဆိုရင် တော်ကြာ သူ့အမှားက ငါတို့ဆီ ရောက်လာရင် မကောင်းဘူး။ ဒီလူကို မိတ်ဆွေအဖြစ် လျှော့မှလို့၊ ဒီလို မဟုတ်လား။

ဘာဖြစ်လို့ မိတ်ဆွေအဖြစ်က လျှော့တာလဲ။ ခိုးတတ်လို့ ခိုးတယ် ဆိုတဲ့ အဖြစ်ဟာ သူ့ ကံကို ကြည့်ပြီး ပြောတာပဲ။ သူ့ ကံကို ကြည့်ပြီး စက်ဆုပ်တယ်၊ နှလုံးနာတယ် ပြောမယ်ဆိုရင် လူဟာ ကံကို တကယ်ကြည့်ပါတယ်နော်။

ကိုယ့်မိ ကိုယ့်ဖ ကိုယ့်သား ကိုယ့်သမီး အဲဒီလို ဖြစ်ဦးတော့တောင်မှ ကိုယ်က ချစ်တယ် ဆိုတာလည်း တကယ်ကျတော့ ကံပဲနော်။ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပြီးတော့ ကံကိုတော့ သိပ် သိကြဖို့ ကောင်းတယ်။

ကျုပ်ဖြင့် ကျုပ်တို့ ဗုဒ္ဓဘုရား တရား သိတယ်ဆိုတာ လူတွေရဲ့ ကံဆိုင်ရာ သိတယ်၊ ကံကို သဘောတရားရှိရှိ သိတယ်။ ဥပမာ - ခဲလုံးတစ်ခုကို ကောင်းကင် မြှောက်တင်လိုက်တယ်။ မြှောက်တင်ချိန် အားကုန်သွားရင် ခဲလုံး ပြန်ကျလာမယ်။ ဒါ  လူတိုင်း သိတယ်။ ဘာလို့ ပြန်ကျလာသလဲ လူတိုင်း မသိဘူးလို့ ပြောရမှာပဲ။

နယူတန်တို့လို ပုဂ္ဂိုလ် ပေါ်လာတဲ့အခါ မြေကြီးဆွဲအားတို့ ဘာတို့ သူကတော့ သီအိုရီထုတ်ပြီး ပြောတယ်။ သူ ပြောပြီးတဲ့အခါကျတော့ ခဲ့လုံး ဘာကြောင့် ပြန်ကျလာသလဲဆိုတာ ပြောတတ်သွားကြပြီ။

အခုလည်းပဲ လူတွေဟာ ကံအတိုင်းပဲ ဖြစ်နေတယ် ဆိုတာ လူတိုင်း သိတယ်။ လူတိုင်း သိပေမဲ့ ဒီသဘောတရားကို ဘယ်သူမှ မပြောနိုင်ကြဘူး။ မပြောနိုင်ရာက ဗုဒ္ဓက ပြောနိုင်ပြီ။ သူက သီအိုရီ အကျအန ထုတ်ပြီ။ ဒီ ကံဟာ ဝိပါက်က ဖြစ်တယ်။ ဝိပါက်ကနေ ကိလေသာ ဖြစ်ပြီးတော့ ဒီ ကံ ပြန်ဖြစ်တယ်။

ဒါကြောင့် ဒီ ကံ တစ်ခု ကျူးမိတဲ့သူက ဒီ ကံ တင် ပြီးတာမဟုတ်။ နောက် ဒီ ကံကို ချာရစ် ချာရစ်နဲ့ ပြန်ရောက်နေတာ။ ကံသဘောတရားကို ပြောပြီဗျ။ ဒီ ကံဟာ သိပ် သိဖို့ကောင်းတဲ့အတိုင်း ရှေးအခါက ဘာသဘောတရားမှ မရှိပေမဲ့ ကံလို့ ပီပီပြင်ပြင်ကြီး သတ္တု မချနိုင်ပေမဲ့ ဒါကြီးကိုတော့ သိတယ်။

ကိုယ် သိပ်ချစ်ရတဲ့ သားသမီးတစ်ယောက် သိပ်ဆိုးကြည့်၊ ကိုယ့်ကို စိတ်ဆင်းရဲမှု အတန်တန်ဖြစ်အောင် ဆိုးကြည့်၊ မချစ်တော့ဘူး မဟုတ်လား။ ကိုယ့်မိ ကိုယ့်ဖ ကိုယ်မြတ်နိုးလေးစားရတဲ့သူ၊ သူ ကိုယ့်အပေါ်မှာ အတန်တန် နှိပ်စက်တယ်၊ စိတ်ဆင်းရဲအောင် အမျိုးမျိုး မတရား လုပ်လွန်းရင် ကိုယ့် မိဘလည်း ကိုယ် မချစ်တော့ဘူးနော်။

အဲဒီတော့ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆွေ ဖြစ်တယ်၊ ရန်သူ ဖြစ်တယ် ဆိုတာ ကိုယ်ချစ်ချင်လို့လည်း ချစ်လို့ရတာ မဟုတ်ဘူး။ ကိုယ် မုန်းချင်လို့ မုန်းလို့ရတာ မဟုတ်ဘူး။ တကယ်တစ်ဖက်သူက မုန်းလောက်တဲ့ အနေအထား၊ ချစ်လောက်တဲ့ အနေအထား ကံတွေကို လုပ်ကြပါမှ ကိုယ်က မလွဲသာ မရှောင်သာ သူ့ဘာသာ ချစ်တဲ့စိတ်၊ မုန်းတဲ့စိတ် ပေါ်ပေးကြရတာကိုး။

ပြောမယ်ဆိုရင် လောကရဲ့ ကြိုးလေးပေါ့။ တစ်ဦးနဲ့ တစ်ဦး ဆက်ဆံကြတယ် ဆိုရာမှာ သူ့ကံကိုယ့်ကံ ဆိုတာပေါ့။ ဆက်ဆံမှုရဲ့ အနိမ့်အမြင့် ကံ ဆိုတဲ့ သွယ်တန်းထားတဲ့ ကြိုးလေးနဲ့ ထား ထားနေတာ။

## ရှုပ်တာက ရှင်းနေတာ

ကံ ဆိုတာ ကျုပ်တို့ ဘုရား ဖော်ခဲ့တယ်ဆိုတာ လူတွေ ဖြစ်နေတဲ့ ဖြစ်ရပ်ကြီး ဖော်ခဲ့တာ။ လူတွေ ဖြစ်နေတာက ကံတွေ မကောင်းရင် လူတွေ ဒုက္ခရောက်ကြတယ်။ သူ့ကိုယ်သူပဲ ဆောင်ပြီး နေကြတာ။ လူက ဒုက္ခရောက်တယ်လို့ ထင်ကြတယ်။ တကယ်တော့ လူက ဒုက္ခရောက်တာ မဟုတ်ဘူး။

ဥပမာ - ဒီကက်ဆက်တစ်လုံး ဆိုပါတော့။ အတွင်းထဲမှာ ပုံစံတွေ မျိုးစုံရှိတယ်။ ရှုပ်လို့ ဆိုပါတော့။ သူ့ခလုတ်လေးနဲ့ သူ့ဘာသာ လုပ်လိုက်တော့ လူ့အသုံးတည့်နေတယ်။ သူများ အသံတောင် ဖမ်းထားနိုင်တယ်ဆိုတဲ့ အဖြစ် ရှိတာနော်။ တီဗွီတို့၊ ကွန်ပျူတာတို့ဆို ပိုဆိုးမယ်။ ရှုပ်နေသလောက် သူ့ အလုပ် လုပ်နိုင်တာနော်။

ဒီအရှုပ်တွေကို ရှုပ်ပါတယ် ဆိုပြီး ပြောလို့ မလွယ်ဘူး။ ရှုပ်တာက ရှင်းနေတာဗျ။ ရှင်းတာက လျှပ်စစ်ဝင်သွားရာက တစ်ဖက်က လျှပ်စစ်ပြန်ထွက်တာ။ ဒီအထဲမှာ ဟိုခုန် ဒီကျော် မလုပ်ဘူး။ သူ့ရဲ့ စည်းကမ်း ကလနားအတိုင်းပဲ သူ လုပ်တယ်။ ဆိုလိုတာက ဆားကစ် မပျက်ဘူးပေါ့ဗျာ။ သူ့ အလုပ် သူ လုပ်တာဗျ။ အဲဒီလိုပဲ လူ့လောကကလည်း ရှုပ်တယ်။

ဦးလေး ဦးကြီးတွေ ဒေါ်လေး ဒေါ်ကြီးတွေ ဘာတွေ ညာတွေ အကုန်ရှုပ်ပြီး နေတာပေါ့။ ဘယ်သူက ဘာဖြစ်တာတွေ သူ့အလျောက်အလျား အတိုင်းသာ လုပ်တတ်ဖို့ ကျုပ်တို့က ရှိတာပေါ့ဗျာ။ အဲဒီလို မဟုတ်ဘဲ ဒေါတွေကန်ပြီးတော့ ဖြစ်ဖြစ်၊ ပေါက်သွားတာ၊ ရှော့ဖြစ်သွားတာ ပြောရမှာ ပေါ့နော်။ ဒါဆိုရင်တော့ ရှုပ်သွားပြီ ပြောရမှာပေါ့ဗျာ။ ချစ်ပြီ လောဘတွေ ဖြစ်ပြီ ဆိုရင်လည်း ဒါဆိုလည်း သူ ရှုပ်တယ်ဗျ နော်။

အဲဒီလိုမျိုး ဘယ်ခုန်ကူးတာမျိုး ဘယ်ကို မကူးဘဲဆိုတာမျိုး မဖြစ်ဘဲ သူ့ဆားကစ်အတိုင်းသာ လျှပ်စစ်က သွားစမ်းပါလား၊ ကောင်းနေမှာနော်။ လူ့စနစ်ကြီးကလည်း အများကြီး ဆက်စပ်နေ

ရတာ။ လူတိုင်း လူတိုင်းမှာ ဆက်စပ်တတ်ဖို့၊ အဲဒီလို မဟုတ်ရင် သူ့ ကက်ဆက်ဟာ ရှောခဲ့ဖြစ်နေတဲ့ ကက်ဆက်လို့ ပြောရမှာပဲ။ လူဟာ တကယ့် ပုံမှန် လုပ်ရမယ့်ဟာ လုပ်နိုင်တော့မှာ မဟုတ်ဘူး။

ပြောမယ်ဆိုရင် လူ့ရဲ့ ရှုပ်ထွေးနေတဲ့ ဆက်ဆံရေးကြီးထဲမှာ တကယ်တော့ ဘာရှုပ်ထွေးတာ ထက် ဖြစ်ဖြစ်၊ လူ့ဆက်ဆံရေးက ပိုရှုပ်ထွေးတာ။ လူ့ဆက်ဆံရေးကို မှတ်တမ်း လုပ်ရတဲ့ ဦးနှောက် ဘယ်ကွန်ပျူတာတောင် လိုက်လို့ မမီသေးဘူး မဟုတ်လား။

လူ့ဦးနှောက် အရှုပ်ဆုံးနဲ့ ညီမျှတဲ့ လူ့လှုပ်ရှားမှုကလည်း ရှိတယ်။ လူ့ဆက်ဆံရေးက အရှုပ် ဆုံးဆိုတဲ့ ဆားကစ်၊ ကျုပ်တို့က ပေါက်မသွားစေနဲ့ ပျက်မသွားစေနဲ့။

အဲဒီလို ပျက်မသွားအောင်ဆိုတာ သူ့ အလိုက်အလျားကို ကြည့်ကြရမယ်။ ကြည့်တာဟာ စနစ်က မရှိဘူး။ စနစ် မရှိတဲ့အခါ ပေါက်ကြ ပျက်ကြ ဖြစ်တာပေါ့။ ဗုဒ္ဓအရှင်မြတ်က ဒါကို သိတော့ စနစ်ညွှန်းပြီ။

## ကံကား လူ မဟုတ်

ကံကို ဘယ်လို ညွှန်းသလဲဆိုတော့ ကံဟာ ကိလေသာကြောင့် ဖြစ်တာ။ ကိလေသာဟာ သူ့ဟာသူ ပေါက်တာ မဟုတ်ဘူး။ လူက လုပ်လိုက်တာလည်း မဟုတ်ဘူး။ ဝိပါက်ကြောင့် ဖြစ်တာ။ ဒီ ဝိပါက်ကလည်း အလိုလိုဖြစ်တာ မဟုတ်ဘူး။ ကံကြောင့်တဲ့။ ဒီ သုံးခု လည်ပတ် ဖြစ်ထွန်းနေတာကို ဟောတာ။ ဒီ ဟောချက်ကို ပဋိစ္စသမုပ္ပါဒ်လို့ ပြောရတာ။ တရားတော် ဆိုပေမဲ့ ကျုပ်တို့နဲ့ လွတ်နေတဲ့ အရာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ ဖြစ်ရပ်အကြောင်းကို သူက ပြောခဲ့တာပဲ။

နယူတန်ရဲ့ သီအိုရီ ဆိုရင် ခဲလုံး မြှောက်လိုက်လို့ မြေကြီးပေါ် ပြန်ကျတာ ဘာထူးလဲလို့ မေးရမလိုပေါ့။ ဒါပေမဲ့ ဒီလို ပြန်ကျတာ ဘာကြောင့်ဖြစ်တယ် ဆိုတာ သူ တွက်ပြနိုင်တယ်။

နေကနေပြီး အလင်းတွေ ဒီကမ္ဘာကို လာတဲ့အခါ ရှေးအခါကတော့ အီသာကို စီးလာတယ်ပေါ့ဗျာ။ အီသာထဲမှာ နေရောင်ခြည်က လာတယ်ပြောတယ်။ အီသာဆိုတာ ရှာမတွေ့ဘူးနဲ့ အမေရိကန် တွေက ပြောပြီ။ အိုင်းစတိုင်းကတော့ နေဆီက အလင်းလာတာဟာ အီသာကို စီးလာတာ မဟုတ်ဘူး တဲ့။ ဘယ်လို သူ့ဟာသူလာတာ ဆိုတာ သူ့လည်း ညီမျှခြင်း ထုတ်သွားတယ်ဆိုပဲ။ ဒါဆိုတော့ နေ လာတာ များတော့ သူ မပြောလည်း သိပြီးသားပဲ။ ဘာထူးတုံးလို့ မေးရင် သူ့ရဲ့ ပညာရပ် ထူးတာဗျ နော်။

အခုလည်းပဲ ကျုပ်တို့ လူတွေမှာ ကံတွေ ပျက်လိုက်ရင် ဘာဖြစ်မလဲ၊ ကံတွေ ကောင်းလိုက် ရင် ဘာဖြစ်မလဲ ဆိုတာ သိပြီးသား။ သိပြီးသား ဖြစ်ပေမဲ့ ဒါကို သီအိုရီ ကျကျလေးနဲ့ ဖော်ထုတ်တာ မရှိဘူး။

ဗုဒ္ဓက ကိလေသာ၊ ဝိပါက်၊ ကံတွေကြောင့် ဖြစ်တာ။ ကံကလည်း လူ မဟုတ်ဘူး။ ကိလေသာလည်း မဟုတ်ဘူး။ ဝိပါက်လည်း မဟုတ်ဘူး။ လူပေါ်မှာ ဧည့်သည် အဖြစ်နဲ့ သူတို့ ရှင်သန်ပြီး ဖြစ်ထွန်းနေတာ။

ဥပမာ - သောက်ရေအိုး တစ်လုံး ရေ အပြဲထည့်ထားရင် သောက်ရေအိုး ရေညှိ တက်တယ်ဗျ။ ဒီရေညှိက သောက်ရေအိုးလည်း မဟုတ်ဘူး။ ဒါပေမဲ့ သောက်ရေအိုး မရှိရင် ဒီရေညှိက ရှိမှာလား ဆိုတော့ သောက်ရေအိုးမှ မရှိဘဲ၊ ဒီရေညှိလည်း မရှိဘူးပေါ့။

ပြောမယ်ဆိုရင် ဒီလူကောင်ကြီး မရှိရင်တော့ ဒီ ကံတွေ ဆိုတာတော့လည်း ဘယ်ဖြစ်မလဲ။ ဒီ ကံတွေကလည်း လူကောင်ကြီး ရှိလို့ ဖြစ်တာလား ဆိုတော့ လူကောင်ကြီး ရှိလို့တော့ မဟုတ်ဘူး။ ဒီ လူကောင်ကြီး ရှိပေမဲ့ ကံ မဖြစ်တာလည်း ရှိတယ်။ ဒီလူကောင်ကြီးပေါ်မှာ ကံက ဖြစ်တတ်တယ်၊ ဖြစ်နိုင်တယ်။

ဒါပေမဲ့ ဒီလူကြီးတော့ မဟုတ်ဘူး။ ကံက ဘယ်အကြောင်းကြောင့် ဖြစ်တယ် ဆိုတာမျိုး၊ ဘယ်အကြောင်းကြောင့် သံသရာလည်ပုံလေးကို ပီပီပြင်ပြင် လက်ဝါးပေါ် တင်ကြည့်သလိုမျိုး ပြောလိုက်ပြီး လေးနက်တဲ့ အကြောင်းအချက်ပဲ။ လူ့လောကရဲ့ ငြိမ်းချမ်းဖို့အတွက် ဒီလမ်းအပြင် မရှိဘူးပေါ့ဗျာ။ ဒီလို မြင်ရတယ်။

တကယ်လို့သာ ကမ္မကို ပီပီပြင်ပြင် မြင်ရင် ရှုပ်လိုက်တာကွာ ဆိုပြီး ဦးနှောက် ဘယ်တော့မှ မခြောက်ဘူး။ ဘယ်သူတွေက ဘယ်လို နှောက်ယှက်နေတာ ဆိုပြီး မဖြစ်ဘူး။ ကမ္မကို မြင်တဲ့ ဘုရားရဲ့ တစ်ခုတည်းသော တရားဆိုတာ အရိယသစ္စာ လေးချက်။

ဒီ ကမ္မတွေရဲ့ အမြုတေ ကျနေတဲ့ ကံကို မဂ္ဂသစ္စာ ပြောတာ။ အမြုတေ မကျသေးတဲ့ ဒုက္ခ ဖြစ်စေတဲ့ ကံတွေကို ဒုက္ခသစ္စာလို့ ပြောတာ။ ဒီ ကံတွေ ဖြစ်ဖို့ အကြောင်းကျတော့ သမုဒယ ပြောပြီး ဒီ ကံတွေ မရှိဘဲ ဖြစ်သွားတာ နိရောဓလို့ ပြောတာ။

ပြောမယ်ဆိုရင် နိရောဓ နိဗ္ဗာန်ပဲ ဖြစ်ဖြစ်၊ နိရောဓ မဟုတ်သေးတဲ့ ဒုက္ခပဲ ဖြစ်ဖြစ်၊ ဘာပြောတာလဲ ဆိုရင် ကံတွေနဲ့ ကံတွေ ငြိမ်းတာကိုပဲ ပြောတာ မဟုတ်လား။ ကံကိုပဲ အဓိက မြင်ရတာလို့ ပြောရမှာပဲ။ ဒီ ကံတွေကိုသာ မြင်ကြတယ် ဆိုရင် ကျုပ်တို့ ရှုပ်စရာလည်း မဖြစ်ဘူး။ အဲဒီလို ဖြစ်မှာ ပေါ့ဗျာ။

## ခွဲခြား ဝေဖန် ဆန်းစစ်ပါ

ဒီတော့ ပဋိစ္စသမုပ္ပာဒ်ဆိုတာ သိပ်ကို အရင်းကျတယ် ပြောရမယ်။ အမှုမဲ့ အမှတ်မဲ့ မထားပါနဲ့။ တရား တကယ် မဟုတ်တာကို တရား သွားလုပ်မိရင် အဲဒီ တရားကို ဆည်းကပ်မိလျက် ဖြစ်

တတ်တယ်။ ဆည်းကပ်မိလို့ ကိုယ့်ဆီ ရောက်နေရင် ကြာလွန်းမက ကြာတော့လည်း ကိုယ့်ဟာလို့ ဖြစ်တော့တာပဲ။

ကိုယ်က ဘာမှ ရေရေရာရာ ကိုယ့်ကို အကျိုးတစ်စုံတစ်ရာ ဖြစ်စေတာလည်း မဟုတ်ဘဲနဲ့ တရားဆိုပြီး ဆည်းကပ်ထားမိရင် မကောင်းဘူး။ အထပ်ထပ် ဆန်းစစ်ပါ။ ဘယ်လောက် ဉာဏ်ပညာကြီးနဲ့ စစ်ရမယ် မဟုတ်ဘူး။ ကိုယ့်ကျိုး ကိုယ့်အပိုင်းဆိုင်ရာနဲ့ ဘယ်လို ငါ့ကို ကယ်သလဲ၊ ဘယ်လို ငါ့ကို လမ်းညွှန်သလဲ၊ ဒါကြည့်ရမှာ။

ကိုယ့်ကို ဘယ်လိုမှလည်း လမ်းမညွှန်ဘူး၊ မကယ်ဘူး ဆိုရင် ငါ ဘာဖြစ်လို့ ဒါကြီးကို ခေါင်းပေါ်တင်နေရသလဲ၊ မေးဖို့ကောင်းတယ်နော်။ ငရဲတွေ ဘာတွေလည်း ကြောက်မနေနဲ့။ တရားကို ဒီလို ပြောလိုက်ရင် တော်ကြာ ငါတို့ ငရဲများ လားနေမလား မသိဘူးဆိုတာလည်း လာတတ်ပြန်သေးတယ်နော်။ တကယ်တမ်းကျတော့ စစ်ရမှာပေါ့။

ကျုပ်တို့ ဘုရားရဲ့ တရားက ဝိဘဇ္ဇဝါဒီ။ ဝိဘဇ္ဇ ဆိုတာ မြန်မာလို ခွဲခြမ်း ဝေဖန် စိတ်ဖြာ ကြည့်တာပါပဲ။ သူဟောခဲ့တဲ့ တရား၊ ဘုန်းကြီးတွေ ဆက်ဟောပြောနေတဲ့ တရား၊ ဒီ တရားလောက်တင် ဝိဘဇ္ဇ ဝေဖန် ဆန်းစစ်ကြည့်ဖို့ ပြောတာ မကဘူး။ ဘုရား ကိုယ်တိုင် တိုက်ရိုက်က သူ့ကို ဝေဖန်ကြလို့ ပြောတာ။

ဒါ ဝီမံသကသုတ္တန် ဆိုပြီး မဇ္ဈိမနိကာယ်ထဲမှာ ဘယ်လို ဝေဖန်ရမလဲ ဆိုတော့ ငါ့တို့ ဘုရားဟာ တကယ် လောဘ၊ ဒေါသ၊ မောဟ မရှိတာမှ ဟုတ်ရဲ့လား။ ဒါ သံသယထားပြီး ဝေဖန်ကြတဲ့။ ဒီလို ကြည့်လိုက်တဲ့အခါ ငါ့ဆီမှာ လောဘလည်း မမြင်ရဘူး၊ ဒေါသလည်း မမြင်ရဘူး ဆိုရင် တို့ ဘုရားမှာ လောဘ၊ ဒေါသ မရှိတာက လောဘ၊ ဒေါသ မရှိနိုင်လောက်သေးလို့ မရှိတာလားလို့လည်း တစ်ခါ ထပ်ဆန်းစစ်ကြဦးတဲ့။

တကယ်လို့ သူ့မှာ ဒေါသ မဖြစ်လောက်အောင် အဝန်းအဝိုင်းကြီး သိပ်ကောင်းနေလို့ပဲ ဖြစ်ဖြစ်၊ လောဘ မဖြစ်လောက်အောင် ပစ္စည်း ပစ္စယ ကြွယ်ဝမှုတွေ ရှိနေလို့ပဲ ဖြစ်ဖြစ်၊ လောဘ၊ ဒေါသ မဖြစ်ဘူး နေမှာပေါ့။ အဲဒီလို ခံတပ်ကြီးတွေ ကောင်းနေလို့ မဖြစ်တာလားလို့လည်း စောကြောကြတဲ့။ ချောက်ချက် ကြည့်ခိုင်းတယ်။ ဘုရားကတောင် အဲဒီလောက် သူ့ကို စောကြောကြလို့ ပြောမှတော့ ဘာမှ မစောကြောဝံ့စရာ မရှိဘူးလို့ ပြောရမယ်။ သံဃာလည်း စောကြောပါ။ တရားတွေလည်း စောကြောပါ။

ခင်ဗျားတို့က ဒီဘုန်းကြီးကို ခေါင်းပေါ်တင်ထားရတာ။ ကိုယ့်ခေါင်းပေါ် ရောက်နေတဲ့သူက ကိုယ့်ကို ခြယ်လှယ်နိုင်တယ် ဟုတ်တယ်နော်။ ဘာလုပ်ဦး၊ ဘာမလုပ်နဲ့ဦး ပြောရင် ကိုယ့်ခေါင်းပေါ်က လူက ပြောရင် ဩဇာလည်း ကိုက်တယ်ဗျ။ တကယ်လည်း ကိုယ့်အကျိုးရှိတာကို လမ်းညွှန်နိုင်တယ် ဆိုရင် ခေါင်းပေါ်တင်ထားရတာ မကလို့ ဘာပေါ်ပဲ ဖြစ်ဖြစ် တင်ထားရမှာပါ။

ကိုယ် တတ်တဲ့ ပညာလောက်တောင် သူ မတတ်ဘူး။ ကိုယ် သိတဲ့ ပညာလောက်တောင် သူ မသိဘူး ဆိုရင် သူ့ကို ဘာလို့ ခေါင်းပေါ်တင်မှာလဲ။ ကျုပ်တို့ အမုန်းပွားပြီး ပြောနေတယ်လို့လည်း ထင်မသွားနဲ့ဦးနော်။ တကယ် ဓမ္မဓိဋ္ဌာန် ပြောတာပါ။

တကယ့် ကိုးကွယ်မှုကို ရှာဖွေတဲ့အခါ စောကြောမှု အပိုင်းဆိုင်ရာ ပြောတယ်လို့ မှတ်ပါ။ သူ သင်္ကန်းလေး ဝတ်ထားတာနဲ့ မတင်နဲ့လို့ ပြောတာပါ။ သင်္ကန်းဆိုတာက ဘာခက်သလဲ။

## ဒုလ္လဘ ဘာလဲ

အခုခေတ်မှာ ဒုလ္လဘ ဆိုတဲ့ အလွန်ကို ရခဲတယ်ဆိုတာဟာ ဘယ်လောက်ယူမလဲ။ ဘယ်နှခါ ဝတ်မလဲ ဆိုတာမျိုး။ အခု အရက်တွေ သောက်လို့ မူးရူးနေရင် နေပါစေ။ တော်ကြာ ဒုလ္လဘဘုန်းကြီး ဖြစ်သွားတာမျိုး။ ဆိုလိုတာက ကျုပ်တို့ ဘုရားလက်ထက်က အမြဲတမ်း ရဟန်းအဖြစ်က ရခဲလို့ ဒုလ္လဘ ဆိုတာပါ။ ခဏတဖြုတ် လာဝတ်လို့ ဒုလ္လဘ ပြောတာ မဟုတ်ပါဘူး။

ပြောမယ်ဆိုရင်တော့ သာမန် လူ့လောကီဘောင်က ပါတီလေး တစ်ခုတောင်၊ စစ်တပ် ဖြစ်ပါဦး၊ စစ်တပ်ထဲကိုဗျာ ကျုပ် (၇) ရက်လောက် ဝင်ပါရစေ၊ ကျုပ် စစ်သား မဖြစ်ဖူးဘူးလို့ပါ ဆိုရင် စစ်တပ်က အဝင်ခံပဲ့မလားဗျာ။ ဟာ မလာနဲ့ ရှုပ်တယ်ကွာနဲ့ ပြောမှာနော်။ သူကတောင် အဝင်မခံနိုင်ဘူး ဆိုရင် ကျုပ်တို့က ဒုလ္လဘ ဆိုပြီး လေး ငါး ခုနှစ်ရက် သွားဝင်လို့ ဖြစ်မလားဗျ။

ပါတီဆိုရင် တိုက်ရိုက်တောင် ဝင်မရသေးဘူးဗျာ၊ အရန်ပါတီ ဆိုပြီး နေရသေးတယ်။ သူတို့ ကြိုက်မှ ပါတီဝင် ဖြစ်မှာနော်။ ပြောမယ်ဆိုရင် ဒီပါတီ ဆိုတဲ့ လောကီဘောင် လုပ်ငန်းလေးတောင်မှ အဝင်မခံဘူးဗျာ။

သံဃာဘောင် ဆိုတဲ့ သံဃာပါတီကြီးကတော့ ဝင်ချင်တဲ့ အချိန်ဝင်၊ ဝင်ချင်တဲ့လူ ဝင် လက်ခံနေတယ်ဆိုတော့ ပြောမယ်ဆိုရင် ဒါတကယ်တမ်း ခေါင်းပေါ်တင်ရမှာ တကယ့် တလေးတနက်ကြီး ခေါင်းပေါ်တင်ရမှာဗျ။ ဩော် တို့လူတွေ စောကြောတဲ့ ဉာဏ် အကုန် ကုန်သွားသလို ဖြစ်နေတယ်။

## ကြွက် ကိုးကွယ်ရတာထက် ဆိုးတယ်

ကျုပ် မန္တလေးတုန်းက ပြောတယ်ဗျာ။ လူတစ်ယောက်ကို အကြောင်း စပ်ပြီးတော့ပေါ့ဗျာ။ အိန္ဒိယမှာလို့၊ သဲကန္တာရထဲမှာ နေကြတဲ့ လူတစ်စုက သူတို့ ဘာကိုးကွယ်သလဲ ဆိုတော့ ကြွက် ကိုးကွယ်သတဲ့ဗျာ။ ကျုပ်လည်း စာစောင်ထဲမှာ ဖတ်ရတာပေါ့။

ကြွက်ဆိုတာ လောကမှာ အဖျက်သမားပဲ။ ကြွက်ဆို လူတိုင်း မုန်းနေတာ။ ဒါကို သူတို့က ကိုးကွယ်စရာ ရှားလို့လားဗျာ။ ကြွက် ကိုးကွယ်သတဲ့။ ကြွက်ကို ဘုရားလုပ်တယ် ဆိုတော့ လူတွေရဲ့

ဦးနှောက် ဘယ်မှာ ရှိမလဲ။ စဉ်းစားကြည့်ကြဗျာလို့ ကျုပ်က ပြောရင်းနဲ့ ကြွက် ကိုးကွယ်တာ ကောင်းတော့ ကောင်းပါရဲ့လို့ ပြောမိသွားသေးရဲ့။

ဘာလို့လဲ ဆိုတော့ ကိုယ်က ကိုးကွယ်မှု ပူဇော်မှု အပိုင်းဆိုင်ရာ အားစိုက်လို့ လက်မလောက် ကျွေးလိုက်ရင် ကြွက်က ဝ သွားတာကိုး။ ကျုပ်ကလည်း စိတ်ထဲမှာ ပေါ်တာနဲ့ ဆက်ပြောလိုက်တော့ နည်းနည်းတော့ မကောင်းသွားဘူး ပြောကြပါစို့ဗျာ။

အခုတော့ ကြွက် ကိုးကွယ်ရတာထက် ဆိုးတယ်။ လက်မလောက်နဲ့ သူတို့ မဝဘူးလို့ ဆိုတယ် ဗျ။ ကိုယ့်မျှား လမ်းမည္ထွန်နိုင်ဘဲနဲ့ ကိုယ်က ရှိခိုးဦးတင် လုပ်ရပြီ ဆိုရင်တော့ တော်တော် ဆိုးတယ်။

ဒါကြောင့် ကိုယ် ကိုးကွယ်တဲ့ အပိုင်းကို ပြန်စစ်ပါလို့ အထူးသဖြင့် တရားဓမ္မဆိုင်ရာတွေကို ဆန်းစစ်ဖို့။ ကိုယ့် အမိ၊ အဖ၊ အဘိုး၊ အဘွားထဲက ဒီတရား ချဉ်းကပ်လာခဲ့တာ၊ ကိုယ်က ကိုယ့် အဖေ အမေလည်း လေးစားတယ်၊ ကိုယ့် အဘိုး အဘွားလည်း မြတ်နိုးတယ်။

ဒီတော့ သူတို့ ချဉ်းကပ်တဲ့ တရားကို ဘယ်ဝေဖန်ခွင့် ရှိမလဲ။ ဝေလည်း ဝေဖန်ဝံ့ပါ့ မတုန်းပေါ့ လေ။ သူတို့ဆီက ရွှေ့ပြောင်းပြီး ကိုယ့် ခေါင်းပေါ်တင်မိမှာပေါ့ဗျာ။ ဒါ တကယ် အပိုးကျိုးနေတာလို့ ပြောကြစို့ဗျာ။ တကယ် ဒီလို လုပ်ရမှာ မဟုတ်လား။

## ဘုရား ပေးခဲ့တဲ့ စံပေတံ

ကျုပ်တို့ဟာ လူလားမြောက်လို့ လူ ဖြစ်လာပြီ ဆိုရင်တော့ အမေ့ အမွေကို ယူတာ ဖြစ်ပေမဲ့ ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားကတော့ အမေ မဆန်းစစ်တာနဲ့ ကိုယ် မဆန်းစစ်လို့ မဖြစ်ဘူး။ သူတို့ ဒီလို ကိုးကွယ်သွားလို့ အကျိုးနည်းတယ်ဆိုရင် ကိုယ်လည်း အဲဒီ အကျိုးနည်းတာကြီးကို လက်ခံရမှာလားလို့ ပြောရမှာပဲ။

တကယ်တော့ မှန်ရင် မှန်၊ မမှန်ရင် အကျိုးနည်းမှာ နော်။ မမှန်တဲ့အတွက် မှန်တာရဖို့ တံခါး ပိတ်ထားခံရသလို ဖြစ်သွားတဲ့အတွက် အကျိုးနည်းမှာနော်။ ဘာသာတရားကို ကျုပ်တို့ မြန်မာပြည် မှာ အမှုမဲ့ အမှတ်မဲ့ အထားဆုံးလို့ ပြောရမှာ။ ကျုပ်ဖြင့် ပြောမိတယ်။

တကယ်တော့ လူတွေဟာ ဘာ ဝယ်ဝယ် မစစ်ဘဲနဲ့ ဝယ်တာ မရှိဘူး၊ စစ်တာပဲ။ အထည် အဝတ်လေး ဝယ်မလား၊ စားဖွယ် သောက်ဖွယ် ဟင်းသီးဟင်းရွက်လေး ဝယ်မလား ဆန်းစစ်တာပဲ။

နောက်ဆုံး ထင်းဝယ်တာတောင် ဘာသားတုံး၊ ဘယ်ဈေးတုံး၊ ဘယ်တောက ခုတ်လာတာ တုံးနဲ့ ဆန်းစစ်တယ်ဆိုရင် ထင်းထက် အမြတ်ဆုံးဖြစ်တဲ့ ဘာသာတရား။

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ သဂ္ဂေသု ဝါ ။

ဒီ အမြတ်ဆုံး ဆိုတဲ့ ရတနာကျတော့ မစစ်ဆေးဘဲ လက်ခံတာ ပိုမိုက်တယ်။

ခရမ်းချဉ်သီးတို့၊ ဘူးရွက်တို့ ဝယ်တာထက် ရွှေဝယ်ပြီဆိုရင် အတော်ကြီးကို စစ်ဆေးရပြီ။ ကျောက်သံပတ္တမြားတို့ ဝယ်ရင် အထပ်ထပ်ကို စစ်ဆေးရပြီ။ အဖိုးတန် ပတ္တမြား ဖြစ်လေ ပို စစ်ဆေး ရလေပဲ။

ဒီတော့ ဘုရား တရား သံဃာ ရတနာကတော့ အစစ်ဆေးရဆုံး လုပ်ရမှာပေါ့။ လုံးလုံးကို မစစ်ဆေးဘဲ လက်ခံလိုက်ပြီဆိုတော့ သိပ် အ, လွန်းသွားပြီ ပြောရမှာပဲ။ ကိုယ့် အကျိုးအတွက်ပါ။ ဒီ တရားက ငါတို့ကို ဘာဖြစ်စေမှာလဲ။

တရားတော်တို့ရဲ့ ဂုဏ်ရည်တွေ ဖြစ်တဲ့ သွာက္ခာတော၊ သန္ဒိဋ္ဌိကော ဆိုတာ အမြဲတမ်း ရှိခိုးမှာ ပါပဲ။ ဒါ ရှိခိုးဖို့ စာ မဟုတ်ဘူးဗျ။ ရှိခိုးတယ် ဆိုတာကတော့ ဒီ ဂုဏ်ရည်တွေ မမေ့မပျောက်ဖို့ အတွက်၊ ပါးစပ်ထဲမှာ တတ်ပြီးနေဖို့ အတွက် ဆိုတာပါဗျ။

တကယ်တော့ ရှိခိုးတယ် ဆိုတာ ပရိယတ်ပဲ ဖြစ်တယ်ဗျ။ တကယ် ပဋိပတ်အဖြစ် အသုံးချ တော့မယ်ဆိုရင် မရရင် ဘယ်လို အသုံးချမှာတုံး။ ရနေမှဖြစ်မှာ ဖြစ်တဲ့အတွက် ဘုရားရှိခိုးရင်း ထည့် ဆိုတာ။

ပဋိပတ် အဖြစ်နဲ့တော့ သန္ဒိဋ္ဌိကော - ငါ ကိုယ်တိုင် မြင်ရရဲ့လား။ အ,ကာလိကော - တကယ် ကာလမရွေး ဖြစ်ရဲ့လား။ ဧဟိပဿိကော - ငါတင် မကဘူး သူများတောင် ပြလို့ ရရဲ့လား။ ဩပနေ ယျိကော - ငါ သိတဲ့အတိုင်း ငါ ကျင့်လို့ ရရဲ့လား။ ပစ္စတ္တံ ဝေဒိတဗ္ဗော - တကယ် ငါ ကျင့်လိုက် တော့ လက်တွေ့ ငါ အကျိုးရော ရရဲ့လား။

ဒါတွေဟာ တရားတော်ရဲ့ အရည်အချင်းတွေပဲ မဟုတ်လား။ ငါ ကိုယ်တိုင် လက်တွေ့ ဆောင်ထားနိုင်တဲ့ အဖြစ် ရောက်ရဲ့လား စစ်ဆေးရမှာ။ ကျုပ်တို့ စိတ်ဓာတ်လေးနဲ့ ကိုယ့် အသိအမြင် လေးနဲ့ စစ်ဆေးရမှာ မဟုတ်ဘူး။

ဘုရားက ပြောခဲ့တဲ့ တရားကို ဘုရား ပြောခဲ့တဲ့ တရား စစ်ဆေးစရာ စံနဲ့ပဲ ပြန်စစ်ဆေးရမှာ။ ကိုယ်က လူတတ် လုပ်ပြီး စစ်တာ မဟုတ်ပါဘူး။ သူ ပေးခဲ့တဲ့ စံနဲ့ ကိုက်ရဲ့လားလို့ စစ်ဆေးတာ ဆိုတော့ မစစ်ဆေးကောင်းစရာ ဘာမှ မရှိဘူး ပြောရမှာပဲ။

## အကြိယာဝါဒ မိစ္ဆာဒိဋ္ဌိ

တရားတွေကို စစ်ဆေးမှ ကိုယ့်မှာ နဂိုက အိပ်နေတဲ့ တရား အတု၊ တရား အတုလို့ ပြောလိုက် တော့ စကားရိုင်းလွန်းသွားလား မသိဘူး။ တကယ်တော့ တရား အတုဗျ။ ကျုပ်တို့ ဗုဒ္ဓဘာသာက မိစ္ဆာဒိဋ္ဌိထက် ပိုဆိုးတယ်။

ခရစ်ယာန်၊ မူဆလင် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါတယ်။ ဣဿရ နိမ္မာန မိစ္ဆာဒိဋ္ဌိ ဖန်ဆင်းရှင်ကြီးကို အဟုတ်လုပ်လို့ ကိုးကွယ်တာ။ ကျုပ်တို့က မိစ္ဆာဒိဋ္ဌိထက် ဆိုးတာက နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်နေလို့။ နိယတ ဆိုတာ မြဲနေတာဗျ။ မိစ္ဆာဒိဋ္ဌိ အဖြစ်က မကျွတ်တော့ဘူး။ မိစ္ဆာဒိဋ္ဌိ ခေါင်ချုပ်ကြီးလို့ ပြောရမှာ။

ဒီထဲမှာ ဘယ်လိုနေလဲ ဆိုတော့ ရင့်ရင့်သာ ဗုဒ္ဓဘာသာဆီကို သွားလိုက်။ ငါ မရှိဘူး ဆိုတာ ကိုယ်တွေ့မြင်အောင် ပြောတာ။ မရှိဘူးလို့ သာမန် ပြောရုံတင် မကဘူး၊ ဖြန်းဖြန်းကွဲအောင် စိတ်ဖြာပြီး ပထဝီက ငါလားကွာ၊ တေဇော အာပေါတွေက ငါလားကွာနဲ့ တကယ့်ကို သရုပ်ခွဲ ပြလိုက်တာ။ ဟုတ်သားဟ၊ ပထဝီလည်း ငါမဟုတ်ဘူး၊ အာပေါ တေဇောလည်း ငါမဟုတ်ဘူး။ ငါ ဆိုတာ ဘယ်ရှိလို့လဲ ဖြစ်အောင် သင်တာ။

ငါ မရှိ သူ မရှိ ဆိုကတည်းက ငါ့ကိုယ်ငါ ဘယ်လို စောင့်ရှောက်ရမှာလဲ။ ငါ ကောင်းတာ ဘယ်လိုလုပ် ကျင့်မလဲ။ ငါ မကောင်းတာ ဘယ်လိုလုပ် လက်လွှတ်ရပါ့မလဲ။

ကောင်းတာလည်း မရှိ၊ မကောင်းတာလည်း မရှိတော့ဘူး။ ဒါ အကြိယာဝါဒ မိစ္ဆာဒိဋ္ဌိ။ နောက်တော့ ကောင်းတာ မကောင်းတာမှ မရှိတော့ဘူး ဆိုရင် ကောင်းကျိုး၊ မကောင်းကျိုးလည်း ဘယ်လာလို့ ရပါတော့မလဲ။ နတ္ထိကဝါဒ နိယတ မိစ္ဆာဒိဋ္ဌိ။ ကောင်းတာ မကောင်းတာရဲ့ လုပ်ရခြင်းရဲ့ အကြောင်းလည်း ဘယ်လိုလုပ် ရှိပါတော့မလဲ။ ဒါ အဟေတုကဝါဒ နိယတ မိစ္ဆာဒိဋ္ဌိ။

ဝဋ်သုံးခုမှာ ကိလေသဝဋ်ကို မသိတော့ အဟေတုကဝါဒ နိယတ မိစ္ဆာဒိဋ္ဌိ၊ ဝိပါကဝဋ်ကို မသိတော့ နတ္ထိကဝါဒ နိယတ မိစ္ဆာဒိဋ္ဌိ၊ အဲဒီလို ဖြစ်တော့တာဗျ။

ဝဋ်သုံးခုရဲ့ တည်ရာဖြစ်တဲ့ လူကို ဖျောက်တော့ ပုဂ္ဂိုလ် မရှိဘူး၊ သတ္တဝါ မရှိဘူး၊ ယောကျ်ား၊ မိန်းမ အကောင်တွေ မရှိဘူးနဲ့ ဒီ အကောင်တွေမှ မရှိတော့ ဒီ အကောင်တွေပေါ်မှ လာပြီး ဖြစ်ထွန်းရတဲ့ ဝဋ်သုံးခုက ဘယ်လိုလုပ် ဖြစ်ထွန်းရမှာလဲပေါ့ဗျာ။ ဒီ ဝဋ်သုံးခု မရှိဘူး ဆိုတော့ နိယတ မိစ္ဆာဒိဋ္ဌိ ဖြစ်တာ။

## ဥက္ကိဋ္ဌကလည်း မည်သူမျှ မလုပ်

ပြောမယ်ဆိုရင် ကျုပ်တို့ ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓဘာသာလို့ ပြောနေရတာ ဝိနည်းကလေး ရှိလို့။ ဘုရားက ဟောခဲ့တယ် ဆိုတဲ့ ဝိနည်းကလေး ရှိသေးလို့ ဗုဒ္ဓဘာသာလို့ ပြောနေရတာ။ ဝိနည်းကလေးပဲ ရှိတော့ ဝိနည်းပဲ တအား ကိုးကွယ်နေရတာ။ ဝိနည်းပဲ တအား ကျင့်နေရတာ။

တအား ကျင့်တယ်သာ ပြောတာ လုံအောင်လည်း ကျင့်နိုင်တာ မဟုတ်ဘူးဗျ။ ခုခေတ်က ငွေခေတ်၊ ကြေးခေတ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံခေတ် ဆိုတော့ သွားကြ လာကြရတာ ငွေ မရှိလို့ မဖြစ်ဘူး။ သူ့ခေတ်နဲ့ လျော်ညီအောင် ဘယ်လောက် ငွေကြေးကို တို့ ကိုင်ဆောင်ခွင့် ပေးကြရအောင် ဆိုပြီး ဒီ ဝိနည်းကို ပြန်နုတ်ရမှာ။ ဒီလိုလည်း မနုတ်ဘူး။ ပြည့်အောင်လည်း မကျင့်နိုင်ဘူး။

ဘယ်လောက် အာပတ် ဖြေဖြေ အပြစ်က လွတ်အောင် လုပ်လို့ မရဘူး။ ဒီ ပုဂ္ဂိုလ်တွေကို ဥက္ကိတ္တကလည်း ဘယ်သူမှ မလုပ်ဘူး။ အဆင့် လျှော့ချပြီး ပစ်ထားလိုက်တာကို ပြောတာပေါ့ဗျာ။ ပြောမယ်ဆိုရင် ဝိနည်း ကျင့်ပါတယ် ဆိုတာလည်း တကယ် ကျင့်တာ မဟုတ်ဘူးလို့ ပြောရမယ်။

## လိင်္ဂသာသနာ

တကယ် ကျင့်ဦးတော့ ဝိနည်း ကျင့်တယ်ဆိုတာ ဘုန်းကြီးတွေ ညီညွတ်စေချင်လို့။ ဘာလို့ ညီညွတ်စေချင်တာလဲ ဆိုရင် ဘုန်းကြီးတွေ ဒီ တရားကို ဆောင်တဲ့အခါမှာ စည်းစည်းလုံးလုံးလေးနဲ့ တရားဆောင်တဲ့ ပါတီ အဖြစ်နဲ့ ခိုင်ခိုင်မြဲမြဲ ရှိစေချင်လို့။ ဒီ ဝိနည်းတွေ လုပ်ရတာ။ ညီညွတ်တဲ့ ဘုန်းကြီးတွေ ဆောင်စရာ တရား မရှိရင် အလကားပဲလို့ ပြောရမှာပေါ့ဗျာ။

တို့ ဗုဒ္ဓဘာသာကတော့ တကယ့်ကို ဟန်သာသနာ ဖြစ်ပြီ။ လိင်္ဂသာသနာ ခေါ်တာပေါ့။ ဘာမှ ဆောင်စရာ တရား မရှိဘဲနဲ့ ဆောင်တဲ့ အဖွဲ့အစည်း ဖွဲ့ပြီး တင်းနေအောင် စည်းကမ်းတွေ လိုက်နာနေတယ် ဆိုပြီး လုပ်ကြတာ ဘာမှ အလုပ်မဖြစ်ဘူး။

ကလေး ဆိုတာ ဘာမှ ဝေဖန် ခွဲခြား စိတ်ဖြာ မသိတော့ ဘုရားရှိခိုးဆိုလည်း ရှိခိုးလိုက်ပေါ့ ဗျာ။ ကိုယ်က အသက်အရွယ်လေး ရလာပြီ ဆိုရင် အဘိုး အဘွား မိဘ ပေးတဲ့ ဗုဒ္ဓဘာသာလောက်နဲ့ မနေသင့်တော့ဘူး။ ကိုယ်ကိုယ်တိုင် ကိုယ့်ကိုကိုယ် မောင်းနှင်ရမယ့် အနေအထား ရောက်ပြီ၊ အထပ် ထပ် ဆန်းစစ်ရမယ်။

ကိုယ့်ကို အကျိုး ဖြစ်စေ၊ မဖြစ်စေကို ကြည့်တဲ့ အခါမှာလည်း ကိုယ့်ကိုယ်ကြီးကို အကြီးကြီး၊ အရှည်ကြီး လုပ်ထားလိုက်တဲ့ အခါမှာလည်း ဒီ အကျိုးကလည်း မမြင်ရပြန်ဘူး။ ဒီဘဝ အကျိုးမရှိ၊ နောင်ဘဝ အကျိုးရှိမှာပါ။ နောင်ဘဝ မရှိ ဒို့ထက် နောင်ဘဝ အကျိုးရှိမှာပါ ဆိုရင် နောင်ဘဝတို့ ဒီထက် နောင်ဘဝတို့ မသိနိုင်ဘူး။

ဘယ်တော့ သေမလဲတောင် မသိနိုင်ပါဘဲနဲ့ နောင်ဘဝ ဆိုတာမျိုး သွားလုပ်လိုက်တဲ့ အခါကျ တော့ တော်တော် မသိတာကို သိသလိုမျိုး လုပ်တာလို့ ပြောရမယ်။ မသိတဲ့ နေရာကို ထည့်လိုက်တဲ့ အခါကျတော့ စုံးစုံးမြုပ်အောင် မှားပြီလို့။

## ဘုရား ဆိုတာ လူတွေ ကယ်ချွတ်ဖို့ ပေါ်လာ

ကိုယ်သိရတဲ့ နေရာမှာတင်ပဲ ဘယ်တရားက ငါ့ ဘယ်အကျိုးကို ဘယ်လို ပြီးစေတာလဲ ဆိုတာကို အထပ်ထပ် ဆန်းစစ်ပါလို့။ တကယ်လို့ ဘယ်လိုပဲ ဆန်းစစ် ဆန်းစစ် ငါ ကိုးကွယ်ရတဲ့ တရားဓမ္မကဖြင့် ငါ့ကို အကျိုးတရား မဖြစ်ဘူးလို့ သိရင် ဒါတော့ မဟုတ်သေးဘူး။ ဒို့ထက် နောက် တစ်မျိုး ရှာရမယ်လို့ သံဝေဂ ယူပါလို့ ပြောရမယ်။

ငါရတဲ့ တရားဟာ တရားပဲ။ ငါတို့မှာ အဖေတို့ အမေတို့တောင် ယုံကြည် စိတ်ချစွာနဲ့ ကိုး ကွယ်လာခဲ့တာပဲနဲ့ လုပ်နေရင် မသိစာရင်းထဲမှာ ကိုယ့်ကိုယ်ပါ ထည့်နေသလို ဖြစ်သွားမယ်နော်။ ကိုယ့်ကိုကိုယ် စစ်ဆေးတာပဲ ဘာမှ မခက်ဘူး။ ငါ့ ဒီ လက်ငင်း ဖြစ်နေတဲ့ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်း သာမှု၊ ပတ်ဝန်းကျင်နဲ့ အဆင်ပြေမှု မပြေမှု အစရှိသဖြင့်ဟာ ငါ့ ဘာသာတရား တစ်ခုခု အသိတရား ပါရဲ့လား။ ငါ့ရဲ့ လူမှု အသိပညာ အတတ်ပညာနဲ့ ငါရဲ့ လူမှု ဆက်ဆံရေးဟာ ငါ ကောင်းမွန်တဲ့ အတိုင်းအထွာအလျောက် ဖြစ်နေတာလား။ ငါ တရားသိတာ ဒီထဲမှာ ဝင်မစွက်ဘူးဆိုရင် ဘာသာ တရားရဲ့ မပတ်သက်ဘူး ဒီလို ပြောရမှာပေါ့ဗျာ။

ဒီလိုဆိုရင် ငါ့ ဘာသာတရားက ဘယ်နေရာ အသုံးချမလဲ။ ဘယ်နေရာမှလည်း အသုံးမကျ ပါလား ဆိုတဲ့ အဖြစ် ဖြစ်ခဲ့ရင်၊ ဘာသာတရားဆိုတာ ဘုရားက ဟောထားတာ။ ဘုရား ဆိုတာက လည်း အလကား ပေါ်လာတာ မဟုတ်ဘူး။ လူတွေကို ကယ်ဖို့ ချွတ်ဖို့အတွက် ပေါ်လာတာ။ ကယ်ဖို့ ဖြစ်ပါလျက်နဲ့ ငါ့ကို ဘုရားကယ်တာ မခံရဘူး။

ငါ့အသိ ငါ့အတတ်နဲ့ပဲ ငါ လုပ်နေရတယ် ဆိုရင်တော့ ဘုရားနဲ့ ငါနဲ့ဟာ တခြားစီ ဖြစ်နေ တယ်လို့ ပြောရမှာပေါ့ဗျာ။ ဒါကြောင့် အဲဒီလို မနေဘဲ အထပ်ထပ် စောကြောပါလို့ ပြောရတာ။

## အစွဲ မဟုတ်တာ အစွဲလုပ်

အစွဲ ဆိုတဲ့ အရာကလည်း အမျိုးမျိုးလို့ ထင်နေကြတာပေါ့ဗျာ။ မယား စွဲတယ်တို့၊ သားသမီး စွဲ၊ စီးပွား စွဲ၊ အတတ်ပညာ စွဲတို့။ အစွဲတွေကလည်း ဖြုတ်မယ်ဆိုရင် ဘာမှ မကျန်အောင် ဖြုတ်ပစ်ရ မလို ရှိနေတယ်။ တကယ်တော့ ဒါတွေ အစွဲ မပြောပါဘူး။

ကိုယ့် မယား၊ သားသမီးတွေကိုတော့ အာရုံစိုက်ရမှာပေါ့။ စောင့်ရှောက်ရမှာပေါ့။ ဒါ အစွဲ မဟုတ်ဘူး။ အစားအသောက် စားတယ်၊ ထမင်း စားတယ်၊ ထမင်း မစားရင် လူဆိုတာ သေမှာပေါ့။ စားချင် သောက်ချင်တာ အစွဲ မဟုတ်ဘူး။

အဝတ်လည်း ဝတ်ချင်ရမှာပဲ၊ ကောင်းတာ ဝတ်ချင်ရမှာပေါ့။ ကောင်းတာဟာ မကောင်းတာ ထက် ဟန်ကျတယ် မဟုတ်လား။ ခိုင်လည်း ခိုင်တယ်၊ လူရဲ့ တင့်တယ် သပ်ရပ်မှုမှာလည်း ပိုတယ်။ ဒီ ကောင်းတာ ဝတ်ချင်တယ်ဆိုတာ အစွဲ မဟုတ်ဘူး ပြောရမှာပဲ။ အစွဲလို့ ရှေးအခါက သာမန် သိခဲ့ တာတွေဟာ အစွဲ မဟုတ်တာကို တွေ့ရမယ်။ အစွဲ ဆိုတဲ့ ချွတ်စရာတောင် မရှိတော့ဘူးလားလို့ အမေးခံရမလို ဖြစ်တာပေါ့ဗျာ။

စားချင်တာလည်း အစွဲ၊ ဝတ်ချင်တာလည်း အစွဲ၊ အိမ်ထောင်ပြုချင်တာလည်း အစွဲ စသဖြင့် ယူကြတယ်။ လူတွေ တစ်ဦးနဲ့ တစ်ဦး မြင်လိုက်ရင်၊ ဆိုကြပါစို့ ယောက်ျားနဲ့ မိန်းမ မြင်လိုက်ရင် ကြိုက်မှာပေါ့။ တစ်ယောက်နဲ့ တစ်ယောက် တူမှ မတူပဲ၊ စိတ်ဝင်စားမှာပေါ့။

ဒီလိုရှိတာ ဒါ အစွဲလား ဆိုတော့ အစွဲ မဟုတ်ဘူး ပြောရမယ်။ ဒီလို စိတ်ဝင်စားမှု မရှိရင် လူမျိုးပွားမှာ မဟုတ်ဘူး။ လူတွေ အကုန် မျိုးပြုတ်သွားမှာပေါ့။ တိရစ္ဆာန်တွေလည်း ရှိတယ်၊ သစ်ပင်တွေလည်း ရှိတယ်၊ ဒါအစွဲ မဟုတ်ဘူး။ ကိုယ် လုပ်ဖူးတဲ့ အရာတွေကို အထပ်ထပ် လုပ်ချင်နေတယ် ဆိုတဲ့ အပိုင်းဆိုင်ရာကသာ အစွဲလို့ ပြောရမယ်။

## စိတ္တဇလို့ သင်ကြားစို့

ပဋိစ္စသမုပ္ပာဒ်က ဝဋ်သုံးခု ရှိတယ်။ ကိလေသာ ဆိုတဲ့အရာက လူရိုးရိုးတန်းတန်း ပေါ်တာ မဟုတ်ဘူး။ ပလီပလာ ဆန်ပြီး ပေါ်တာ။ ပြောမယ်ဆိုရင်တော့ ကိလေသာ ဖြစ်တယ်ဆိုတဲ့ စကားကို ဘာသာရေး စကားကြီးဖြစ်လို့မို့ ကိလေသာလို့ ခုခေတ် လူတွေကို သင်ကြားပေးရင် သိပ်နားလည်ကြမှာ မဟုတ်ဘူး။ စိတ္တဇလို့ သင်ကြားပေးရမယ်။

စိတ္တဇ ဆိုတာ တကယ့်အရှိ မဟုတ်ဘူး။ သူ့ စိတ်ထဲက ရှိနေတယ်လို့ ထင်တယ်။ ဥပမာ - ကိုယ်ထင် ကုတင်ရွှေနန်းလို့ ဆိုတယ်။ ကုတင်ပဲ ငါ့ရဲ့ နန်းတော်ကြီးလို့ ထင်တာ စိတ္တဇ မဟုတ်လား။ ကိုယ့်ကိုကိုယ် ထင်နေမှုတွေ၊ ပတ်ဝန်းကျင် အာရုံတွေမှာ ထင်နေမှုတွေ အဲဒီထင်နေမှုတွေက တကယ့် အရှိ မဟုတ်ဘူး။

ငယ်ငယ်က စာတစ်အုပ် ဖတ်ရတယ်။ ကိလေသာ တဏှာနဲ့ စပ်လျဉ်းပြီး လူတစ်ယောက်က ရေးထားတာပါပဲ။ အဲဒီ ခေတ်တုန်းက ဝါဝါဝင်းရွှေဆိုတဲ့ ရုပ်ရှင်မင်းသမီးကလည်း ခေတ်စားတုန်း ဆိုတော့ ဝါဝါဝင်းရွှေကို ချစ်ကြတာ တစ်ယောက်နဲ့ တစ်ယောက် မတူဘူးတဲ့။

ယောက်ျား ပရိသတ်က ချစ်တာ တစ်မျိုး။ မိန်းမ ပရိသတ်က ချစ်တာ တစ်မျိုး။ ဝါဝါဝင်းရွှေရဲ့ မောင်တွေ၊ အစ်ကိုတွေ၊ ညီမတွေ၊ အစ်မတွေ ချစ်တာက တစ်မျိုး။ သူ့ရဲ့ အဖေတို့ အမေတို့ ချစ်တာက တစ်မျိုးတဲ့။ အဲဒီတော့ ဝါဝါဝင်းရွှေဆီမှာ ချစ်စရာက ဘယ်ဟာတုံးတဲ့။ ချစ်စရာကတော့ ဘယ်ဟာကမှ မဟုတ်ဘူးလို့ ပြောရမှာပဲ။

ကိုယ့်စိတ်နဲ့ ကိုယ် ချစ်နေကြတာလေ။ မအေ လုပ်တဲ့ သူကလည်း ဒါ ငါ့သမီးဆိုပြီး ချစ်နေတာ၊ မောင်တွေကလည်း ဒါ ငါ့နမဆိုပြီး ချစ်နေတာ၊ အမျိုးသမီး ပရိသတ်ကလည်း သူက လှလိုက်တာဆိုပြီး ချစ်နေတာ၊ ယောက်ျားတွေကလည်း ဒါ ငါ့ရည်းစားလေး ဖြစ်ရင် ကောင်းမယ်နဲ့ သူတို့ကလည်း ချစ်ကြတာ ဆိုတော့ အဲဒီလိုမျိုး ဝါဝါဝင်းရွှေဆီမှာ ရှိတာ မဟုတ်ဘူးနဲ့ သူက တွက်ပြတာပေါ့ဗျာ။

အရှိ မဟုတ်တာကို ရှိတယ်လို့ လုပ်နေပြီဆိုရင် စိတ္တဇပေါ့။ ဟိုဘက်နား သစ်ပင်ပေါ်မှာ သရဲကြီး၊ ငါ့မျက်စိနဲ့ တပ်အပ်ကို မြင်ရတာလို့ ဆိုလို့ရှိရင် စိတ္တဇနဲ့ မြင်ရတာ။ ဒီ သရဲကြီးဆိုတာ ရှိရင် သူ့နေရာမှာ တခြားလူ သွားကြည့်ရင်လည်း မြင်ရမှာပေါ့။ စိတ္တဇဆိုတာ မရှိတာကို ရှိတယ်လို့ ထင်တာ။

လူမှာ စိတ္တဇ ဖြစ်တာကို ကိလေသာ ဖြစ်တယ်လို့ ဒီလို ပြောရတာပေါ့ဗျာ။ သူခိုးက ခိုးရတာ ကောင်းတယ်လို့ သူမြင်တယ်။ လူသတ်သမားကလည်း ဒီ လူတော့ သတ်ပစ်မှပဲ ကောင်းမယ်လို့၊ တကယ်တော့ သူများ ပစ္စည်း ခိုးတာ၊ သတ်တာ ဘယ်ကောင်းမလဲ။ ကောင်းတာ မဟုတ်တာကို ကောင်းတယ်လို့ သူ မြင်တယ် ဆိုတော့ စိတ္တဇ ဖြစ်တာပေါ့။

ဒါကို အဝိဇ္ဇာ ကိလေသာလို့ ပြောတာ။ ကိလေသာ ဆိုတဲ့ စကားဟာ တကယ်တော့ စိတ္တဇ ဆိုတဲ့ စကားနဲ့ ညီမျှတယ်ပေါ့။ ဘုရားလက်ထက်ကတော့ ကိလေသာကို စိတ္တဇလို့ မသုံးခဲ့ပါဘူး။ ခုခေတ်ကတော့ စိတ္တဇ ဆိုပြီး သုံးတာတွေဟာ ကိလေသာ ဖြစ်တာ တွေ့ရတယ် ဆိုပြီး ဒါပြောတာ။

ခိုးရရင် ကောင်းမယ်လို့ စိတ္တဇ ဖြစ်နေတော့ ကိလေသာ ဖြစ်နေတော့ ခိုးတာပေါ့။ လိမ်ရရင် ကောင်းမယ်လို့ စိတ္တဇ ဖြစ်နေတော့ လိမ်တာပေါ့။ ကိလေသာကြောင့် ကံ လုပ်တာပေါ့။ ဒီ ခိုးတဲ့ကံ လိမ်တဲ့ကံ ဒီ လူက လုပ်လိုက်တာလားဆိုတော့ မဟုတ်ဘူး။ စိတ္တဇက လုပ်လိုက်တာ။

ခိုးတယ်ဆိုရင် ဒီလူ့လက်နဲ့ ခိုးလိုက်တာ မဟုတ်ဘူးလား။ ဒီလူ့လက်နဲ့တော့ ယူလိုက်တာ။ ဒီ လူ့လက်ကို ကြိုးဆွဲရှိတယ်။ စိတ္တဇက ကြိုးဆွဲနေတာ။ စိတ္တဇသာ မရှိရင် သူ့လက်က မယူဘူး။ လက်က အသုံးချခံ ပစ္စည်း။

ဥပမာ - မြက်ပင်တွေကို တံဇဉ်နဲ့ ရိတ်တယ်ဆိုရင် တံဇဉ်က မြက်ပင်တွေကို ဖြတ်တာ ဖြစ်ပေမဲ့ လူက ရိတ်တာ။ တံဇဉ်က ရိတ်တဲ့အခါမှာ အသုံးချတဲ့ ပစ္စည်း။ အခုလည်း လက်က အသုံးချတဲ့ ပစ္စည်းလောက်ပဲ။ လူက ခိုးတာ မဟုတ်ဘူး။ စိတ္တဇ ကိလေသာကြောင့် ခိုးတာ။

ဒါကို ကျုပ်တို့ ဘုရားက မြင်ပြေလိုက်တော့ ဒီ ခိုးတယ်ဆိုတဲ့ ကံဟာ ကိလေသာကြောင့်လို့ ပြောရမယ်။ ဒီ ကိလေသာက လူ မဟုတ်ဘူး။ သူ့ အကြောင်း ရှိလို့ ပေါ်တာ။ ဘယ်လို အကြောင်း ရှိလဲဆိုတော့ ကိလေသာ ဖြစ်ဖို့အတွက် အရင်တုန်းက ဒီလုပ်ငန်းကို လုပ်ဖူးတယ်။

ခိုးတဲ့လုပ်ငန်း လုပ်သူက သူ ခိုးရတာကို သာယာတယ်၊ ဒါကြောင့် အခု ထပ်ခိုးချင်စိတ် ပေါက်တယ်။ အဲဒီ ခိုးချင်တယ် ဆိုတဲ့ စိတ္တဇ ဘာဖြစ်လို့ ဖြစ်တာလဲ ဆိုရင် အရင်တုန်းက ခိုးဖူးတာ သာယာတဲ့ ဝိပါက်ကြောင့်။

## သံသရာ အစ မထင်

ကံကြောင့် ဝိပါက် ဖြစ်၊ ဝိပါက်ကြောင့် ကိလေသာ ဖြစ်၊ ကိလေသာကြောင့် ကံ ဖြစ်၊ ဘယ်သူ လုပ်တာမှ မဟုတ်။ သူ့ဟာနဲ့သူ ဖြစ်နေ။ သံသရာ လည်နေတော့တာ။ ငါးကြင်းမြီး ခတ်သွားတယ်ပေါ့။ သူ့ တစ်ခုအကြောင်းထောက်ပြီး တစ်ခုဖြစ်။

ဥပမာ - သစ်ပင်တွေ မျက်စိနဲ့ မြင်နေတာပဲ။ ဒီ သစ်ပင်တွေဟာ ဆက်ဖြစ်နေတာ။ သစ်စေ့က သစ်ပင် ပေါက်တာ၊ သစ်သီးက ရတာ၊ ဒီ သစ်သီးက ဒီ သစ်ပင်က သီးတာ။ ဒါ သစ်ပင် သံသရာပဲ။ ဆက်ဖြစ်နေတာ။

ကျုပ်တို့ အကျင့်စရိုက်တွေရဲ့ သံသရာကလည်း ကံတွေက ကိလေသာကြောင့် ဖြစ်၊ ကိလေသာက ဝိပါက်ကြောင့် ဖြစ်၊ ဝိပါက်ကလည်း ကံကြောင့် ဖြစ်တာ။ ဆက်ဖြစ်သွားတော့ ဘယ်သူက စတယ်လို့ မသိနိုင်တော့ဘူး။

ကျုပ်တို့ မျက်စိနဲ့ မြင်နေရတဲ့ သစ်သီးရယ်၊ သစ်စေ့ရယ်၊ သစ်ပင်ရယ် ဆိုတဲ့ သုံးခုတောင် ဘယ်သူက စတယ်လို့ မသိနိုင်ဘူးနော်။ အဲဒီတော့ သံသရာ အစ မထင်ဘူး ဆိုတဲ့ စကား ပြောရတာလို့ ပြောရမှာနော်။

ပုဗ္ဗကောဋိ န ပညာယတိ သံသာရဿ ပုဗ္ဗကောဋိ န ပညာယတိ။

သံသရာဟာ ရှေ့အစွန်းဖြစ်တဲ့ အစ မထင်ဘူးနဲ့ ပြောကြတယ်။ ဘယ်လို အစ မထင်တာလဲ မသိဘူး။ ကိလေသာက အစလား၊ ကံက စတာလား၊ ဝိပါက်က စတာလား မထင်ဘူး။ ဒီ သုံးခုက လည်နေပြီ။ တစ်ခုကြောင့် တစ်ခုဖြစ်တာ ဆိုတော့ မမြင်ရဘူး။

ဝလုံး တစ်လုံး ဝိုင်းရင်တောင်မှ တကယ် ဝိုင်းမိသွားပြီဆိုရင် ဘယ်က စလဲ ပြောလို့ မလွယ်ဘူး။ အဲဒီလိုပဲ အစမထင် ဖြစ်နေတဲ့ သံသရာကို ကျုပ်တို့ ရှေးအခါက သိကြတာက သံသရာ ရေယဉ်ကြောမှာ မျောရလိမ့်မယ်နဲ့ ပြောကြတယ်။ ကျုပ်တို့ချည်းက သံသရာထဲမှာ မျောရလိမ့်မယ် ထင်တာဗျ။

ပြောမယ်ဆိုရင် ဧရာဝတီမြစ်ထဲမှာ အမှိုက်သရိုက်တွေ ဒိုက်တွေ မျောနေသလို ကျုပ်တို့ မျောမှာလို့ ထင်ကြတယ်။ တကယ်တော့ သံသရာကြီးက တစ်ခု။ မျောမဲ့ဟာက တစ်ခု။ ဧရာဝတီမြစ်ရဲ့ အမှိုက်သရိုက်တွေ ဒိုက်တွေဆိုရင် အမှိုက်သရိုက် ဒိုက်က ဧရာဝတီမြစ် မဟုတ်ဘူး။ ဧရာဝတီကလည်း အမှိုက်သရိုက် ဒိုက် မဟုတ်ဘူး။ မျောတဲ့ဟာနဲ့ မျောတဲ့နေရာလို့ နှစ်ခု ရှိမှာပေါ့နော်။

အခုလည်းပဲ သံသရာထဲမှာ ကျုပ်တို့ မျောမယ် ဆိုပါတော့။ မျောတာကတော့ ကျုပ်တို့။ မျောခံရမယ့် သံသရာက တစ်ခု မဟုတ်ဘူးလား။ ဒီ အမျောခံရမယ့် သံသရာကြီးက တောင်မြောက် စီးနေတာလား၊ အရှေ့အနောက် စီးနေတာလား၊ အထက်အောက် စီးနေတာလား။

သံသရာဟာ ဒီ သံသရာထဲ မျောမယ့် သတ္တဝါနဲ့ သီးခြားတယ်ဗျ။ သံသရာထဲ မျောမယ့် သတ္တဝါ က ကျုပ်တို့ ဖြစ်ပြီ ထားလိုက်၊ ကျုပ်တို့ အမျောခံမယ့် သံသရာက ဘယ်လို နေတာတုံး။ ဘယ်သူမှ မသိဘူး။ ဘယ်မှာ ရှိတာလို့လည်း မသိဘူး။ ဒါ ကျုပ်တို့ ဗုဒ္ဓဘာသာတွေရဲ့ တော်တော့် အားနည်းချက်နော်။

ဒါကို တကယ့် ဗုဒ္ဓဘာသာနဲ့ ပြောမယ်ဆိုရင် သံသရာ ဆိုတာ အဲဒီလို စီးကြောင်းကြီး မဟုတ်ဘူး ပြောရမှာနော်။ ပြီးတော့ အဲဒီ စီးကြောင်းကြီးထဲမှာ ခင်ဗျားတို့ ကျုပ်တို့ မျောနေတာ မဟုတ်ဘူး။ ကျုပ်တို့ အထဲမှာ သံသရာက ဖြစ်ထွန်းနေတာလို့ ပြောရမယ်။

ကျုပ်တို့ ကိုယ်မှာ ကိလေသာ ဖြစ်တယ်။ ကိလေသာက ရပ်မနေပဲ ကံ ထလုပ်တယ်။ ကံက ကံတင် ရပ်မနေပဲ ဝိပါက် ပေါက်တယ်။ ဝိပါက်ကလည်း ဝိပါက်တင် ရပ်မသွားပဲ ကိလေသာ ပေါက်တယ်။

အဲဒီတော့ သူခိုး ဖြစ်သလား။ သူတော်ကောင်း ဖြစ်သလား။ တခုခုတော့ ဖြစ်တော့တာပေါ့။ ကျုပ်တို့ထဲမှာ သံသရာလည်တာ၊ သံသရာထဲမှာ ကျုပ်တို့ လည်တာ မဟုတ်ဘူး။

## အစွဲခန္ဓာ ဆိုတာ ဥပါဒါနက္ခန္ဓာ ပါပဲ

ဒါဆိုရင် ရိုးရာ ဗုဒ္ဓဘာသာနဲ့ ကျုပ်တို့ ဗုဒ္ဓဘာသာ သိပ်ခြားနားသွားပြီ ပြောရမယ်။ သံသရာကို အဲဒီလိုမျိုး သိရင်တော့ အစွဲ ဖြုတ်ဖို့ရန် ဖြစ်တော့မယ် ဆိုတော့ ကျုပ်တို့က အစွဲ ဆိုတာ စိတ္တဇကို အစွဲ ပြောတာ။ ကိလေသာက အစွဲပဲ။ စိတ္တဇ ဆိုတဲ့ စကား၊ ကိလေသာ ဆိုတဲ့ စကား၊ ဥပါဒါန်တွေနဲ့ ကြားဖူးတယ်နော်။ သံယောဇဉ်လို့လည်း ကြားဖူးတယ်။ ကိလေသာနဲ့ အတူတူပဲ။

သင်္ဂြိုဟ်သင်ဖူးရင် ပါပသင်္ဂဟ သမုစ္စည်းပိုင်းမှာ အတူတူ စိတ္တဇတွေပဲ။ ဒါတွေ အကုန်လုံးကို အဲဒီထဲ မပါတဲ့ စကားလုံးနဲ့၊ အခုခေတ် စကားလုံးနဲ့ ပြောရင် စိတ္တဇလို့ ပြောရမယ်။ စိတ္တဇ ပြုတ်ရမှာ။ စိတ္တဇဟာ မကောင်းမှန်းလည်း တော်တော် သိကြပါတယ်။

လူတစ်ယောက်ဟာ စိတ္တဇ ဖြစ်နေပြီ ဆိုရင် တံတားလေး ရောက်ရမှာ မဟုတ်လား။ အဲဒီ စိတ္တဇဟာ တော်တော်ကြီး စံလွဲသွားတဲ့ အဖြစ်ထိ စိတ္တဇ ဖြစ်တာကိုမှ တံတာလေး ပို့တာ။ သာမန်လူတွေကတော့ စိတ္တဇ ကိုယ်စီနဲ့ ရှိကြသော်လည်း စံလွဲတဲ့ အဆင့်ထိ မရောက်သေးတော့ လူကောင်းလို့ ပြောရတာပေါ့။ တကယ်တော့ ဒီလူတွေဟာ စိတ္တဇတွေ ရှိကြပါတယ်။

စိတ္တဇတွေဟာ ဘာတွေလဲ မေးတော့၊ အဲဒီ စိတ္တဇကို ချုပ်ပြီး ပြောရရင် ကိုယ်လုပ်ဖူးတဲ့ အဟုတ် မဟုတ်တဲ့ အရာတစ်ခု၊ အရင်တုန်းက စိတ္တဇကြောင့် လုပ်တာကို သာယာနေတယ်။ သူ လုပ်ခဲ့တာကမှ အဟုတ် မဟုတ်တော့ သူ သာယာတာကလည်း အဟုတ် မဟုတ်ဘူး။ ဒါကို မှီပြီးတော့ အခါ  စိတ္တဇ ဖြစ်တယ်။ စိတ္တဇ သံသရာ လည်နေတာပေါ့ဗျာ။

ကျုပ်တို့ အစွဲဖြုတ် အစွဲဖြုတ် ဆိုတာ ကိုယ် လုပ်ဖူးတဲ့ဟာထဲက ကျေနပ် သာယာထားတာ။ လူကလည်းနော် ကောင်းတာ လုပ်လုပ်၊ မကောင်းတာ လုပ်လုပ်၊ ကိုယ် လုပ်တဲ့ဟာ ကိုယ် စွဲတယ်။ နည်းနည်းလေးများ သူများကို လိမ်မကြည့်နဲ့ ဒီလူ လူလိမ် ဖြစ်တယ်။ နည်းနည်းလေးများ သူများကို

ဆဲမကြည့်လိုက်နဲ့၊ သူများကို ဆဲတတ်တဲ့သူ ဖြစ်ပြီမှတ်။ နောက်လည်း ဆက်ဆဲတော့မယ်။ မဟုတ်တဲ့ ဟာများတော့ နည်းနည်းမှ စမ်းမကြည့်လိုက်နဲ့။

ဥပမာ - ဆေးလိပ် သောက်တဲ့သူတွေဆိုရင် မွေးကတည်းက ဆေးလိပ် သောက်တတ်တာ မဟုတ်ဘူး။ လူကြီးတွေရဲ့ အတုယူပြီးတော့ အဟုတ် မဟုတ်တဲ့ လုပ်ငန်း လုပ်လိုက်ပေမဲ့ အဲဒီမှာ သာယာသွားတာ။ နောက်ကျတော့ ထပ်လုပ်ချင်တယ် ဆိုတဲ့ စိတ္တဇ ဖြစ်တော့ နောက်ထပ် သောက်ရော။ ဒီလို ဖြစ်တာနော်။

ဆိုလိုချင်တာက လူဟာ အဟုတ် မဟုတ်တာကို ဘာလုပ်လုပ် စွဲတယ်။ ပေးရ ကမ်းရတာလည်း စွဲတယ်။ တရား အားထုတ်ရတာလည်း စွဲတာပဲ။ လုပ်စ ရှိတာကို စွဲတယ်။ လူလုပ်တဲ့ဟာက ဘယ်လောက် အဟုတ် ဟုတ်သလဲ။ ဆိုလိုတာက ဘယ်လောက် ယထာဘူတ ကျကျ လုပ်မိသလဲ။ အဲဒါ စစ်ဆေးရမယ်။

ယထာဘူတ မကျတဲ့ အမူအကျင့် ရှိရင်တော့ စိတ္တဇပဲ။ အစွဲ ဖြုတ်ပစ်ချင်တယ် ဆိုရင် ကိုယ့်ကံကို ကြည့်ရမယ်။ ကိုယ့်ကံ ဆိုတာ ကိုယ့်ကိုယ်၊ ကိုယ့်စိတ်နှလုံး၊ ကိုယ့်နှုတ် ဒါလုပ်နေတာ ဘယ်လောက် အဓိပ္ပာယ် ရှိသလဲ။ အဲဒီလိုမျိုး ကိုယ်က စစ်ဆေးကြည့်တော့ အဓိပ္ပာယ် ရှိလှတယ်တော့ မဟုတ်ဘူး။ လုပ်စရာရှိလို့ လုပ်နေတာပဲ ဆိုရင်၊ ဘာအစွဲနဲ့ လုပ်တာလဲ ဆိုရင် အရင်တုန်းက လုပ်ခဲ့တာလေး သာယာတာတို့၊ သာယာနေလို့ ထပ်ပြီး လုပ်ချင်တာလေးက စွဲနေတာ။

လုပ်ချင်တာက ဥပါဒါန်၊ လုပ်ချင်တာက အာသဝ၊ သြဃတွေ၊ ယောဂတွေ၊ ဂန္ထတွေ၊ နီဝရဏတွေ၊ သံယောဇဉ်တွေ၊ ကိလေသာတွေ၊ အဲဒီလို ကြည့်ပြီ ဆိုရင်တော့ ဒီအစွဲ မိပြီ။ အစွဲ မိပြီ ဆိုရင် ဒီအစွဲကို ငြီးငွေ့လာပြီ။

ဒီအစွဲ ငြီးငွေ့လာပြီ ဆိုရင် ဒီလုပ်ငန်းကြောင့် ဖြစ်ထွန်းလာတဲ့ အကျိုးကို ကိုယ်က မသာယာတာအပြင် ဒါကြီးက ငါ့ စိတ်ပျက်စရာကြီး ပါလား။ ကိုယ့် ရောဂါတစ်ခု ရနေတာကို ကိုယ် သိလိုက်ရသလိုပေါ့။ ရောဂါတစ်ခု ရတဲ့အခါ ဒီရောဂါကို ကိုယ်က မလိုလားနေဘူး။ အမြန်ပျောက်အောင်ကုတော့မှာပေါ့။ ဒီလိုနဲ့ပဲ ဒီအစွဲက ကျွတ်တော့တာလို့ ပြောရတာပဲ။

## (၃၁) ဘုံ လွန်မြောက် အရိယာရောက်

လူတွေနဲ့ ဆက်ဆံနေရတော့ ကိုယ့်အပြောမှာပဲ ဖြစ်ဖြစ်၊ ကိုယ့်အပြုမှာပဲ ဖြစ်ဖြစ်၊ ဘာမှ ပြုနေ ပြောနေတာ မရှိဘူး ဆိုရင်တောင်မှ ကိုယ့်အတွေးမှာ အတွေးအခေါ် အမြင် ဆိုတာတော့ ရှိရတာပေါ့။ အဲဒီတော့ ဘယ်အချက်တွေဟာဖြင့် ယထာဘူတ ကျသလဲ၊ မကျဘူးလဲ ဆန်းစစ်ရမှာပေါ့ ဗျာ။

ကံတွေကို ဆန်းစစ်ရင် ကိလေသာတွေလည်း သိရော။ ကိလေသာတွေကို ဆန်းစစ်ရင်းကနေ ဝိပါက်တွေလည်း ပေါ်ရော။ ဝိပါက်တွေကို ဝိပါက်တွေလို့ အပီအပြင် မြင်လာပြီ ဆိုရင် ကံကြောင့် ဝိပါက်တွေ ဖြစ်တာပါလား။ ဒီ ဝိပါက်ကြောင့်ပဲ ကိလေသာတွေ ပေါ်တာပါလား။ ဒီ ကိလေသာ ကြောင့် ကံတွေကပဲ ထပ်ဖြစ်နေတာလို့ သံသရာကို မြင်ပြီ ဆိုရင် ဒီသံသရာ လည်နေတဲ့ အဖြစ် အပျက်ကြီးကတော့ ဟန်မကျလိုက်လေလို့ မြင်ပြီ။ ဒါကြီးကို အကောင်အဖြစ်နဲ့ မြင်ပြီ။

ဟန်မကျတဲ့ အကောင်ဟာ အပါယ်ကောင်လား၊ ပြိတ္တာကောင်လား၊ အသူရကာယ်ကောင် လား၊ ဒါမှမဟုတ် နတ်ကောင်လား၊ လူကောင်လား၊ ဗြဟ္မာကောင်လား။ ဒီ (၃၁) ဘုံက ဘာမှ မကောင်းတာပဲဗျ။ တကယ်တော့ ကျုပ်တို့ ဘုရားက (၃၁) ဘုံ အကောင်အဖြစ်ကို တကယ် ငြီးငွေ့ တာပဲ၊ သူက အရိယ ဆိုတဲ့ အဖြစ်ကို တက်လှမ်းခိုင်းတာဗျ။ (၃၁) ဘုံ အကောင်ကို ငြီးငွေ့သွားရင် အရိယာ အဖြစ်ကို တက်လှမ်းသွားတာပဲဗျ။

ဒီအကောင်ကို မြင်ရလိမ့်မယ်။ အကောင် မြင်မှပဲ သူ့ရဲ့ လက္ခဏာကို ပီပီပြင်ပြင် ထင်ပြီး သကာလ သစ္စာကို ဝင်လိမ့်မယ်။ လက္ခဏာ မြင်မှ ဒုက္ခကို သိမှာ မဟုတ်လား၊ ဒုက္ခ သိမှလည်း ဒုက္ခ ဖြစ်ကြောင်း ဖြစ်တဲ့ သမုဒယကို သူ စိတ်ပျက် ငြီးငွေ့ပြီးတော့ ပယ်မှာနော်။

အဲဒါ ပယ်မှလည်း ဒီ ဒုက္ခဟာ နောက်ထပ် ပြန် မဖြစ်ဘူး ဆိုတဲ့ နိရောဓ ရောက်မှာနော်။ နိရောဓ ရောက်မှနော်။ နိရောဓ နိရောဓ ဆိုတာ အဲဒီ ဒုက္ခလို့ ပြောရတဲ့ ကိုယ် နှုတ် နှလုံးတွေ လွန် ကျူးတဲ့ ဒီ သံသရာ လည်ပတ်မှုကြီးကို ငြိမ်းသွားစေတာ။ သံသရာဝဋ်က ကျွတ်သွားစေတာကို နိဗ္ဗာန်လို့ ပြောရမှာနော်။

အဲဒီတော့ အစွဲ ကျွတ်တယ်၊ အစွဲ ကျွတ်တယ် ဆိုတာ ဝိပါက်တွေ သာယာပြီးနောက် ဒီ ဝိပါက် တွေ စွဲပြီးနေလို့ ဒီ ဝိပါက်မျိုး ပေါ်အောင် ဒီ ကံမျိုး ထပ်ပြီး လုပ်ချင်သေးတယ်ကွာနဲ့ ကိုယ့် စိတ်နဲ့ပဲ စွဲပြီး ယူနေတာလို့ ပြောရမယ်။

လူ ဖြစ်လို့ ထမင်း စားချိန်တိုင် ထမင်း စားချင်တာ အစွဲ မဟုတ်ဘူး။ လူ ဖြစ်လို့ သူနဲ့ ထိုက် တန်တဲ့ အဝတ် ဝတ်ချင်တာ အစွဲ မဟုတ်ဘူး။ လူ ဖြစ်လို့ လူ့ကိစ္စတွေ ဆောင်ရွက်ရမယ် ဆိုတဲ့ အနေ အထားအတိုင်း အမျိုးမျိုး လူ့ကိစ္စတွေကို ဆောင်ကြဉ်းချင်တဲ့ စိတ်အတိုင်း ဆောင်ကြဉ်းတာဟာ အစွဲ မဟုတ်ဘူး။

အစွဲ ဆိုတာကတော့ အတိုချုပ်ပြီး ပြောရင် ကိုယ် လုပ်ဖူးတာ အကျိုးလည်း မရှိဘူး။ အကျိုး တောင် နည်းစေဦးမှာ ဖြစ်ပေမဲ့ ကိုယ့် ခံယူချက်မှာတော့ ဒါအကျိုး ရှိတယ် ငါလုပ်တာ ကောင်းတယ်၊ အဲဒီလိုမျိုး ပြောင်းပြန်လှန်ပြီး ခံယူထားတဲ့ ကိုယ် လုပ်ဖူးတဲ့ လုပ်ငန်းမျိုး လုပ်ချင်နေတာ အစွဲပါ။ အဲဒါကို ဥပါဒါန်လို့လည်း ပြောရတာပေါ့ဗျာ။

အဲဒီ ဥပါဒါန် ရှိလို့မို့ သူ ကံတွေ လုပ်ပြီး ဝိပါက်တွေ ပေါ်ပြီ ဆိုရင် အဲဒီ ကံတွေနဲ့ ဝိပါက်တွေကို ခန္ဓာ ဖွဲ့လိုက်တော့ ရုပ်ခန္ဓာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် ဆိုပြီးတော့ ဒီ ခန္ဓာတွေကို ဒီ အစွဲ စိတ္တဇတွေကြောင့် ဖြစ်တဲ့ ခန္ဓာတွေ ဖြစ်တဲ့အတွက် အစွဲခန္ဓာလို့ ပြောရတာ။

အစွဲခန္ဓာ ဆိုတဲ့ စကားလုံးကို ပါဠိလို ပြောတော့ ဥပါဒါနက္ခန္ဓာလို့ ပြောတယ်။ ရုပ်တိုင်း ဥပါဒါနက္ခန္ဓာ မဟုတ်ဘူး။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တိုင်း ဥပါဒါနက္ခန္ဓာ မဟုတ်ဘူး။ အစွဲကြောင့် ဖြစ်တဲ့၊ စိတ္တဇကြောင့် ဖြစ်တဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်မှ ဥပါဒါနက္ခန္ဓာလို့ ပြောရမှာ။

ဒီတော့ အစွဲ ဖြုတ်ချင်တယ် ဆိုတာ ကျုပ်တို့ ဗုဒ္ဓဘာသာ တရားတွေ ဘယ်လောက် ဟောပါတယ် ဆိုနေနေ၊ နိဗ္ဗာန် ရအောင် ဟောပါတယ် ဆိုနေနေ၊ ဘယ်ဒုက္ခကြီး သိအောင် ဟောပါတယ် ဆိုနေနေ၊ တကယ်တော့ နောက်ထပ် စကားနဲ့ ပြောရရင် အစွဲ ပြုတ်ဖို့ တစ်ခုတည်း ဟောခဲ့တာလို့ ပြောရမှာပေါ့။ အစွဲ ပြုတ်ပြီ ဆိုရင်လည်း ဘုရားတရား ရပြီ၊ ကိုယ် လုပ်ဖူးတာတွေ အကုန်လုံးကို မဆင်မခြင်ဘူး ဆိုတာ မရှိအောင် ဆင်ခြင်ပါ။

*ဒေါက်တာ ဦးကံညွန့်။ ။ ကံက လုပ်ရင် ဝိပါက်ဖြစ်တယ် ဆိုတော့ ကံမြောက်တဲ့ သဘောတရားဆိုတဲ့ ကံက သုံးခု ရှိတာကိုး။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတော့ မနောကံ မြောက်တဲ့ဟာကို ဘာနဲ့ ဆုံးဖြတ်မလဲလို့ မေးချင်ပါတယ်။*

အမှန်က မနောကံ မြောက်တာဟာ ဆိုတော့၊ ဆိုကြပါစို့ဗျာ။ မှားယွင်းတဲ့ အမြင် မြင်တာကိုလည်း မနောကံ မြောက်တယ်လို့ ပြောရမှာပဲ။ မှားယွင်းတဲ့ အတွေးအခေါ်တွေ တွေးခေါ်ကြတာ ရှိတယ် မဟုတ်လား။

*ဒေါက်တာ ဦးကံညွန့်။ ။ တွေးလိုက်တာနဲ့ တစ်ပြိုင်နက် ဝိပါက်က ဖြစ်ပါပြီလား။*

တွေးပြီးသည်နှင့် တစ်ပြိုင်နက် ဝိပါက် ဖြစ်ပြီး ဒီ အတွေး တွေးနေဆဲတော့ ကံလို့ပဲ ပြောရတယ်။ အတွေးပြီးတာနဲ့ ဝိပါက် ဖြစ်ပြီ၊ ဘဝင် ကျပြီလို့ ပြောတယ်။ သူများကို ဖျက်ဆီးချင်တာ ဆိုရင်လည်း မနောကံ မြောက်ပြီ။ တိုက်ရိုက် ကိုယ်ထိလက်ရောက် မဖျက်ဆီးသေးပေမဲ့ ဒီလူ့ ပစ္စည်းကိုတော့ မီးကို ရှို့ပစ်မယ်၊ ဒီလူ့ကိုတော့ ဓားပြတိုက်အောင်ကို လုပ်ပစ်မယ် ဆိုပြီး ဖျက်ဆီးချင်နေတုန်းကတော့ မနောကံ အဖြစ်ပဲ ရှိသေးတယ်။

အဲဒီ ဖျက်ဆီးချင်တဲ့ စိတ် ဘဝင် ကျသွားပြီ၊ မနောကံရဲ့ ဝိပါက် ဖြစ်နေပြီ၊ တောက်လျှောက် ဖြစ်တာပါပဲ။ ဖျက်ဆီးချင်တယ် ဆိုတဲ့ စိတ် စီမံကိန်းချတာ ပြီးသွားပြီ ဆိုတော့ မနောကံတော့ မြောက်သွားပြီ။

သူ မေ့မေ့လျော့လျော့နဲ့ သူ တခြားဧည့်သည်တစ်ယောက် ရောက်လာလို့ ဧည့်သည်နဲ့ပဲ စကားပြောနေမလား၊ တခြားလုပ်ငန်း တစ်ခုကိုပဲ စိတ်ဝင်စား လုပ်နေလို့မို့ အဲဒီ ဖျက်ဆီးချင်တဲ့ဟာကို

အမှတ် မရပေမဲ့ ဝိပါက်ကတော့ ဖြစ်နေတယ်။ ဘဝင် ကျနေတယ်ပေါ့ဗျာ။ သူ့ အကွက်ပေါ်တာနဲ့ တစ်ပြိုင်နက် ဒိုင်းခနဲဆို သူ့ဟာသူ နာရီကို နှိုးစက် ချထားတာလိုပဲ အချိန်ကျတာနဲ့ သူ့ဟာသူ ထပြီး မြည်မှာပဲ။ အဲဒီလိုမျိုး ဝိပါက် ဖြစ်တာပဲ။

*ဒေါက်တာ ဦးကံညွန့်။ ။ ဓားတစ်စင်း ပေးပြီး တစ်မြို့လုံး ခုတ်ဖို့ သူ့လက်က မလုပ်နိုင်ဘူး။ ကာယ ကံ မမြောက်ဘူး။ သူ့စိတ်ကတော့ တစ်မြို့လုံး ချက်ချင်း ခဏလေးပဲ သတ်ပစ်လိုက်လို့ရတယ်။ ဒီလို မျိုး စကား ရှိပါတယ်။ ဒီ ကံက ပိုပြီး ကြီးသလား၊ ဓားနဲ့ လိုက်ခုတ်နေတဲ့ ကံက ကြီးပါသလား။*

ဒါကတော့ ဒီလိုရှိမယ်ဗျ။ ဆိုကြပါစို့။ ဟောဒီ မြို့ကို တိုက်ခိုက်ချင်တဲ့အတွက် ဓားကောင်း ကောင်း ရှာမယ်ဆိုရင် သူ တစ်လက်ပဲ ရမှာပေါ့။ သူ့လက်ကလည်း ဒီလောက်ပဲ ခုတ်နိုင်မှာပဲ။ ဒီမြို့ ကို ဖျက်ဆီးချင်တဲ့အတွက် ဘယ်လိုများ ပျက်စီးအောင် လုပ်ရမလဲ သူ တွေးပြီ ဆိုပါတော့၊ တွေး တောမှာ ပါတီဖွဲ့မလား၊ ဒါမှမဟုတ် အဏုမြူဗုံး လုပ်မလား၊ အဲဒီလို ဆိုရင်တော့ ဒီမြို့ကတော့ ကာယကံ ဓားသမားထက် ပိုပြီး မနောကံက ပိုစွမ်းတယ်လို့ ပြောရမှာပေါ့ဗျာ။

*ဒေါက်တာ ဦးကံညွန့်။ ။ တကယ်လို့ ဒီဟာကို သူ ဖျက်မယ် ပြောပြီး ဘာမှ မဖျက်ဘဲနဲ့ အဲဒီနေရာမှာ ပင် ရပ်ရင် အဲဒီကံက မြောက်သွားပါသလား၊ မမြောက်သွားဘူးလား ဆိုတာ သိချင်ပါတယ်။*

အမှန်တော့ ဖျက်ဆီးချင်တယ် ဆိုတဲ့ စိတ် ဖြစ်ကတည်းက အဲဒီကံကတော့ မြောက်ပြီဗျ။ မြောက်ပေမယ်လို့ မနောကံက ကာယကံထက် ပိုစွမ်းတယ်လို့ ပြောရတာကတော့ ကာယကံထက် ပိုပြီး ပျက်အားကောင်းတယ်ပေါ့ဗျာ။ ပျက်အားကောင်းလို့မို့ ပိုစွမ်းတယ်လို့ ပြောရတာ ဖြစ်ပါတယ်။

တကယ်ကတော့ သူ တွေးတဲ့အတိုင်း မလုပ်မိတာမျိုး၊ မလုပ်နိုင်တာမျိုးလည်း ရှိတာပေါ့ဗျာ။ မလုပ်နိုင်ပေမဲ့လည်း သူက အဏုမြူဗုံးနဲ့ကို ချပစ်မယ်လို့ တွေးနေပေမဲ့ အဏုမြူဗုံးက အကြောင်း အားလျော်စွာ မပေါ်လို့ဘဲ ဖြစ်ဖြစ်၊ တစ်ခုခု အဖျက်ကြောင့် မချနိုင်လို့ဘဲ ဖြစ်ဖြစ် ရှိချင် ရှိမယ်။ ဒါပေမဲ့ သူ့ စိတ်ဓာတ်မှာ ပြစ်မှားတာကတော့ သူတို့ကို ဖျက်ပစ်ဖို့ အတိုင်းအထွာ အထိ ရှိပြီးသွားတဲ့ အတွက် မနောကံက ဒီသူ့မှာတော့ ပိုပြီး စူးရှတာ မဟုတ်ပါဘူး။ သူ တစ်ဖက်ကို ဖျက်အားမှာသာ။

ဒါ ဥပါလိဆိုတဲ့ သူကြွယ်နဲ့ မြတ်စွာဘုရား ပြောတဲ့အခါ မနောကံက ပိုစွမ်းတယ် ဆိုပြီး ပြောတဲ့ သဘောပါပဲ။ ဒီလူတစ်ယောက် ဖျက်အားမှာတော့ ကာယကံနဲ့လည်း အတူတူပါပဲ။ ဝစီကံနဲ့ မနောကံနဲ့လည်းပဲ အတူတူပါပဲ ပြောရမယ်။

## မကောင်းတာနဲ့ မကောင်းကျိုး

အကြောင်းသင့်လို့ မနေ့တစ်နေ့ကပဲ တရားဓမ္မ မစခင် လူရေးလူရာတွေ ပြောကြတဲ့အခါ မကောင်းတဲ့ သူတွေကလည်း မကောင်းတာ လုပ်ပြီးတဲ့နောက် မကောင်းကျိုး ပေးခံရတာလည်း နေး

လိုက်တာတဲ့၊ ဒီလို ပြောတာပေါ့ဗျာ။ ဟာ ခင်ဗျားတို့က မကောင်းကျိုးမှ မသိတာဘဲလို့ ကျုပ်က ဒီလိုပဲ ပြောလိုက်တယ်။

အဲဒီတော့ မကောင်းတာနဲ့ မကောင်းကျိုးကို ဟောပါဦး ဘုရားလို့ ပြောတယ်။ မကောင်းကျိုးကို လူတွေ မသိကြဘူးလို့။ လူတွေ သိတာက၊ ဆိုကြပါစို့ဗျာ။ သူများ အသက်ကို သတ်ရင် သူအသက်ခံရတယ်။ အဲဒီလိုမျိုး အသတ်ခံရတာ ဖြစ်ပြီလို့ ဆိုရင်တော့ ဒီသူ့ မကောင်းကျိုး ပေးပြီလို့ ပြောတယ်။ အဲဒါ မကောင်းကျိုးမှ မဟုတ်ဘဲဗျလို့ ကျုပ်က ပြောတယ်။

တကယ်တော့ သူ လုပ်တာက သူ့ အသက် သတ်တာ လုပ်တာပဲ။ သူ ဖြစ်တာက သူ သေတာ ဘယ်ဖြစ်လို့ ဖြစ်မလဲလို့။ သူများရဲ့ အသတ်ကို ခံရရင် သူ သေတာ ဖြစ်မှာ၊ သူက သတ်လိုက်လို့ ဟိုလူ သေတာဗျ။ ဟိုလူ သေတာက ကံမှ မဟုတ်ဘဲ။ ဟိုလူ အသေခံရတာက ကံရဲ့အကျိုးပဲဗျ။ အခုဒီ ကံရဲ့ အကျိုးက ဟိုလူ သေတာမျိုးလို ဖြစ်တာ မဟုတ်ဘူးလို့။

သူ့မှာ အကျိုးဖြစ်တယ် ဆိုတာက၊ ဆိုကြပါစို့ဗျာ။ မကွေးဝင်းမြင့် သူစာလေး တစ်စောင် ရေးတယ်။ သူ့ သူငယ်ချင်းတစ်ယောက် ငယ်ငယ်က ငှက်တွေကို လိုက်ပစ်ပြီးတော့ ငှက်ကလေး တစ်ကောင် ရပြီဆိုရင် ပင်အပ်လေးနဲ့ ငှက်လေးရဲ့ မျက်စိကို ထိုးဖောက်တာ လုပ်တယ်တဲ့။ တစ်ကောင်တည်း လုပ်တာ မဟုတ်ဘူး။ အကောင်ပေါင်းများစွာ မိတိုင်း လုပ်တာ။

တစ်နေ့တော့ သူ့အိမ်ကလည်း ပန်းထိမ် လုပ်သနဲ့ တူပါသတဲ့။ သူလည်း ပန်းထိမ် လုပ်တာထဲပါသလား မသိဘူး။ ငရဲမီးခွက် တစ်ခွက် နှုတ်ခမ်းကို ရိုက်မိတော့ ငရဲမီးတွေက ခုန်တက်လာပြီး သူ့မျက်စိ မှန်တော့ မျက်စိ နှစ်လုံးစလုံး ကွယ်သွားသတဲ့။

အဲဒီတော့ မကွေးဝင်းမြင့်က ဘယ်လို ကောက်ချက်ချပေးသလဲ ဆိုတော့ သူ မျက်စိတွေ အများကြီး အပ်နဲ့ ဖောက်ခဲ့တဲ့ ကံရဲ့ အကျိုးအဖြစ်နဲ့ ငရဲမီးတွေက သူ့ မျက်စိထဲ ဝင်ပြီး မျက်စိ ကွယ်ရတာ ဖြစ်တယ်။ ဒါတော့ ကံရဲ့ အကျိုးပဲ ဆိုတာမျိုး ပြောတယ်ဗျ။

တကယ်တော့ အဲဒီသူဟာ သူများ မျက်စိတွေ ဖောက်တဲ့သူပဲ။ သူများ မျက်စိတွေ ဖောက်တဲ့သူဟာ အကျိုးပေးတယ် ဆိုရင် သူများ မျက်စိတွေ ထပ်ဖောက်ချင်တယ်။ ထပ်ဖောက်ချင်တယ်။ ဒီလို အကျိုးပေးရမှာ။

ပဋ္ဌိစ္စသမုပ္ပာဒ်မှာ ပြောခဲ့သလို ခိုးတဲ့သူဟာ  ကံ လုပ်ပြီးတဲ့နောက် ခိုးရတာ သာယာတယ်။ သာယာတဲ့အခါ ထပ်ခိုးချင်တယ်၊ ထပ်ခိုးတော့ ခိုးလို့ အရှုံးခံရတာ သူ့ဆီ မရောက်ဘူး။ သူ ခိုးလိုက်တဲ့အတွက် အခိုးခံရသူသာ ပစ္စည်း ဆုံးရှုံးတာနော်။ ခိုးတဲ့သူမှာ ပစ္စည်း ဆုံးရှုံးတာ မဟုတ်ဘူး။ တူသော အကျိုးပေးတယ်။

သဒိသံပါကံ ဇနေတိ။ ကိုယ်လုပ်တဲ့ လုပ်ငန်းနဲ့ တူမျှသော အကျိုး ဝိပါက်ကို ဖြစ်စေ၏။- တဲ့၊ သူ လုပ်တာက ခိုးတာ လုပ်တာဗျလို့။ အခိုးခံရတာ လုပ်တာ မဟုတ်ဘူးလို့။ အဲဒီတော့ သူ အခိုးခံရတဲ့ အကျိုး ဘယ်လို ပေးမှာတုံးလို့။

## ကံ အကျိုးပေး နားလည်ဖို့ လို

တကယ်တော့ သူများ မျက်စိကို သူ ဖောက်တာဗျ။ သူ အဖောက်ခံရတာ မဟုတ်ဘူး။ သူ့ မျက်စိ ကန်းတာ ဘယ်ဖြစ်ပါ့မလဲဗျလို့။ သူခိုးကို သူများက နေပြီး ရိုက်တာ ပုတ်တာ ခံရတယ်ဆိုတာ ခိုးတဲ့ အကျိုး မဟုတ်ဘူးဗျလို့။ ခိုးတဲ့အခါမှာ ချွတ်ချော်တဲ့ သူ့အခိုး လျှော်လို့သာ ခံရတာဗျလို့ ပြောတယ်။ ကံ အကျိုးပေးဟာ သိပ်နားလည်ဖို့ ကောင်းတယ်။

ကံ အကျိုးပေးတယ် ဆိုတာ လုပ်တဲ့သူရဲ့ ခံရတဲ့ အကျိုးမျိုး သူ့ဆီ ဖြစ်တာ မဟုတ်ဘူးနော်။ ဒီ ကံမျိုးကို ထပ်လုပ်ချင်တာ။ အဲဒါ အကျိုးပေးတာနော်။ ဘာဖြစ်လို့ ထပ်လုပ်ချင်တာလဲဆို လူကို မသတ်ခင်တုန်းက ကြောက်တာနော်။ လူတစ်ယောက်လောက် သတ်လိုက်မိရင် နောက်လူတွေ လာခဲ့စမ်း။ ဘယ်လောက် သတ်ရမလဲ ဆိုပြီး ဖြစ်သွားတာ။ လက်ယဉ်သွားတာဗျ။ အဲဒါ အကျိုးပေးတာနော်။

ဒီ အကျိုးက တစ်လောကလုံး၊ ခုခေတ်စကားနဲ့ ပြောရင် တစ်ကမ္ဘာလုံး မသိဘူး။ ဒါ မသိတဲ့ အတွက် သိပ်ဆိုးတယ်။ ကိုးကွယ်မှု ပေါင်းစုံကို ကိုးကွယ်တာတွေဟာ ဒါ မသိတာက စတာ။ မူလ ပရိယာယ လို့တောင် ပြောချင်တယ်ပေါ့ဗျာ။

## ကိုယ့်ကိုကိုယ် ကိုယ် မသိ

ကျုပ်တို့ဟာ လောကကြီးကို စိတ်ဝင်စားတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကိုကိုယ် စိတ်ဝင်စားလို့။ ငါ ဘာဖြစ်နေတာတုံးလို့ ဘယ်သူမှ မသိဘူး။ ငါ ဘာလုပ်နေတာတုံးလို့လည်း မသိဘူး၊ ငါလုပ်တာ ဘာဖြစ်မှာလဲလို့လည်း မသိဘူး။ ငါ့ ဖြစ်နေတာ ဘာလုပ်ခဲ့လို့လဲ ဆိုတာလည်း မသိဘူး။

ပြောမယ်ဆိုရင် စိတ်အဝင်စားဆုံးက ကိုယ့်ကိုယ် ဖြစ်ပေမဲ့ ကိုယ့်ကိုကိုယ် ကိုယ် မသိဘူး။ အသိချင်ဆုံးကို မသိနေတဲ့ အချိန်မှာ နတ်ကတော် တစ်ယောက်က လာဟောကြည့်။ မင်းကို မင်းကြီးက ဘယ်လို၊ အရှင်ကြီးက ဘယ်လိုနဲ့ လာဟောကြည့်။ အဲဒီလူ နတ်ကတော် စကားကို ယုံသွားစေရဲ့။

နတ်ကတော် ဆိုတာကလည်း နည်းနည်းပါးပါး ထိရောက်အောင် ပြောတတ်တယ်။ ဆယ်လုံး ပြောရင် တစ်လုံး နှစ်လုံးကတော့ ထိရောက်အောင် ပြောတတ်တယ်။ ထိသွားရင် အဲဒီနတ်ကို သူ ပြောတဲ့အတိုင်း ကိုး,ရတာ၊ ပ,ရတာ လုပ်ရတော့မှာပဲနော်။

တကယ်လို့ ဗေဒင်ဆရာက ဟောကြည့်။ ထိသွားရင် အဲဒီ နက္ခတ်တာရာတွေနဲ့ သူ့ရဲ့ ယတြာတွေကို သူ လိုက်စေရဲ့။ ဓာတ်ဆရာတွေ ဘိုးတော်တွေကို ချဉ်းကပ်ကြည့်။ ကိုယ့်ကိုကိုယ် စိတ်အဝင်စားဆုံး ဆိုတော့ မင်း ဘာဖြစ်မယ်လို့ ပြောလိုက်လို့ ဖြစ်ပြီဆိုရင် ဒီ ဘိုးတော်ကို ဘယ် စွန့်လွှတ်နိုင်ပါ့မလဲ။

ခရစ်ယာန်တို့ မူဆလင်တို့လို ဖန်ဆင်းရှင် ထာဝရ ယုံကြည်တဲ့ သူတွေနဲ့ တွေ့ကြည့်။ အဲဒီ ဘုန်းကြီး ဆိုတဲ့ သူတွေက ဟောလိုက်တာကို သူ ကိုးကွယ်တော့မယ်ဗျ။

ကျုပ်တို့ ရိုးရာ ဗုဒ္ဓဘာသာလို ရှေးဘဝ နောက်ဘဝတွေနဲ့ ပြောတဲ့သူနဲ့ တွေ့တယ်ဆိုရင်လည်း မင်း ဘယ်ဘဝတုန်းက ကံတွေ ဆိုးလို့ မင်း အခု ဒီလို ဖြစ်နေတာ။ ဘယ်ဘဝတုန်းက ကံတွေ ကောင်းလို့ ဖြစ်နေတာနဲ့ ပြောလိုက်ရင် သူ အဲဒါလည်း ယုံမှာပဲ။

ထေရဝါဒ ဗုဒ္ဓဘာသာလို ကိုးကွယ်တာတွေ၊ ခရစ်ယာန် မူဆလင်လို ကိုးကွယ်တာတွေ၊ ဘိုးတော် ကိုးကွယ်တာတွေ၊ ဓာတ် ကိုးကွယ်တာတွေ၊ နတ် ကိုးကွယ်တာတွေ အကုန်အစုံ ဖြစ်နေတယ် ဆိုတာ ဘာမသိလို့လဲ မေးရင် တစ်ခုတည်း မသိလို့၊ ကိုယ်လုပ်တာဟာ ဘာဖြစ်တယ်လို့ မသိလို့ပဲနော်။

တကယ်တော့ ကိုယ် လုပ်တာဟာ ဘာဖြစ်သလဲဆိုရင် ကိုယ်လုပ်တာဟာ အဲဒီ လုပ်တာမျိုး ထပ်ပြီး လုပ်ချင်တာ ဖြစ်မယ်။ ကိုယ်ကနေပြီး ပေးတဲ့ အလေ့အထလေး လုပ်ကြည့်။ နောက် ပေးချင်မှာပဲ။

အိမ်ကို သီလရှင်တွေ ဆွမ်းဆန် ခံလာတယ်ဆိုရင် ဒကာမကြီးတို့ကလည်း ဆွမ်းဆန် လောင်းတယ်ဆိုရင် ဒကာမကြီးတို့ ကလေးတွေလည်း မလောင်းတတ်သေးရင်တောင် ကိုယ်က လောင်းတတ်အောင် သင်ပေးမယ်ဆိုရင် ဒီ ကလေးဟာ သီလရှင် လာရင်ပဲ လောင်းချင်တော့မှာနော်။ ကိုယ် လုပ်ဖူးတာကို လုပ်ချင်တာ ဒါ ဝိပါက် လိုက်တာ။

တကယ် သူ ဘာကုသိုလ်မှ မသိဘူး။ မသိတာတော့ ကလေးမှ မသိတာ မဟုတ်ဘူး။ အလှူကြီးတွေ ပေးနေကြတဲ့ လူကြီးတွေတောင် မသိဘူးဗျနော်။ သိန်းတစ်ရာကုန် အလှူပေးနေကြသူတွေတောင် ကုသိုလ်ကောင်းမှု မသိဘူး။ အလှူပေးတယ် ဆိုရင် အကျွေးအမွေးနဲ့ မဏ္ဍပ်ကနားကြီး ထိုးလို့၊ အတီးအမှုတ် အဖျော်အဖြေတွေနဲ့ ပေါ့ဗျာ။

ဘယ်ဟာက လှူတာလို့ သူတို့ မသိဘူး။ သူတို့ လှူတာအတွက်လည်း ဘယ်သူမှ ကျေးဇူး မတင်ဘူး။ သူတို့ လှူလို့ ငါ ရတာပဲကွာ၊ ငါ့ ချစ်လို့ လှူတာ ပေးတာမှ မဟုတ်ဘဲနဲ့၊ ဘယ်သူက လည်း ကျေးဇူးတင်မှာလဲနော်။

ဆိုလိုတာက ဒကာမကြီးတို့က အိမ်ကို ထမင်း ဖိတ်ကျွေးတယ်။ အသားဟင်း မပါရင် နေပါစေ။ အဲဒီ ကျွေးတဲ့ ကျေးဇူးဟာ ဟိုလူကလည်း သိနေလိမ့်မယ်။ ဒကာမကြီးတို့လည်း အကျိုးပေး

လိမ့်မယ်။ ဒကာမကြီးတို့ အလှူ လုပ်လို့ အသားတွေ၊ ငါးတွေ အစုံနဲ့ကျွေး၊ အဲဒီ လူတွေကတော့ ဒကာမကြီးတို့ကို ကျေးဇူး မသိဘူး။

ဘာဖြစ်လို့လဲ ဆိုရင် သူတို့ လှူတာမှ မဟုတ်ဘဲ။ ဒကာမကြီးတို့ လှူတာကို သူတို့က စားရတာပဲ ဖြစ်တာ ဆိုတော့ အဲဒီလိုမျိုး ကုသိုလ်ကောင်းမှုကို မသိဘူး။

## လုပ်စ ရှိရင် လုပ်ချင်တာ အစွဲပဲ

ကုသိုလ်ကောင်းမှု မသိပေမဲ့ လုပ်စ ရှိရင် လုပ်ချင်နေကြတာ ဆိုတော့ အဲဒါ အစွဲပဲလို့ ဒီလို ပြောရမှာပဲ။ မကောင်းမှု စွဲတဲ့ လူက မကောင်းမှု လုပ်နေတယ်။ အသောက် လေ့ကျင့်တဲ့သူက အသောက်စွဲတယ်။ အခိုး လေ့ကျင့်တဲ့သူက အခိုးစွဲတယ်။ အလိမ် လေ့ကျင့်တဲ့သူက အလိမ် စွဲတယ်။ အလှူ လေ့ကျင့်တဲ့သူက အလှူ စွဲတယ်။ တရားအားထုတ် လေ့ကျင့်တဲ့သူက တရားအားထုတ် စွဲတယ်။ အမှုမဲ့ အမှတ်မဲ့များ မထင်နဲ့။ ဘာဖြစ်ဖြစ် စွဲတယ်။ နံပါတ်ဖိုး ရှုတဲ့သူက နံပါတ်ဖိုး စွဲတယ်။ ဘာလုပ်လုပ် စွဲတယ်ဗျာ။ ကျုပ်က ဒီလို ပြောချင်တယ်။

ဘာလုပ်လုပ် စွဲတယ် ဆိုတော့ မစွဲအောင် ဘာလုပ်ရမှာတုံးဆိုရင် ဆင်ခြင်တုံနဲ့ လုပ်။ ကောင်းတာ လုပ်လည်း စွဲတယ်နော်။ ဘုရား ရှိခိုးတာလည်း စွဲတယ်။ ဘုရား မရှိခိုးပဲ အိပ်ကြည့်။ အိပ်လို့ မပျော်ဘူး။ ဘုရား ရှိခိုးနေကျ လူဟာနော်၊ ဘုရား သိလို့လား မေးရင်၊ ဘုရား ဘယ်သိလိမ့်မတုံး။ ဘုရား သိပြီဆိုရင် သူ အရိယာ ဖြစ်ပြီပေါ့။ ဘုရား မသိဘူးနော်၊ ဘုရား ရှိခိုးကြတာ ဘုရား မသိပေမဲ့ ဘုရား မရှိခိုးပဲ အိပ်ကြည့်၊ ဘုရား ရှိခိုးနေကျ လူဟာ အိပ်လို့ မပျော်ဘူး။

ကျုပ်တို့ ငယ်ငယ်က ဂါထာ ရွတ်တာ၊ မန္တန် ရွတ်တာပေါ့။ မန္တန် မရွတ်ဘဲ အိပ်လို့ကတော့ ဘယ်လောက် မင်းတုပ်ထိုး အိပ်နေနေ လုံတယ်လို့ကို မမှတ်ဘူး။ အဲဒီ မန္တန် ရွတ်ရမှ လုံတယ်လို့ မှတ်တာနော်။ စွဲတယ် ဘာဖြစ်ဖြစ် စွဲတယ်။ ဆင်ခြင်တုံနဲ့ လိုက်ရမယ်လို့ ဒါ ဆိုလိုတာပါပဲဗျာ။

ဆင်ခြင်တုံနဲ့ လိုက်ရင် ဒါ့ကြောင့် ဒါလုပ်တာ ဒါဖြစ်တာနဲ့ အစရှိသဖြင့် အဲဒီလို ဆင်ခြင်တုံက တစ်ခုတိုင်း လိုက်ရမယ်ဗျ။ အဲဒီလို တစ်ခုတိုင်း လိုက်ရင်တော့ အစွဲ မရှိဘူး။ မဟုတ်ရင်တော့ စွဲမှာပဲ။ ဒီလို ပြောချင်တယ်။

အဲဒီတော့ လုပ်စရာ ရှိတဲ့ လုပ်ငန်းကို လူတွေ စွဲတယ်။ ဘာဖြစ်လို့လဲ ဆိုရင် လူအလေ့ကိုက ဥပမာ - ခင်ဗျားတို့လည်း ငယ်ငယ်တုန်းက အမေက ဘုရား ရှိခိုးဆိုလို့ ရှိခိုးရမှာပါ။ ဘုရားလည်း ဘာမှန်း သိမှာ မဟုတ်ပါဘူး။ ရှိခိုး နေတာပဲ။

# ဘုရားကို သိအောင်လုပ်

နောင် ကြီးလာတော့ ကိုယ့်အောက်က လူကလေးတောင် ပေါ်လာတော့ သူတို့လည်း ဘုရား ရှိခိုးကို ခိုင်းရပြီ။ ခိုင်းရတော့ ကိုယ် ဘုရား ဘယ်လောက်သိလို့လဲ။ ဘုရား ပြောစမ်းပါ။ မင်း ဘယ်လို မြင်လို့လဲနဲ့ ဘယ် ပြောနိုင်ပါ့မလဲ။ တကယ်လည်း မသိဘူး။ အထင်သေးလို့ ပြောရတာ မဟုတ်ဘူးနော်။ အရိယာမှ မဖြစ်ဘဲ ဘုရား ဘယ်သိမလဲ။

ကျုပ်တို့ဆို ဘုန်းကြီးကျောင်းမှာ နေ၊ ဘုန်းကြီးကျောင်းမှာ ကြီးလာရတာ ဆိုတော့ အသက် အစိတ်လောက်အထိ ဘုရား မရှိခိုးရတာ မရှိဘူး။ အမြဲတမ်း ဘုရား ရှိခိုးနေရတာပဲ။ နောက်ကျတော့ ဘုရား ရှိမခိုးရတဲ့ နေရာ ရောက်တော့ ငါ ဘုရား ရှိခိုးနေတာ ဘယ်လောက် အသိတွေနဲ့ ရှိခိုးနေတာ တုံး ဆိုတာမျိုး ဖြစ်တယ်။ ဆင်ခြင်မိတာပေါ့။

ဩကာသကြီးကို ဆင်ခြင်တဲ့ အခါကျတော့ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး ဒီ အပါယ်လေးပါး ကလည်းကွာ ငါ လွတ်ချင်တယ် ဆိုတာနဲ့ လွတ်မှာလား။ ဒီတော့ ငါ တောင်းနေ တာ အလကားနေမှာပဲ။ ဒီ အပါယ်လေးပါးတွေ ဖြုတ်၊ ကပ်သုံးပါးတွေ ဖြုတ်တာနော်။

ဤသို့ ကန်တော့ရသော ကောင်းမှုကြောင့် နိဗ္ဗာန် မဂ်ဖိုလ် ရ-ရပါလို၏ ဘုရားနဲ့ နိဗ္ဗာန် မဂ် ဖိုလ် တောင်းနေလို့ ရမှာလား။ ဒီလိုဆို နိဗ္ဗာန် မဂ်ဖိုလ်လည်း ဖြုတ်ဟ။ ကန်တော့ပါ၏ ဘုရားလို့ ဆို လိုက်တယ်။

ငါ ဘုရား ပြစ်မှားနေလို့လား။ ဘုရားကို ငါ ကာယကံနဲ့လည်း မပြစ်မှားဘူး။ မနောကံနဲ့ လည်း မပြစ်မှားဘူး။ ပြစ်မှားခဲ့သည် ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ။ ငါမှ မပြစ်မှားဘဲနဲ့ ကန်တော့နေတယ် ဆိုတာ ငါ ဟန်လုပ်နေတာပဲ။ ငါ မကန်တော့ဘူး ဆိုတော့ ဟော ဩကာသကြီး တစ်ခုလုံး ပြုတ်သွားတယ်။ မရှိတော့ဘူး။

ဟာ ဒီလိုတော့ မကိုက်သေးပါဘူးနဲ့ တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ သိလာတော့ ဩော် ဘုရား ပြစ်မှားမှ ကန်တော့ရတာ မဟုတ်ဘူးဘဲ။ ငါ့ အပေါင်းတွေ အရောင်းတွေ အပေါ်မှာလည်း ငါ စိတ်မထင်ရင် မထင်သလို ပြစ်မှားမိတာ ဆိုတော့ ဒါတွေကလည်း ငါ့ အပြစ်တွေပဲ။

ဒီ အပြစ်တွေကို ငါ အလေးစားရဆုံး ဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာတွေကို ရှိခိုးပြီးတော့ နောက် မလုပ်တော့ဘူးလို့ ငါ ကန်တော့တာပဲ။ ဘုရား ပြစ်မှားလို့ ကန်တော့ရတာ မဟုတ်ဘူးဟာနဲ့ ပြန်တပ် ပြန်တပ်။ ဩကာသ ပြန်ဆို ရပြန်ပြီနော်။

ဒီကန်တော့တာက ဒီ ကာယကံ ကျင့်တယ်၊ ဝစီကံတွေ၊ မနောကံတွေ ကျင့်တယ် ဆိုတော့ ဒီ မဂ်ပေါ် ရောက်နေတယ်။ မဂ်တရား ဖိုလ်တရား၊ ဒီ မဂ်ဖိုလ် ကျင့်မှတော့ နိဗ္ဗာန်ကလည်း ရပြီပေါ့။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား ရ-ရပါလို၏ ဘုရား၊ ဒါပြန်ထည့်။ ကဲ ဒီလိုဆိုရင် အပါယ် လေးပါး၊ ကပ်သုံးပါးက ရော။ ဒါ နိဗ္ဗာန်ရဲ့ နာမည်ပဲ။

နိဗ္ဗာန် ဆိုတာ အပါယ်လေးပါးက လွတ်တာ၊ ကပ်သုံးပါးက လွတ်တာ၊ ရပ်ပြစ်ရှစ်ပါးက လွတ်တာ၊ ရန်သူမျိုးငါးပါးက လွတ်တာ တကယ်ကောင်းတဲ့ ဟာလေးတွေပဲ။ ဒါလေးတွေ ပြန်ထည့် အကုန် ပြန်ရောက်သွားတာပဲ။ အဲဒီလို ဖြစ်တာ။

ဘုရားလည်း ကျုပ်က ရှိခိုးတော့ ရှိခိုးတာပေါ့ဗျာ။ ရွှေတိဂုံ ရောက်လည်း ရွှေတိဂုံ ရှိခိုးတာပေါ့။ ရှိခိုးပေမဲ့ ဘာမှ မရွတ်တတ်တဲ့ အဖြစ် ရောက်တာ။ ဒါနဲ့ လူတွေက ပြောကြတယ်။ ဘုန်းကြီး ဘုရားရှိခိုး မခိုးဘူး ဆိုတယ်။ အေး ဘုရားနဲ့တော့ တွတ်တီးတွတ်တာ ငါစကား မပြောဘူးကွာလို့ ကျုပ်က ဒီလို ပြောတယ်။

ဘုန်းကြီး ဒို့ပြင် လူတွေကတော့ ဘုရားနဲ့ တွက်တီးတွတ်တာ စကား ပြောလို့လားတဲ့။ ဟာ ပြောတာပေါ့။ ဟင် ဘယ်လို ပြောတုံးနဲ့။ မင်း ကလေးတွေ ဈေးရောင်းကြတယ်ကွာ။ အိုးခြမ်းကွဲတွေနဲ့ သစ်ပွင့်လေးတွေနဲ့ သစ်ရွက်လေးတွေနဲ့ လှီးဖြတ်ပြီးတော့ သူတို့ ရောင်းနေလိုက်ကြတာလို့။ ဘာမှ ဈေးဝယ်လည်း မရှိဘူး။ ဘာမှလဲ မရှိဘူး။ အဖိုးတန်တဲ့ ပစ္စည်းလည်း မပါ ဘူး။ တကယ့် ဈေးထဲက ဈေးသည်တွေ ရောင်းနေတဲ့ စကား အပြည့်ပြောပြီး ရောင်းနေကြတာ၊ တွတ်တီးတွတ်တာ ပြောနေကြတာကွ ဒီ ကလေးတွေ။

အခုလည်း တို့ ဘုရားရှေ့ သွားပြီး သကာလ ဘာဘာညာညာနဲ့ ပြောနေတာ။ မသိဘဲနဲ့ ပြောနေတာကွ။ မသိဘဲနဲ့ ပြောနေတဲ့ လူ့ရဲ့ စကားဟာ တွတ်တီးတွတ်တာ ခေါ်တယ်ကွ။ ဒီတော့ ငါ ဘုရားကို တွတ်တီးတွတ်တာ မပြောဘူးကွာ။ ဒါပေမဲ့ ငါ ဘုရားကို ရှိမခိုးဘဲတော့ ဘယ်နေလို့ ဖြစ်ပါ့မတုံးကွာ။ ဒါ ငါတို့ ဆရာကွ။ ထိပ်တန်းဆရာကို တို့ အလေးမပြုရင် ဘယ်သူ့ ပြုမတုံးကွ။ ရှိခိုးပါတယ်နဲ့ ကျုပ်က ဒီလို ပြောရတယ်။

ဆိုလိုတာက ဘုရား မသိဘူး။ ကျုပ် ဘုရား မသိဘူး ဆိုတဲ့အကြောင်း ဘယ်တော့ သိပြီလဲ ဆိုတော့ အသက် (၃၀) ရောက်တဲ့အချိန်မှာ ဒီတရား မဟုတ်ခင်က တရားကို ကိုယ် တရားရပြီလို့ ထင်တော့ ငါရိပ်သာတွေ သွားကြည့်ဦးမှပဲ။ သူတို့လည်း တရားရမှာပဲ။ ငါတောင် တရားရသေးတာ။ ငါ ဘာမှ အားထုတ်တာ မဟုတ်ဘဲနဲ့ ရတဲ့ တရားချင်း တူလား မတူလား ကြည့်ဦးမယ်နဲ့ လျှောက်သွားကြည့်တာ။ ရန်ကုန်တွေ ဘယ်တွေလည်း ရောက်ပေါ့ဗျာ။

တရားထိပ်ခေါင် ဆိုရင် အကုန်လျှောက်ရောက်တာ။ ကြောင်ပန်းတွေရော၊ ကျောက်သဘော်တွေပါ အကုန်ရောက်တော့ သူ့ တရားတွေကလည်း ကိုယ့်တရားနဲ့ မတူဘူး။ သူများ တရားတွေကလည်း မတူဘူး။ ဘယ်လိုတုံးဟ။ တရားဆိုရင် အတူတူ ဖြစ်ရမှာ။ တရား မဟုတ်ဘူး ဆိုရင် သူတို့ ရတာ ဘာလဲ။ မင်း ရတာ ဘာလဲ။ ဒါလည်း ကိုယ်ရတာ ဘာတုံးလို့ လေ့လာရင်းကနေ ကိုယ်ရတာ အရူပ ဖြစ်နေတယ် ဆိုတာ သိတာပေါ့ဗျာ။

ဒီလိုဆိုရင် လောကုတ္တရာတရား ဆိုတဲ့ဟာက ဘယ်ဟာတုံးဟ၊ မြန်မာပြည် ရိပ်သာတွေလည်း အကုန် စုံခဲ့ပြီ။ ဒီရိပ်သာတွေ ဆိုတာ ပဋိပတ်ကျောင်းတွေရဲ့ အထွတ်အထိပ်။ အဲဒီတော့ ဒီ

ရိပ်သာတွေနဲ့ ပဋိပတ်တွေမှာ ဘုရားတရားက မရှိနေတော့ ဒီလိုဆိုရင် ဘုရားစာကိုပဲ ပြန်ဖတ်။ ဘုရားဆီကို ရောက်အောင်သွား။

ဘုရားက ဘာပြောတယ် ဆိုတာ ကြားအောင် နားထောင် ဆိုပြီး ဘုရားဆီ သွားတဲ့အခါကျတော့ ဘုရားက သတ္တဝါ သေပြီး ဖြစ်တယ် မယူဘူး။ မဖြစ်ဘူး၊ မယူဘူးနဲ့ ပြောတော့ တို့ကတော့ ယူတယ်ဟ။ တို့က ဘုရားတပည့် မဟုတ်လို့လားပေါ့။ တို့က ဘုရားတပည့် ဖြစ်ရဲ့သားနဲ့ တို့ဆရာ ဖြစ်တဲ့ ဘုရားက ဖြစ်တာတွေ၊ မဖြစ်တာတွေ မယူဘူးလို့ ဆိုပြီး တို့က ယူတယ် ဆိုတော့ တို့ ဘာလို့ လွန်နေရတာလဲ။ သူ မယူ တို့လည်း မယူမှပဲပေါ့။

သေပြီးနောက် ဖြစ်တယ် ဆိုတာ မယူတော့ဘူး။ သေပြီးနောက် မဖြစ်ဘူး ဆိုတာ မယူတော့ဘူးဆို၊ နှစ်ခု ပြိုင်လျက်ကတော့ မယူလို့ မရဘူးဗျ။ ဖြစ်တာ မဟုတ်ရင် မဖြစ်တာ ဟုတ်တယ်။ မဖြစ်တာ မဟုတ်ရင် ဖြစ်တာ ဟုတ်မှာပဲနဲ့၊ အတော် ခွကျတယ်ဗျ။ မယူတတ်တော့ဘူး။ ငါ့တို့ ဘုရား ဘယ်လိုများ ယူပါလိမ့်နဲ့ ဘုရား မသိတော့ဘူး။

ကျုပ်က ငယ်ငယ်ကတည်းက နည်းနည်း အကဲက ခပ်ပါပါဗျ။ ကျုပ် ကိုယ်ကို ဘုရား ပေးထားတယ်လို့။ ဒီ ဘဝကတော့ ဘုရားကို ပေးထားတာဆိုတော့ ငါ့ကိုယ်ကို ဘုရား ပေးထားတယ် ဆိုပြီးတော့ ဘုရား ဘာလို့ မသိဘူး။ ဟာ ငါ  အရှုံးလား။ မသိတဲ့သူကို ငါ့ ကိုယ်ကို ပေးထားတယ် ဆိုတာလို့။

ပြောမယ်ဆိုရင် ယောကျ်ားတစ်ယောက်က မိန်းမကို ပေးထားတယ် ဆိုတာ တော်သေးတယ်လို့။ အဲဒီ မိန်းမကို သူ သိတယ်။ ငါ  ဘုရား ပေးထားတယ်ဆိုပြီး ဘုရား မသိ ဆိုတော့ ငါ  အရှုံးပဲလို့ ဆိုပြီး ဘုရားရှာပုံတော် ဖွင့်ရတာ။ ဘုရားရှာပုံတော် ဖွင့်မှ သစ္စာကို ကျုပ်က သိသွားတော့၊ ဘုရားက သစ္စာသိသူ ဆိုတော့ ဘုရားကိုလည်း ကျုပ် သိသွားတယ်။ ဘုရားဆိုတာ ရှေးဘဝ နောက်ဘဝတွေ ဘယ်လို နောကျေနေအောင် ပြောနေတဲ့သူ မဟုတ်ဘူး။

ဘုရားဆိုတာ ဟောဒီ လူကိုတောင် မပြောဘူး။ ဒီ လူပေါ်မှာ ဖြစ်ထွန်းနေတဲ့ ဒုက္ခ၊ ဒုက္ခ ဖြစ်ကြောင်း၊ ဒုက္ခ ငြိမ်းရာ၊ ဒုက္ခ ငြိမ်းကြောင်း ဆိုတဲ့ သစ္စာလေးချက် ပြောတာ။ ဆေးဆရာ ဆေးကုသလိုပဲ။ လူ ကုတာ မဟုတ်ဘူး။ လူပေါ်မှာ ဖြစ်နေတဲ့ ရောဂါကို ကုတာ မဟုတ်လား။

ဒီရောဂါက လူ မဟုတ်ဘူး။ သူ့ အကြောင်းနဲ့သူ အအေးတွေ အများကြီး မှီဝဲမိသလား။ အဲဒီ အအေးကြောင့် ရောဂါရတာ။ အပူတွေ အများကြီး မှီဝဲမိသလား။ အဲဒီ အပူကြောင့် ရောဂါရတာ။ ဒီ ရောဂါ အအေးတို့ အပူတို့ဟာ လူ မဟုတ်ဘူး။ ဆေးနဲ့ ပယ်ဖျက်လိုက်တဲ့အခါ ရောဂါ ပျောက်သွားတယ်။

ဒီရောဂါ ဖြစ်ကြောင်းရယ်၊ ရောဂါရယ်၊ ရောဂါ ငြိမ်းရာရယ်၊ ရောဂါ ငြိမ်းကြောင်းရယ် ဒီ အချက် လေးချက် ပြောတာ။ လူကိုတောင် ဘုရားက ဘာမှ မပြောဘူး။ လူကိုတောင် မပြောဘဲနဲ့

ကျုပ်တို့က လူကို သိပ်ဖတ်တယ်။ ဘုရားက အခု လူတောင် စကား မပြောတာ။ တို့ သေပြီးနောက် စကား မပြောဘူး။ ဘုရားက သေပြီးနောက် ဖြစ်တယ် မဖြစ်ဘူး ဘာမှ မပြောပါဘူး။ အဲဒီလိုနဲ့ ကျုပ်တို့က ဘုရား သိသွားရတာ။

ကျုပ်တို့က အဲဒီလောက် သစ္စာသိမှ ဘုရားသိရတာ ဆိုတော့ ဒကာမကြီးတို့ သစ္စာ မသိသေးရင် ဘုရား မသိဘူး။ ဒကာမကြီးတို့ အမေတို့ အဖေတို့ ဘုရားရှိခိုးနေပေမဲ့ ဘုရား မသိဘူးလို့ ပြောဝံ့သွားပြီ။ ဒီလို မနေကြပါနဲ့၊ ဘုရား သိအောင် လုပ်ကြပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ရဲ့ အလေးနက်ဆုံး ခေါင်းပေးထားရတဲ့ ပုဂ္ဂိုလ် မဟုတ်လား။

## တစ်ခုတိုင်းကို ဆင်ခြင်ပါ

ကိုယ့် ခေါင်းကြီးတစ်ခုလုံး ပေးထားရတဲ့ ပုဂ္ဂိုလ်ဆိုတော့ သိပ်လေးနက်တဲ့ ပုဂ္ဂိုလ်။ သိအောင်လုပ်ရမယ်။ ဘုရား မသိဘဲနဲ့ ဘာဖြစ်လို့ ရှိခိုးသလဲ ဆိုတော့ ရှိခိုးစ ရှိလို့၊ လုပ်စ ရှိလို့။ ဒီတော့ ပြန်ဆင်ခြင်တုံနဲ့ ဆင်ခြင်ပါ။

လူဟာ လုပ်စ ရှိတာ လုပ်ချင်တာ။ လူ လုပ်တယ်ဆိုတာ အမှုမဲ့ အမှတ်မဲ့ လုပ်နေတာ မဟုတ်ဘူး။ ကြိုးဆွဲရုပ်က ကြိုးဆွဲသလို လှုပ်နေတဲ့အတိုင်း ကျုပ်တို့ကလည်း အဲဒီ အသိတွေပေါ့။ ငယ်ငယ်တုန်းက ကိုယ့်အမေ ရင်ခွင်ထဲမှာ နေတယ်။ ကိုယ့်အမေ တိုက်ကျွေးတဲ့ နို့ချိုကို သောက်ရင်းနဲ့ ကိုယ့်အမေကို စွဲသွားတယ်။

ဒါ တို့အမေပေါ့နဲ့ အမေတော့ ဘာမှန်း မသိဘူး။ အမေ့ရဲ့ ဂုဏ်ရည်လည်း မသိဘူး။ အမေရဲ့ သိက္ခာလည်း မသိဘူး။ အမေ့ရဲ့ ကိုယ့်အပေါ်မှာ တာဝန် ဝတ္တရားတွေနဲ့အညီ စောင့်ရှောက်နေတာလည်း မသိဘူး။ သိတာက အမေ အကောင်ကြီး အနေနဲ့ သိတာ။ အကောင်ကြီးက အမေမှ မဟုတ်တာ။

အကောင်ကြီးက သေသွားပြီဆိုတဲ့ အခါကျတော့ ကျုပ်တို့ ပစ်လိုက်ရတာ ဘာတတ်နိုင်လို့လဲ အဲဒီလို ပြောရမှာ။ ဆိုလိုတာကတော့ ကျုပ်တို့ ငယ်ငယ်တုန်းက အမေ ဆိုလိုက်တဲ့ဟာလေးနဲ့ အမေဖြစ်တာ။ အဖေလို့ ဆိုလိုက်တဲ့ဟာလေးနဲ့ အဖေ ဖြစ်နေတာ။ ငယ်ငယ်က လုပ်ခဲ့ဖူးတာကို အကုန်လျှောက်စွဲနေတာပါ။ ဒါတွေကို အကုန် ပြန်ဖော်ရမယ်ဗျ။

ကိုယ့် အသိလေးနဲ့ ကိုယ်၊ ကိုယ့် အကျင့်ဝတ်လေးနဲ့ကိုယ် တည်ဆောက်လိုက်လို့ ပြီးသွားပြီဆိုရင်တော့ လုပ်စ ရှိလို့ လုပ်တာမျိုး မဟုတ်ဘဲနဲ့ လုပ်သင့်လို့ လုပ်တာ။ ထမင်း စားတယ်၊ ဘာဖြစ်လို့ ထမင်းစားလဲ။ ထမင်း မစားရင် အဟာရ ပြတ်မှာပေါ့။ လူ ကျန်းမာရေးအတွက် စားတယ်။ ထမင်းစားတာ ကောင်းလို့၊ ပျော်လို့ စားတာ မဟုတ်ဘူး။ ဒါလေးကို ကျုပ်တို့ သင်လည်း သင်တယ်ဗျ။

သာသနာတော် ဝင်ကြတဲ့ ကိုရင်တို့ ဦးပဥ္စင်းတို့တွေ ဆိုရင် ထမင်း စားနည်းလေး၊ အဝတ် ဝတ်နည်းလေး ပေါ့ဗျာ။ သာသနာ့ အပြင်ကို တစ်စက်မှ ပါမသွားဘူး။ သာသနာ အတွင်းထဲကို တောင် ကောင်းကောင်း မရောက်ဘူးလို့ ပြောကြပါစို့ဗျာ။ ဒီ သင်ကြားချက်ဟာ တကယ်တော့ ဒီ အချက် လေးချက်ကို ဂရုတစိုက် လိုက်လုပ်ရင် လူ တော်တော်များများ ပြီးသွားမယ်။

အခုတော့ မဟုတ်ဘူးဗျာ။ ထမင်းစားတယ်။ ကောင်းတယ် ဆိုရင် စားတယ်။ မကောင်းတာ မစားဘူးကွာနဲ့ ဒီလိုမျိုး ဖြစ်နေတယ်။ အစွဲနဲ့ပဲ စားကြတယ်။ အစွဲနဲ့ပဲ ဝတ်ကြတယ်။ အစွဲနဲ့ပဲ သုံးကြ စွဲကြ နေကြထိုင်ကြ လုပ်ကြကိုင်ကြ ဖြစ်တယ်ပေါ့ဗျာ။ ဒီအစွဲတွေဟာ မဆင်ခြင်လို့ ဖြစ်တာ။ တစ်ခု တိုင်းကို ဆင်ခြင်ပါ။

ဘယ်လောက် အသုံးတည့်သလဲ။ ဒါ မလုပ်ရင် မဖြစ်ဘူးလား။ ကျုပ်တို့ ကွမ်းတွေ စားနေ တယ်။ ကွမ်းမစားရင် မဖြစ်ဘူးလား။ ကွမ်းမစားလည်း ဒီအတိုင်း ဖြစ်တယ်ဆိုရင် ကွမ်းမစားနဲ့လေ။ ဆေးလိပ်တွေ သောက်နေတယ်။ ဆေးလိပ် မသောက်ရင် မဖြစ်ဘူးလား။ ဆေးလိပ် မသောက်လည်း ဒီအတိုင်း ဖြစ်တယ်ဆိုရင် ဆေးလိပ် မသောက်နဲ့လေ။

ထမင်း မစားရင် မဖြစ်ဘူးလား၊ မဖြစ်ဘူး။ ဒါဆိုရင် ထမင်းစား။ အဝတ် မဝတ်ရင် မဖြစ်ဘူး လား၊ မဖြစ်ဘူး။ ဒါဆိုရင် အဝတ် ဝတ်။ အဲဒီလိုမျိုး မလုပ်မဖြစ်တဲ့ လုပ်ငန်းလေးကို မြင်အောင် ကြည့်ပါ။ ကိုယ် လုပ်နေတာ မလွဲမသွေ လုပ်နေရတာဆို၊ မလုပ်မဖြစ် လုပ်နေရတာ ဟုတ်ရဲ့လားလို့ အပီ မြင်အောင် ကြည့်ပါ။ ခက်လည်း မခက်ဘူး။ လူ့ဘဝနဲ့လည်း အတော်ဆီလျော်တယ် ပြောရမယ်။

မလုပ်မဖြစ် လုပ်ရမယ့် အလုပ်ဆိုရင် စိတ်ချ လက်ချသာ လုပ်။ မလုပ် မဖြစ်တာတော့ မဟုတ် ဘူး။ မလုပ်လည်း ဖြစ်တယ်။ ငါ မလုပ်ပဲ မနေနိုင်လို့ လုပ်တာ၊ လုပ်ချင်လို့ကို လုပ်တာ ဆိုရင်တော့ ဒါ အစွဲနဲ့ လုပ်တာ။ ဒီ အစွဲကိုတော့ ကျုပ်တို့က ဖြုတ်ပစ်ရမှာ၊ ကျုပ်တို့ထဲမှာ အလကား အမှိုက်ရှုပ် တာ။ အဲဒီလိုမျိုးကို ဒါ ပဋိစ္စသမုပ္ပာဒ် စက်က ကျုပ်တို့ ဘုရားဟောခဲ့တာ။

အစွဲနဲ့ လုပ်တယ်ဆိုတာ လုပ်စ ရှိလို့ လူတွေက စွဲနေတာပါ။ ဘယ် အမူအကျင့်မျိုးမဆို လူဟာ စွဲပါတယ်။ အစွဲနဲ့ ကင်းတဲ့ လူရယ်လို့လည်း မွေးကတည်းက ဘယ်သူမှ မရှိနိုင်ပါဘူး။ ကိုယ့် အမေ လက်ပေါ်ကနေ သူများ လက်ပေါ်ကို အချီအပိုး ခံရတော့မယ် ဆိုရင်တောင် ငိုတော့တာ မဟုတလား။ ကလေးဆိုတာ ကိုယ့်အမေ လက်ပေါ်မှာပဲ နေချင်တာပဲ။ ဒါ စွဲတာပေါ့။

ပြောမယ်ဆိုရင် လူတိုင်း စွဲပါတယ်။ မသိရာက လာခဲ့တာကိုး။ အမေ့နို့ စို့နေရာက သူများနို့ မစို့ချင်ဘူး။ နို့သီးခေါင်း တိုက်တယ်ဆိုရင် ပိုပြီး မစို့ချင်ဘူး။ ဒါ ဘာဖြစ်လို့လဲ ဆိုတော့ ခံစားရတာ ကိုး။ ဒီခံစားရတာကို သူ သိတော့ အရသာ ရှိတာကို ပိုပြီးတော့ လိုလားတယ် ဆိုတာမျိုး ဖြစ်တာ ကိုး။ ခံစားချက်ကနေပြီးတော့၊ ခံစားချက်ကလည်း အဟုတ် ဟုတ်တဲ့ဟာမှ ခံစားချက် ပေါ်တာ မဟုတ်ဘူး။ အဟုတ် မဟုတ်တာတွေကလည်း ခံစားချက် ပေါ်တာပဲဗျ။ ခံစားချက်ကို လိုက်ပြီးတော့ အစွဲ စွဲပါတယ်။

အစွဲ ပယ်ချင်တာ ဆိုရင် ခံစားချက် ပေးတဲ့ အရာတိုင်းကို ဒါ ဘယ်လောက် လုပ်သင့်တဲ့ အရာလဲ။ သူ ခံစားချက်ပဲ ပေးတာလား။ ဘယ်လောက် လူမှာ သယ်ပိုးတဲ့ အကျိုးကို ဘယ်လောက် သယ်ပိုးသလဲ။ ဒါလေးကို စောကြောပါလို့။ အဲသည်လို စောကြောရင် ကိုယ့် အမူအကျင့်တွေထဲက အစွဲတွေကို ကိုယ် သိမှာပါ။

သိတယ်ဆိုရင် ဒါတော့ဖြင့် အဟုတ် မဟုတ်ဘူး ဆိုရင် တတ်နိုင်သမျှ ကိုယ့်ကိုကိုယ် ချော့မော့ ပြီး သကာလ ဖြုတ်ကြရမှာပဲ။ ဒါလေးတော့ မလုပ်မိအောင်ဟဲ့ ဆိုပြီးတော့၊ အဲဒီလို ဖြုတ်နိုင်ပါစေလို့ ပြောရမယ်။ ဖြုတ်နိုင်ပြီးသွားလို့ ကိုယ့်ကိုကိုယ် အခန်းကဏ္ဍ ပွင့်နေသေးတုန်း၊ ကိုယ့်ဘာသာကိုယ် အလုပ်တွေ လုပ်ကိုင်နေတယ် ဆိုတော့ ကိုယ့်အခန်းကဏ္ဍ ပွင့်နေတယ် ဆိုရမယ်။

အလုပ် မလုပ်တော့ဘူး၊ အငြိမ်းစားလည်း ယူသွားပြီဆိုရင် ကိုယ့်အခန်းကဏ္ဍ မရှိတော့ဘူး။ သားတို့ သမီးတို့ ဆိုတာတွေကို ကိုယ်က ထပ်ပြီး မှီခိုသူဆိုရင် အဲဒီကျမှ သွားမပြင်နဲ့။ ကိုယ့်အခန်း ကဏ္ဍမှ မရှိဘဲနဲ့ ကိုယ်က ပြင်လို့ မရတော့ဘူး။ ကိုယ့်အခန်းကဏ္ဍ ရှိနေတုန်းကတည်းက ကိုယ် ပြင် ပါ ။ အကုန်လုံး ပြင်နိုင်သွားပြီ ဆိုရင် တကယ့်ကို ချမ်းမြေ့တာ တွေ့ရမယ်။ ချမ်းမြေ့တာ တွေ့ရတယ် ဆိုတာ ခံစားချက်တွေ ကောင်းနေတာ တွေ့ရမှာ မဟုတ်ဘူး။

ခံစားချက်ကတော့ ကောင်းချင် ကောင်းမယ်။ တကယ်လို့ ငရုတ်သီး မကြိုက်ဘူး၊ ပါးစပ်ထဲ မှာ ငရုတ်သီး သွားဝါးမိတယ် ဆိုရင် တော်တော်ဆိုးဆိုး ခံစားရမှာပဲ။ ခံစားချက်ကတော့ ခင်ဗျား ကောင်းပြီး သကာလ အစွဲကျွတ်ပြီး တရားနဲ့ ကျင့်နေတယ် ဆိုပေမဲ့ ခင်ဗျား ခံစားချက်ကတော့ ပေါ် မှာပဲ။ ခံစားချက် ပေါ်ပေမဲ့ တကယ် ဒုက္ခ မပေးပါဘူး။

ခလုတ်တိုက်တယ် ဆိုရင် ခင်ဗျား ခြေထောက် ပဲ့မှာပေါ့။ ပဲ့တယ်ဆိုရင်လည်း နာမှာပေါ့။ ဒါ ခံစားချက် ဆိုးတာ။ ဒီ ခံစားချက် ဆိုးတာကတော့ ဆေးလေးဝါးလေး ထည့်လိုက်လို့ ပျောက်သွားရင် ပြီးတာပဲ မဟုတ်လား။ အစွဲကြောင့် ဖြစ်တဲ့ ခံစားချက်မျိုးတော့ မဟုတ်ဘူးပေါ့ဗျာ။

ကျန်တဲ့ ဥတုကြောင့် ဖြစ်တဲ့ ခံစားချက်၊ အဟာရကြောင့် ဖြစ်တဲ့ ခံစားချက်၊ စိတ်ကြောင့် ဖြစ်တဲ့ ခံစားချက်၊ ဒီ ခံစားချက် ဆိုးတာကတော့ လာချင် လာလိမ့်မယ်။ လာပေမဲ့ ကံကြောင့် ဖြစ်တဲ့ ခံစားချက်ကတော့ ခင်ဗျားဆီမှာ မဖြစ်ဘူး။ ကံကြောင့် ဖြစ်တဲ့ ဘဝဆိုး ဆိုတာလည်း မဖြစ်နိုင်ဘူး။ မဖြစ်တဲ့အတွက် ခင်ဗျားတို့ ငြိမ်းချမ်းကြမှာပါလို့။

အဲဒီလို ငြိမ်းချမ်းတာကလည်း မပြောနိုင် မပြနိုင်၊ အ,အ အိပ်မက် မက်နေသလိုမျိုး မဟုတ်ပါဘူး။ ငါ ဘယ်လိုကောင်းတာ၊ ငါ ဘယ်လို တိုးတက် ဖြစ်ထွန်းနေတယ် ဆိုတာ ပြောနိုင် ပြနိုင် တကယ် သိသိထင်ထင် ကံငြိမ်းသွားတာရဲ့ အကျိုးလည်း ရှိမှာပါလို့ ပြောရမှာပဲ။

ကိုယ် လုပ်ဖူးတာကို ကိုယ်ပြန်စွဲနေတဲ့ အစွဲကို အစွဲလို့ ပြောတာပါ။ ဒီ အစွဲကိုသာ ချွတ်နိုင်ပြီ ဆိုရင် တကယ် ငြိမ်းချမ်းကြမှာပါ။ ကိုယ့်ရဲ့ သိပ်ပြီး အိုတာ၊ နာတာ မရောက်ခင်အတွင်း ကိုယ့်ဘဝ

ကျဆုံးခန်း မရောက်ခင်မှာ အစွဲတွေ ချွတ်ပြီး ကိုယ့်ဘဝမှာ ငါဖြင့် ပီပီပြင်ပြင် လူတလုံး သူတလုံး ဖြစ်ပြီ ဆိုရတဲ့ အဖြစ်မျိုး ရောက်အောင် အားထုတ်နိုင်ကြပါစေလို့ ဆိုတာပဲ ကျုပ် ပြောဆိုနိုင်တာပဲ နော်။

*ဒေါက်တာ ဦးကံညွန့်။ ။ နောက်ဖြစ်တယ် မဖြစ်ဘူးဆိုတဲ့ အချိန် ပိုင်းခြားချက်က ကန့်သတ်ပြီး ဒီဘဝပဲ ထားပါတော့ နောက်ဘဝတွေက မသေချာဘူးဆိုရင် ဒီ ဘဝမှာပဲ လုပ်ရင် သိပြီး ကုန်ဆုံးသွားတဲ့ သဘောတရားနဲ့ မသိဘဲနဲ့ ကုန်ဆုံးသွားတဲ့ သဘောတရား၊ ပုဂ္ဂိုလ်နှစ်ဦးရဲ့ ခြားနားချက်က ဘာလဲ ဆိုတာ သိချင်ပါတယ်။*

မသိတဲ့ သူကတော့ ကုန်ဆုံးတယ်လို့ ပြောလို့မရဘူး။ ကုန်ဆုံးပြီးသား လူတစ်ယောက်ဟာ မသိဦးလည်း ကုန်ဆုံးတဲ့အလျောက် ချမ်းသာနေမှာပါ။ ကုန်ဆုံးသွားတာ သိလည်း သိတဲ့အလျောက် ချမ်းသာနေမှာပါ။ မဆင်ခြင်ရင်တော့ သိမှာ မဟုတ်ဘူး။ ဆင်ခြင်လိုက်တဲ့ အချိန်မှာ ကုန်ဆုံးတာကို သိနေမှာပါ။

မဆင်ခြင်လို့ မသိဘူး ဆိုရင်လည်း သူ ကုန်ဆုံးတာကတော့ ပျောက်မသွားပါဘူး။ ဒီ အစွဲ ကုန်ဆုံးသွားတာကတော့ သူ့မှာ ဒီ အစွဲ မရှိတဲ့ အကျိုးတရားကတော့ ဖြစ်ထွန်းနေမှာပါပဲ။ ကောင်းမွန်နေမှာပါပဲလို့ ဒီလို ဆိုလိုတာပါပဲဗျာ။

*ဒေါက်တာ ဦးကံညွန့်။ ။ သေသွားပြီ အဲဒီ ပုဂ္ဂိုလ် ဒီဘဝမှာ ပြတ်သွားပြီဆိုရင် သူတို့ နှစ်ဦးရဲ့ ခြားနားချက်က ဘာပါလဲ။*

ခြားနားချက်ကတော့ မသိတဲ့သူ သေတာနဲ့ သိတဲ့သူ သေတာ ဒါကတော့ ဘာမှ အထူးပြောလို့ မရဘူးလေဗျာ။ ဘာနဲ့ ပြောရမလဲဆိုရင် လူတစ်ယောက်ကို ဆေးကုလိုက်တယ်။ ရောဂါ တစ်ခုတည်းပဲ ထားလိုက်ပါတော့။ လူတစ်ယောက်ကတော့ ဆေးမှီတာတို့ ဆေးဦးတာတို့ကြောင့် ပျောက်သွားတယ်။

နောက် လူတစ်ယောက်ကတော့ ဆေးမမှီတာတို့ ဆေးမဦးတာတို့ ဘာတို့နဲ့ ဒီရောဂါပဲ ဒီဆေးနဲ့ ကုလိုက်တာ မပျောက်ဘဲ သူ သေသွားတယ် ဆိုပါတော့။ ပျောက်တဲ့သူက သေပြီးနောက် ရောဂါ မဖြစ်ပဲ ဆက်ပြီးတော့ ပျောက်နေတာလည်း မပြောရဘူး။ မပျောက်တဲ့သူ သေသွားလည်း မပျောက်တဲ့အတွက် ဒီရောဂါကြီးက သူ နောင်ဘဝအထိ ဆက်လိုက်မယ် ဆိုတာမျိုးလည်း စိတ်ကူးထဲတောင် မကူးပါဘူးနော်။

ဒီလူတော့ ငါ  ရောဂါ ကုလိုက်တာ မပျောက်ဘူးဟေ့။ နောင်ဘဝအထိ ဒီရောဂါကြီးက ဆက်ပြီး သွားဦးမှာပဲလို့ မကူးဘူးနော်။ အဲဒီလိုမျိုးပဲ ထင်ပါတယ်။ ဒီလို ပြောရမှာပါပဲ။

*ဒေါက်တာ ဦးကံညွန့်။ ။ သေတာချင်းကတော့ အတူတူပါပဲ။ ဝဋ် တန်းလန်းနဲ့ သေတာက တစ်မျိုး၊ ဝဋ် ကျွတ်ပြီး သေတာက တစ်မျိုးပေါ့။*

ဝဋ္ဋ တန်းလန်းနဲ့သေတော့ မသေခင်အတွင်းမှာ သူဖြင့် အဲဒီ ဝဋ္ဋတွေ လည်နေတာ ဖြစ်မှာပေါ့။ ဝဋ္ဋ ကျွတ်ပြီး သေတော့ မသေခင်အတွင်းမှာကတည်းက သူ ဝဋ္ဋ ကျွတ်နေတာ ဖြစ်မှာပေါ့။

အခု ပြောနေတာတွေထဲက နဂို သိနေတဲ့ အသိတွေထဲက ဘာများ ကန့်ကွက်စရာ၊ ကန့်ကွက်နေတာ ရှိနေသလဲ။

## ပေါင်းနေတတ်မှ ယဉ်ကျေးမှု ဖြစ်

ဒီကနေ့ တို့တိုင်းပြည်ရဲ့ လူနေမှု အဖြစ်ကြီးဟာ၊ ပြောကြပါစို့။ စစ်တပ်က အုပ်ချုပ်နေတယ်။ အုပ်ချုပ်တဲ့သူတွေ ချွေးဒီးဒီးကျအောင် အုပ်ချုပ်နေတယ်။ သူတို့ ဒီလိုတော်လို့ အုပ်ချုပ်နေတာ မဟုတ်ဘူး။ သူတို့ ညစ်ပတ်လို့ ဒီလို အုပ်ချုပ်နေတာ မဟုတ်ဘူး။ တကယ်တော့ ဒီအုပ်ချုပ်ရေးဟာ တို့ပြည်သူတွေက ဖန်တီးထားတာ။ တို့ပြည်သူတွေ မသိဘူး။

တို့ ဒီလို အုပ်ချုပ်ခံရတာကို ကြိုက်သလား ဆိုရင် မကြိုက်ဘူး။ မကြိုက်ပေမဲ့ တို့ ဖန်တီးထားတာ။ တို့က လူညံ့တွေ။ ဒီတိုင်းပြည်က လူတွေက လူညံ့တွေ။ ညံ့တဲ့ လူတွေကို လွှတ်ထားကြည့်ပါလား။ သူတစ်မျိုး ကိုယ်တစ်ဖုံနဲ့ သူ တစ်လူ ကိုယ် တစ်မင်း နေမှာနော်။ ဒီလို အုပ်ချုပ်ရမှာပဲ။

သူတို့က အစုအမက် ကောင်းတယ်။ စစ်တပ်ဆိုတာ တစ်ယောက်အပေါ်မှာ တစ်ယောက် အာဏာနဲ့ အုပ်ချုပ်တာဆိုတော့ သူတို့က မပြိုကွဲဘူး။ အဲဒီ အစု ရှိတဲ့သူက တို့တိုင်းပြည်ကို မ, တော့တာပေါ့ကွာ။ ဒီအုပ်ချုပ်မှုကို တို့ဖန်တီးတာ တို့လူတွေ ဘယ်လောက် အ, သလဲ သိသာဖို့အတွက် တို့လူတွေ အစုအဖွဲ့လေး တစ်ခု ဖွဲ့ကြည့်လိုက်။ အဲဒီ အဖွဲ့ ကွဲကို ကွဲစေရဲ့။

ကွဲတယ် ဆိုကတည်းက လူတွေ ပေါင်းမနေတတ်ဘူး။ လူဟာ ပေါင်းနေတတ်တာ ယဉ်ကျေးမှုကွဲ့။ အဝတ် ဝတ်တတ်ရုံလေးနဲ့ ယဉ်ကျေးမှု မဟုတ်ဘူး။ စားတတ်ရုံလေးနဲ့ ယဉ်ကျေးမှု မဟုတ်ဘူး။ အလုပ်လေး လုပ်တတ်ရုံနဲ့ ယဉ်ကျေးမှု မဟုတ်ဘူး။ တို့လူတွေ ကြည့်ကြည့်စမ်းပါဦး။

ဟိုဘက်အိမ် ကြည့်လိုက် အဲဒီ အိမ်သား အချင်းချင်းတောင် မတည့်ဘူး။ ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ်လည်း မတည့်ဘူးနော်။ မလွဲသာလို့သာ နေနေကြရတာ။ လူတွေ ပေါင်းမနေတတ်ဘူး။ ကိုယ့်မွေးချင်းချင်းတောင်၊ ကိုယ့်မိဘနဲ့ သားသမီးတောင် မတည့်ဘူး။ ဘာဖြစ်တာတုံးဆိုရင် စု မနေတတ်တာလို့၊ ဒီလို ပြောရမယ်။

စု မနေတတ်တဲ့ သူတွေ ဘယ်လို အုပ်ချုပ်မှာတုံး။ ရှင်ဘုရင်တွေ အုပ်ချုပ်တာ တို့တိုင်းပြည်ရဲ့ ရာဇဝင် တစ်လျှောက်လုံးမှာ ဒီရှင်ဘုရင်တွေ တော်လို့ မဟုတ်ဘူး။ သူတို့ ညစ်ပတ်လို့လည်း မဟုတ်ဘူး။ လူတွေကိုက အရှော်တွေဆိုတော့ မအုပ်ချုပ်နိုင်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်နေချည်ရဲ့။

အဲဒီတော့ ရှင်ဘုရင်ဆိုတဲ့သူက မင်း ဗိုလ်လား။ မင်းထက် ငါ က ဗိုလ်ကျတယ်ကွ။ မင်းတို့ ဗိုလ်တကာတွေရဲ့ ဘုရင်။ အဲဒီတော့ ပြောမယ်ဆိုရင် ဒီဘုရင်ကို ဘယ်သူ ဖန်တီးတုံးဆိုရင် ဒီလူတွေ က ဖန်တီးတာ။

ဒီလူတွေက လိုလားသလားဆိုရင် သူတို့ မလိုလားဘူး။ မလိုလားပေမဲ့ ဒီဘုရင်ရဲ့ အောက်မှာမှ သူတို့ ငြိမ်ငြိမ်ဝပ်ဝပ် ရှိတာကိုး။ ဒီဘုရင် မရှိရင် သူတို့ ပိုပြီးတော့ ဆိုးမှာ။ ဒီလူတွေ စုပြီး မနေ တတ်ဘူး။

## လောကကို မြင်အောင် မြှင့်ကြည့်ပါ

တစ်ယောက်နဲ့ တစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်း မနေတတ်ဘူး။ ညှိညှိနှိုင်းနှိုင်းနဲ့ မလုပ်တတ် ဘူး။ တို့တိုင်းပြည်မှာ ကွန်မြူနစ်ပါတီတောင် ကွဲသေးတာပဲ။ ကွန်မြူနစ် ဆိုတာ တော်တော် ခိုင်မြဲ တာကြီး။ ပြောရရင် တို့လူတွေ မလုပ်တတ်ဘူး။ ကိုယ့်အတွက်ပဲ ကိုယ်မြင်တာ။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တာ။ ပြောတော့ အနတ္တတဲ့။ တို့တိုင်းပြည်က အနတ္တ ကိုးကွယ်တဲ့ တိုင်းပြည်တဲ့။ အနတ္တ ကိုးကွယ်တဲ့ တိုင်းပြည်လောက် အတ္တဆန်တာ မရှိဘူး။

ကိုယ့်ကိုယ်ပဲ သိတာ အတ္တဆန်တာပေါ့။ သူများတွေ ငါ့ကြောင့် ဘယ်လို ခံရမယ်ဆိုတာ မသိ ဘူး။ ကိုယ်ကောင်းဖို့ပဲ ကြည့်တာ။ သူများတွေ မကောင်းမှာကို မကြည့်ဘူး။ ဒါ တို့လူတွေ အကုန် လုံးမှာ ရှိတဲ့ စိတ်ဓာတ်နော်။

ငါ က မန္တလေးတိုင်းက ဆိုရင် မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်း ဘောလုံးကန်တဲ့အခါ မန္တလေး တိုင်းပဲ နိုင်စေချင်တာ။ ငါပါတဲ့ ဘက်ကကိုး။ ငါ က အခု ရန်ကုန် ရောက်လာပြီဆိုတော့ ရန်ကုန်က နိုင်စေချင်တာ ဖြစ်လာရပြီပေါ့။ ငါ ပါတဲ့ ဘက်က ငါ ရှိတဲ့ ဘက်က မှန်တယ်လို့ လုပ်နေတာ ဘယ်လောက် အတ္တကြီးသလဲလို့။

ဒီတော့ တို့မြန်မာတွေဟာ အဲဒီလို အတ္တ အားကြီးလွန်းလို့ ဒီလိုမျိုးလို အတ္တ အားကြီးသူနဲ့ တန်တဲ့ စည်းလို့ခေါ်တဲ့ ဒီအုပ်ချုပ်မှုမျိုး ရတာ။ ဒီအုပ်ချုပ်ရေးက မကောင်းဘူး။ လူတွေ ဆင်းရဲ တယ်။ မလိုချင်ပေမဲ့ ဒါပဲ ရမှာပဲ။

ဒီလိုပဲ တို့ နေချင်သလား။ တို့ နေရမှာလား။ ဒီလို နေရမှာ မဟုတ်ဘူး ဆိုရင် ဘာလုပ်မလဲ။ လောကကို မြင်အောင် ကြည့်ရမယ်။ လောက မြင်တဲ့သူဟာ အတ္တ မဆန်ဘူး။ မျှမျှတတ ကြည့်မယ်။ စည်းစည်းရုံးရုံး နေတတ်တယ်။ အဲဒီလို နေတတ်ဖို့သည်ပင်လျှင် ဗုဒ္ဓဘာသာရဲ့ ပင်မရည်ရွယ်ချက်ပဲ။

ငြိမ်းတယ် ဆိုတာ လူတွေ စည်းလုံးတာ။ ဒီလူတွေ အသိရှိရင် အစွဲ မရှိဘူး။ အစွဲ မရှိရင် လူ တွေ ညီညွတ်မယ်။ လူတွေ မညီညွတ်လို့သာ ရှင်ဘုရင်ဆိုတာ အုပ်ချုပ်လို့ ရတာ။ ရှင်ဘုရင်ဆိုတာ တကယ်တော့ တိုင်းပြည်က လူကို အုပ်စု နှစ်စု ခွဲတာ။

ကျွန်ရင်း ကျွန်ဖျား ဆိုပြီးတော့၊ သူက လွဲပြီး ကျန်တဲ့သူတွေကို ကျွန်လို့ မှတ်တာ။ သူ့ကျွန်တွေ။ ဒါကြောင့် တို့တွေဆိုရင် ကျွန်မတို့၊ ကျွန်တော်တို့ဆိုတာ ခုထိ ရှိနေတာ။ တကယ်တော့ ကောင်းတာ မဟုတ်ဘူးနော်။

သူ့အမှုတော်ကို ထမ်းတဲ့ စစ်သူကြီးလား၊ စစ်သားလား၊ စာရေးလား၊ ဝန်ကြီးလား၊ အဲဒါ ကျွန်ရင်း။ အဲဒီ အစုလေးကိုတော့ တော်တော်လေး လုံလုံလောက်လောက် လှလှပပလေး ထားတယ်။

ကျွန်ဖျား ဆိုတဲ့သူကျတော့ ရှင်ဘုရင့် အလုပ်ပဲ လုပ်ပေး။ မင်းက လယ်လုပ်ပေး။ လယ်လုပ်လို့ ရတာကို ငါ က အခွန်ကောက်မယ်။ ဟိုလူ့ စားလောက်ရုံလောက်ပဲ ချန်ထားခဲ့တာပေါ့။ သက်သက် ရှင်ဘုရင်ရဲ့ ကျွန်၊ သူတောင်းစားလောက်တောင် မမြတ်ဘူး။

သူတောင်းစား ဆိုတဲ့သူက အဲဒီလို ကျွန် မဖြစ်ချင်လို့၊ လူ့ကျွန်တော့ မလုပ်ဘူးကွာ။ ဘုရားကျွန်ပဲ လုပ်တော့မယ် ဆိုပြီး သူ့ကိုယ်သူ ဘုရားလှူတာနော်။ ရှင်ဘုရင်ကလည်း သူတောင်းစားကို သူ့ကျွန် မမှတ်တော့ဘူး။

အဲဒီတော့ နင်တို့ထက် မြတ်တယ်နဲ့ သူတောင်းစားတွေက ပြောတာနော်။ သူတောင်းစား သမီးတစ်ယောက်များ လူကောင်းက သွားမယူနဲ့နော်။ သူတောင်းစားပဲ လုပ်ရမှာ။ သူတို့က မြတ်တယ်လို့ ယူဆတော့ သူ့သမီးနဲ့ ရတဲ့သူကိုလည်း ဘုရားကို ခေါင်းလောင်းထိုးပြီး လှူလိုက်တာနော်။ မြန်မြန်ထက်ထက်ပဲ။ သူ့သမီး လူကောင်းထဲ ပါသွားမှာ စိုးရိမ်လို့။ ကဲ သူ့အမျိုးကို ဘယ်လောက် မြတ်တယ်လို့ သူ ထင်သလဲနော်။

ဆိုလိုတာကတော့ လူတွေကို နှစ်ပိုင်းခွဲ အုပ်ချုပ်တော့ ကျွန်ရင်း ဆိုတဲ့သူက နည်းနည်းကွဲ့။ တကယ့် ကျွန်တွေကတော့၊ တိုင်းသူပြည်သားတွေကတော့ အများကြီးပဲ။ ဒါမှ သူ နိုင်တာပေါ့။ အဲဒီလို နိုင်နိုင်နင်းနင်းနဲ့ အထက်စီးက အုပ်ချုပ်တဲ့သူမို့ ဒီတိုင်းပြည်လေးက ငြိမ်နေတာ။

အဲဒီတော့လည်း ရှင်ဘုရင်တွေကို ဘုရားက ဘယ်တိုက်မလဲ။ ပညာတွေ သင်ကြစမ်း၊ အသိဉာဏ်တရားတွေ သင်ကြစမ်း ဆိုရင် ဘုရားက အသိဉာဏ်တရားပဲ သင်ပေးတာနော်။ အသိဉာဏ်တရားတွေ တတ်ပြီ ဆိုရင်တော့ ဘယ် ကိုယ့်ကိုကိုယ် ကျွန်လုပ်နေတော့မလဲ။ လွတ်လပ်တဲ့သူ အဖြစ်နေတော့တာ။ အဲဒါမျိုးများ တစ်လောကလုံးကြီး လွတ်လပ်သွားပြီ ဆိုရင် ရှင်ဘုရင်စနစ် ဆိုတာ မူးလို့တောင် ရှုစရာ ရှိမှာ မဟုတ်ဘူး။

တရားဓမ္မသာ သိသွားကြပြီ ဆိုရင်တော့ တရားဓမ္မ ဆိုတာ တကယ့် လူတွေရဲ့ ကောင်းတဲ့ လမ်းကြောင်းစနစ်ကြီးနော်။ အဲဒီလောက်ထိ လောကကို မြင်တတ်အောင် မြှင့်ပြီးတော့၊ မျှော်လင့်ပြီးတော့ လေ့လာပေးကြ။ တရားဟာ ငါတို့ လူမှုလောကရဲ့ ဦးဆောင် လမ်းညွှန်မှုပဲလို့ စိတ်ကူးပြီး ချဉ်းကပ်ပေးကြ။

သိပြီဆိုရင် မပြတ်ပေးနေတော့ တစ်ယောက် ကျန်ခဲ့ ကျန်ခဲ့၊ ကျန်ခဲ့မှာပေါ့။ နောက်တော့ တစ်ယောက်ကစ တစ်ရာ ဆိုသလို ဖြစ်ရမှာပေါ့နော်။ ဒီလို ရှည်ရှည်ဝေးဝေး တွေးပြီးတော့ တရား ဆိုတာ တရားပါပဲလို့ ဒီလိုမျိုးလေး မထားလိုက်နဲ့လို ဆိုလိုတာ။

တို့ဗုဒ္ဓက လောကကို ဘယ်လို မြင်ပြသလဲ။ တို့ဗုဒ္ဓ မြင်ပြတဲ့ လောကက ဘယ်လို ပုံသဏ္ဌာန် လဲ။ ဒါလေးကို နားလည်အောင် လုပ်ပါလို့ ဒီလို ဆိုလိုတာနော်။ တို့ဗုဒ္ဓ လောကမြင်ပြတာ ဘယ်သူ မြင်ပြတာနဲ့မှ မတူဘူး။

ခုခေတ်မှာ လောကမြင်ပြတာ သိပ္ပံပညာ၊ ဒဿနပညာတွေ ရှိကြတယ် မဟုတ်လား။ သူတို့ မြင်ပြတာနဲ့ ဘာမှ မဆိုင်ဘူး။ အသစ်မြင်တာ၊ အသစ်မြင်တယ် ဆိုတာ သိပ်ရှားတယ်။ ဒါလေးကို တလေးတစားနဲ့ နာကြားပေးကြပါလို့ ကြုံတုန်း အားစိုက် ပြောလိုက်တာပါ။

* * *

# သက္ကာယမိစ္ဆာဒိဋ္ဌိမှ သမာဒိဋ္ဌိသို့

အခု ဆွမ်းလာကပ်တဲ့နေ့မှာ ဘာတရားဟောရမလဲ ဆိုတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်တရားကိုပဲ ဟောပါမယ်။ အရင် ဆွမ်းကပ်ရက်ကလည်း နားဖူးပြီးကြပြီလို့ ထင်ပါတယ်။ အခုလည်း သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်တရားကိုပဲ ထပ်ပြီး နာကြားရပါဦးမယ်။

## အရိယာ ဖြစ်မှ ဗုဒ္ဓဘာသာဝင် အစစ်

သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်တာနဲ့ စပ်လျဉ်းရင် တော်တော် အရေးကြီးတယ်လို့ ပြောရပါမယ်။ ဒီလို အရေးကြီးတာကြောင့်ပဲ ဒီတရားကို နာကြားဖူးလို့ နားလည်နေပြီ ဆိုရင်တောင်မှ ထပ်ထပ်ပြီး နားထောင်ပါဦးလို့ ပြောရမယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဗုဒ္ဓဘာသာဝင် ဟုတ်သူနဲ့ မဟုတ်သူတို့ရဲ့ လမ်းခွဲကို ပြောပါဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိတာ၊ မရှိတာနဲ့ဟာ လမ်းခွဲပဲလို့ ပြောရမှာကြောင့်ပါ။

ဗုဒ္ဓဘာသာဝင် မဟုတ်သူတွေမှာ သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိကြတယ်။ ဗုဒ္ဓဘာသာဝင် ဟုတ်သူတွေမှာတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ မရှိကြဘူး။

သက္ကာယမိစ္ဆာဒိဋ္ဌိတော့ မဖြုတ်သေးဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်ပဲ ဖြစ်ပါတယ်လို့ ဆိုရင်လည်း ဒီလို ဆိုတဲ့သူဟာ ဗုဒ္ဓဘာသာ အရာတည်လောက်ပဲ ဖြစ်ရပါလိမ့်မယ်။ ဒါမှမဟုတ် ဗုဒ္ဓဘာသာ အရန်မျှပဲလို့ ပြောရပါလိမ့်မယ်။ ဗုဒ္ဓဘာသာ အရာတည်လောက် ဗုဒ္ဓဘာသာ အရန်လောက်ကတော့ ဗုဒ္ဓဘာသာပေမဲ့ အနှစ်သာရဆီ ရောက်မှာ မဟုတ်ဘူး။

ဗုဒ္ဓဘာသာက ပေးတဲ့ အနှစ်သာရဆီကို ရောက်အောင် ဗုဒ္ဓဘာသာဝင် စစ်စစ် ဗုဒ္ဓဘာသာဝင် တင်းပြည့် ဖြစ်ဖို့လိုတယ်။ ဗုဒ္ဓဘာသာဝင် စစ်စစ် ဗုဒ္ဓဘာသာဝင် တင်းပြည့် ဖြစ်ဖို့အတွက် သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ဖို့ မရှိမဖြစ် လိုအပ်ပါတယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်မှပဲ ဗုဒ္ဓဘာသာဝင် ဟုတ်သူနဲ့ မဟုတ်သူ စပ်ကြား ကွဲပြားသွားတယ်လို့ ပြောရပါမယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်သူမှ ဗုဒ္ဓဘာသာဝင် ဖြစ်တယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိ မပြုတ်သေးသူဟာ ဗုဒ္ဓဘာသာဝင် မဟုတ်သေးဘူး။

သက္ကာယမိစ္ဆာဒိဋ္ဌိကလည်း မပြုတ်ကြဘူး။ တစ်လောကလုံး၊ တစ်ကမ္ဘာလုံး မပြုတ်ကြပါဘူး။ ဒီလို သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိနေကြတဲ့အတွက်ပဲ လူတွေမှာ လောဘတွေ ထကြတယ်။ စိတ်ဆိုးစရာ၊ စိတ်ဆာစရာ၊ စိတ်ညစ်စရာ၊ စိတ်နွမ်းစရာ စတဲ့ ကိလေသာ မှန်သမျှ ထကြွ သောင်းကျန်းနေကြတယ်။ ဒီလို ထကြွ သောင်းကျန်းမှုတွေရဲ့ လက်သည်ကို ပြောပါဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိပဲလို့ ပြောရပါမယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ မပြုတ်သေးတဲ့ သူဟာ လောဘ ဖြစ်စရာ ရှိရင်လည်း ဖြစ်တာပဲ။ ဒေါသ ဖြစ်စရာ ရှိရင်လည်း ဖြစ်တာပဲ။ မာနတို့ ဣဿာမစ္ဆရိယတို့လည်း ရှိနေတာပဲ။ ဒါ့ကြောင့် သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ဖို့ သိပ် အရေးကြီးတယ်လို့ ပြောရတာ ဖြစ်တယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိက ဗုဒ္ဓဘာသာဝင် ဟုတ်သူနဲ့ မဟုတ်သူတွေရဲ့ လမ်းခွဲပါ။ ဗုဒ္ဓဘာသာဝင်လို့ ဆိုတာဟာ အရိယာအဖြစ်ကို ရောက်တဲ့သူကို ဆိုလိုက်တာ ဖြစ်တယ်။

အရိယာဖြစ်တဲ့ လူကမှ ဗုဒ္ဓဘာသာဝင် အစစ်လို့ ဗုဒ္ဓက ပြောခဲ့ပါတယ်။ တကယ် အရိယာအဖြစ်ကို မရောက်သေးဘူး ဆိုရင်တော့ ဒီသူဟာ ဗုဒ္ဓကို ကိုးကွယ်နေတယ် ဆိုပေမဲ့ လူကြီးမိဘတွေရဲ့ လမ်းကို စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေသူသာ ဖြစ်ပြီး တကယ့် ဗုဒ္ဓဘာသာဝင်တော့ မဟုတ်သေးဘူးလို့ဘဲ ပြောရပါလိမ့်မယ်။

အရိယာအဖြစ်ကို ရောက်တယ် ဆိုရာမှာလည်း ပထမဆုံးအားဖြင့် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ရမှာ ဖြစ်ပါတယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိကို မပြုတ်သေးဘူးဆိုရင် အတ္တဒိဋ္ဌိ ဆိုတာလည်း ဝင်လာပါမယ်။

နောက်တစ်ခါ သဿတမိစ္ဆာဒိဋ္ဌိ ဆိုတဲ့ နောက်ဘဝမှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အစစတွေ ဖြစ်ရလိမ့်မယ် ဆိုတဲ့ အမြင်လည်း မပြုတ်ဘူး။ နောက်တစ်ခါ ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိ လို့ဆိုတဲ့ နောက်ဘဝမှာ ရုပ်နာမ် ခပ်သိမ်း ချုပ်ငြိမ်းပြီး ဘာမှ မဖြစ်တော့ဘူး ဆိုတဲ့ အမြင်လည်း ရှိနေဦးမှာပဲ။

ဆိုလိုတာက ကိုယ့်ဆီမှာ ဘာ သဘောတရားမှ မရှိလို့ ဒီမိစ္ဆာဒိဋ္ဌိတွေ အကြောင်း မတွေးမိဘူး ဆိုသော်မှ မတွေးမိတာကြောင့် မိစ္ဆာဒိဋ္ဌိ ပြုတ်မယ် မဟုတ်ဘူး။

ဥပမာ - ကိုယ့်ရင်ခွင်ထဲမှာ ရှိနေတဲ့ ကလေးကို ကြည့်ပါလား။ ဒီကလေးတွေဟာ နောက်ဘဝ အကြောင်း ဘယ်တွေးပါ့မလဲ။ နောက်ဘဝ ဖြစ်တယ်လည်း မတွေးမိဘူး။ မဖြစ်ဘူးလို့လည်း မတွေးဘူး။ ဒီလို မတွေးလို့ ဒီကလေးတွေ မိစ္ဆာဒိဋ္ဌိ ပြုတ်နေပြီလို့ မထင်နဲ့။ သူတို့ဟာ မိစ္ဆာဒိဋ္ဌိ ပြုတ်နေတာ မဟုတ်ပါဘူး။ ဘာ သဘောတရားမှ မရှိသေးတဲ့ သူတွေလို့သာ ပြောရပါလိမ့်မယ်။

သူတို့မှာ အတ္တဒိဋ္ဌိ မရှိဘူးလားလို့ မေးရင် အတ္တဒိဋ္ဌိလည်း သူ မတွေးမိသေးဘူး။ "ငါဖြစ်တယ်" လို့ သူ့ကိုယ်သူ မယူဆသေးဘူး။ "ငါဖြစ်တယ်" လို့ မတွေးမိတာက ဘာ သဘောတရားမှ မရှိသေးလို့ မတွေးမိတာဘဲ ဖြစ်ပါတယ်။ အတ္တဒိဋ္ဌိ ပြုတ်လို့ မဟုတ်ပါဘူး။

ဒါကြောင့် သက္ကာယမိစ္ဆာဒိဋ္ဌိက သိပ်အရေးကြီးပါတယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိသာ မပြုတ်ဘူးလို့ ဆိုရင် တခြား ဘာဒိဋ္ဌိမှ မပြုတ်ဘူးလို့ ပြောရပါမယ်။ ဘာဒိဋ္ဌိမှ မပြုတ်တဲ့သူဟာ မိစ္ဆာဒိဋ္ဌိချည်း ရှိနေပါမယ်။ မိစ္ဆာဒိဋ္ဌိ ရှိနေသူဟာ သမ္မာဒိဋ္ဌိ မဖြစ်ပါဘူး။ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ ရှိနေသူဟာ ဗုဒ္ဓဘာသာဝင် မဖြစ်ပါဘူး။

ဘာကြောင့်လဲ ဆိုတော့ ဗုဒ္ဓဘာသာက သမ္မာဒိဋ္ဌိဘာသာ ဖြစ်တာကြောင့်ပါ။ ကိုယ်က မိစ္ဆာဒိဋ္ဌိလည်း မပြုတ်ဘဲနဲ့ ကိုယ့်ကိုကိုယ် ဗုဒ္ဓဘာသာလို့ ထင်တယ်ဆိုရင် ထင်တာပဲ ရှိမယ်။ တကယ်ကတော့ သူဟာ ဗုဒ္ဓဘာသာဝင် မဟုတ်ပါဘူး။ ကိုယ့်ကိုကိုယ် ဗုဒ္ဓဘာသာဝင်လို့ ထင်နေကြတဲ့သူတွေ ဒါကို သေသေချာချာ စစ်ကြည့်ဖို့ ကောင်းပါတယ်။

ဗုဒ္ဓဘာသာ ဆိုတာ သမ္မာဒိဋ္ဌိဘာသာ ဖြစ်တယ်။ ငါ သမ္မာဒိဋ္ဌိ ဖြစ်ပြီလား။ ဘယ် မိစ္ဆာဒိဋ္ဌိကို ငါ ဖြုတ်ပြီးပြီလဲလို့ ပြန်စစ်ကြည့်ဖို့ ကောင်းပါတယ်။

ကိုယ်က ဘာဒိဋ္ဌိမှ မဖြုတ်သေးဘူး ဆိုရင်တော့ မိစ္ဆာဒိဋ္ဌိပါပဲ။ မိစ္ဆာဒိဋ္ဌိ ဖြစ်နေသေးတဲ့အတွက် သူဟာ ဗုဒ္ဓဘာသာဝင် မဟုတ်သေးပါဘူး။

ဒါ ပေမဲ့ သူကတော့ဖြင့် ဗုဒ္ဓဘာသာဝင် မိဘတွေရဲ့ သားသမီးပီပီ ဘုရားလည်း ရှိခိုးပါတယ်။ တရားလည်း ရွတ်ဖတ်ပါတယ်။ သံဃာလည်း ဆည်းကပ်ပါတယ်။ ဘုရား၊ တရား၊ သံဃာကို သူ ဆည်းကပ်နေပါတယ်။ ဒီလို ဆည်းကပ်နေပေမဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိ မပြုတ်ဘဲနဲ့တော့ ဗုဒ္ဓဘာသာဝင် ဖြစ်ပြီလို့ ပြောလို့ မဖြစ်ပါဘူး။ ဒီလို မဖြစ်တာကတော့ တစ်တိုင်းပြည်လုံးလို့ ပြောရမယ်။ ကမ္ဘာမှာ လည်း တစ်ကမ္ဘာလုံးလို့ ပြောရမယ်။

ဆိုလိုတာကတော့ သမ္မာဒိဋ္ဌိကို လူတွေ မသိကြဘူး။ သမ္မာဒိဋ္ဌိကို ဘာကြောင့် မသိကြတာလဲ ဆိုတော့ မိစ္ဆာဒိဋ္ဌိ ဖြစ်နေလို့ပါပဲ။ မိစ္ဆာဒိဋ္ဌိ ဆိုတာ ဘယ်လို ဖြစ်တာတုံးလို့ မေးရင် မိစ္ဆာဒိဋ္ဌိတွေထဲက သက္ကာယမိစ္ဆာဒိဋ္ဌိ ကိုပဲ ပြောရမယ်။

ဆိုပါစို့။ ဒီလူကောင်ကြီးက တစ်စုံတစ်ရာ စကားတွေ ပြောပြီ။ ဆဲဆဲဆိုဆိုလား။ မြည်မြည် တွန်တွန်လား။ ချောက်ချောက် ဟောက်ဟောက်လား။ လိမ်လိမ် ကောက်ကောက်လား။ ပြောပြီ ဆိုပါ တော့။ ဒီလို စကားမျိုး ပြောပြီဆိုရင် မောင်မဲ ဆိုတဲ့သူ ပြောရင် မောင်မဲဟာ ဆဲတဲ့ သူပဲ၊ လိမ်တဲ့ သူပဲ လို့ တွက်ကြပါတယ်။

တကယ်ပြောမယ် ဆိုရင်တော့ ဆဲတာ လိမ်တာက မောင်မဲ ဆဲတာ မောင်မဲ လိမ်တာ မဟုတ် ဘူး။ မောင်မဲမှာ ပူးနေတဲ့ ကိလေသာက ဆဲလိုက် လိမ်လိုက်တာသာ ဖြစ်ပါတယ်။ မောင်မဲက လိမ်သူ မဟုတ်ပါ။ ဆဲသူ မဟုတ်ပါ။ ဆဲမှ လိမ်မှ ကောင်းတယ်လို့ ထင်နေတဲ့ အထင်မှားမှုကြီးက ပူးနေတာ ပါ ။ ပူးနေတယ် ဆိုတာ စီးနေတယ် ဆိုတာနဲ့ အတူတူပါပဲ။

လူတစ်ယောက်ကို သရဲ ပူးနေတယ်၊ သရဲ စီးနေတယ် ဆိုရင် ဒီလူပါးစပ်က ထွက်တဲ့ စကား တွေဟာ တကယ်က ဒီလူ ပြောနေတာ မဟုတ်ဘူး။ စီးနေတဲ့ ပူးနေတဲ့ သရဲက ပြောနေတာလို့ ပြောရ ပါမယ်။ လူတစ်ယောက်ကို ဘီလူး ပူးနေတယ်၊ ဘီလူး စီးနေတယ် ဆိုရင်လည်း ဒီလူက တစ်စုံ တစ်ရာ လုပ်ရင် ဒါဟာ လူက လုပ်တာ မဟုတ်ဘဲ ပူးနေတဲ့ ဘီလူးက လုပ်တာလို့ပဲ ပြောရပါလိမ့် မယ်။

ဆိုလိုတာကတော့ အာဋ္ဌာဝက မော်သွင်းတဲ့သူတွေမှာ အာဋ္ဌာဝက ပူးပြီ စီးပြီ ဆိုရင် အကုန် လျှောက်ကြမ်းတော့တာပဲ။ ခုန်ပေါက် နေတော့တာပဲ။ ဒီလိုမျိုး ခုန်ပေါက် ကြမ်းရမ်းနေပြီ ဆိုရင် ဒီလူ က ကြမ်းရမ်းနေတာ မဟုတ်ဘူးလို့ ပြောရမယ်။ အာဋ္ဌာဝကက ကြမ်းရမ်းနေတာလို့ပဲ ပြောရမယ်။ ဒါကို လူတွေ မသိတတ်ကြဘူး။ အာဋ္ဌာဝက ပူးတာ သရဲစီးတာတို့ကိုတော့ နည်းနည်း သိကြဦးမယ်။

လူလိမ်တစ်ယောက်က လိမ်တာ၊ သူခိုးတစ်ယောက်က ခိုးတာ ဆိုရင် ဘာက ဝင်ပူးလိုက်တာမှန်း မသိတတ်ကြဘူး။ ဝင်ပူးနေတဲ့ အရာက ခိုးတာ လိမ်တာကို မသိကြဘူး။ ဒါကို မသိတော့ ဒီလူက ခိုးတာပဲ။ ဒီလူက လိမ်တာပဲလို့ ထင်နေကြတယ်။ ဒီလို တစ်ကမ္ဘာလုံး ထင်နေကြတာပဲ။ ကိုယ့်ကိုကိုယ် ဗုဒ္ဓဘာသာဝင် ဆိုသူတွေလည်း ဒီလိုပဲ ထင်နေကြတာပဲ။

ကိုယ့်ကို ဆဲတာ ဆိုတာ တစ်ခုခု လုပ်လာပြီဆိုရင် ဆဲဆိုတဲ့သူကို ကိုယ်က မကျေဘူး။ ဒီလူ့ကို ပြန်ချရမယ် ဆိုတဲ့ စိတ်မျိုး ဖြစ်တာချည်းပဲ မဟုတ်လား။ မခံချင်ဘူး။ စိတ်ဆိုးတယ်။

တကယ်တော့ ဒီလူက လုပ်တာလို့ ထင်လို့ပေါ့။ စိတ်ဆိုးတယ် ဆိုကတည်းက တကယ်က ဒီလူက လုပ်တာ မဟုတ်ဘူး။ သူ့ဆီမှာ ဝင်နေတဲ့ စိတ်ဆိုး စိတ်ဆာ (ဘာသာရေးစကားနဲ့ ပြောရရင်) ကိလေသာက သူများအပေါ်မှာ ဆဲချင်တဲ့ စိတ်တွေ ပေါ်လာအောင်၊ ဆိုးချင်တဲ့ စိတ်တွေ ပေါ်လာအောင်၊ ရိုက်ချင် ပုတ်ချင်တဲ့ စိတ်တွေ ပေါ်လာအောင်၊ ခုတ်ချင် ထစ်ချင်တဲ့ စိတ်တွေ ပေါ်လာအောင် သူ့ကို ဝင်ပူးတာ ဖြစ်ပါတယ်။ ဝင်ပူးတဲ့ ကိလေသာက လုပ်လိုက်တာ ဖြစ်ပါတယ်။ သူ လုပ်တာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီလို မမြင်တတ်ကြဘူး။ ကိလေသာက လုပ်တာလို့ မမြင်ဘူး။ ဒီလူကြီးက လုပ်လိုက်တာ ဆိုပြီး လူကိုပဲ တရားခံလို့ ထင်သွားကြတာ မဟုတ်လား။ ဒီအထင်ဟာ သက္ကာယမိစ္ဆာဒိဋ္ဌိ ပဲ။

## အကန်း လောကကြီး

ဒါကို အထပ်ထပ် ကြားနာစေချင်ပါတယ်။ ကြားနာစေချင်ရတာက ကိုယ့်ရဲ့ နေ့စဉ် အတွေးအခေါ်မှာ ဆင်ခြင်မိလျက် ဖြစ်နေစေချင်လို့ပါ။ နေ့စဉ် အတွေးအခေါ်မှာ၊ နေ့စဉ် အမှုတွေမှာ ဆင်ခြင်နေဖို့ကလည်း အလွန်လိုအပ်ပါတယ်။ ဒီလို ဆင်ခြင်နိုင်ဖို့ ရည်ရွယ်ပြီး သက္ကာယမိစ္ဆာဒိဋ္ဌိ အပိုင်းဆိုင်ရာကို အထပ်ထပ် ပြောပေးတယ်လို့ မှတ်ကြပါ။

လူတွေဟာ မဖြောင့်ကြပါဘူး။ ဘာဖြစ်လို့ လူတွေ မဖြောင့်ကြတာလဲ ဆိုရင် ငယ်ငယ်နှောင်းနှောင်း ကတည်းကပဲ ကောင်းသည်ထက် ကောင်းတာကို လိုက်ရင်း လိုက်ရင်း ကောင်းသည်ထက် ကောင်းတဲ့ ခံစားချက်တွေက မှားမှားယွင်းယွင်း ပြလိုက်လို့ပါပဲ။ မှားမှားယွင်းယွင်း အပြခံလိုက်ရတော့ မှားမှားယွင်းယွင်းဆီကို ရောက်သွားတော့တာပေါ့။

မျက်စိလည်တာမျိုး ဖြစ်ဖူးကြမှာပါ။ မျက်စိလည်တယ် ဆိုတာ ဦးနှောက်က အမှတ် မှားသွားတာပါ။ အနောက်ဘက်ကို သွားနေတယ် ဆိုပါတော့။ ညနေဘက် ဆိုရင် နေက အနောက်ကို ရောက်နေပြီပေါ့။ ဒီတော့ နေဘက်ကို မျက်နှာမူပြီး သွားရင်း သွားရင်းနဲ့ မသိမသာ နေက ပျောက်သွားတယ်။

ကိုယ်လိုက်တဲ့ လမ်းကလည်း ကွေ့ကွေ့ကောက်ကောက်နဲ့၊ ကောက်တာကလည်း မသိမသာနဲ့ ကောက်သွားတာ ဆိုရင် ကိုယ် မျက်နှာမူတဲ့ အရပ်ကို အနောက်ဘက် အရပ်လို့ပဲ ထင်နေမိမှာပဲ။ ဒါ ဘာဖြစ်တာလဲ ဆိုရင် ဦးနှောက်က အမှတ် မှားသွားတာပဲ ဖြစ်ပါတယ်။ ဒါကိုပဲ မျက်စိလည်တယ်လို့ ခေါ်ပါတယ်။

အခုလည်း ကျုပ်တို့က ခံစားချက် အကောင်းတွေနောက် လိုက် လိုက်တာ ကောင်းသည်ထက် ကောင်း၊ ပိုပိုကောင်းတွေဆီ လိုက်ရင်း လိုက်ရင်း အမှတ် မှားသွားကြတယ်။ ဒီလို အမှတ် မှားသွား တော့ မကောင်းတာကို ကောင်းတယ်လို့ ထင်သွားတယ်။ မဟုတ်တာကို ဟုတ်တယ်လို့ ထင်သွား တယ်။ မျက်စိလည်သွားပြီပေါ့။

ဒီအခါမှာ တကယ်တော့ ကျုပ်တို့ဟာ ကျုပ်တို့ချည်း သက်သက် မဟုတ်တော့ဘူး။ မသိနိုး နား အရာတစ်ခုက ကျုပ်တို့ကို ပူးလိုက်ပြီ။ ဒီလို ပူးလိုက်တာ ခံရပြီး လိမ်တာတွေ၊ ကောက်တာတွေ၊ မှောက်တာတွေ၊ မှားတာတွေ လုပ်မိခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလို ပူးလိုက်တာကို မသိတတ်ကြဘူး။ ဒီကောင်တော့ ငါ့အပေါ် လိမ်ပြီ၊ ကောက်ပြီ ဆိုပြီး ဒီကောင့်ကိုပဲ စိတ်ဆိုးကြတယ် မဟုတ်လား။ ဒီလို စိတ်ဆိုးတာမျိုး မဆိုးတတ်ကြစေချင်ဘူး။ ဒါ က အမြင် မှားနေလို့ ဖြစ်တဲ့ စိတ်ဆိုးမှုမျိုးပါ။ သက္ကာယမိစ္ဆာဒိဋ္ဌိက အကြောင်းပြုလိုက်တဲ့ စိတ် ဆိုးမှုမျိုးပါ။

အသေအချာ ကြည့်လိုက်ရင် စိတ်ဆိုးစရာ မရှိတာကို တွေ့ရပါမယ်။ ဒါကို သိမှ စိတ်ကလည်း မဆိုးဘဲ နေနိုင်ပါလိမ့်မယ်။ စိတ် မဆိုးစရာကို မသိဘူး ဆိုရင်တော့ သူလုပ်တာမှာ ကိုယ့်အပေါ် တစ် ချက်လောက် မှားပြီ ဆိုတာနဲ့ မှားတဲ့အလျောက် ပြန်ပြီး တုံ့ပြန်ချင်တော့တာပဲ။ တုံ့ပြန်ချင်တာက စိတ်ဆိုးတာပါ။ သူက စိတ်ဆိုးလို့ ကိုယ်က စိတ်ဆိုး၊ ကိုယ်က စိတ်ဆိုးလို့ သူက ပြန်စိတ်ဆိုး။ ဒီတော့ ပြေငြိမ်းစရာ မရှိတော့ဘူး။ ဒီလိုနဲ့ လူတွေ မှောက်မှားကြတာပဲ။

"အန္ဓိဘူတော အယံလောကော" ဆိုတဲ့ စကားတစ်လုံး ကျုပ်တို့ သာသနာတော်ထဲမှာ ရှိ တယ်။ အယံလောကော - ဒီ လူ့လောကကြီးဟာ၊ အန္ဓိဘူတော - အကန်းလောကကြီး တဲ့။

လူတွေဟာ အကန်းတွေပဲလို့ ပြောရမှာပဲ။ အကန်းတွေ ဆိုလို့ မျက်စိ မမြင်ဘူးလို့ ပြောတာ မဟုတ်ပါဘူး။ မျက်စိ မြင်ကြပါတယ်။ မျက်စိ မြင်ပေမဲ့ အမှန် မမြင်ဘူး။ မှားမှားယွင်းယွင်း မြင်နေ တယ်။ မျက်စိလည်တဲ့ လူလိုပဲ။ အရှေ့ကို အနောက်လို့ မြင်လိုမြင် တောင်ကို မြောက်လို့ မြင်လိုမြင် မှားမှားယွင်းယွင်း မြင်နေတယ်။

ခုနက ကိုယ့်အပေါ် မှားယွင်းတဲ့သူကို ပြန်ကြည့်ပါလား။ ကိုယ်က ခံရတော့ သူ့ကို စိတ်ဆိုး တယ်။ ဘာကြောင့် စိတ်ဆိုးတာလဲ ဆိုရင် တမင်သက်သက် ကိုယ့်အပေါ် လုပ်တာလို့ ထင်လို့ စိတ် ဆိုးတာပဲ။

သူက လွဲပြီး ငါ့ကို လုပ်တာပါလားလို့ ကိုယ်က မမြင်လို့ စိတ်ဆိုးတာပဲ။ လုပ်တဲ့သူက လွဲပြီး လုပ်မိတာကို ခံရသူက မမြင်တတ်ဘူး။ ဒီတော့ မျက်စိ မရှိသလို ဖြစ်မနေဘူးလား။ ဒါကြောင့် အကန်းလောကကြီးလို့ ပြောရတာပေါ့။

အကန်းလောကကြီး ဆိုတော့ လူတွေ အကုန်လုံး ပါတယ်။ ကျုပ်တို့ ခင်ဗျားတို့လည်း ပါတယ်။ တကယ်ကန်းခဲ့ကြတာပဲ။ ဒီအကန်းလောကကြီးထဲမှာ ကိုယ်က မျက်စိ မေးမေးလေးမှ ပေါက်ပါစေတော့ ဆိုပြီး ဘုရားတရားဆီကို ချဉ်းကပ်ရတာပါ။

ဘုရားတရားဆီ ချဉ်းကပ်လို့ မျက်စိလေး မေးမေး ပေါက်လာတဲ့ အခါကျတော့ ကိုယ့်ဘေးက လူတွေ၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေ အကန်း ဖြစ်နေတာကို ပိုပြီး မြင်လာရမှာပဲ။

ကိုယ်က မျက်စိပေါက်လို့ မြင်ရတဲ့သူ ဖြစ်လာပေမဲ့ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ် ဆက်ဆံရတဲ့ သူတွေက မမြင်ရတဲ့သူဘဲ ဖြစ်နေသေးတော့ ကိုယ့်ကို လာပြီး တိုက်မိ ခိုက်မိ မဖြစ်လောက်ပေဘူးလား။ တကယ်လာပြီး တိုက်မိကြမှာပဲ။

ဒီတစ်ခါ ဘယ်လိုလုပ်မလဲ။ ငါ့ကို တိုက်ရကောင်းလား ဆိုပြီး စိတ်ဆိုးလိုက်မယ် ဆိုရင် ကိုယ်က သူ့ကို ပြန်တိုက်လိုက်တာ ဖြစ်ပြီး ကိုယ်ကလည်း မမြင်ရာ ရောက်တော့မှာပေါ့။ အကန်းပဲ ဖြစ်နေမှာပေါ့။

ဒါကြောင့် ဘုရားက ပြောခဲ့တာပေါ့။ လောကကြီးဟာ အကန်းလောကကြီး၊ မျက်မမြင် လောကကြီး၊ ဒါဟာ တစ်ယောက်ကို ပြောတာ မဟုတ်ဘူး။ တစ်စုလောက်ကို ပြောတာ မဟုတ်ဘူး။ တစ်ကမ္ဘာလုံးကို ပြောလိုက်တဲ့ စကားပဲ။

ကျုပ်တို့လည်း ဒီစကားကို အစက နားမလည်ခဲ့ဘူး။ သက္ကာယမိစ္ဆာဒိဋ္ဌိ ဆိုတာကို သဘော ပေါက်လာမှ ဒီစကားကို နားလည်လာခဲ့တယ်။ ဘုရားက အကန်းလောကကြီးလို့ ပြောတာ သိပ် ဟုတ်တာပဲ။ ဘယ်သူမဆို သူ့ကို ထိတာနဲ့ ပြန်ဆော်တာပဲ။ လွဲမှားပြီး ထိမိတာလို့ မသိတော့ ပြန်ဆော်တာပေါ့။ ဒီအဖြစ်မျိုးကို စာထဲ ပေထဲမှာ တွေ့ရပါတယ်။

ဝေဒေဟီ ဆိုတဲ့ သူဌေးမ တစ်ယောက်ရှိတယ်တဲ့။ ဝေဒေဟီဟာ သိပ်သဘောကောင်းတယ်။ သိပ်နူးညံ့ သိမ်မွေ့တယ်လို့ သူ့မြို့မှာ ကျော်ကြားတယ်တဲ့။ စကားပြောလည်း နူးညံ့တယ်။ အနေ အထိုင်လည်း နူးညံ့တယ်တဲ့။

ဒါကို သူ့ရဲ့ ကျွန်မ ဖြစ်တဲ့ ကာဠီ ဆိုတဲ့ အမျိုးသမီးက စမ်းကြည့်ချင်တယ်။ အရှင်မက သိပ် သဘောကောင်းတယ်။ သိပ်နူးညံ့တယ်လို့ ပြောကြတယ်။ ဒါဟာ တကယ်ပဲ သဘောကောင်းတာ လား။ တကယ်ပဲ နူးညံ့တာလား။ အကြောင်းသင့်လို့ သဘောကောင်း နူးညံ့တာလား။ ငါ စမ်းကြည့် ဦးမယ်လို့ အကြံဖြစ်တယ်။

နောက်ရက် မနက်ရောက်တော့ ကာဠီဟာ အိပ်ရာက မထဘဲ နေလိုက်တယ်။ သူ အိပ်ရာ မထတော့ အရှင်မ ဝေဒေဟီဟာ ဆူတော့ ငေါက်တော့တာပဲတဲ့။ နောက်တစ်နေ့မှာလည်း ကာဠီဟာ အိပ်ရာက စောစောမထပဲ နေမြင့်မှ ထတယ်။ ဒီအခါကျတော့ အရှင်မ ဝေဒေဟီဟာ ပါးစပ်က ဆူတာ ငေါက်တာတင် မကတော့ဘဲ တံခါးမင်းတုပ်နဲ့ ကာဠီရဲ့ ဦးခေါင်းကို ရိုက်ခွဲပါတော့သတဲ့။

ခေါင်းက သွေးတွေလည်း ထွက်ရော ကာဠီက ငိုပြီး ဒီလိုပြောတယ်။ သိပ်ပြီး သဘောကောင်းတယ်၊ နူးညံ့တယ် ဆိုပြီး ကျော်ကြားလှတဲ့ အရှင်မ ဝေဒေဟီဟာ အခုတော့ဖြင့် သူ့ခေါင်းက သွေးတွေ ထွက်အောင်အထိ ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း ရိုက်နေပါပြီတဲ့။

လူတွေဟာလည်း သူဌေးမ ဝေဒေဟီ လိုပါပဲ။ သဘောကောင်းတယ် နူးညံ့တယ် ဆိုပေမဲ့ သူ့အပေါ်မှာ တစ်ယောက်က မကောင်းမှုပြုလိုက်တာနဲ့ သူကလည်း မကောင်းမှုနဲ့ဘဲ ပြန်တုံ့ပြန်တော့တာပါပဲ။ ဒါကြောင့် အကန်းလောကကြီးလို့ ဘုရားက ပြောတာပေါ့။

ဒီလို အကန်းလောကကြီးထဲမှာ ကိုယ်က အကန်းကို ရှောင်ရပါလိမ့်မယ်။ အကန်းကတော့ မြင်မှ မမြင်ဘဲနဲ့ ဘယ်လို ရှောင်မလဲ။ အကန်းကတော့ တိုက်မိမှာပဲ။ အကန်းကတော့ ရမ်းမိမှာပဲ။ မျက်စိပေါက်သူကသာ ကိုယ့်ကို မထိအောင် ရှောင်ရ တိမ်းရပါမယ်။

ဆိုလိုတာက လောကမှာ အန္တရာယ် ဆိုတာကို ရှာရင် မဆုံးနိုင်အောင် ရှိပါတယ်။ မြွေပွေး မြွေဟောက်လို ဆက်ဆက်ထိ မခံဘူးဆိုရင် ရန်ဖြစ်စရာတွေကတော့ ပြည့်နေမှာပဲ။ မျက်စိပေါက်သူကတော့ ရန်ကို ရန်နဲ့ မတုံ့ပြန်ဘူး။ အမှားကို အမှားနဲ့ မတုံ့ပြန်ဘူး။ ရန်ကို ရန်နဲ့ တုံ့ပြန်ရင် အမှားကို အမှားနဲ့ တုံ့ပြန်ရင် ဒီရန်ဟာ ဘယ်မှာ ဆုံးတော့မလဲ။ ဒီအမှားဟာ ဘယ်မှာ ပြေတော့မလဲ။

သူ့က ကိုယ့်အပေါ် မှားလိုက်တာဟာ ကိုယ်က သူ့အပေါ် တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါး လုပ်ထားတယ် ထင်လို့ မှားလိုက်တာပဲ ဖြစ်တယ်။ ဒီလို မှားလိုက်မိတာကို ကိုယ်က ပြန်ပြီး သူ့အပေါ် ဆိုးဆိုးဝါးဝါး တုံ့ပြန်လိုက်ရင် သူက တစ်ခါ ကိုယ့်အပေါ် ဆိုးဆိုးဝါးဝါး တုံ့ပြန်ဦးမှာပဲ။

သူက ဆိုးလို့ ကိုယ်က ဆိုး၊ ကိုယ်က ဆိုးလို့ သူက ဆိုးနဲ့ ကြာလေကြာလေ အဆိုးကွင်းကြီး အမှားကွင်းကြီး ကြီးသည်ထက် ကြီးလာမှာ မဟုတ်လား။ နောက်ဆုံးပိတ်တော့ ဘာဖြစ်မလဲဆိုရင် ချင်းတောင်တို့ နာဂတောင်တို့မှာ ဖြစ်တတ်တဲ့ ပုံသဏ္ဌာန်အတိုင်း ဖြစ်လာမှာပဲ။

ချင်းတောင်တို့ နာဂတောင်တို့မှာ ဘယ်လို ဖြစ်သလဲဆိုရင် သူ့အဖေက ကိုယ့်အဖေကို သတ်ခဲ့ရင် အသတ်ခံရသူရဲ့ သားက ကြီးလာတဲ့အခါ သတ်တဲ့သူကို ပြန်သတ်ရတယ်တဲ့။ ကိုယ့်အဖေအတွက် လက်စားချေတယ်ပေါ့။

ဒီအခါမှာ လက်စားချေခံရတဲ့ အဖေရဲ့ သားက လက်စားချေတဲ့ သားကို ပြန်သတ်ပြန်ပါလေရော။ သူကလည်း သူ့အဖေအတွက် လက်စားချေတာပေါ့။

နောက်တစ်ခါကျတော့ သူတို့ရဲ့ သားသမီး အလှည့်ရောက်ပြီ။ သူ့ဘက်က လူကို ကိုယ်က သတ်လိုက်၊ ကိုယ့်ဘက်က လူကို သူ့ဘက်က သတ်လိုက်နဲ့ မဆုံးတော့ဘဲ ဖြစ်နေတယ်။

တောင်ပိုင်းချင်း တစ်ယောက်ကလည်း ဒီလိုပဲ။ သူ့အစ်ကိုက မူးရူးပြီး သူ့အပေါ် ဆိုးဆိုးဝါး ဝါး ဆက်ဆံတဲ့အတွက် သူက သတ်ပစ်လိုက်မိတယ်။ ဒီလို သတ်ပစ်လိုက်တော့ ထောင်ကျတာပေါ့။

ဒီအခါမှာ အမေ ဖြစ်တဲ့သူက ပြောတယ်။ မင်းရဲ့ အစ်ကိုဖြစ်သူကို မင်းက သတ်ပစ်လိုက်ပြီ။ မင်းကိုလည်း အစိုးရက ထောင်ချပစ်လိုက်ပြီ။ မင်းရဲ့ အစ်ကိုလည်း ငါ့ရဲ့သားပဲ။ မင်းလည်း ငါ့ရဲ့ သားပဲ။ ငါတော့ သားနှစ်ယောက်လုံး ဆုံးတော့တာပဲလို့ ငိုပြီး ပြောသတဲ့။

ဒါပေမဲ့ ဒါနဲ့ မပြီးသေးဘူး။ သူ ထောင်က လွတ်ရင် သူ့အစ်ကိုရဲ့ သားက သူ့ကို ပြန်ပြီး လက်စားချေဦးမယ်။ သတ်လိမ့်ဦးမယ်။ သူ့ကို သတ်တဲ့ သူ့အစ်ကိုရဲ့ သား သူ့ရဲ့ တူကိုလည်း သူ့ရဲ့ သားက ပြန်သတ်လိမ့်ဦးမယ်။

လူသတ် စက်ဝိုင်းကြီး ဒီလို လည်နေတယ်လို့ ပြောရမယ်။ ဘယ်တော့ဆုံးမလဲ။ အဆိုးကို အဆိုးနဲ့ တုံ့ပြန်ရမယ်ဆိုတဲ့ လွဲမှားမှုအမြင် ရှိသရွေ့ မဆုံးနိုင်ဘူး။

ဒီလို လူသတ်ကွင်းကြီးက ချင်းတောင်တို့၊ နာဂတောင်တို့လို အရပ်တွေမှာသာ ရှိတာ မဟုတ်ဘူး။ မြန်မာပြည်ထဲက မြင်းခြံတို့ တလုပ်မြို့တို့လို နေရာမှာတောင် ရှိတတ်တယ်လို့ သိရတယ်။

သူ့အဖေကို ကိုယ်က သတ်တာကြောင့် ကိုယ့်ကို သူ့သားက ပြန်သတ် သူ့သားကို ကိုယ့်သား က ပြန်သတ် ဒါမျိုး ရှိတယ်တဲ့။

ဒီလိုမျိုး တောင်သာနယ်ထဲမှာလည်း စက်ကွင်း တစ်ကွင်း နှစ်ကွင်း ရှိတယ်။ ဘီလူးကျွန်း မြို့နယ်မှာလည်း စက်ကွင်း နှစ်ကွင်း သုံးကွင်း ရှိတာ တွေ့ရတယ်။

ဒီလို လူသတ် ကွင်းတွေဟာ ဗုဒ္ဓဘာသာဝင်တွေ နေတဲ့ ဒေသတွင်းမှာ ရှိနေတာဆိုတော့ ဒါ တို့ဘုန်းကြီးတွေ ညံ့နေလို့ ရှိနေရတာလို့ တွေးမိပါတယ်။ လူတွေရဲ့ ပြေငြိမ်းရာ ပြေငြိမ်းကြောင်းကို တို့ဘုန်းကြီးဆိုတဲ့ သူတွေက လုပ်ပေးရမှာ မဟုတ်လား။ ဘုန်းကြီးက ဒိုင်ပဲလေ။ ဆိုးကြ ဆာကြသူ တွေအတွက် ဘုန်းကြီးက ဒိုင်အဖြစ် နေရသူ မဟုတ်လား။

ဒိုင် ဆိုတာကတော့ ပြေငြိမ်းကြောင်း တကယ် ပြေလည်တဲ့ အနေအထားမျိုး ရောက်အောင် ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒိုင်လုပ်သူတွေက ဒီလို မရှင်းပေးနိုင်တဲ့အတွက် တောင်သာတို့၊ မြင်းခြံ တို့ နယ်ထဲမှာတောင် လူသတ်စက်ကွင်းတွေ ရှိနေပါတယ်။ တကယ်ပြောရရင် ဟင်္သာတတို့ မော်လ မြိုင်တို့ အစစ နယ်တွေမှာလည်း မရှိဘူးလို့ မပြောနိုင်ဘူး။ နေရာတကာ ရှိနေနိုင်ပါတယ်။

ဆိုလိုတာက ရန်ကို ရန်နဲ့ တုံ့နှင်းလို့ မပြေလည်ပါဘူး။ ဒါကို သဘောပေါက်ရင် အနည်းဆုံး ကိုယ်နဲ့ အတူတူ နေကြတဲ့ သားမယားကစပြီး ကိုယ့်ရဲ့ မွေးချင်း သားချင်း၊ ကိုယ့်ရဲ့ မိတ်ဆွေ သင်္ဂဟ

အကုန်လုံး ဘယ်သူတွေ ဘယ်လောက် ဆိုးဆိုး ငါကတော့ သူတို့ကို အဆိုးနဲ့ မတုံ့ပြန်ဘူး။ သက္ကာယမိစ္ဆာဒိဋ္ဌိကို ဖြုတ်နိုင်ပြီ ဖြစ်တဲ့ ငါကတော့ သူတို့ရဲ့ အဆိုးဒဏ်ကို မခံရအောင် လွတ်လွတ် ရှောင်ဖို့ပဲ ငါ လုံးပမ်းရလိမ့်မယ်လို့ သိရပါမယ်။

သူက ဆိုးလို့မို့ သူ့အဆိုးကို ကိုယ်က အဆိုး တစ်ခုခုနဲ့ ချေလိုက်ခါမှ ကိုယ်လည်း လူဆိုးဘဝရောက်ရတော့မယ်။ ဒီလို မဖြစ်ရအောင် သက္ကာယမိစ္ဆာဒိဋ္ဌိကို ဖြုတ်ရပါမယ်။

လောကကြီးက အကန်းလောကကြီးတဲ့။ ကန်းကြတဲ့အတွက် ဆိုးသူတွေထဲမှာ ကိုယ် မပါစေနဲ့။ ကိုယ်က စပြီး မဆိုးစေနဲ့။ သူများ ဆိုးတာတွေကိုလည်း ကိုယ်က အဆိုးနဲ့ မတုံ့ပြန်မိစေနဲ့။

ဆိုးတဲ့သူတစ်ယောက်ယောက်က လုပ်လိုက်တာကို ကိုယ် လွတ်အောင် မရှောင်နိုင်တဲ့အတွက် ခံချင်ခံရမယ်။ ကိုယ် ခံရတဲ့အတွက် သူ့ကို ဆယ်ဆလောက် ခံရအောင် ငါ ပြန်လုပ်မယ် ဆိုတာမျိုး မဖြစ်ပါစေနဲ့။ ပြန်ချေရင် ကိုယ်လည်း လူဆိုးတွေထဲက လူဆိုးပဲ ဖြစ်သွားလိမ့်မယ်။ အကန်းတွေထဲက အကန်းတစ်ယောက်ပဲ ဖြစ်သွားလိမ့်မယ်။

## ဗုဒ္ဓဘုရား ရှာတွေ့ခဲ့တဲ့ လမ်းကလေး

ဒီလို မဖြစ်အောင် သေသေချာချာ သတိထားပါ။ သက္ကာယမိစ္ဆာဒိဋ္ဌိ ဆိုတဲ့ အကန်းမြင် အရမ်းမြင်ကို စွန့်ပါ။ သမ္မာဒိဋ္ဌိ ဆိုတဲ့ အမှန်မြင်ကို စွဲမြဲထားပါ။

ငါ့အပေါ် ဘယ်လောက် ဆိုးတဲ့လူ ဖြစ်ဖြစ် ငါကတော့ ပြန်ပြီး မဆိုးဘူး။ ငါ မကြိုက်တဲ့ လုပ်ရပ်မျိုး သူ့အပေါ် ပြန်မလုပ်ဘူး။ ငါ မကြိုက်တဲ့ ဖြစ်ရပ်မျိုး သူ့ကို ပြန်မပေးဘူး။ ဒီလို သဘောထားပါ။

ကိုယ့်ကို လက်သီးနဲ့ ထိုးရင် ကြိုက်မလား။ ကိုယ့်ကို ဆဲရင် ကြိုက်မလား။ ကိုယ့်ကို မြည်တွန်တောက်တီးရင် ကြိုက်မလား။ မကြိုက်မှာ သေချာပါတယ်။ ကိုယ် မကြိုက်တာ သူ့ကို ပြန်လုပ်ရင် သူ မကြိုက်မှာ ဆိုတော့ အဆိုးကို အဆိုးနဲ့ တုံ့ပြန်လို့ ဘယ်ဖြစ်မလဲ။ ဘယ် ပြေလည်မလဲ။ ဒီတော့ ကိုယ်က စောင့်စည်းရမယ်။ သည်းခံပြီး ရှောင်လွှဲရမယ်။ ဒါ က တကယ့် လမ်းကြောင်းမှန်ပဲ။

လူတစ်ယောက် သွားရမယ့် လမ်းကြောင်းမှန်ကလေးက ကျဉ်းကျဉ်းကျပ်ကျပ်ကလေး ဖြစ်ပါတယ်။ သူက စပြီး ဆိုးလာတာကို ကိုယ်က ပြန်ပြီး မဆိုးဘဲ နေနိုင်ဖို့က တော်တော် ကျပ်ပါတယ်။ ကိုယ်က စပြီး မဆိုးဖို့က သိပ်မခက်လှဘူး။ သူ ဆိုးတာကို ကိုယ် ပြန်မဆိုးဖို့ကျတော့ ကျပ်တယ်။ ခက်တယ်။

ဒါကြောင့် ဒါကလေးကို မဇ္ဈိမပဋိပဒါ လို့ ခေါ်တယ်။ အလယ်အလတ်လမ်း လို့ ခေါ်တယ်။

ကိုယ်ကတော့ စပြီး မဆိုးဘူး။ သူက ဆိုးလာရင်တော့ ကိုယ်ခံနိုင်ဖို့ မလွယ်ဘူး။ ကိုယ် ပြန်မဆိုးဖို့ ခက်တယ်။ ဒီလို ဖြစ်နေကျ ဆိုတော့ ဒီလမ်းကလေးကို ဘယ်သူမှ မသိဘဲ ဖြစ်နေတယ်။ ဒီလို မသိကြတဲ့အတွက် ဒီလမ်းလေးကို ကျယ်သည်ထက် ကျယ်လာတယ်၊ ဖုံသည်ထက် ဖုံလာအောင် ဘယ်သူမှ မဖောက်ဘဲ ဖြစ်ခဲ့ရပါတယ်။

ဒီလမ်းကလေးကို ကျုပ်တို့ ဘုရား စတွေ့ခဲ့ပါတယ်။ ကျုပ်တို့ ဘုရားသာ မတွေ့ခဲ့ရင် ဘယ်သူမှ ရမှာ မဟုတ်ဘူး။ ကျုပ်တို့ ဘုရားက ရှာတွေ့ခဲ့တဲ့ တရားဆိုတာ ဒီအလယ်အလတ်လမ်း ပါပဲ။

ဘုရားဆိုတော့ သိပ်ကြီး ထူးခြားလွန်းတဲ့ ပုဂ္ဂိုလ်ကြီးအဖြစ် မြှင့်ပြီး ကြည့်ချင် ကြည့်မိမယ်။ မြှင့် မကြည့်ပါနဲ့။ ဘုရားလည်း ကျုပ်တို့လို လူ ပါပဲ။ အတူတူပါပဲ။ ဒါ ပေမဲ့ သူက လောကကြီးကို ကြည့်တယ်။ လောကကြီးက ပလုံးရှုပ်ထွေးပဲ။

ဟိုသူက ဟိုသူ အပေါ် ညစ်ပတ်။ ဟိုသူက ဟိုသူ အပေါ် ဆိုးဆာ။ ဒီလို ဆိုးဆိုးဆာဆာ ညစ်ညစ်ပတ်ပတ်နဲ့ နေနေကြတော့ ဒီလောကကြီးက နေဖို့ရန် မကောင်းပါဘူး။ ဒီလို လိမ်လိမ်ကောက်ကောက် နေကြတဲ့ အနေအထားမှာ ငါ က ဘာနဲ့သွားပြီး အဖတ်ဆယ်မှာလဲ။ ဒီလို မြင်ခဲ့တယ်။

ပြောရမယ်ဆိုရင် သူ့ဒေသ သူ့အစုအမက်မှာ သူက ဗိုလ်ပဲ။ သူက ဗိုလ်ဆိုတော့ ဒီ့ထက် ချမ်းသာအောင်လည်း လုပ်စရာက မရှိတော့ဘူးလို့ ပြောရမယ်။ ဒါ့ကြောင့် သူက လောကကြီးကို ကြည့်နိုင်တယ်။

သာမန် လူတစ်ယောက်ကနေ မွေးတဲ့သူကတော့ သာမန် လူတစ်ယောက်လို လုပ်နေရတာ ဆိုတော့ လောကကြီးနဲ့ ပတ်သက်လို့ မကြည့်နိုင်ဘူး။ မမြင်နိုင်ဘူး။ မတွေးနိုင်ဘူး။ ကိုယ့်အိမ်ထောင်လေးနဲ့ ကိုယ့်သားသမီးလေးနဲ့ စီးပွားရေး ဖြစ်ဖို့ကို လုံးပန်းနေရတာ ဆိုတော့ တကယ့် လောကကြီးကို မကြည့်နိုင်ဘူး။ မကြည့်နိုင်တော့လည်း မမြင်နိုင်တော့ဘူးပေါ့။ မကြည့်နိုင် မမြင်နိုင်တော့ ဘာမှ တွေးခေါ်နိုင်မှာလည်း မဟုတ်ဘူး။

ဘုရားဖြစ်တဲ့ သိဒ္ဓတ္ထမင်းသားကတော့ ထိပ်ဆုံး ရောက်နေပါပြီ။ ထိပ်ဆုံး ရောက်နေပြီ ဖြစ်တဲ့အတွက် ကြီးပွားအောင်လည်း ကြည့်ဖို့ မလိုဘူး။ ကြီးပွား စီးပွားနဲ့ ပြည့်စုံတောင်မှ ရှေ့တက်စရာ လမ်းက တစ်ပုံတစ်ထွေးကြီး ရှိနေသေးတယ် ဆိုရင် ဒီတက်စရာ လမ်းကို လှမ်းနေရတာနဲ့ ဘာမှ သိပ် တွေးနိုင်မှာ မဟုတ်ဘူး။

သိဒ္ဓတ္ထ အတွက်တော့ တက်စရာ လမ်းလည်း မရှိတော့ဘူး။ သူက အထွတ်အထိပ်ကို ရောက်နေပြီ။ ရှင်ဘုရင့်သား ဆိုတော့ ဘာမှ လိုလေသေး မရှိတော့ဘူး။ ဒီတော့ သူက လောကကြီးကို ကြည့်တယ်။ လူသူ လေးပါးကို ကြည့်တယ်။ ဒီအခါမှာ လူတွေ တစ်ယောက်ကို တစ်ယောက် သစ္စာ မရှိတာ တွေ့ရတော့တာပဲ။

သိဒ္ဓတ္ထ ကြည့်တဲ့အတိုင်း ကြည့်လိုက်ရင် ဒီအတိုင်းပဲ တွေ့ရမှာ ဖြစ်ပါတယ်။ ကျုပ်တို့ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ လူတွေမှာ တစ်ယောက်ကို တစ်ယောက် တကယ် သစ္စာ ရှိနေတဲ့သူက ရှားမှာပါ။ မက်စရာ ကောင်းလောက်အောင်အထိ စားလောက် သောက်လောက်အောင်အထိ မရရင် မလိမ်မကောက်ဘဲ ရိုးဖြောင့်တာမျိုး ရှိချင် ရှိပါလိမ့်မယ်။ မဖြစ်စလောက်နဲ့ ငါ့နာမည် အပျက်မခံနိုင်ဘူး ဆိုပြီး ရိုးသားတာမျိုးပဲ များပါလိမ့်မယ်။

ကိုယ့်ဘဝ တစ်သက်တာအတွက် လုံလောက်အောင် ရမယ်ဆိုရင်တော့ လိမ်ကြ ကောက်ကြဖို့ များပါတယ်။ ဒါကြောင့် လောကကြီးဟာ တကယ် သစ္စာ မရှိပါဘူး။ ဒါကို ရဲရဲ မြင်အောင် ကြည့်ပါ။ သစ္စာ မရှိဘူး ဆိုတော့ လောကကြီးကလည်း ဘယ်ကောင်းပါ့မလဲ။

## လမ်း နှစ်သွယ်ကို အမှန် သိအောင် ကြိုးစား

တစ်နေ့က တွေးမိတာလေး ပြောရဦးမယ်။ ကလေးတွေနဲ့ ပတ်သက်ပြီး တွေးမိတာကလေးပါ ။ ကလေးတွေဟာ ချစ်စရာကောင်းတယ်။ ဒါ ဘာဖြစ်လို့လဲလို့ တွေးမိတာပါ။ ကလေးတွေမှာ ဘာမှ ပလီပလာ မရှိဘူး။ ဘာမှ လိမ်လိမ်ကောက်ကောက် မရှိဘူး။ ဘာမှ ဆိုးဆိုးသွမ်းသွမ်း မရှိဘူး။ ဒီတော့ ကလေးတွေဟာ ချစ်စရာလေးတွေ ဖြစ်နေတယ်။ ကလေးတိုင်းလိုလို ချစ်စရာကောင်းတယ်။ လူတိုင်းကလည်း ကလေးဆိုရင် ချစ်ကြတာ ချည်းပဲ။

ဒီကလေးတွေ ကြီးလာတဲ့ အခါကျတော့ မိဘလုပ်သူက ကျောင်းကို ပို့ကြတယ်။ ကိုယ်က ဘာမှ သင်ပေးတတ်တာ မဟုတ်တော့ ပို့ရတာပေါ့။ ကျောင်းရောက်မှ ဆရာ၊ ဆရာမတွေက ကမ္ဘာကြီးက ဘယ်လို၊ သိပ္ပံပညာက ဘယ်လို၊ သင်္ချာပညာက ဘယ်လို၊ သမိုင်းပညာက ဘယ်လို အစစ သင်ပေးပါတယ်။

ကျောင်းမှာ သင်ကြားရင်း လူမှု အဆောက်အအုံထဲကို သူ ဝင်သွားပါတယ်။ အပေါင်းအသင်းတွေ ရတယ်။ မိတ်ဆွေ သင်္ဂဟတွေ ရတယ်။ ဒီလိုနဲ့ သူ ကြီးလာတယ်။ ကြီးလာရင်း သုံးစွဲစရာတွေ သိလာတယ်။

ဒီတော့ သုံးစရာ သုံးနိုင်ဖို့၊ စားစရာ စားနိုင်ဖို့၊ ပျော်စရာ ပျော်နိုင်ဖို့ ပိုက်ဆံက လိုလာတယ်။ ဒါပေမဲ့ သူ့မှာက ပိုက်ဆံ မရှိသေးဘူး။ ဘယ်လို လုပ်မလဲ။ ပိုက်ဆံ မရှိတဲ့အခါမှာ ဘယ်သူ့ကို လိမ်ရမလဲ။ ဘယ်သူ့ဟာကို ခိုးရမလဲ။ ဒီလို စိတ် ဝင်လာတယ်။ ကလေးတွေ နည်းနည်း ကြီးလာရင် ဒီလို စိတ် ဝင်လာတတ်ပါတယ်။ ငယ်ရာကနေ ကြီးလာတာနဲ့အမျှ ငယ်ငယ်ကလို မဖြောင့်နိုင်တော့ဘဲ ဖြစ်လာတတ်တယ်။

မိဘရဲ့ ရင်ခွင်ထဲမှာ နေရတုန်းတော့ အလုပ် လုပ်ဖို့ မလိုလှဘူး။ မိဘရင်ခွင်ထဲက ထွက်ပြီး ကိုယ့်ဒူး ကိုယ့်ချွန် လုပ်လာရပြီ ဆိုတဲ့အခါမှာ စီးပွားဖြစ်ဖို့ကလည်း လိုလာပြီ။ စီးပွားလုပ်ကြတော့

လည်း လွယ်လွယ်ကူကူ ချောချောမောမော ဖြစ်တတ်တာ မဟုတ်ဘူး။ ဘယ်လို နေရင်တော့ ပျော်မှာ ပဲဆိုပြီး ပျော်အောင် နေကြပေမဲ့ ပျော်စရာနောက် လိုက်တာကလည်း သိပ်ပျော်လှမယ် မထင်ဘူး။

အောင်မြင်မှုကလည်း ဘာမှ ဖြစ်လှတာ မဟုတ်တော့ လူဟာ ရင့်ထော်လာကြတယ်။ ဆိုလို တာက စိတ်တွေ ကြမ်းတမ်း လာကြတယ်။ သူများရဲ့ ဖိစီးနှိပ်စက်မှုကို မခံရအောင်ကလည်း ကိုယ်က လုပ်ရမှာ ဆိုတော့ လူတွေဟာ မာဆတ်ဆတ် ဖြစ်လာကြတယ်။ မာဆတ်ဆတ် ဖြစ်လာပြီ ဆိုရင် လူဟာ သိပ်မဟုတ်တော့ဘူး။ အမြင်ကတ်စရာ ဖြစ်လာပြီ။ ချစ်စရာ မကောင်းတော့ဘူး။ ဘဝရဲ့ လောကဓံက ဖိတဲ့အတွက် လူတွေဟာ ဒီလို အမြင်ကတ်စရာ ဖြစ်လာရပါတယ်။ ကလေးတုန်းက ချစ်စရာလေးတွေ ဘယ်ရောက်သွားသလဲ။

ဘဝရဲ့ လောကဓံရဲ့ ဖိစီးမှုကို လူတိုင်း ခံရတာပါ။ သိဒ္ဓတ္ထလည်း ဒါကို ခံရတယ်လို့ ပြောရမှာ ပါပဲ။ သိဒ္ဓတ္ထ ဝန်းကျင်မှာလည်း ဒီလိုပဲ ဖြစ်ထွန်းနေတယ်လို့ ပြောရပါမယ်။ ဒါကို သိဒ္ဓတ္ထက တွေ့တယ်။ တွေ့တဲ့အခါမှာ ဒါကို သူက ပျောက်ပျက်စေချင်တယ်။ ဒါမျိုးတွေ ကင်းရှင်းစေချင်တယ်။ ဒါမျိုး မရှိဖို့အတွက် သူ တရားရှာတာပဲ။ ထီးနန်းကို စွန့်ပြီး တောထွက်တော့တာပဲ။

ဒါပေမဲ့ လွယ်လွယ်နဲ့ သူ တရားကို မတွေ့ပါဘူး။ ရှိရှိသမျှ အကျင့်မျိုးစုံကို အဆုံးစွန် ကျင့်ကြံ ကြည့်ပေမဲ့ သိဒ္ဓတ္ထ တရား မတွေ့ပါဘူး။ သေလုမျောပါး အနေအထားထိ ရောက်အောင် အားထုတ် ပေမဲ့ သူ တရား မတွေ့ခဲ့ပါဘူး။ ဒီတော့လည်း သူ လက်လျှော့လိုက်ရပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ ပထမတော့ အိမ်ထောင်သားမွေး အလုပ်ကို စွန့်ခဲ့ပါတယ်။ စီးပွား ကြီးပွား အလုပ်ကို စွန့်ခဲ့ပါတယ်။ အာရုံခံစားမှုတွေကို စွန့်လွှတ်ခဲ့ပါတယ်။ ဒီလို စွန့်လွှတ်ပြီးတဲ့ နောက် ယောဂအကျင့်တွေကို သူ ကျင့်ခဲ့တယ်။ ဒါပေမဲ့ ယောဂအကျင့်တွေကြောင့်လည်း တရား မရ ဘူး။ ဒီတော့ အားထုတ်မှုတွေကို သူ လက်လွှတ်ရပြန်တယ်။

သိဒ္ဓတ္ထဟာ အချက် နှစ်ချက်ကို လက်လွှတ်လိုက်ရပြီလို့ ပြောရပါမယ်။ ပထမ အာရုံခံစားမှု နောက် လိုက်စားတဲ့ အချက်ကို သူ လက်လွှတ်ခဲ့ရတယ်။ ဒုတိယ ယောဂအကျင့်တွေ အားထုတ်ရတဲ့ အချက်ကို လက်လွှတ်ရပြန်တယ်။ ဒါကို သေသေချာချာ သိထားရပါလိမ့်မယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိ ကြည်ကြည်စင်စင် ပြုတ်ဖို့အတွက် ဒါကို သိဖို့ လိုပါတယ်။

လူဟာ အဆင်းတွေနောက် လိုက်ပြီး ခံစားနေမယ်။ အသံတွေနောက် လိုက်ပြီး ခံစားနေမယ်။ အနံ့တွေ၊ အရသာတွေ၊ အထိအတွေ့တွေနောက် လိုက်ပြီး ခံစားနေမယ်ဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့ မရှိဘူးလို့ ပြောရမယ်။

တစ်ခါ အဆင်းတွေ အသံတွေကို ပယ်တဲ့အနေနဲ့ မျက်စေ့ကိုလည်း အလုပ် မလုပ်တော့ဘူး။ နားတွေ နှာခေါင်းတွေကိုလည်း အလုပ် မလုပ်တော့ဘူး။ ပါးစပ်ကလည်း မသေရုံပဲ စားတော့မယ်။

ပြောမယ်ဆိုရင် အာရုံခံ အင်္ဂါတွေကို အသုံးမချဘဲ နေတော့မယ်။ ဒီလို ယောဂအကျင့်မျိုး ကျင့်ပြန်ရင်လည်း သက္ကာယမိစ္ဆာဒိဋ္ဌိက မပြုတ်ပြန်ဘူး။

သိဒ္ဓတ္ထလည်း ဒီအချက်ကို သိလိုက်တယ်။ ဒီတော့ သူ ဘာလုပ်သလဲ။ သူက ရိုးရိုးလူလိုပဲ နေလိုက်တော့တယ်။ ဒီလို ရိုးရိုးလူလို နေလိုက်တာဟာ အလယ်အလတ်လမ်း ပွင့်သွားတာပါပဲ။ လူလို နေမယ်ဆိုတာက စားစရာ ကောင်းကောင်းနောက်ကိုလည်း မလိုက်ဘူး။

ဒီလိုဆိုတော့ စားစရာ မကောင်းတဲ့နောက် လိုက်ရမှာလား။ ဝတ်စရာ မကောင်းတဲ့နောက် လိုက်ရမှာလား။ ဒီလိုလည်း မဟုတ်ပြန်ဘူး။ သာမန် မှန်တမ်းအဖြစ် နေတယ်။ သိဒ္ဓတ္ထဆိုရင် ဒီ အစွန်းနှစ်ခုကို စွန့်လွှတ်ပြီးတဲ့နောက် အလယ်လမ်းပေါ် ရောက်လာခဲ့ပါတယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ချင်တယ်ဆိုရင် ပထမဆုံးက ဒီအာရုံငါးပါးတွေနောက် လိုက်နေတာမျိုး မလုပ်ပါနဲ့။ ကောင်းသည်ထက် ကောင်း ခံစားရတာတွေနောက်ကို လိုက်တာမျိုး မလုပ်ရဘူးဆိုရင် မခံစားရအောင် လုပ်ရမှာလား။ ဒီလိုလည်း မလုပ်နဲ့လို့ ပြောရပါမယ်။ ဒါလေးက လမ်းကျပ်ကလေး၊ ကျပ်တည်းတဲ့ လမ်းကလေး။

အာရုံငါးပါးတွေနောက် လိုက်ပြီး ကောင်းသည်ထက် ကောင်း ခံစားမယ်ဆိုရင် ဒါ က အစွန်းလမ်းတစ်လမ်း ဖြစ်ပါတယ်။ ဒီလို မဟုတ်ဘဲ ကောင်းတာဆိုရင် ငါ အကုန်စွန့်မယ် ဆိုပြန်ရင်လည်း ဒါ က အစွန်းလမ်းတစ်လမ်း။ ဒီအစွန်းလမ်း နှစ်လမ်းလုံးကို ရှောင်ရပါမယ်။

ဒီတော့ ကိုယ် ကျရောက်တဲ့ အထိုက်အလျောက်နဲ့ပဲ ကိုယ်က နေပြီးတော့ အာရုံငါးပါးကို သုံးဆောင်ပါ။ ဒီလို အထိုက်အလျောက် သုံးဆောင်ရင်၊ ရိုးရိုးလေး နေလိုက်ရင် ဘာကိုမှ အားထုတ်နေတာမျိုး မဟုတ်ဘဲ နေလိုက်မယ်ဆိုရင် သိလာတာ တစ်ခု ရှိတယ်။ လောကမှာ ဘယ်သူဟာ လေးစားတာ ခံရသလဲ။ ဘယ်သူဟာ မလေးမစား ပစ်ပယ်ခံရသလဲ။ ဒါကို သိလာပါလိမ့်မယ်။

ဘယ်လို နေတဲ့သူဟာ လေးစားမြတ်နိုးတာ ခံရသလဲ။ ဘယ်လို နေတဲ့သူဟာ ရွံမုန်း စက်ဆုပ်တာ ခံရသလဲ။

ဆိုပါစို့။ ရွှေ ငွေ ရတနာ စည်းစိမ် ဥစ္စာနောက်ကို လိုက်တာလည်း မဟုတ်ဘူး။ အကုန်ပစ်ပယ်ပြီး နေတာလည်း မဟုတ်ဘူးဆိုရင် ဒီလူဟာ ရိုးရိုးလေး မြင်လာလိမ့်မယ်။

တကယ်တော့ ရွှေ ငွေ ရတနာ စည်းစိမ် ဥစ္စာနောက် လိုက်တဲ့သူက ဒီလို လိုက်တာကိုပဲ လေးစား မြတ်နိုးစရာလို့ မြင်နေလိမ့်မယ်။ ရွှေ ငွေ ရတနာ စည်းစိမ် ဥစ္စာကို ပစ်ပြီး ကျင့်နေတဲ့ သူကလည်း ဒီလို ကျင့်နေတာကိုပဲ လေးစား မြတ်နိုးစရာလို့ မြင်နေလိမ့်မယ်။

ဒီအစွန်းနှစ်ခု လွှတ်တဲ့သူကတော့ လောကကြီးကို ရိုးရိုးစင်းစင်း မြင်လာတယ်။ တကယ့် မြတ်နိုး လေးစားစရာ အစစ်အမှန်ကို မြင်လာတယ်။

ဘုရား ဖြစ်သွားတဲ့ သိဒ္ဓတ္ထလည်း ဒါကို မြင်သွားတယ်လို့ ပြောရပါမယ်။ သိဒ္ဓတ္ထက အစွန်း နှစ်ပါးကို စွန့်လွှတ်လိုက်တယ်။ အစွန်းနှစ်ပါးကို စွန့်လွှတ်လိုက်တဲ့ အချိန်မှာ သိဒ္ဓတ္ထဟာ သစ်ပင် အောက်မှာ ထိုင်နေပါတယ်။ သူ့မှာ ဘာအလုပ်မှ မရှိတော့ဘူး။

## ကလေးတိုင်းကို ချစ်ကြ ခင်ကြ ယုယကြ

ဒီလို ဘာ အလုပ်မှမရှိဘဲ ဘာ အားထုတ်မှုမှမရှိဘဲ မှန်တမ်း အနေအထားမျိုး ရှိနေတဲ့အခါ မှာ သူ ငယ်ငယ်ဘဝကို ပြန်မြင်လာတယ်ဆိုတာ ဘာကို ကြည့်လိုက်လို့ မြင်တာ မဟုတ်ဘူး။ သူ့ အလိုလို ပြန်မြင်လာတာ။

သူ ကလေးဘဝတုန်းက သူ့ကို သူ့ဖခင်က ရှိခိုးဦးတင် လုပ်ခဲ့တာကို ပြန်မြင်တယ်။ ကလေး ကို ဘာကြောင့်ရှိခိုးရတာလဲလို့ သူ တွေးပါတယ်။ ဒီကလေးကို ရှင်ဘုရင်ဖြစ်တဲ့ ဖခင်က ဘာကြောင့် လေးစားမြတ်နိုးမှု ပြတာလဲ။ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ဘာကြောင့် လေးစားမှု ပြတာလဲ။

ခင်ဗျားတို့လည်း ကလေးတွေကို ပြုစုနေကြတာပဲ။ တခြားသူတွေလည်း ကလေးတွေကို ပြုစု နေကြတာပဲ။ လူတိုင်းလိုလို ကလေးတွေကို ချစ်ခင်ကြတယ်။ မြတ်နိုးကြတယ်။ ပြုစု ယုယနေကြ တယ်။ ဘာဖြစ်လို့ ချစ်ခင် မြတ်နိုးကြတာလဲ။ ကလေးက ဘာလုပ်ပေးလို့လဲ။ တကယ်တော့ ကလေး က ဘာမှ မလုပ်ပေးဘူး။ ဘာမှ မလုပ်ပေးပေမဲ့ သူ့ကို မြတ်နိုး ချစ်ခင်ကြတယ်။ ဘာဖြစ်လို့လဲ။

ကလေးတွေကို ကြည့်လိုက်ရင် သူတို့ စိတ်ဓာတ်က အဘိဇ္ဈာ လို့ဆိုတဲ့ ဆိုးဆိုးဝါးဝါး အလို တွေလည်း မရှိတာ တွေ့ရမယ်။ ဒေါမနဿ လို့ဆိုတဲ့ ဆိုးဆိုးဝါးဝါး ဖျက်လိုဖျက်ဆီး စိတ်ဓာတ်တွေ မရှိတာလည်း တွေ့ရမယ်။ ဒီအနေအထားဟာ တကယ့် ပုံမှန် အနေအထားပဲ။

ဒီပုံမှန်အနေအထားက လေးစား မြတ်နိုးစရာပဲလို့ သိဒ္ဓတ္ထ သိလိုက်တယ်။ သိတော့ ဒီပုံမှန် အနေအထားအတိုင်း ငါ ဖြစ်အောင် နေမှပဲလို့ တွေးမိတယ်။ ဒါဟာ သိဒ္ဓတ္ထမင်းသား သက္ကာယ မိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့ လမ်းပွင့်သွားတာပဲ။

ခင်ဗျားတို့လည်း လောကကို ဒီလိုပဲ မြင်ရပါ့မယ်။ ကျုပ်တို့က သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ဗျာလို့ ပြောလိုက်လို့ လွယ်လွယ်ကူကူလေး ဖြုတ်နိုင်မယ်လို့ မအောက်မေ့ကြနဲ့။ သက္ကာယမိစ္ဆာဒိဋ္ဌိကို ဖြုတ် ချင်ရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိခြင်းကြောင့် ဖြစ်နေရတဲ့ လောကရဲ့ ညစ်ပတ် ရှုပ်ထွေးတဲ့ ဖြစ်ရပ်ကို မြင်အောင် ကြည့်ရပါမယ်။

လောကရဲ့ ညစ်ပတ် ရှုပ်ထွေးနေတဲ့ ဖြစ်ရပ်ကို မြင်မှ လောကကို သန့်စင်တယ်ဆိုတာ ဘယ်လိုဟာလဲ ဆိုတာကို ကိုယ်က ပြန်တွေးမှာ မဟုတ်လား။ လောကကို သန့်စင်တယ်ဆိုတာ ဘယ် လိုဟာလဲလို့ ပြန်တွေးမှ ဘယ်အဖြစ်ကလေးဟာ သန့်စင်တယ်ဆိုတာကို ကိုယ် သိမှာ မဟုတ်လား။

သန့်စင်တဲ့ အဖြစ်ကလေးကို သိမှ ဒီအဖြစ်မျိုးကို ရောက်အောင် ဘာလုပ်ရမယ်ဆိုတာ သိမှာ မဟုတ်လား။

ဒီတော့ သက္ကာယဒိဋ္ဌိ ဖြုတ်တာ လွယ်လှတာ မဟုတ်ဘူးလို့ ပြောရမယ်။ အခု ပြောနေတာ ဘုရားကြည့်ခဲ့တဲ့ အကွက်အတိုင်း ပြောနေတာ ဖြစ်ပါတယ်။

ဘုရားက ဘာလုပ်သလဲ။ ယောဂအကျင့် နှစ်ခုကို သူ စွန့်လိုက်တယ်။ ယောဂတစ်ခုက ကာမသုခလ္လိကာနုယောဂ။ ဘယ်လို ကောင်းကောင်းတွေ စားလိုက်မယ်။ ဘယ်လို ကောင်းကောင်းတွေ ဝတ်လိုက်မယ် ဆိုပြီး အာရုံခံစားမှု ကောင်းကောင်းတွေရအောင် အားထုတ်နေတဲ့ အကျင့်။

နောက် ယောဂတစ်ခုက အတ္တကိလမထာနုယောဂ။ အာရုံခံစားမှု မှန်သမျှကို စွန့်ပစ်ပြီး ဘယ်မှာ သွားကျင့်ကြံမယ်။ ဘယ်မှာ သွားအားထုတ်မယ်။ ရှုထုတ်တာ၊ ရှုသွင်းတာ၊ ဖြစ်တာ၊ ပျက်တာ၊ ဘာမှ မရှိတာ စတဲ့ ရူပဈာန်တွေ၊ အရူပဈာန်တွေထဲ နစ်နေအောင် အားထုတ်တဲ့ အကျင့်။ ဒီယောဂ နှစ်ခုစလုံးကို တကယ်မှန်တာ မဟုတ်ဘူး ဆိုပြီး သူ စွန့်လွှတ်လိုက်တယ်။

ဒီလို စွန့်ပစ်လိုက်ပြီး သာမန် မှန်တမ်းနေလိုက်တဲ့အခါ လေးစား မြတ်နိုးစရာ ကောင်းတဲ့ ကလေးငယ်ရဲ့ အရည်အသွေးကို သူ မြင်သွားတယ်။ လူတိုင်းက ကလေးဆိုရင် ချစ်ကြ ခင်ကြတယ်။ မြတ်နိုး ယုယကြတယ်။ ကလေးတွေ ဒုက္ခရောက်ရင် ကူညီ ရိုင်းပင်းချင်ကြတယ်။

## သုံးခု လည်ပတ် ဝဋ္ဋ စရဏ

ဘာကြောင့်လဲဆိုတာ ပြန်ပြီး အဖြေ ထုတ်ကြည့်တော့ ကလေးမှာ စိတ်ဆိုး စိတ်ဆာ မရှိတာ သူ မြင်သွားတယ်။ စိတ်ဆိုး စိတ်ဆာ မရှိတာဟာ လူရဲ့ အကောင်းဆုံး အရည်အသွေးပဲလို့ သိသွားတယ်။ စိတ်ဆိုး စိတ်ဆာ မရှိတာဟာ အတော်ကောင်းပါလား။ ငါလည်း စိတ်ဆိုး စိတ်ဆာ မရှိအောင် နေဖို့ လိုတယ်လို့ သိသွားပါတယ်။

စိတ်ဆိုး စိတ်ဆာ မရှိဘဲ နေနိုင်ဖို့အတွက် စိတ်ဆိုး စိတ်ဆာ ရှိတဲ့လူတွေမှာ ဖြစ်တဲ့ ဒုက္ခတွေဟာ ဘာတွေလဲလို့ မြင်ရမှာ မဟုတ်လား။ စိတ်ဆိုး စိတ်ဆာ ဘာကြောင့် ဖြစ်ရတာလဲဆိုရင် ယခင်တုန်းက ခံစားချက် အဆိုးတွေ သူ့မှာ ရှိခဲ့လို့ စိတ်ဆိုး စိတ်ဆာ ဖြစ်တာကို တွေ့ရမယ်။

စိတ်ဆိုး စိတ်ဆာ တစ်ခုခု ဖြစ်ချင်ပြီ ဆိုရင် ဘာဖြစ်လို့ ဖြစ်ချင်တာလဲ။ ယခင်က သူ့ကို ဝေါက်နေကျမို့ အခု သူ့ကို ဝေါက်ချင်နေတာလား။ ယခင်က သူ့ကို အနိုင်ယူနေကျမို့ အခု သူ့ကို အနိုင်ယူချင်တာလား။

သေသေချာချာ ပြန်စစ်ကြည့်တော့ ယခင်က ခံစားချက်တွေကြောင့် အခု စိတ်ဆိုး စိတ်ဆာ ဖြစ်လာတာကို သိရတယ်။ ဒီတော့ ဒီခံစားချက်တွေကို စိတ်ဖြာ တွက်ချက် ရပါမယ်။

ကိုယ်ကနေပြီး တစ်စုံတစ်ခု သူ့ကို နိုင်ခဲ့ရင် နိုင်ခဲ့တဲ့အပေါ် ဝမ်းသာမှာပဲ။ သူ့အပေါ် အသာစီး ရခဲ့ရင် အသာစီး ရခဲ့တဲ့အပေါ် ဝမ်းသာမှာပဲ။ နိုင်ရတာတို့ အသာစီး ယူရတာတို့က ကောင်းလို့လား။ ငါ ဘယ်သူ့အပေါ် ငေါက်ရင် ရတယ်။ ဘယ်သူ့အပေါ် ရိုက်ရင် ရတယ်။ ဒီလို သိနေတာတွေ ရှိပါတယ်။ ဒါဟာ ခံစားချက်ထဲမှာ ဝိပါက်ထဲမှာ ရှိနေတာပါ။

ကိုယ် ငေါက်ရမယ့်လူ၊ ကိုယ် မငေါက်ရမယ့်လူ၊ ကိုယ် နိုင်ရမယ့်လူ၊ ကိုယ့် မနိုင်ရမယ့်လူ စတာတွေ ကိုယ် စာရင်းထဲမှာ ရှိနေပါတယ်။ ကိုယ် ငေါက်ရမယ့်သူ ဆိုတာ ငေါက်လို့ ရခဲ့ဖူးတဲ့ အတွက် ရှိနေတာ ဖြစ်ပါတယ်။ ကိုယ် ရိုက်ရမယ့်သူဆိုတာ ယခင်က ရိုက်လို့ ရခဲ့ဖူးတဲ့အတွက် ရှိနေတာ ဖြစ်ပါတယ်။ ဒါတွေဟာ ခံစားချက်တွေပါ။

ဒီအကျိုးဝိပါက် ခံစားချက်တွေကြောင့် ငေါက်ချင်တဲ့ စိတ်ဆိုး စိတ်ဆာတွေ ဖြစ်နေရတာပါ။ ရိုက်ချင်တဲ့ စိတ်ဆိုး စိတ်ဆာတွေ ဖြစ်နေရတာပါ။ ဒီလို ဝိပါက်ကို ပြန်မြင်တဲ့အခါမှာ ဒီလိုဆိုရင် နောက်ဆို ငါငေါက်လို့ မဖြစ်ဘူး။ ငေါက်တာ ရိုက်တာက ဘာလို့ ဖြစ်တာတုံးဆိုတော့ ယခင်တုန်းက ငေါက်ချင်တဲ့ စိတ်ဓာတ် ရိုက်ချင်တဲ့ စိတ်ဓာတ် စိတ်ဆိုး စိတ်ဆာ ရှိခဲ့လို့ပဲ။

ဆိုလိုတာက တစ်ပတ်လည်တာလို့ ပြောရပါမယ်။ အခု သူ့ကို ငေါက်ချင် ရိုက်ချင်တယ်။ ဘာကြောင့် ငေါက်ချင် ရိုက်ချင်တာလဲဆိုရင် ယခင်က ငေါက်ခဲ့ ရိုက်ခဲ့ဖူးလို့ ဖြစ်တယ်။ ယခင်က ဘာကြောင့် ငေါက်ခဲ့ ရိုက်ခဲ့တာလဲဆိုရင် ယခင်တုန်းက စိတ်ဆိုး စိတ်ဆာ ရှိလို့ဆိုတာ ပြန်တွေ့ရမယ်။ နောက်ပြန် လှည့်ကြည့်ရင် ဒါကို တွေ့ရပါတယ်။

ဆိုလိုတာက နိုင်ဖူးသူ ဆိုရင် နိုင်ချင်တာပဲ။ မနိုင်ဖူးသူ ဆိုရင်တော့ မနိုင်ချင်တော့ဘူးပေ့ါ။ ကြောက်ဖူးသူ ဆိုရင် ကြောက်ချင်တယ်။ မကြောက်ဖူးသူ ဆိုရင် မကြောက်ဘူး။ ဒီလို လည်ပတ်နေတာ ဖြစ်ရတယ်။ ဒီလို မကောင်းတာကြီး လည်ပတ်နေတာကို သိပါမယ်။ မတရားမှုကြီး လည်ပတ်နေတာကို သိရပါမယ်။

ဒီလို မတရားမှု တစ်ခု စိတ်ဆိုး စိတ်ဆာ တစ်ခုဟာ ကြောက်စရာ ကောင်းအောင် လည်ပတ်နေပါတယ်။ ဒါကြောင့် စိတ်ဆိုး စိတ်ဆာ မထားပါနဲ့။ ယခင်တုန်းက နိုင်ဖူးတာနဲ့ အခုတစ်ခါ နိုင်လိုက်ဦးမယ်ဆိုရင် နောက်လည်း ထပ်နိုင်ချင်နေဦးမယ်။

ယခင်တုန်းက နိုင်ဖူးလို့ အခု နိုင်ချင်၊ အခု နိုင်ချင်လို့ နိုင်၊ အခု နိုင်လို့ တစ်ခါ ထပ်နိုင်ချင်။ ဒီလို အနိုင်ယူချင်တဲ့ မတရားမှုကြီး တရစ်ပတ်ပတ် လည်နေပါတယ်။ ဒါကို မကောင်းဘူးလို့ သိရပါမယ်။

နိုင်ချင်တယ်။ နိုင်တယ်။ နိုင်တဲ့အပေါ် ခံစားရတာ သဘောကျတယ်။ ဒါကြောင့် ထပ်နိုင်ချင်တယ်။ ဒီအဖြစ်ဟာ ကိလေသာ ပါကလား။ ဒါဟာ ငါမဟုတ်ဘူး။ ငါ က လူ။ လည်ပတ်နေတာက လူမဟုတ်ဘူး။ ဒီလို မြင်ရပါမယ်။

ဒီလို လူနဲ့ လူမဟုတ်တဲ့ အရာကို ခွဲခြား သိမြင်ပြီး ကိုယ့်ကိုကိုယ် မြင်လိုက်တာဟာ သက္ကာယ မိစ္ဆာဒိဋ္ဌိ ပြုတ်သွားတာပဲ ဖြစ်ပါတယ်။

ဒီတော့ ပြောရမယ်ဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့အတွက် ဝဋ် သုံးပါး လည်ပတ်နေပုံကို သိရပါလိမ့်မယ်။

ငါ က သူ့ကို ဆဲချင်တယ်။ ဘာကြောင့် ဆဲချင်တာလဲ။ ယခင်တုန်းက သူ့အပေါ် ဆဲခဲ့ရတာကို အရသာ တွေ့ခဲ့လို့။ ဒါ ဝိပါက် ဖြစ်ပါတယ်။

ဘာကြောင့် အရသာ တွေ့ခဲ့ရတာလဲဆိုရင် ယခင်က ပယ်ပယ်နယ်နယ် ဆဲခဲ့ဖူးလို့ပဲ။ ဆဲခဲ့ဖူးမှ ဆဲတာရဲ့ အရသာကို တွေ့မှာ မဟုတ်လား။ ဆဲတာကို အရသာတွေ့မှ အခု ထပ်ပြီး ဆဲချင်မှာပေါ့။

အခု ဆဲချင်လို့ ထပ်ပြီး ဆဲဦးမယ်ဆိုရင် ဆဲတဲ့အတွက် ဆဲတဲ့ အရသာကို ပြန်ခံစားလိမ့်ဦးမှာပဲ။ ဒီလို လည်ပတ်နေတာကို ဝဋ် လို့ ခေါ်ပါတယ်။

ဆဲချင်တာက ကိလေသာ။ ဆဲတာက ကမ္မ။ ဆဲတာကို အရသာတွေ့တာက ဝိပါက။

ဒီလို ဝဋ် သုံးပါး လည်နေတာကို တွေ့ရတော့ ကိုယ် ဝဋ်လည်နေတာ ကိုယ် ပြန်တွေ့တော့တာပေါ့။ ဒီ ဝဋ်ကို သေသေချာချာ ကျေကျေညက်ညက် သိမှ ဝဋ်ဟာ ငါ မဟုတ်ဘူး။ ဝဋ်ဟာ ငါ့ အပေါ်မှာ လာရောက် ဖြစ်ထွန်းနေတဲ့ အရာသာ ဖြစ်တယ်လို့ သိပါမယ်။

ဝဋ်လည်တာကို မသိသရွေ့ ဝဋ်ကျွတ်ဖို့ရန် အကြောင်း မရှိပါဘူး။ ဝဋ်ဟာ ငါ မဟုတ်ပါလားဆိုတာလည်း သိမှာ မဟုတ်ဘူး။ ဝဋ်ဟာ ငါနဲ့ အတူတူလို့ပဲ ထင်နေမယ်။ ဒီလို မကွဲမပြား တစ်သားတည်း ထင်နေတာ သက္ကာယမိစ္ဆာဒိဋ္ဌိ ပါပဲ။

## ဝဋ် သုံးပါးချုပ် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်

ဒီလို သက္ကာယမိစ္ဆာဒိဋ္ဌိကြီး ရှိနေရင် ဘယ်လိုမှ ဖြူစင်အောင် လုပ်လို့ မရနိုင်ပါဘူး။ ဒီတော့ သူက ဆိုးရင် ကိုယ်က ပြန်ဆိုးမယ်။ ကိုယ်က ပြန်ဆိုးတဲ့အတွက် သူကလည်း နောက်ထပ် ဆိုးလိမ့်ဦးမယ်။ သူက နောက်ထပ် ဆိုးပြန်တဲ့အတွက် ကိုယ်က တစ်ဖန် ထပ်ဆိုးရဦးမယ်။

ဒီလိုနဲ့ လူရိုင်းစိုင်း လူရမ်းကားဆိုတဲ့ သစ္စာပျက်စာရင်းထဲမှာ ကိုယ်က ပါနေဦးမှာ ဖြစ်တယ်။ သစ္စာပျက်စာရင်းထဲ မပါချင်ဘူး။ လူရိုင်းစိုင်း လူရမ်းကား မဖြစ်ချင်တော့ဘူးဆိုရင် သက္ကာယမိစ္ဆာ ဒိဋ္ဌိကို ဖြုတ်ဖို့က ပထမ အချက်ပါ။

သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်သွားရင် ကိုယ်က သစ္စာပျက်နဲ့ ပြန် မတုံ့ပြန်နိုင်တော့ဘူး။ ဒါဟာ ဖြူစင်မှုရဲ့ အစလို့ ပြောရပါမယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ရင် ဖြူစင်မှုရဲ့ အစကို ရောက်ပြီလို့ ပြောရပါမယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့အတွက် အစွန်းနှစ်ပါးကို ရှောင်ရှားနေရပါမယ်။ အာရုံခံစားမှုတွေ နောက် တကောက်ကောက်လိုက်တဲ့ အစွန်းနဲ့ အာရုံခံစားမှုကို စွန့်ပြီး ရူပ၊ အရူပ ဆိုတဲ့ ယောဂ လုပ်ငန်းတွေ လုပ်နေသရွေ့ ကံ မမြင်နိုင်ဘူး။ ကံကို မသိနိုင်ဘူး။ ဝဋ်လည်တာကို မသိနိုင်ပါဘူး။ ဝဋ် နဲ့ ကိုယ်နဲ့ တခြားစီဆိုတာကို မသိနိုင်ပါဘူး။

စီးပွား ကြီးပွားနောက်ကို အတင်းလိုက်နေရင်၊ သားမယားနောက် အတင်းလိုက်နေရင်၊ ခံစားမှု ကောင်းတာတွေနောက် အတင်းလိုက်နေရင် ဒါဟာ ကာမသုခလ္လိကာနုယောဂ အစွန်း ဖြစ်ပါ တယ်။ အလုပ်တော့ လုပ်ရမှာပေါ့။

ဘာကြောင့် အလုပ် လုပ်ရတာလဲ။ သင့်တင့်တဲ့ အနေအထားအထိ ဖြစ်ထွန်းဖို့ ဖြစ်တယ်။ ကောင်းသည်ထက် ကောင်းတာတွေ စားရ သောက်ရ၊ ဝတ်ရ ဆင်ရ၊ သုံးဆောင်ရဖို့ မဟုတ်ဘူး။ ဒီလို အရသာ ကောင်းကောင်း ခံစားရတာနောက် လိုက်တာလည်း ယောဂတစ်မျိုးပါပဲ။

ဒီလိုမဟုတ်ဘဲ ကိုယ့်အခန်းကဏ္ဍကို ဖျောက်ပြီး ကိုယ်ဆိုတာ မရှိတဲ့အဖြစ် ရောက်အောင် လုပ်ပစ်ရင်လည်း ယောဂ ပဲ။ ဒီယောဂကိုတော့ အတ္တကိလမထာနုယောဂ လို့ခေါ်တယ်။ ဒီလို ယောဂ အကျင့် ကျင့်တဲ့သူတွေကို ယောဂီ လို့ ခေါ်ပါတယ်။

ပြောရမယ်ဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ချင်တယ် ဆိုရင် ယောဂီ မလုပ်ကြပါနဲ့။ ယောဂီ မလုပ်ရင် ဘယ်ဟာ ကောင်းသလဲ၊ ဘယ်ဟာ မကောင်းဘူးလဲ ဆိုတာကို ရိုးရိုး မြင်တတ်တဲ့ မျက်စိ ရလာမယ်။

ကံကို မြင်လာမယ်။ ကံရဲ့ အကျိုးကို မြင်လာမယ်။ ကံရဲ့ အကြောင်းကို မြင်လာမယ်။ ဒီ သုံးခု လည်ပတ်နေပုံကို မြင်လာမယ်။

ကံ၊ ကံရဲ့ အကြောင်း၊ ကံရဲ့ အကျိုး ဒီသုံးခုဟာ လူ မဟုတ်ဘူး။ လူပေါ်မှာ လာရောက် တည်းခိုနေတဲ့ သူစိမ်း ဧည့်သည်တွေပါလား။ လူပေါ်မှာ လာရောက် ကပ်ငြိနေတဲ့ ကပ်ပါးတွေပါ လား။ ဒီလို သိမြင်လာပါမယ်။

လူနဲ့ ကံကို တခြားစီလို့ မြင်လာတဲ့အခါမှာ အများအပေါ် ခွင့်လွှတ်လာနိုင်ပါမယ်။ သည်းခံ လာနိုင်ပါမယ်။ ဒီလို မမြင်ရတော့ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ သည်းခံနိုင်မှာ မဟုတ်ဘူး။

ခွင့်မလွှတ်နိုင် သည်းမခံနိုင်ရင်တော့ အကန်းလောကထဲက လူပဲ ဖြစ်နေပါဦးမယ်။ ပုထုဇဉ်ပဲ ဖြစ်နေပါဦးမယ်။ ဗုဒ္ဓဘာသာဝင် အဖြစ်ကို ရောက်မှာ မဟုတ်ဘူး။ အရိယာ အဖြစ်ကို ရောက်မှာ မဟုတ်ဘူး။

ဗုဒ္ဓဘာသာဝင်တွေရဲ့ ပန်းတိုင်ဖြစ်တဲ့ မဂ် ဖိုလ် နိဗ္ဗာန်နဲ့လည်း အဝေးကြီး ဖြစ်နေဦးမယ်။ ဒါကြောင့် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့ သိပ် အရေးကြီးတယ်လို့ ပြောတာ ဖြစ်တယ်။

အခုဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ဖို့ အရေးဟာ ကိုယ် တစ်ယောက်တည်းအတွက် သာမက ကိုယ့် မိသားစုအတွက် သာမက ဟောဒီ ကမ္ဘာကြီး တစ်ခုလုံးအတွက်ပါ အရေးကြီးတယ် ဆိုတာ သိမြင်နိုင်လောက်ရောပေါ့။

ကန်းနေတဲ့ လောကကြီး၊ ကန်းတဲ့အတွက် ချာလပတ် ရမ်းပြီး ဆိုးသွမ်းမိုက်မဲနေတဲ့ လောကကြီး၊ ဆင်းရဲဒုက္ခနဲ့ ပြည့်ပြီး ငြိမ်းချမ်းမှုနဲ့ ကင်းဝေးတဲ့ လောကကြီး၊ ဒီလောကကြီးကို ကယ်တင်ဖို့အတွက် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ရေးဟာ ဘယ်လောက် အဓိကကျသလဲဆိုတာကို နားလည်ရောပေါ့။

နားလည်ပြီဆိုရင် ဒီအချိန်က စပြီး ကိုယ်တော့ဖြင့် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်အောင် လုပ်တော့မယ်လို့ သန္နိဋ္ဌာန် ချပေးပါ။ ကိုယ်နဲ့စပ်နေတဲ့ ကိုယ့်ပတ်ဝန်းကျင်က လူသားတွေကိုလည်း သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်အောင် ကူညီ လမ်းပြပေးမယ်လို့ ဆုံးဖြတ်ပါ။

ဒီတရားကို နာရတဲ့ ခင်ဗျားတို့ အနေနဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိ မရှိတော့တဲ့ ဗုဒ္ဓဘာသာဝင် စစ်စစ်အဖြစ်ကို ရောက်ပြီး သန့်စင်တဲ့ လူသားများအဖြစ်နဲ့ လောကရဲ့ ငြိမ်းချမ်းမှုကို ဆောင်စွမ်းနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

* * *

# ကြီးပေါင်း သို့မဟုတ် ကိလေသာ

ဒီကနေ့ ခရစ်သက္ကရာဇ် (၂၀၀၀) ပြည့်နှစ် (၉) လပိုင်း (၇) ရက်နေ့ ပေါ့နော်။ ဒီနေ့မှာ ဒကာမကြီး ဒေါ်အုံးကြည် ခေါ်လာတဲ့ ကိုကျော်ကျော်နဲ့ ကိုဖိုးချမ်းတို့ကို ဘုန်းဘုန်းက ပြောဆိုရမှာပေါ့။

ဘယ်အကြောင်းအရာကို မောင်ကျော်ကျော်တို့ကို ပြောရမလဲဆိုရင် . . . မောင်ကျော်ကျော်တို့ဟာ တရားဓမ္မကို လေ့ကျင့်နေဆဲလည်း ဟုတ်ချင် ဟုတ်မယ်။ လေ့လာနေပြီးတဲ့ တစ်ပိုင်းတစ်စ လေ့လာနေပြီးတာလည်း ဖြစ်ချင်ဖြစ်မယ်။

ဒါပေမယ်လို့ သိပ်လွဲတတ်တယ် ဆိုတာမျိုး ဘုန်းဘုန်းက ပြောပြမယ်။ ရိုးရာ ဘာသာရေးက လွဲပြီးတော့ နေကြတယ်။ အဲဒါက ဘာလဲဆိုတော့ တို့ဗုဒ္ဓဘာသာတွေက ကံကို ယုံကြည်ကြတယ်။

ဗုဒ္ဓဘာသာ ဆိုတာကလည်း ကမ္မဝါဒီပဲ။ အဲဒီလိုဆိုတော့ တို့တစ်တွေက ဗုဒ္ဓဘာသာဖြစ်တဲ့အတွက် ကံကို ယုံကြည်ကြတယ်။ အဲဒီတော့ ဗုဒ္ဓဘာသာတွေက ဘာကိုပြောသလဲ ဆိုတော့ ကောင်းတာလေး တစ်ခုခု ဖြစ်တယ်ဆိုရင်၊ ဟာ . . . တို့တော့ ကံကောင်းတာပဲ။ တကယ်လို့များ မလိုလားအပ်တဲ့ ဖြစ်ရပ် တစ်ခုခု ဖြစ်ပြီ ဆိုရင်တော့၊ ဟာ . . . ဒီလူ ကံဆိုးတာပဲ။ ဖြစ်တဲ့ဖြစ်ရပ်ကို ကံကောင်းဖြစ်တာ၊ ကံဆိုးဖြစ်တာလို့ ဒီလို ပြောတတ်ကြတယ်။

အနည်းဆုံး လမ်းသွားလို့ ခလုတ် တစ်ခုလောက်တိုက်ရင် ဆိုတောင်မှ ကံများ ဆိုးပြီဆိုရင် ခလုတ်ကတောင် လာတိုက်တယ်။ ဒီလိုမျိုးလည်း ပြောတတ်ကြတယ်။

လမ်းသွားလို့ လမ်းဘေးက ခွေးတစ်ကောင် ဟောင်တာခံရပြီ ဆိုရင်လည်း၊ ကံဆိုးရင် ခွေးကတောင် ဟောင်တယ်ဟ။ ဒီလိုမျိုး မကောင်းတာကို မလိုလားအပ်တဲ့ ဖြစ်ရပ်ကို အဲဒီ မလိုလားအပ်တဲ့ ဖြစ်ရပ်ကို ကံဆိုးလို့ ပြောတတ်ကြတယ်။

အဲဒီတော့ တို့ ဗုဒ္ဓဘာသာတွေက ကံဆိုး ဆိုတာကို ဒီ ကံက ဘယ်တုန်းက ဆိုးတာလဲလို့မေးရင်၊ တို့ မမွေးခင်တုန်းက၊ အစမထင် သံသရာ ဘဝါ ဘဝတွေတုန်းက ကံတွေက ဆိုးခဲ့တာပေါ့။ အဲဒီ ကံတွေက တို့ မွေးတဲ့ဆီအထိ ပါလာတာပေါ့လို့ ပြောတတ်ကြတယ်။

နောက် ကံကောင်းတယ် ဆိုရင်လည်းပဲ၊ အဲဒီ မမွေးခင်က အစမထင် သံသရာ ဘဝတွေ၊ ကံတွေ ပြုလုပ်ခဲ့လို့ တို့ဆီမှာ ပါလာတာလို့၊ တို့ ဒီမှာ ဖြစ်ကြရတယ်လို့ အဲဒီလိုမျိုး တို့ဗုဒ္ဓဘာသာရဲ့ ကံအယူအဆတွေကို ယူဆကြတယ်။

တကယ်တော့ အဲဒီလို မဟုတ်ဘူး။ တို့ဗုဒ္ဓဘုရားက ကံကို အဲဒီလို မပြောဘူး။ ခုနက ပြောခဲ့တဲ့ တို့ ရိုးရာ အယူအဆကတော့ ကံဆိုးတယ်တို့ ကံကောင်းတယ်တို့ ဆိုတာတွေကတော့ တို့ ဖြစ်တဲ့ဖြစ်ရပ်တွေက မကောင်းရင် ကံဆိုး၊ တို့ ဖြစ်ရပ်တွေ ကောင်းရင် ကံကောင်းတယ်ကွာ လို့ ဒီလို ပြောတယ်။ ပြောမယ်ဆိုရင် ဒါဟာ တို့ဗုဒ္ဓဘာသာ ကံ မဟုတ်ဘူး။

တို့ဗုဒ္ဓ အရှေ့က နိဂဏ္ဌနာဋ္ဌပုတ္တလို့ ဆိုတဲ့ အပါအဝင် ဘုရားကြီး ခြောက်ဆူ ရှိခဲ့တယ်။ အဲဒီ အထဲမှာ တစ်ဆူဖြစ်တဲ့ နိဂဏ္ဌ ဘုရားကြီးပေါ့။ နိဂဏ္ဌ ဘုရားကြီးလို့ တို့ဗုဒ္ဓဘာသာတွေက ခေါ်တယ်။ တို့ကတော့ နိဂဏ္ဌဘုရားလို့ မခေါ်ဘူး။ သူတို့က မဟာဝီရ ဘုရားလို့ သူတို့ ဘုရားကို သိပ်အားထုတ်ကျင့်ကြံလို့ မဟာဝီရ လို့ ဒီလို ခေါ်တယ်။ တစ်ခါ ဒီထက် မြင့်မြင့် မြတ်မြတ်နဲ့ သူတို့က ခေါ်ပြီဆိုတော့ ဂျိန်းဘုရားကြီး ပေါ့။

ဂျိန်း ဆိုတာ ဂျိန လို့ အဓိပ္ပာယ်ရတယ်။ ဂျိန ဆိုတာ ဇိန ကနေပြီး၊ ဇိန = ဂျိန ပေါ့။ သူတို့ သဘာသာနဲ့ ဂျိန ကနေပြီး၊ ဂျိန်း။ ဂျိန်း ဆိုတဲ့ ဘုရားကြီးရဲ့ ဂျိန်းကံလို့ ဆိုတဲ့ ဂျိန်းဘုရားကြီးရဲ့ ဂျိန်းကံကို တို့ ခုဗုဒ္ဓဘာသာတွေ ယူနေတဲ့ ကံရဲ့ အရဟာ ဂျိန်းကံနဲ့ သွားတူနေယ်။ ဂျိန်းဘုရားကြီးရဲ့ နောက်က လိုက်နေကြတဲ့သူတွေကို ဂျိန်းဘာသာဝင်တွေလို့ ပြောရတာပေါ့။

အဲဒီ ဂျိန်းဘာသာဝင် တပည့်တပန်းတွေကလည်း တို့ဗုဒ္ဓရဲ့ တပည့်တပန်းတွေလိုပဲ၊ တို့ဗုဒ္ဓရဲ့ တပည့်တပန်းတွေထဲမှာ ဥပါသကာတို့၊ ဥပါသိကာတို့ ရှိသလို ဂျိန်းနဲ့ တပည့်တပန်းတွေထဲမှာလည်း ဥပါသကာတို့၊ ဥပါသိကာတို့ ရှိကြတယ်။

တို့ဗုဒ္ဓရဲ့ ဘာသာဟာ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လောက် ကတည်းက ရှိခဲ့တယ်။ ဂျိန်းကလည်း နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကတည်းက ဖြစ်နေတယ်။ ဂျိန်းရဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က တို့ဘုရားထက်တောင် ဂျိန်းက ပိုအသက်ရှည်သေးတယ်လို့ ပြောရမယ်။ တို့ဘုရား ဘုရား မဖြစ်ခင်ကတည်းက ဂျိန်းဘုရားဟာ ဘုရား ဖြစ်တယ်လို့ ပြောရမယ်။ သေတော့လည်း အဲဒီ အတိုင်းပဲ။ တို့ဘုရား မသေခင်ကတည်းက ဂျိန်းဘုရား အရင်သေတယ်လို့ ပြောရမယ်။ သူတို့ သက်တမ်းက သိပ်ရှည်လှတာ မဟုတ်ဘူး။

သူတို့က ဆိုလို့ရှိရင် အိန္ဒိယမှာ တကယ် ကျင့်ကြတာ ဆိုတော့ ဂျိန်း ပုဂ္ဂိုလ်တွေပေါ့ များသောအားဖြင့် ကလေးတို့ သိတာဆိုရင် အိန္ဒိယမှာ ဟိန္ဒူတွေပဲ သိကြမယ်။ ဂျိန်းတွေ ဆိုလို့ ဘယ်လောက်မှ သိမှာ မဟုတ်ဘူး။ ဘယ်သူကမျှ သိမှာမဟုတ်ဘူး။ အဲဒီဂျိန်းတွေဟာ ရှိတယ်။ တို့ဘုရားနဲ့ ခေတ်ပြိုင်ပွင့်ခဲ့တာနော်။ တို့ဘုရားရဲ့ ရှေ့နားလောက်က ပွင့်ခဲ့တာ။

ဂျိန်းတွေဟာ ဂိုဏ်း နှစ်ဂိုဏ်း ရှိတယ်။ တို့မြန်မာပြည်မှာ တို့ဘုန်းကြီးတွေမှာ ရွှေကျင်ဂိုဏ်းတို့၊ သုဓမ္မာဂိုဏ်းတို့ ဘာတို့ ရှိသလိုပေါ့။ ဂျိန်း နှစ်ဂိုဏ်းမှာ ပထမဂျိန်းတစ်ဂိုဏ်းက နိကမ္ဗရ၊ နောက်ဂျိမ်းဂိုဏ်း တစ်ဂိုဏ်းကိုတော့ ဆွေကမ္ဗရဂိုဏ်းပေါ့။ နိကမ္ဗရဂိုဏ်း ဆိုတာကတော့ အဝတ် မဝတ်ဘူး။ ပြောမယ် ဆိုရင်တော့ ဒီပုဆိုးပေါ့နော်။ အဝတ် မဝတ်ဘူးလို့ ဆိုတော့ သူတို့က ဒီအတိုင်း တုံးလုံးနေတာကိုပေါ့။

ဒါပေမဲ့ ဆွေကမ္ဗရ လို့ဆိုတဲ့ နောက်တစ်ဂိုဏ်းကတော့ ခေတ်မီတာပေါ့နော်။ အဖြူရောင် ဝတ်တယ်လို့ ဒီလို ပြောရမှာပေါ့။ သူတို့က သိပ်ကြိုးစားကြတယ်။ ဘယ်လောက်အထိ ကြိုးစားသလဲ ဆိုတော့ တစ်ခါတည်း အိပ်ရင်တောင်မှပဲ ခြေထောက်ကို စန့်ရန့်ပြီး မအိပ်ဘူး။ ရင်ဘတ်နဲ့ ဒူးနဲ့ ကပ်

ပြီးတော့ ထားတယ်။ ဘာပြုလို့လဲ ဆိုတော့ စန့်စန့်ရန့်ရန့် အိပ်လိုက်လို့ရှိရင် ဖိမ်ခံမိရက် ဖြစ်သွားမှာ စိုးလို့။

အဲဒါကြောင့်မို့ ဒူးနဲ့ ရင်ဘတ် ကပ်ပြီး၊ အဲဒီလောက်အထိ ကြိုးစားပြီးတော့ ကျင့်ကြံခဲ့တယ် ဖြစ်တဲ့အတွက် သူတို့ရဲ့ တပည့်တပန်းဖြစ်တဲ့သူတွေလည်း ကြီးပွားကြတယ်။ အိန္ဒိယမှာ ရှိတဲ့ သူဌေး တွေဟာ သူတို့ရဲ့ ဒကာ ဒကာမတွေ တော်တော်များတယ်။ ဂျိန်း ဒကာ ဒကာမတွေ များတယ်။ ဂျိန်း ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ တော်တော်များတယ်။ ကြီးပွားကြတယ်ပေါ့။ ဘာပြုလို့လဲဆိုတော့ လုံ့လ ရှိ ကြတဲ့သူတွေ ဆိုတော့လည်းပဲ တရားမှာ လုံ့လ ရှိကြသလို လောကီရေးရာမှာလည်း လုံ့လ ရှိကြ တယ်လို့ အဲဒီလိုမျိုးလို မှတ်သားရမယ်။

ဆိုလိုတာကတော့ အဲဒီ ဂျိမ်းတွေကလည်းပဲ ကမ္မဝါဒီတွေပဲ။ သူတို့ ကံကို လက်ခံ ယုံကြည်ကြ တယ်။ တို့ဗုဒ္ဓကလည်း ကမ္မဝါဒီပဲ။ တို့ဗုဒ္ဓခေတ်လောက်ဆီတုန်းက ကမ္မဝါဒီကို လက်ခံတဲ့သူ နှစ်ဦး တည်း ရှိတာပဲ။

ဘုန်းဘုန်းတို့ ဗုဒ္ဓရယ် ခုန ပြောခဲ့တဲ့ ဗုဒ္ဓထက် ခေတ်စောတယ်ဆိုတဲ့ မဟာဝီရ လို့ ခေါ်တဲ့ ဂျိန်းပုဂ္ဂိုလ်ကြီးတွေဖြစ်တဲ့ နိဂဏ္ဌနာဋ္ဌပုတ္တ လို့ ခေါ်တဲ့ ပုဂ္ဂိုလ်ရယ် အဲဒီ နှစ်ယောက်တည်းပဲ ကံဝါဒီ ရှိတာဆိုတော့ ကံဝါဒီ နှစ်ယောက်တည်း ရှိလို့ ဒီ ကံဝါဒီ နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် တူသလားလို့ ဆိုတော့လည်း ကမ္မဝါဒီ အယူအဆ မတူဘူး။ ကမ္မဝါဒီ အယူအဆချင်း မတူပေမယ့်လို့ ဂျိန်းကလည်း ကမ္မဝါဒီ ပဲ။ ဗုဒ္ဓကလည်း ကမ္မဝါဒီ ပဲ။

ဂျိမ်းကမ္မဝါဒက ဘယ်လိုလဲလို့ ကလေးတို့ သိချင်မှာပေါ့။ ဒီတော့ ဂျိန်းကမ္မဝါဒက တို့ ဒီကနေ့ ဗုဒ္ဓဘာသာတွေ ခံယူထားတဲ့ အတိုင်းပဲ။ အဲဒါလေး ပေါ်အောင် နည်းနည်း ပြောမယ်။ တို့ရဲ့ စာထဲ ပေထဲမှာ တွေ့ရတာတော့ ဂျိန်းပုဂ္ဂိုလ်တွေကလည်းပဲ ဘုရားလက်ထက်က ဂိဇ္ဈကုဋ်တောင်ရဲ့ နေရာ နားမှာ သူတို့ရဲ့ တရားစခန်း ရှိတယ်။ ရာဇဂြိုဟ်ရဲ့ အရှေ့ဘက်မှာပေါ့။ တို့ဗုဒ္ဓက ရာဇဂြိုဟ်မှာ သူလည်းပဲ ဝါဆိုတာပေါ့။ ဗုဒ္ဓရဲ့ စခန်း ရှိတာပေါ့။

တစ်နေ့တော့ ဂျိမ်းစခန်းကို ဗုဒ္ဓက သွားလည်တယ်။ ဂျိန်းတွေကတော့ တရားကျင့်နေတာ ပေါ့။ အဲဒီ ဂျိန်းတွေနေတဲ့ စခန်းက ကျောက်ဖျာနက် စခန်းလို့ ဒီလို ခေါ်တယ်။ အခုတော့ ဘယ်နေရာ ဖြစ်မယ်လို့တော့ မသိတာ့ဘူးပေါ့နော်။

ဒီကျောက်ဖျာနက် စခန်းမှာ ဂျိန်းတွေက တအား တရားကျင့်နေတာဆိုတော့ တရားကျင့်နေ ကြတဲ့အချိန်မှာ တို့ဗုဒ္ဓက ဂျိန်းတွေကို မေးတယ်။ ဂျိန်းတို့ ဗုဒ္ဓက ခေါ်တော့ ဂျိန်းလို့ မခေါ်ဘူး။ နိဂဏ္ဌတို့။ သူတို့က နိဂဏ္ဌရဲ့ တပည့်တွေပဲကိုး။ နိဂဏ္ဌတို့တဲ့ မင်းတို့ မင်းတို့ ကျင့်ကြရတဲ့ တရားတွေ ကလည်း ပင်ပန်းလှချည်လားပေါ့။ မင်းတို့က ဘယ်လို အကျိုးကိုများ မျှော်ကိုးပြီတော့ တရား ကျင့်နေကြတာတုံးလို့ အဲဒီလိုမျိုးလို မေးတယ်ပေါ့။

ဒါကတော့ တရား ကျင့်တဲ့သူတိုင်းကတော့ သူတို့က တစ်စုံတစ်ရာ အကျိုးကိုမျှော်ပြီး ကျင့်ကြတာပဲလေ။ အဲလိုဆိုတော့ ဘယ်လို အကျိုးကိုများ မျှော်ကိုးပြီးတော့ တရားကျင့်တာလဲလို့ မေးတော့၊ ဂျိန်းတွေကလည်း အဖြေပေးတယ်။ ဘယ်လိုဖြေလဲလို့ ဆိုတော့၊ သူတို့ဟာတဲ့ ဟိုအစမထင် သံသရာက စပြီးတော့ လာခဲ့တာ ဖြစ်တယ်တဲ့။ တို့ ဒီကနေ့ ဗုဒ္ဓဘာသာတွေလည်းပဲ တို့ကိုယ့်တို့ ဒီလိုပဲ ခံယူကြတာပဲ မဟုတ်လား။ (မှန်ပါ့ဘုရား။)

အဲဒီတော့ ဟိုအစမထင် သံသရာကနေပြီးတော့ တို့လာခဲ့ကြတဲ့သူတွေ ဖြစ်တယ်။ အဲဒီတုန်းကလည်းပဲတဲ့ တို့ တစ်ဘဝ တစ်ဘဝမှာ တို့ကံတွေ လုပ်တယ်။ အဲဒီ ကံတွေကတဲ့ အကျိုးမပေးရသေးဘူးတဲ့။ နည်းနည်းပါးပါးပဲ အကျိုးပေးနေတာတွေ ရှိတယ်တဲ့။ အကျိုးမပေးရသေးတာတွေဟာ တစ်ဘဝ တစ်ဘဝမှာ အကျိုးမပေးရသေးတဲ့ ကံတွေဟာ အများကြီး လက်ကျန်တွေ ရှိသေးတယ်တဲ့။ အဲဒီတော့ ဘဝပေါင်းကလည်း အစမထင် သံသရာက လုပ်ခဲ့တာဆိုတော့ ကံတွေဟာ တသီကြီး ဖြစ်နေတယ်တဲ့။ ဂျိန်းတွေ ခံယူတာနော်။

တို့ဗုဒ္ဓဘာသာတွေ ဒီကနေ့ ခံယူတာလည်း ဂျိန်းတွေ ခံယူတာလိုပဲ ခံယူတာ မဟုတ်လား။ (ခံယူပါတယ် ဘုရား။)

အဲဒီတော့ အဲဒီလို ကံတွေ အများကြီး သူတို့မှာ ရှိနေတယ်။ အဲဒီ ကံတွေ ရှိနေတာကို သူတို့မှာ ကုန်အောင် လုပ်နေကြရတာတဲ့။ တရား ကျင့်နေကြရတာ၊ အဲဒီ ကံတွေ ကုန်အောင် လုပ်နေကြရတာတဲ့ကွာ။

အဲဒီ ကံတွေ တကယ်လို့များ မကျင့်လို့ ကုန်မသွားဘူးလို့ ဆိုလို့ရှိရင် ဒီ ကံတွေကတဲ့ အခု ဒီက သေလို့ရှိရင် နောက်ထပ် ဘဝတစ်ခု အသစ်ပေးလိမ့်မယ်တဲ့။ အဲဒီ ဘဝတစ်ခု ပေးတော့လည်း နောက်ထပ် ဘဝအသစ် တစ်ခု၊ နောက်ထပ် ဘဝအသစ် တစ်ခု ထပ်ဖြစ်နဲ့ အဆုံးမမြင် သံသရာအထိ ပြေးသွားကြရလိမ့်မယ်တဲ့။

အဲဒီတော့ ဘယ်တော့မှာ ကျွတ်မှာ မဟုတ်တော့ဘူးတဲ့။ ခုလို ချွတ်တဲ့ ဂျိန်းဘုရားကြီး ပွင့်နေသေးတဲ့ အချိန်မှာမှ ဒီလို တရားလေး ပေါ်လို့ အဲဒီတရားလေးကို ကျားကုတ် ကျားခဲ ကျင့်နေကြတာ ဖြစ်တယ်တဲ့။ အဲဒီလို ဂျိန်းတွေက ပြန်ပြောတယ်။

ဒီကနေ့ တို့ဗုဒ္ဓဘာသာတွေ မေးရင်လည်း ဒီလိုမျိုး ဖြေကြမှာပဲနော်။ (ဖြေကြမှာပါ ဘုရား။) ဘာဖြစ်လို့လဲဆိုရင် ကမ္မဝါဒချင်း တူနေကြတာကိုး။ ဂျိန်းကံနဲ့ တို့ဗုဒ္ဓဘာသာကံက အတူတူ ဖြစ်နေကြတာဆိုတော့ တို့လည်းပဲ တရားကျင့်တယ်ဆိုတာ ကံတွေကုန်အောင် ကျင့်တာပဲ။ သူတို့ကလည်း တရားကျင့်တယ်ဆိုတာ ကံတွေကုန်အောင် ကျင့်တာပဲ။ သူတို့ရဲ့ ကမ္မဝါဒဟာ အဲလိုမျိုး ဖြစ်တယ်လို့ ပြောရမှာပေါ့။ တို့ ထေရဝါဒဗုဒ္ဓဘာသာကံလည်း အဲဒီလိုမျိုးပဲ။ ဒီအတိုင်းပဲ။

အဲဒီတော့ တို့ဘုရားက မေးတယ်။ ဂျိန်းတွေက အဲဒီလို ပြောတဲ့အခါကျတော့ ကောင်းပြီ ဒီလို ဆိုရင် မင်းတို့ အစမထင် သံသရာကနေပြီး ဘဝတွေအများကြီးက လုပ်ခဲ့တဲ့ ကံတွေက ဘယ်လောက် များသလဲ။ အခု မင်းတို့ဆီမှာ ရှိနေတဲ့ ကံတွေက ဘယ်လောက်များသလဲလို့ မေးတယ်။ မမေးသင့် ဘူးလားကွာ။ (မေးသင့်ပါတယ် ဘုရား။)

အဲဒီလိုမျိုးကို ဘုရား မေးလိုက်တဲ့ အခါကျတော့ ဂျိန်းတွေဟာ မဖြေနိုင်ကြဘူး။ သိလည်း သိနိုင်ပါ့မလားကွယ်။ (မသိနိုင်ပါ ဘုရား။) ဘဝတောင်မှ မရေတွက်နိုင်ဘူးလို့ ဆိုရင် တစ်ဘဝ တစ် ဘဝမှာလည်း ကံတွေက အများကြီး လုပ်ထားတာဆိုတော့ အဲဒီကံတွေ ဆိုတာလည်း ဘယ်ရေတွက် နိုင်မှာလဲနော်။ အဲဒီတော့ မရေတွက်နိုင်တော့ မသိဘူးပေါ့။ ဘယ်လောက် ပါတယ် ဆိုတာလည်း သူတို့ မသိဘူးလို့ ဖြေကြတယ်။

အဲဒီတော့ ကောင်းပြီ၊ ဟုတ်ပြီ၊ မသိရင်လည်း ထား ဆိုပြီးတော့ ဘုရားက ပြန်မေးသေး တယ်။ ဘယ်လို မေးသလဲ ဆိုတော့။ ကောင်းပြီ ဒီလိုဆိုရင် မင်းတို့ အခုကျင့်နေကြတာဟာ တစ်လ ရှိပြီလား၊ ဆယ်ရက်ပဲ ရှိသေးသလား သို့မဟုတ် တစ်နှစ် ရှိပြီလား သို့မဟုတ် ဆယ်နှစ် ရှိပြီလား တစ်ခုခုတော့ မင်းတို့ ကျင့်ပြီးရောပေါ့။ အဲဒီ ကျင့်ပြီးတဲ့ အလျောက်အတိုင်းပဲ အဲဒီ ကံတွေလည်းပဲ လျော့နည်းသွားမှာပေါ့နော်။ အဲဒီလိုဆိုရင် မင်းတို့ အခု ကျင့်ပြီးတဲ့အတွက် ကုန်သွားတဲ့ ကံတွေကော ဘယ်လောက် အရေအတွက် ရှိပြီတုံးလို့ အဲဒီလို မေးတယ်။

ဟာ . . . ဒါကတော့ မသိဘူးလို့ ဂျိန်းတွေက ပြန်ဖြေကြတယ်။ ဘယ်သိမှာတုံးပေါ့။ ကဲ . . . ဒီလိုဆိုရင် မင်းတို့ အဲဒီ ပါလာတဲ့ ကံတွေကကော ဘယ်လောက်များတုံးလို့ မေးတော့လည်း၊ အဲဒါ လည်း မသိဘူးလို့ပဲ ပြန်ဖြေကြတယ်။ ဘယ်သိမလဲပေါ့။ ကဲ . . . ဒီလိုဆိုရင် မင်းတို့ အဲဒီ ပါလာတဲ့ ကံလည်း ဘယ်လောက်လို့ မသိဘူး။ ကျင့်ပြီးသလောက် ကျင့်ပြီးလို့ ကုန်သွားတဲ့ ကံလည်းပဲ ဘယ် လောက်လို့ မသိဘူး။ အဲဒီလို မသိဘူးဆိုရင် နောက်မှာ မင်းတို့ရဲ့ ကံလက်ကျန် ဘယ်လောက် ကျန် သေးတယ် ဆိုတာကော သိကြပြီလားလို့ မေးတယ်။ အဲဒီကျတော့လည်းပဲ ပါလာတဲ့ ကံလည်း မသိ ဘူး။ ကုန်သွားတာလည်း မသိဘူးဆိုရင် ကျန်တာကော သိနိုင်ပါ့မလားကွယ်။ (မသိနိုင်ပါ ဘုရား။) မသိနိုင်ဘူး။ သူတို့ အဲဒါလည်းပဲ မသိပါဘူးလို့ ပြောတယ်။

အဲဒီလိုဆိုတော့ ဗုဒ္ဓက သူတို့ကို ကဲ့ရဲ့ပြု ပြောရှာတယ်။ မင်းတို့က ကံဆိုးလို့ ဆိုးဆိုးဝါးဝါး ခံစားနေရတာလို့ ဆိုရင် မင်းတို့ပဲ တရားကျင့်လို့ ဆိုးဆိုးဝါးဝါး ခံစားနေရတာပေါ့။ အဲဒီတော့ မင်းတို့ ပဲ ကံဆိုးတဲ့သူတွေ ဖြစ်မှာပဲ။ မင်းတို့ ကံဆိုးတဲ့ အကျင့်ဟာလည်း သေအထိ မင်းတို့ ကျင့်ရမှာလား။ ဘာပြုလို့တုံးဆိုရင် ဘယ်တော့ ဆုံးမယ်လို့မှ၊ ကံ ဘယ်လောက်ကျန်သေးတယ်လို့မှ၊ မင်းတို့မှ မသိပဲ။ ဘယ်တော့ ဆုံးမယ်လို့မှ မသိရင် ပြီးတယ်လို့ မရှိဘူး။ သေအထိ မင်းတို့ ကျင့်ရမှာ။ မင်းတို့ပဲ ကံ အဆိုးဆုံး ဖြစ်မှာလို့ တို့ဗုဒ္ဓက ပြောတယ်။ တို့ဘုရားကတော့ အဲဒီလို သရော်ခဲ့တယ်။

အဲဒါဟာ ဂျိန်းကံကို ဖော်ဖို့ရန်အတွက် သရုပ်ဖော်ဖို့ရန်အတွက် အကောင်းဆုံး သုတ္တန်ကလေးကို တို့ ဖော်ပေးလိုက်တာနော်။ ဒီတော့ မောင်ကျော်ကျော်လည်း သိပေးပေါ့။ ဂျိန်းကံဟာ သြော် . . . ရှေ့ဘဝက လုပ်ခဲ့တဲ့ ကံတွေဟာ တို့ အခုဘဝ ရနေတာပဲလို့။ ခုလုပ်တဲ့ ကံနဲ့ ဟိုရှေးတုန်းက လုပ်ခဲ့တဲ့ ကံနဲ့ ပေါင်းပြီးသကာလ တို့ နောင်ဘဝတွေ ဖြစ်မှာပဲ ဆိုတာ၊ ဒါ ဂျိန်းတွေရဲ့ အယူအဆပဲလို့။ ဂျိန်းတွေရဲ့ အယူအဆအတိုင်း တို့ဗုဒ္ဓဘာသာတွေကကော ဒီလိုပဲ ယူဆ မနေကြဘူးလားပေါ့။ ဟုတ်ပြီနော်။

တို့ဗုဒ္ဓဘာသာတွေရဲ့ ကံအယူအဆတွေကိုလည်း အဲဒီလိုပဲ မေးရမယ်။ အဲဒီတော့ ဂျိန်းကံကို အဲဒီလိုမျိုး ပေါ်ပြီလို့ ဆိုတဲ့ အခါကျတော့ တို့ဗုဒ္ဓကံကကော အဲဒါမျိုး မဟုတ်ဘူးလားလို့ တို့ ဒီကနေ့တော့ အဲဒါမျိုးလို ဖြစ်သွားတယ်။ အဲဒါမျိုးလို ဖြစ်ပေမဲ့ တို့ တကယ် ဗုဒ္ဓကံကတော့ ဗုဒ္ဓစာပေတွေထဲမှာ ဟောပြောတာ ရှိတယ်။ ဟောပြောတာ ရှိပေမဲ့ ဗုဒ္ဓစာပေတွေထဲမှာ ကံကို လိုက်ရှာကြည့်တဲ့အခါ သိပ်တွေ့မှာ မဟုတ်ဘူး ထင်တယ်။

သိပ်တွေ့မှာ မဟုတ်ဘူးလို့ဆိုတာ ကံရဲ့ အကျိုးနဲ့ စပ်နေတဲ့ ကမ္မဝိဘင်္ဂသုတ်၊ စူဠကမ္မဝိဘင်္ဂသုတ်၊ မဟာကမ္မဝိဘင်္ဂသုတ်တို့ ဆိုတာ တကယ်ကျတော့ ကံဟောတာက အဲဒီ စူဠကမ္မဝိဘင်္ဂသုတ်မှာ ကမ္မဝိဘင်္ဂသုတ်မှာ ဒါလေးတွေ ဟောတာဗျ။ ကံကို ဘာနဲ့ ဟောသလဲဆိုတော့ ပဋိစ္စသမုပ္ပာဒ်နဲ့ ဟောတာဗျ။ တကယ်တော့ ပဋိစ္စသမုပ္ပာဒ်က ပိဋကတ်နဲ့ အပြည့်ဟောခဲ့တာလို့ ပြောရမှာပါ။ ပဋိစ္စသမုပ္ပာဒ်ကို တို့ နည်းနည်းပါးပါးလေး သင်္ဂြိုဟ်တက်ရင်းနဲ့ သင်ကြားရတာကလေးလောက်ပဲ ပြောဟောနေကြတယ်။

တကယ်တော့ ဘုရားက ပဋိစ္စသမုပ္ပာဒ်နဲ့ စပ်လျဉ်းလို့ ပဋိစ္စသမုပ္ပာဒ်ကို တို့ဘုရား အများကြီး ဟောခဲ့တာကွ။ အဲဒီ ပဋိစ္စသမုပ္ပာဒ် ဟောခဲ့တာကို ဘာပြောတာတုံးဆိုတော့ ကံကို ပြောတာကွ။ ပဋိစ္စသမုပ္ပာဒ်ဟာ ကံကို ပြောတာ။ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရာပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံနဲ့ ဒါဘာပြောတာတုံး ဆိုရင် ကံရဲ့ သံသရာလည်ပုံကို ပြောတာ။ သင်္ခါရာ၊ သင်္ခါရာဆိုတဲ့ စကားဟာ သင်္ခါရဆိုတာ ကံကို ပြောတာ။ ပုညာဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်ကံတွေ၊ အပုညာဘိ လို့ဆိုတဲ့ အကုသိုလ်ကံတွေ၊ အာနဉ္ဇာဘိသင်္ခါရ လို့ဆိုတဲ့ အရူပကံတွေ၊ အဲဒီ ကံတွေကို ပြောနေတာ။ ကံတွေရဲ့ လည်ပတ်ပုံအကြောင်းကို ပြောတာ။

ဒါကို ပေါ်လွင်လာအောင် ပြောလိုက်ကြမယ်ဆိုလို့ ရှိရင်ကတော့ တို့ဗုဒ္ဓဘာသာက ကံကို လက်ခံတယ်ကွ။ ကံကို လက်ခံပေမဲ့ ဒီ ပဋိစ္စသမုပ္ပာဒ်ကံကို ဟောတာ မဟုတ်ဘူး။ ကံဟောတာ ဟုတ်ပေမဲ့ ဘဝတွေ စပ်ပြီးမှ ပဋိစ္စသမုပ္ပာဒ်ကို သိနေကြတာ။ အရင်ဘဝက ပဋိစ္စသမုပ္ပာဒ် အင်္ဂါ နှစ်ရပ်လောက်ဖြစ်၊ ခုဘဝမှာ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ရှစ်ရပ်လောက်ဖြစ်၊ ဟိုသေပြီး နောက်ဘဝကျတော့မှ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ရှစ်ရပ်လောက်က နောက်ထပ် ထပ်ဖြစ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပာဒ် ကိုပဲ

အကောက်အယူတွေက ချော်ကြပြန်တယ်လို့ ဒီလို ပြောရမှာပေါ့နော်။ အဲဒီလို ချော်တဲ့အတွက် ကမ္မ ဝါဒက မပေါ်လွင်ဘူး။ ဂျိန်းကံနဲ့ တို့ဗုဒ္ဓကံက အတူတူလိုလို ဖြစ်နေတယ်။

အဲဒီတော့ ဂျိန်းကံနဲ့ တို့ကံကို ပီပီပြင်ပြင် အတူတူ မဟုတ်တဲ့အကြောင်း တို့က ပြောရမယ်။ အဲဒါက ဘာလဲလို့ဆိုရင် တို့ကံကို ကံဟာ ကုသိုလ်ကံပဲ ဖြစ်ဖြစ်၊ အကုသိုလ်ကံပဲ ဖြစ်ဖြစ် ကံကို ကံက နေပဲ စဖြစ်တယ်လို့ သိနေကြတယ်။ ကံဟာ ကံကနေ စဖြစ်တာ မဟုတ်ဘူး။ ကံက ကိလေသာကနေ စဖြစ်တာ။ ပြောမယ်ဆိုရင် တို့ သိနေတာက ကံက အကြောင်းတရား။ ဝိပါက်ဆိုတာက ကံရဲ့ အကျိုး တရား။ ကံနဲ့ ဝိပါက် ဒီလို နှစ်မျိုးပဲ သိကြတာ မဟုတ်လား။ ဟာ . . . ဝိပါက်က မကောင်းတဲ့ ဝိပါက်တွေ လိုက်နေတယ်၊ ကောင်းတဲ့ ဝိပါက်တွေ လိုက်နေတယ်နဲ့ ဝိပါက်ကိုပဲ သိနေကြတယ်။

ဒီတော့ ဒီ ဝိပါက်ကကော ဘယ်က လာတာတုံးဆိုရင် ကံကြောင့် ဖြစ်တယ်နဲ့ ဒီလိုမျိုးလို ပြောတယ်။ အဲဒီ ကံကကော ဘယ်ကဖြစ်တာတုံး ဆိုတော့ ဘာ့ကြောင့် ဖြစ်တာတုံးလို့ မပြောတတ် တော့ဘူး ဟုတ်ပြီနော်။ တကယ်တော့ ကံကြောင့် ဝိပါက် ဖြစ်တယ်၊ ဝိပါက်ဟာ ကံကြောင့် ဖြစ်တယ် လို့ ဒီလောက်ပဲ သိနေကြတယ်။ တကယ်တော့ တို့ဗုဒ္ဓဘာသာမှာ ကံကို အဲဒီလောက်ကလေး ကံနဲ့ ကံရဲ့အကျိုး နှစ်ခုတည်း ပြောတာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာက ပြောတာ၊ ကံရယ် ကံရဲ့အကြောင်းရယ် လို့ တစ်ခု ပြောသေးတယ်။ ကံဟာ ကံရယ်၊ ကံရဲ့အကြောင်းရယ်၊ နောက်တစ်ခါ ကံရဲ့အကျိုးရယ် သုံးခု ပေါ့နော်။

ကံဆိုတဲ့ ပင်မတစ်ခုရယ်၊ အဲဒီကံ ဖြစ်ဖို့ရန်အတွက် လုပ်တဲ့အကြောင်းရယ်၊ အဲဒီကံ လုပ် လိုက်တဲ့အတွက် ဖြစ်တဲ့အကျိုးရယ် ဒီ သုံးခု ပြောတာ။ အဲဒီ သုံးခု ပြောတာမှာ ဗုဒ္ဓက ထင်ထင် ရှားရှား ပြောခဲ့တာ။ ထင်ထင်ရှားရှား ပြောခဲ့တဲ့အတွက် ဘယ်လို ဖြစ်သလဲဆိုတော့ (ဝဋ်သုံးပါး)[၂] နဲ့ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြတယ်။

(ဝဋ်သုံးပါး)[၂] လို့ ပြောတာမှာ ပထမဝဋ်ကို ကိလေသဝဋ်၊ ဒုတိယဝဋ်ကျတော့ ကမ္မဝဋ်၊ ကံကို တော့ ကမ္မဝဋ်ပေါ့။ ကမ္မဝဋ်ရဲ့ အကြောင်းကတော့ ကိလေသဝဋ်၊ တစ်ခါ ကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်တယ်။ ကမ္မဝဋ် ဖြစ်တာကြောင့်၊ ဘာဖြစ်တုံးဆိုတော့ - ဝိပါကဝဋ် ဖြစ်တယ်။ ဒီတော့ ကိလေသ ဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် အဲဒီလိုမျိုးလို ဝဋ်သုံးပါးတို့ရဲ့ ကင်းရာ လွတ်ရာ ဖြစ်တဲ့ အသင်္ခတဓာတ် နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုကြပါစို့၊ ရောက်ကြပါစို့လို့ ဒီလိုတောင် ပြောကြရတယ် မဟုတ်လား။

(ဝဋ်ကျွတ်တယ်)[၂] ဆိုတာ ဒီ ဝဋ်သုံးပါးက ကျွတ်တာကို ပြောတာပဲ။ ဒီ ဝဋ်သုံးပါးက တကယ်ကျတော့ ကိလေသဝဋ် လို့ခေါ်တဲ့ ပထမဝဋ်က ကံရဲ့အကြောင်း ဖြစ်တယ်။ ကမ္မဝဋ် လို့ ဆိုတာကတော့ ဒါ က ကံဝဋ်။ နောက် ဝိပါကဝဋ် လို့ ဆိုတာကတော့ ကံရဲ့အကျိုး ဝဋ်။ ဆိုလိုတာက တော့ ကံ၊ ကံရဲ့အကြောင်း၊ ကံရဲ့အကျိုး ဒီသုံးခု ရှိတယ်လို့ ပြောရမှာပေါ့။ ဒီ ဝဋ်သုံးခုဟာ လူမှာ စ ဖြစ်လိုက်တာ ဘယ်တုံးက စဖြစ်လာတာ မသိဘူး။ ကံရယ်လို့ ပြုလိုက်လို့ရှိရင် ကံပြုမိတဲ့သူဟာ ဝိပါက်ကို ရပ်အောင် မတတ်နိုင်ဘူး။ ဝိပါက် ဖြစ်တဲ့သူ ကလည်းပဲ ကိလေသာဆီကို ရောက်တာပဲ။

ကိလေသဝဋ် ဖြစ်တဲ့သူ ကလည်းပဲ ကံ ထပ်လုပ်ပြန်တာပဲ။ ကံ ထပ်လုပ်တဲ့သူ ကလည်းပဲ ကံတွေ ရပ်လို့ မရဘူး။ ဝိပါက်တွေ ဆက်ဖြစ်တော့တာပဲ။

အဲဒီတော့ ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်ကြောင့် ကိလေသာဖြစ်၊ ကိလေသာကြောင့် ကံဖြစ်။ ဒီတော့ လည်မနေဘူးလားကွာ။ အဲဒီလိုမျိုး လည်နေတာကို သံသရာ လည်နေတာလို့ တို့ဘုရားက ပြောတာ။ ဆိုလိုတာကတော့ တို့ဗုဒ္ဓဘာသာတွေဟာ ကံကပဲ စသလိုလို ဖြစ်နေတယ်။ တကယ်တော့ ကိလေသာကပဲ စတာပါပဲ။

ဒီ ကံဟာ ဘာဖြစ်လို့ ဖြစ်တာတုံး။ အကြောင်းမဲ့ ဖြစ်တယ်လို့ ပြောကြတယ်။ ကိလေသာ ရှိလို့ ကိလေသာ မရှိရင် ဖြစ်ကို မဖြစ်ဘူး။ အဲဒီတော့ ကိလေသာက အစလို့ ဒီလို ပြောရမယ်။ ဘာဖြစ်လို့ တုံး။ ကံကပဲ စတယ်ဆိုလို့ ရှိရင် ကံရှေ့က မရှိတော့ သလိုလိုပေါ့။ တကယ်တော့ မဟုတ်ဘူး။ ကံရှေ့ ကိလေသာ ရှိတယ်။ ဒါဖြင့် ကိလေသာက စတာလားလို့ မေးတော့လည်းပဲ ကိလေသာက စတာ လည်းပဲ မဟုတ်ဘူး။ ကိလေသာ ရှေ့က ဘာရှိတုံးဆိုရင် ဝိပါက် ရှိတယ်။ ဒါဖြင့် ဝိပါက်က စတာလား လို့ မေးရင်လည်းပဲ၊ မဟုတ်ဘူး။ ဝိပါက် ရှေ့က ကံ ရှိတယ်။

ဒါကတော့ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လုပ်နေကြတာပေါ့နော်။ ကိလေသာကြောင့် ကံဖြစ်၊ ကံကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်ကြောင့် ကိလေသာဖြစ်။ ကံ ဘယ်သူ့ကြောင့် ဖြစ်တာတုံးဆိုရင် ကိလေ သာကြောင့်ဖြစ်။ ကိလေသာ ဘယ်သူ့ကြောင့် ဖြစ်တာတုံးဆိုရင် ဝိပါက်ကြောင့် ဖြစ်တာ။ ဝိပါက်က ဘယ်သူ့ကြောင့် ဖြစ်တာတုံးဆိုရင် ကံကြောင့် ဖြစ်တာ။ တစ်ခါ ကံက ဘယ်သူ့ကြောင့် ဖြစ်တာတုံး ဆိုတော့ ကိလေသာကြောင့် ဖြစ်တာလို့ ပြောရမှာပေါ့နော်။ သူတို့ တကယ် ဖြစ်တာ။ အဲဒါကို တို့ဗုဒ္ဓ က ပဋိစ္စသမုပ္ပာဒ် လည်တာလို့ ဟောတယ်ဗျာ။

အဲဒီ ဟောချက်ကို အဲဒီအထိလည်း ဘယ်သူမှ မသိကြဘူးဗျာ။ အဲဒါကို အခု ကိုကျော်ကျော် တို့က နားလည်ပေးကြပါနော်။ ဗုဒ္ဓဟောတဲ့ ကံက ပဋိစ္စသမုပ္ပာဒ်ကို ဟောတာ။ အဲဒီ ပဋိစ္စသမုပ္ပာဒ်မှာ သံသရာလည်ပုံ ပါတယ်။ ဘယ်လို သံသရာလည်တာတုံးလို့ မေးရင် ကိလေသဝဋ် ဖြစ်ပြီးတော့ ကမ္မ ဝဋ် လုပ်တယ်။ ကမ္မဝဋ် လုပ်တော့ ဝိပါကဝဋ် ပေါ်တယ်။ ဝိပါကဝဋ် ပေါ်တော့ တစ်ခါ ကိလေသဝဋ် ဖြစ်တယ်။ အဲဒီလို လည်တာကွဲ့။

အဲဒါက တို့က စာလို ပေလိုလေး စာထဲ ပေထဲက ပြောနေတာလို့ မမှတ်နဲ့နော်။ စောစောက ပြောသလိုပဲ မောင်ကျော်ကျော် ဆေးလိပ်သောက်တယ် ဟုတ်ပြီနော်။ ဆေးလိပ်သောက်တယ် ဆိုရင် ဆေးလိပ်သောက်တဲ့အတွက် မောင်ကျော်ကျော်ဟာ ဆေးလိပ်သောက်တဲ့ ကံ ပေါ်တာပဲ။ ပြောမယ် ဆိုရင် ဆေးလိပ်က ယစ်မူးစေတတ်တာ ဆိုတော့ သုရာမေရယ ထဲမှာ ထည့်လိုက်ကြပါစို့နော်။ သုရာ မေရယ ကံကို ကျူးလွန်လိုက်တာပဲ။

ကဲ . . . ဒီ ကံကို မင်းက ကျူးလွန်လိုက်တဲ့ အခါကျတော့ ကျူးလွန်တယ်လို့ ဘာလို့ ပြောရ တာတုံး ဆိုတော့ ဒီ ကံကို မင်းမှာ ဘာအကျိုး ရှိလို့တုံးလို့ မေးရမှာပေါ့နော်။ ဆေးလိပ်ကို မင်း ဘာ

အကျိုးရမှာတုံးလို့ မေးတော့ ဘာအကျိုးမှ မရဘူး။ ဘာအကျိုးမှ ရမှာ မဟုတ်ဘူး ဆိုတော့ မင်း ကျန်းမာလာဖို့လား။ ဒါမှ မဟုတ်လို့ ရှိရင်လည်းပဲ မင်း ချမ်းသာသွားဖို့လား။

တကယ်တော့ မင်း ခံစားရသွားအောင်လို့ သောက်တာ မဟုတ်လား။ ကဲ . . . ခံစားရတာ လေးပဲ မဟုတ်ဘူးလား။ အဲဒီလို ခံစားရတာလေးအတွက် မင်း ကျန်းမာရေးတောင် ပျက်စီးဦးမှာ နော်။ ဒါ မင်း ချမ်းသာရေးတောင် ပျက်စီးဦးမှာနော်။ အဲဒီလိုဆိုတော့ ဒါ မင်း ကျူးလွန်တာလို့ ပြောရမှာပေါ့နော်။ မင်း အလုပ် မဟုတ်တာကို လုပ်တာ ဆိုတော့ ကျူးလွန်တယ်လို့ ဒီလို ပြောရမှာ ပေါ့။

လူဟာ အရက်မသောက်ပေမဲ့ နေလို့ ရတာပဲ။ ဒါပေမယ်လို့ တို့က အရက် ထသောက်လိုက်ပြီ ဆိုပါတော့။ အရက်ထသောက်လိုက်တယ် ဆိုရင် မယား သွားဆဲနေတာတို့၊ သား သွားဆဲနေတာတို့ လုပ်ပြီ မဟုတ်လား။ လူက မူးလာတယ်ဆိုရင် တယ် မဟုတ်ချင်တော့ဘူး။ ဘာဖြစ်လို့ ကျူးလွန်တာ တုံးလို့ ပြောရရင် သူ့ မလုပ်ဘဲနဲ့လည်း နေလို့ရပါရက်နဲ့ သွားလုပ်တာလို့ ဆိုတော့ ဒါကို ကျူးလွန် တာလို့ ဒီလို ပြောရမှာပေါ့နော်။

ဆိုကြပါစို့။ ထမင်း မစားဘဲ နေလို့ မရဘူး။ ထမင်း မစားဘဲ နေလို့ မရတဲ့အတွက် ထမင်း စားတာဟာ ကျူးလွန်တာ မဟုတ်ဘူး။ ရေကို မသောက်ဘဲ နေလို့ မရဘူး။ ရေသောက်ချင်ရင် သောက်မှာပဲ။ ကျူးလွန်တာ မဟုတ်ဘူး။ လေကို မရှူဘဲ နေလို့ မရဘူး။ လေရှူချင်တယ်၊ ရှူတယ်။ ရှူပေမဲ့ ကျူးလွန်တာ မဟုတ်ဘူးနော်။

ကဲ . . . အရက်မသောက်ဘဲ နေလို့ရပေမဲ့ သောက်တယ်။ ဒါဆိုရင် ကျူးလွန်တာလို့ ပြောရမှာ ပေါ့နော်။ မသောက်ဘဲ နေလို့ ရရက်သားနဲ့ သောက်တယ်ဆိုရင် ကျူးလွန်တာပေါ့နော်။ ဆေးလိပ် မသောက်ဘဲ နေလို့ မရဘူးလား။ ဒါပေမယ့် သောက်တယ်ဆိုရင် ကျူးလွန်တာပေါ့နော်။ သောက် တယ်ဆိုတော့ ဘာဖြစ်မှာတုံး။ ဒါဆို တော်တော် ဆိုးဝါးတာလို့ ပြောရမှာပေါ့နော်။ ပြောမယ်ဆိုရင် ကိုယ့်ကိုကိုယ် သေကြောင်းကြံစည်တာလို့ ပြောရမှာပေါ့နော်။ ဆေးလိပ်က အသက်ကို တိုစေတယ်လို့ ပြောတယ်။ အသက် တိုပေမယ်လို့လည်း သောက်ချင်နေတယ် ဆိုတော့ တိုမှန်းလည်း သိပ် သိမနေ တော့ဘူးပေါ့ကွာ။

ဒီဆေးလိပ်ကို မသောက်ရဘဲ ဖြစ်သွားမှာ စိုးရိမ်လို့ ဆိုပြီးတော့ အိတ်ထောင်တွေထဲ ထည့် ထားတာ ရှိသေးတယ်ကွနော်။ ဒါပြောမယ်ဆိုရင် သက်သက် ဒီအတောင့်ကြီးတွေဟာ သူ့ရဲ့ သေဖို့ ရန်အတွက် သေဆေးအတောင့်ကြီးတွေပဲ။ ဒီသေဆေးအတောင့်ကြီးတွေကို ကိုယ် သွားတဲ့နေရာ မပါမှာ စိုးရိမ်လို့တောင်မှ သေသေချာချာ အိပ်ထောင်ထဲ ထည့်သွားတယ်လို့တောင်မှ ပြောရမလိုဘဲ နော်။ ဒါသက်သက် သူ့ကိုယ်သူ ပျက်စီးအောင် ပျက်ဆီးတာပဲ။

ကဲ . . . အဲဒီတော့ ဒီကျူးလွန်တာ ဘာဖြစ်လို့ ကျူးလွန်တာတုံး ဆိုတော့ သူ ဆာလို့ သောက် တာပဲ။ ဆာတာဟာ ကိလေသာပဲ။ ဒါဆိုရင် ကိလေသာကြောင့် သောက်တယ် ဆိုပြီး သောက်တာပဲ။

ဒါ သူ ဘာဖြစ်လို့ ဆာတာတုံးလို့ မေးရင် အရင်တုန်းက ဝ ထားလို့ ဆာတာပဲ။ ဆေးလိပ် ဝ မထား ဘူးတဲ့သူ ဆေးလိပ် မဆာဘူး။ ဝ ထားတဲ့အခါကျတော့ ဒီဝတာလေး အီပြီး ပြယ်သွားတဲ့အခါကျ တော့ ပြန်ဆာတာပဲ။ ဒီဝတာလေးကကော ဘာဖြစ်လို့ ဝတာတုံး ဆိုတော့ သူသောက်ထားလို့ ဝတာပဲ မဟုတ်လား။ သူ မသောက်ထားရင် ဆေးလိပ်ဝတာ ဆိုတာ မဖြစ်ဘူး။ ခုတော့ သူက ဆေးလိပ် သောက်ထားတာ ဆိုတော့ ဆေးလိပ်ဝတာပဲ။ ဆေးလိပ်ဝတဲ့အတွက် တစ်ခါ ဆေးလိပ် ပြန်ဆာတယ် ဆိုတာ ဖြစ်ပြန်တာပေါ့နော်။ ဆေးလိပ်သောက်တဲ့အတွက် တစ်ခါ ဆေးလိပ် ပြန်ဆာတယ် ဆိုတာ လည်း ဖြစ်ပြန်တာပေါ့နော်။

တကယ့်ကို ဒီ ဝဋ်သုံးခုက လည်နေတာပေါ့နော်။ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် ပေါ့ ကွယ်။ အဲဒီလို လည်နေတဲ့ ဖြစ်ရပ်ကို သံသရာပေါ့ကွာ။ တို့ဘုရားရဲ့ ကံနဲ့ သံသရာက အဲဒီလိုမျိုးဗျ။ ဟို ရှေးဘဝက လာတာ ဘာမှမပါဘူး။ ရှေးဘဝကနေပြီး တို့ ဒီဘဝ ရောက်အောင် ပစ်ချလိုက်တာ ဘာမှ မပါဘူး။ တကယ်တော့ တို့ဘုရားရဲ့ ကံက အခုလိုမျိုးလို ကိလေသာတွေ ဖြစ်လို့မို့လို့၊ မနေနိုင် လို့မို့လို့ လုပ်တာ။ ကိုယ်နဲ့ လုပ်သလား၊ နှုတ်နဲ့ ပြောသလား၊ စိတ်နဲ့ ကြံစည်သလား။ ကိုယ်နဲ့ ကျူးလွန်သလားဆိုရင် - ကာယကံ၊ နှုတ်နဲ့ ကျူးလွန်တာဆိုရင် - ဝစီကံ၊ စိတ်မနောနဲ့ ကျူးလွန်တာ ဆိုရင် မနောကံ ပေါ့နော်။ ဒီ ကံသုံးပါးကို ကာယကံ - ဝစီကံ - မနောကံ။

တို့ စကားပြောတိုင်း ကံမြောက်ပြီလားဆိုတော့ ကံတော့ မမြောက်ဘူးကွနော်။ စကားပြော ကာမျှနဲ့လည်း ကံ မဟုတ်ဘူးလို့ ပြောရမယ်။ မကျူးလွန်တဲ့ စကား ပြောတာဆိုရင်တော့ ဝစီကံ မဟုတ်ဘူးနော်။ ကျူးလွန်တဲ့ စကား ပြောရင်တော့ ဝစီကံ။

တို့ အလုပ် လုပ်တာတိုင်းလည်း ကာယကံ မဟုတ်ဘူးလို့ ပြောကြစို့။ တို့ မကျူးလွန်တဲ့ လုပ်ငန်းတွေ လုပ်တယ် ဆိုပါတော့ကွာ။ မကျူးလွန်တဲ့ လုပ်ငန်းကို ကိုယ်နဲ့ လုပ်ပေမဲ့ ဒါ ကာယကံ မမြောက်ဘူး။ တို့က ကိုယ်နဲ့လည်း လုပ်တယ်၊ ကျူးလွန်တဲ့ လုပ်ငန်း လုပ်တယ် ဆိုရင်တော့ အဲဒါ ကာယကံ မြောက်ပြီ။

စိတ်နဲ့ ကြံစည်တာလည်းပဲ ကြံစည်တာတိုင်းတော့ မနောကံ မဟုတ်ဘူးလို့ ပြောကြပါစို့။ သူ့ အပေါ်မှာ ကျူးလွန်တဲ့ စိတ်ဓာတ်နဲ့ ကြံစည်တာမျိုး ဆိုရင်တော့ သူ့ကို ငါဘယ်လို သေအောင် သတ် ရမလဲကွာ၊ သူ့ကို ငါဘယ်လို ပျက်စီးအောင် ဖျက်ဆီးရမလဲ ဆိုရင်တော့ အဲဒီလိုမျိုးလို ကျူးကျူး ကျော်ကျော် စိတ်ကူးမျိုး ဆိုရင်တော့ မနောကံ မြောက်ပြီလို့ ပြောကြစို့နော်။

အဲဒီလိုမျိုးလို ကျူးလွန်တဲ့ ကိုယ်၊ နှုတ်၊ စိတ်နှလုံး တစ်ခုခုကို လုပ်လိုက်လို့ ရှိရင်တော့ အဲဒါ ကံမြောက်ပြီ။ အဲဒါကိုမှ ကံလို့ ပြောတာနော်။ တို့ဗုဒ္ဓရဲ့ ကံနော်။ ဒီဂိုဏ်းရဲ့ ကံကတော့ ဒီလို မဟုတ် ဘူး။ မွေးခင်တုန်းက လုပ်ခဲ့တာလို့ ဒီလို ပြောတယ်နော်။ အခု တို့ဗုဒ္ဓကံနဲ့ ဂိုဏ်းကံနဲ့က တခြားစီ။ ဂိုဏ်းကံက ရှေးဘဝက ကံ၊ တို့ဗုဒ္ဓကံက အခုကံ၊ ပစ္စုပ္ပန်ကံ ပေါ့ကွနော်။ အခုကံက ဒါဖြင့် ဒီ ကံ ဘာ

ဖြစ်လို့ လုပ်တာတုံးလို့ မေးရင် ကိလေသာ မရှိဘဲနဲ့ ဒီ ကံ လုပ်မလားကွာ။ ကိလေသာ မရှိပဲနဲ့ ဒီ ကံကို ဘယ်သူမှ လုပ်လို့ မရဘူး။

ကိလေသာ ရှိမှ ဒီကောင့်ကို ငါ က သတ်ကို သတ်ချင်တယ်ကွာလို့ စိတ်မပေါက်ဘဲနဲ့ ဘယ်သူမှ သတ်မှာ မဟုတ်ဘူး။ ဒီလူ့ပစ္စည်းကို ငါ ခိုးကို ခိုးယူချင်တယ်ကွာလို့ စိတ် မဖြစ်ဘဲနဲ့ ဘယ်သူမှ မခိုးဘူး။ အဲဒီတော့ ခိုးချင်တယ်ကွာလို့၊ သတ်ချင်တယ်ကွာလို့ ဆိုတာတွေက ကိလေသာတွေကွ။ လောဘ ကိလေသာလို့၊ တဏှာ ကိလေသာလို့ ပြောကြစို့ကွာ။

အဲဒီ ကိလေသာတွေ ပေါက်မှ ဒီ ကံကနေပြီးတော့ လုပ်လို့ ဖြစ်တာ။ ဒီ ကံ ဘာကြောင့် ဖြစ်တာတုံးဆိုရင် ကိလေသာကြောင့် ဖြစ်တာ။ ဒီလိုမျိုးလို ပြောရတယ်ကွနော့်။ ဒီ ကိလေသာက ဘာဖြစ်လို့ ပေါက်တာတုံးလို့ မေးရင်၊ ဩော် . . . ဒီလိုမျိုးလို သတ်ပစ်ရင် ကောင်းတယ် ဆိုတာမျိုးကို သူများတွေ သတ်လိုက်တဲ့အတွက် ဘယ်လို ကောင်းသွားတာမျိုး၊ ကိုယ် သတ်လိုက်တဲ့အတွက် ဘယ်လို ကောင်းသွားတာမျိုး၊ ဝိပါက် တစ်ခု ရဖူးပြီးမှ ကိလေသာကလည်း ပေါက်တာ။

အဲဒီတော့ ကိလေသာကလည်း ကိလေသာ အစတော့ မဟုတ်ဘူး။ ဝိပါက်ကြောင့် ဖြစ်တာလို့ ဒီလို ပြောရမယ်။ ဒီ ဝိပါက်ကကော၊ ဝိပါက်က ဘယ်က ဖြစ်တာလဲ ဆိုရင် ကံကြောင့် ဖြစ်တာ။ ဒီ ကောင်တွေဟာ တစ်ခုကို တစ်ခု လည်နေတယ်။ ကံကလည်း ကံတွင် ရပ်မနေဘူး။ ဝိပါက် အဖြစ် ပြောင်းသွားတယ်။ ဝိပါက်ကလည်း ဝိပါက်တွင် ရပ်မနေဘူး။ ကိလေသာ အဖြစ် ပြောင်းသွားတယ်။ ကိလေသာကလည်း ကိလေသာ အဖြစ်နဲ့ ရပ်မနေဘူး။ ကံ အဖြစ်နဲ့ ပြောင်းသွားတယ်။

ဥပမာ၊ ဘာနဲ့ သွားတူမလဲဆိုရင် - သစ်ပင်တစ်ပင်၊ သစ်သီး တစ်လုံးသီး၊ အဲဒီ သစ်သီးထဲက သစ်စေ့ကပါ၊ မျိုးစေ့နော်။ အဲဒီ သစ်စေ့ကနေပြီး တစ်ခါ ထပ်ပြီးတော့ သစ်ပင်တစ်ပင် ထပ်ပေါက်။ အဲဒီ သစ်ပင် ပေါက်တော့လည်း တစ်ခါ ဒီသစ်ပင်က သီးပြန်ရောပေါ့ကွာ။ သီးတဲ့အခါကျတော့လည်း ဒီသစ်သီးထဲမှာ သစ်စေ့က ပါလာဦးမှာပေါ့ကွာ။ ဒီတော့ သစ်စေ့ရယ်၊ သစ်သီးရယ်၊ သစ်ပင်ရယ် အဲဒီ သုံးခု လည်နေတယ်ပေါ့ကွာ။

ဟို လွန်ခဲ့တဲ့ နှစ်တစ်ရာတုန်းက စပါး မျိုးစေ့ကလေး တစ်စေ့ ရှိတယ် ဆိုပါတော့နော်။ ဒီ စပါး မျိုးစေ့ကလေး တစ်စေ့ကို လွန်ခဲ့တဲ့ နှစ်တစ်ရာတုန်းက မြေကြီးထဲ ချစိုက်လိုက်တော့ စပါးပင် ဖြစ်သွားရော။ စပါးမျိုးစေ့က စပါးမျိုးစေ့အဖြစ် ရပ်မနေဘူး။ စပါးပင်အဖြစ် ပြောင်းသွားရော။ တစ်ခါ စပါးပင်ကလည်း ကြီးလာတဲ့အခါကျတော့ ဟော . . . စပါးနှံ ထွက်ပြီး အသီးတွေ သီးလာပြန်ပြီ၊ စပါးနှံ ထွက်ပြီး အသီးတွေ ပါလာတဲ့အခါကျတော့ စပါးပင်က သေသွားပြီ၊ စပါးစေ့ကတော့ ကျန်ခဲ့ပြန်ပြီ။ အဲဒီ စပါးစေ့ကနေပြီး တစ်ခါ မြေကြီးထဲ ချပြီး စိုက်ပြန်တဲ့ အခါကျတော့ နောက်ထပ် တစ်ခါ ထပ်ပြီး စပါးပင် ပေါက်ပြန်ရော။ အဲဒီတော့ စပါးစေ့ရယ်၊ စပါးပင်ရယ်၊ စပါးသီးရယ် သုံးခု ပေါ့နော်။

အဲဒီလိုမျိုး နှစ်တစ်ရာက စပါးက ဒီကနေ့အထိ ဖြစ်လာတာဟာ ဒီနည်းလမ်းအားဖြင့် လာတာနော်။ စပါးစေ့လေးကို ကြုတ်ထဲ ထည့်ထားလို့၊ ကျီထဲ ထည့်ထားလို့ ရှိနေတာ မဟုတ်ဘူး။ ဒီ စပါးစေ့ကို စိုက်လိုက်တယ်။ စိုက်လိုက်ပြီးနောက် စပါးသီးတွေ သီးတယ်။ စပါးသီးတွေ သီးပြီးတော့ စပါးစေ့ ဆန်စေ့တွေ တို့ရပြီ။ အဲဒီလိုမျိုးနဲ့ တို့ဆီကို ရောက်လာတာ။

တို့ ဖြစ်တဲ့ ကိလေသာကလည်း ကိလေသာတွင် ရပ်မနေဘူး။ ကိလေသာကနေ ကံပြောင်းသွားပြီး ကံလုပ်၊ ကံကလည်း ကံတွင် ရပ်မနေဘူး။ ဝိပါက် အဖြစ် ပြောင်းသွားပြီ၊ ဝိပါက်ကလည်း ဝိပါက်တွင် ရပ်မနေဘူး။ တစ်ခါထပ်ပြီး ကိလေသာ အဖြစ်နဲ့ ပေါက်သွားပြန်ပြီ။ အဲဒီတော့ ပြောမယ် ဆိုရင် ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် ဆိုတာကတော့ ဒီလိုမျိုး လည်ပတ်ပြီး တို့ ကိုယ်ပေါ်မှာ ဖြစ်ထွန်းနေတာ၊ အဲဒီလိုမျိုး တို့ ကိလေသာတွေ၊ ကံတွေ၊ ဝိပါက်တွေ ဒီ ဝဋ်သုံးခု လည်ပတ်နေတာကို တို့ဗုဒ္ဓက ပဋိစ္စသမုပ္ပာဒ်မှာ ဟောတဲ့ ကံပဲ။

ဗုဒ္ဓကံနဲ့ ဂျိန်းကံနဲ့ကတော့ ခြားနားတယ်နော်။ ဂျိန်းကံက ဟို အတိတ်ဘဝ၊ ဘဝတွေတုန်းက လုပ်ခဲ့တဲ့ ကံတွေက ဒီဘက်ဘဝမှာ ပါလာတယ်။ အခုဘဝ လုပ်တဲ့ ကံကတော့ နောက်ဘဝတွေဆီကို ပါသွားမှာလို့ သုံးဘဝ စပ်ပြီးတော့ ကံတွေ လည်ပတ်တာကို ပြောတယ်နော်။ တို့ဗုဒ္ဓကတော့ ကံဟာ အဲဒီလို သုံးဘဝ စပ်တာ မဟုတ်ဘူး။

ဟောဒီ လူပေါ်မှာပဲ ဒီလူက ကိလေသာ ပေါက်တယ်။ ကိလေသာ ပေါက်တဲ့အတွက် ကံ လုပ်မယ်။ ကံ လုပ်တဲ့အတွက် ဝိပါက် ပေါ်လိမ့်မယ်။ ဝိပါက် ပေါ်တဲ့အတွက် တစ်ခါ ထပ်ပြီး ကိလေသာ ပေါက်မယ်။ အဲဒီလိုမျိုး လည်ပတ်ပြီးတော့ ဖြစ်နေတဲ့ ဖြစ်ရပ်ကို တို့ဘုရားက ကံသံသရာ သို့မဟုတ် ကံကို ဘဝလို့ ဒီလို ခေါ်ရတယ်။ ဒါလည်းပဲ နည်းနည်း စကားလုံး စိမ်းချင် စိမ်းနေမယ်။

ဘဝ ဆိုတဲ့ စကားလုံးကို တို့ဗုဒ္ဓဘာသာတွေက မွေးစကနေ သေထိ အတွင်းကို တစ်ဘဝလို့ ဒီလိုမျိုး ယူလိုက်တတ်ကြတယ်။ တကယ်တော့ တို့ဗုဒ္ဓအရှင်မြတ်က ဒီ ပဋိစ္စသမုပ္ပာဒ်မှာ ပြောတာက ဘဝ ဆိုတာ ကမ္မကို ပြောတာ။ ကံကိုပဲ ဘဝလို့ ပြောတာ။

ဥမာ တစ်ခု ငါ က သူများပစ္စည်းကို သွားခိုးလိုက်မယ် ဆိုလို့ရှိရင် ငါ ခိုးတဲ့ ဘဝတစ်ခုကို ရသွားပြီလို့ ဒီလို ပြောရမယ်ပေ့ါနော်။ ငါ က သူများကို သွားလိမ်လိုက်လို့ ရှိရင် ငါ က လိမ်တဲ့ ဘဝကို ပြောင်းသွားတာလို့ ဒီလို ပြောရမှာပေ့ါနော်။ ငါ က အဲဒီ ခိုးတာတွေ လိမ်တာတွေကို နောင်ကြဉ် ပစ်လိုက်ပြီး စွန့်ပစ်လိုက်ပြီ ဆိုရင်လည်းပဲ ခိုးတာတွေ၊ လိမ်တာတွေကို စွန့်တဲ့ ဘဝတစ်ခုကို ရသွားတာလို့ ဒီလို ပြောရမှာပေ့ါကွယ်။

အဲဒီတော့ ဘဝ ဆိုတာဟာ ကမ္မရဲ့ နာမည်လို့ ဒီလို ပြောရမှာပေ့ါနော်။ မကောင်းကံတွေက မကောင်းတဲ့ ဘဝ၊ ကောင်းတဲ့ကံတွေက ကောင်းတဲ့ဘဝလို့ ဒီလို ပြောရမှာပေ့ါ။ အဲဒီလိုမျိုးလို သံသရာကို ဘဝ သံသရာလို့ ဒီလို ပြောရမယ်။ ဘဝ သံသရာနော်။ လူ့ သံသရာ မဟုတ်ဘူး။ လူ့ သံသရာနဲ့ ဘဝ သံသရာက ခြားနားတယ်နော်။

လူ့ သံသရာ ဆိုတာကတော့ အခု လူ ဖြစ်တယ်။ အရင်တုန်းက ခွေး ဖြစ်ခဲ့မလား၊ နွား ဖြစ်ခဲ့မလား ဖြစ်ခဲ့မယ်။ ခု လူ ဖြစ်လာတဲ့အကြောင်း ပြောတဲ့ဟာကို လူရဲ့လည်ပတ်ပြီးတော့ တခြားအကောင်ပလောင်တွေနဲ့ လူ လည်ပတ် ဖြစ်ထွန်းတဲ့ ဖြစ်ရပ်ကို ပြောရင်တော့ ဒါဟာ လူ့ သံသရာ ပဲ ပေါ့နော်။ အခု လူ့ သံသရာကို မပြောဘူးနော်။ ဘဝ သံသရာကို တို့ဘုရားက ပြောတယ်။

ဘဝ သံသရာက ဘယ်မှာ ဖြစ်တာတုံး မေးရင် လူပေါ်မှာ ဖြစ်တာ။ အခု တို့ ကိလေသာက လည်း တို့ ကိုယ်ပေါ်မှာ ဖြစ်တာ။ တစ်ခါ ကံ လုပ်ကြပြီ ဆိုတော့လည်းပဲ တို့ ကိုယ်ပေါ်မှာပဲ လုပ်ကြတယ်။ တစ်ခါ ဝိပါက် ဖြစ်ပွားပြီ ဆိုတော့လည်း တို့ ကိုယ်ပေါ်မှာပဲ။ ဒီလိုဆိုတော့ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် သုံးခု လည်ပတ်နေတာကို ဒါ  သံသရာလို့ ဆိုတာ။ ဒီသံသရာ ဘယ်မှာ ဖြစ်တာတုံးဆိုတော့ တို့ ကိုယ်ပေါ်မှာ ဖြစ်တာလို့ ပြောရမှာပေါ့။ တို့ ကိုယ်ပေါ်မှာ သံသရာ ဖြစ်တာ။

ခုန ဂျိန်းဘာသာကလည်းပဲ သံသရာပြောတယ်ကွ။ သံသရာပြောတယ် ဆိုတာက လူ့သံသရာကို သူက ပြောတာ။ လူ့ သံသရာဆိုတာ အခု မင်း လူဖြစ်နေတယ်နော်။ အရင်တုန်းက မင်း နတ် ဖြစ်ခဲ့မလား၊ တိရစ္ဆာန် ဖြစ်ခဲ့မလား မသိဘူး။ လူပဲ ဖြစ်ခဲ့မလား မသိဘူး။ အဲ . . . တိရစ္ဆာန်တို့၊ လူတို့၊ နတ်တို့ကနေပြီး သကာလ အခု လူဖြစ်တာ။ အခု လူဖြစ်ပြီးတော့လည်း မင်း နောင်ကျရင် လည်သွားဦးမှာနော်။ တိရစ္ဆာန် ဖြစ်မလား၊ လူ ဖြစ်မလား၊ နတ် ဖြစ်မလား မသိဘူး။ အဲဒီလိုနဲ့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နဲ့ ဒီလို လည်ပတ်ပြီး နေနေတဲ့ ဖြစ်ရပ်ကို လူ့ သံသရာလို့ ဒီလို ပြောရမှာပေါ့နော်။

ဂျိန်းတွေပြောတဲ့ သံသရာက ဘဝ သံသရာ မဟုတ်ဘူး။ ဂျိန်းတွေပြောတဲ့ သံသရာက သတ္တဝါတွေရဲ့ သံသရာလို့ ဒီလို ပြောရမှာပေါ့နော်။ လူဆိုတဲ့ သတ္တဝါရဲ့ သံသရာလို့ ဒီလို ပြောရမယ်။ တို့ ဒီကနေ့ ဗုဒ္ဓဘာသာတွေရဲ့ သံသရာ ဆိုတဲ့စကားလုံး နားလည်တာကလည်းပဲ တို့ဗုဒ္ဓ ပြောတဲ့ ဘဝသံသရာကို နားလည်တာ မဟုတ်ဘူးနော်။ ဂျိန်းတွေ ပြောနေတဲ့ သတ္တဝါတို့ရဲ့ သံသရာကို ပြောနေတာလို့ ပြောရမှာ မဟုတ်လားကွယ်။ အဲဒီတော့ တို့က ဗုဒ္ဓရဲ့ တပည့်သားတွေဆိုတော့ ဂျိန်းတွေရဲ့ သတ္တဝါတို့ရဲ့ သံသရာကို ပြောရမှာ မဟုတ်။ တို့ တကယ် သိရမှာက ဘဝတွေ ဘယ်လို လည်ပတ်နေတယ်လို့ ဆိုတာကိုပဲ တို့ သိရမှာကွနော်။ တို့ အဲဒီဟာလည်း သိပ် တိမ်ကောလွန်းနေတယ်လို့၊ သိပ် တိမ်မြုပ်လွန်းနေတယ်လို့ ပြောရမှာပေါ့နော်။

တကယ်အတိုင်းကတော့ တို့ဗုဒ္ဓက သစ္စာတရားကို ဟောတာ။ သစ္စာတရားကို ဟောတဲ့အခါကျတော့ ပထမဆုံး သစ္စာတရားကို ဒုက္ခအရိယသစ္စာ ဆိုပြီးတော့ တစ်ချက် ပြောတာပေါ့ကွယ်။ ဒီ ဒုက္ခအရိယသစ္စာတရား ဆိုတာ ဘယ်လိုလဲလို့ မေးလို့ရှိရင် ဒုက္ခအရိယသစ္စာတရား ဆိုတာ ဟောဒီ သံသရာတွေ လည်နေတာကို ပြောတာလို့၊ ကံတွေ ဒီလို လူပေါ်မှာ လာပြီး သံသရာတွေ လည်နေတယ်လို့၊ အဲဒီ ကံတွေ ဒီလိုပဲ လူပေါ်မှာ လာပြီး သံသရာတွေ လည်နေတဲ့အတွက် လူ ဝန်လေးတယ်။

ဘာပြုလို့တုံးဆိုရင် သံသရာတွေက လူ ဝန်လေးစရာ ပစ္စည်းတစ်ခုပဲ။ ဝန်လေးစရာ ပစ္စည်း ဆိုတော့ ဒီဝန်လေးစရာ ပစ္စည်းဖြစ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လူပေါ်မှာ လာဖြစ်တယ် ဆိုတော့ လူက ထမ်းထားရတာ ဖြစ်တဲ့အတွက် လူက ဝန်ထမ်းသမား။ အဲဒီ ဝန်တွေကို ထမ်းနေရတဲ့သူဟာ ဝန်လေး တဲ့သူ။ ဝန်လေးတဲ့သူ ဖြစ်တဲ့အတွက် ဘုရားက လူတွေကို ဝန်မလေးစေချင်ဘူး။

ဝန်မလေးစေချင်တော့ အဲဒီ ဝန်ထုပ်ဝန်ပိုးတွေ ချကြကွာ။ ဘဝတွေကို မင်းတို့ မယူချင်ကြနဲ့ တော့။ ဘဝတွေကို မင်းတို့ ပစ်ကြ။ ကံတွေကို မင်းတို့ ငြိမ်းကြ။ သံသရာတွေကို မင်းတို့ ဖြတ်ကြ။ ဝဋ်တွေကနေပြီး မင်းတို့ လွတ်ကြ၊ ချွတ်ကြလို့ ဘုရားက ဒီလို ပြောတယ်ကွာ။ ဒီစကားတွေလည်း မောင်ကျော်ကျော် ကြားဖူးမှာပါနော်။

သံသရာကနေ လွတ်မြောက်ဖို့ရန်အတွက် တရားတွေကိုကျင့်ဖို့ ဘုရားက ခိုင်းတာ။ ဝဋ်ကနေ ကျွတ်ဖို့အတွက် တရားကျင့်ဖို့ရန် ဘုရားက ခိုင်းတာ။ ကံတွေ ပြတ်ဖို့ရန်အတွက် ဘုရားက နေပြီး တော့ တရားကျင့်ဖို့ရန် ခိုင်းတဲ့အကြောင်းတွေ ကြားဖူးမှာပေါ့နော်။ ကံလည်း မသိဘူး၊ ဝဋ်လည်း မသိဘူး၊ သံသရာလည်း မသိဘူး။ တို့ဗုဒ္ဓဘာသာတွေ ဖြစ်နေကြတာနော်။

တကယ်ကတော့ ဂျိန်းတွေရဲ့ ကံကို သိတယ်။ ဂျိန်းတွေရဲ့ သံသရာကို သိတယ်။ ဂျိန်းတွေရဲ့ ဝဋ်တွေကိုပဲ သိနေတယ်ကွာ။

အဲဒီလိုဆိုတော့ တို့ဘုရား ပြောတဲ့ ကံတို့၊ သံသရာတို့၊ ဝဋ်တို့ ဆိုတာဟာ တို့အပေါ်မှာ ဖြစ် နေတာ။ တို့အပေါ်မှာ ဖြစ်လို့ တို့ လေးနေတာပေါ့။ တကယ်လို့သာ ဒီကံတွေ၊ ဒီသံသရာတွေ၊ ဒီဝဋ် တွေကို တို့ကသာ ဆွဲသာ လွှတ်ပစ်လိုက်စမ်းပါကွာ။ ဟော တို့က ဘာမှ ဝန်မရှိတဲ့သူတွေ ဖြစ်သွားမှာ ပေါ့။ ဒါဆိုရင် တို့ လွတ်မြောက်တဲ့သူတွေ၊ ငြိမ်းချမ်းတဲ့သူတွေ ဖြစ်မှာ မဟုတ်လားကွယ်။ နိဗ္ဗာန် ဆိုတဲ့ စကားက ဝိမုတ္တိ ဆိုပြီး လွတ်မြောက်ဖို့လို့ ဒီလို ပြောတယ် မဟုတ်လား။ အဲဒီလိုမျိုးလို လွတ်မြောက်ရမှာ ဖြစ်တယ်ကွဲ့။

တို့ဗုဒ္ဓက ပြောတာက ရှေးဘဝလည်း မဟုတ်ဘူး။ နောင်ဘဝလည်း မဟုတ်ဘူး။ ဟောဒီလူ တွေ လေးနေတယ်တဲ့။ ဘာဖြစ်လို့ လေးတာတုံး။ အဲဒီ သံသရာကြီးက လူပေါ်မှာ လာလည်နေလို့တဲ့။ ဒီသံသရာကိုသာ ဖြတ်ပစ်လိုက်ပါ၊ ဒီဝဋ်တွေကသာ ကျွတ်သွားလိုက်ပါ၊ ဒီသူဟာ မလေးတော့ဘူးတဲ့။

သူဆိုရင် ဗောဓိပင်အောက်မှာပဲ ဒီဝဋ်တွေ ကျွတ်ခဲ့တယ်။ ဒီသံသရာကိုလည်း သူ ဖြတ်ခဲ့ပြီ။ ဒီ ကံတွေကိုလည်း ကုန်အောင် လုပ်ခဲ့ပြီလို့ ဒီလို ပြောတယ်နော့်။ ဒါကြောင့်မို့လို့ သူဟာ လွတ်မြောက် တဲ့သူ ဖြစ်တယ်။ သူ့ကိုယ်သူ ဒီလို ပြောတယ်ကွဲ့။

အဲဒီတော့ ဆိုလိုတာကတော့ဖြင့် တို့ရဲ့ ကံဝါဒနဲ့ ဂျိန်းတို့ရဲ့ ကံဝါဒဟာဖြင့် ခြားမှခြား ခြားနား တယ်လို့ ဒီလို ပြောရမှာပေါ့နော်။ အဲဒီလို ခြားနားပေမဲ့လည်း တို့ဗုဒ္ဓဘာသာတွေကတော့ ဂျိန်းကံတွေ

ကို သိနေတယ်။ ဂျိန်းသံသရာတွေပဲ သိနေတယ်နော်။ ဒီတော့ ဂျိန်းကံတွေ၊ ဂျိန်းသံသရာတွေ ဆိုရင် လွတ်လို့ မရဘူး။

ဘာဖြစ်လို့တုံး ဆိုရင် တို့သေမှ လွတ်မှာနော့်။ ဂျိန်းတွေက သေမှ လွတ်မှာပဲ။ သူတို့က ဘယ်လိုမှ ဝဋ်မကျွတ်ဘူး။ ဒီလူ့ဘဝကြီး ရနေသမျှကတော့ ဒုက္ခပဲလို့၊ လူဖြစ်နေရတာကြီးက ဒုက္ခပဲလို့ ဂျိန်းတွေကတော့ တွက်တယ်။ သူတို့က လူ ဖြစ်နေရတာကြီးက ဒုက္ခပဲဆိုတော့ လူ သေသွားမှပဲ အတ္တလေးက လွတ်သွားမှာလို့ ဒီလိုမျိုး ပြောတယ်ကွာ။

တကယ်တော့ လူ သေသွားရမှာလည်း မဟုတ်ပါဘူး။ ဒီလူမှာတွင်ပဲ ဒီကံတွေကနေ နှိပ်စက်နေတာ ဖြစ်တဲ့အတွက် ဒီကံတွေ ငြိမ်းသတ်ပစ်လိုက်ရင် တကယ် လူ လွတ်လပ်သွားမှာပါလို့ ပြောရမယ်။ ဂျိန်းအနေနဲ့ အဲဒီကံတွေကို ရှေးက ပါလာတဲ့ ကံတွေလို့ တွက်လိုက်တော့ ဒီကံတွေလည်း ငြိမ်းလို့က မရဘူးလို့ ဖြစ်နေတာပေါ့ကွာ။

တို့ဗုဒ္ဓကတော့ ဒီလို မဟုတ်ဘူး။ ကံဆိုတာက တို့လုပ်တာ။ ဘာဖြစ်လို့ တို့ လုပ်တာတုံး။ တို့ကိလေသာ ကနေပြီးတော့ နှောက်ယှက်လို့ တို့ လုပ်ရတာ။ ဒါဖြင့် ကိလေသာကကော ဘာဖြစ်လို့ တို့ကို ပေါက်နေရတာတုံး။ ဝိပါက်တွေက ဖြစ်လို့မို့လို့ ကိလေသာက ပေါက်နေတာ။ နောက် ဝိပါက်က ဘာဖြစ်လို့ ဖြစ်ရတာတုံး။ တို့ ကံတွေက တို့ လုပ်လို့မို့လို့ ဖြစ်နေတာလို့ ဆိုတော့ တို့က ဘယ်သူက စတယ်လို့ ဆိုတာ မသိဘူး။

ကြက်ဥနဲ့ ကြက်မဟာ ကြက်မက ဥလိုက်လို့ပဲ ကြက်ဥ ဥတာလား၊ ကြက်ဥက ပေါက်လာလို့ပဲ ကြက်မဖြစ်တာလား။ ဘယ်သူက စတာလို့ မသိရသလို ကြက်ဥနဲ့ ကြက်မ မသိတော့သလို ကံရယ်၊ ဝိပါက်ရယ်၊ ကိလေသာရယ်ကလည်း ဘယ်သူက စတယ်ဆိုတာကို မသိတော့ဘူး။ လည်နေပြီလို့ ပြောကြပါစို့ကွာ။

အဲဒီတော့ ဒါကို တို့ကနေပြီး ဖြတ်ကြရအောင်။ ဒါကို တို့က ဖြတ်နိုင်လို့ရှိရင် တို့ကံဟာ ငြိမ်းတာပေါ့။ ဘဝ ငြိမ်းတာပေါ့။ ဘဝ ကုန်တာပေါ့ကွယ်။ ဘဝ ကုန်တော့ ဘာဖြစ်လဲ။ ဘဝ ကုန်တော့ လူဟာ လွတ်မြောက်တယ်လို့ ပြောရမှာပေါ့ကွယ်။ အဲဒီတော့ ဗုဒ္ဓကံကို မောင်ကျော်ကျော်က အဲဒီလို နားလည်ပေးပါပေါ့။

ဗုဒ္ဓကလည်း ကမ္မဝါဒီ ဖြစ်တယ်။ ဂျိန်းပုဂ္ဂိုလ်ကြီးဖြစ်တဲ့ နိဂဏ္ဌနာဋပုတ္တကလည်း ကမ္မဝါဒီဖြစ်တယ်။ ဒါပေမယ့် နိဂဏ္ဌနာဋပုတ္တရဲ့ ကမ္မဝါဒက သုံးဘဝ စပ်ထားတဲ့ ကမ္မဝါဒပါပေါ့။ ရှေးဘဝတွေ၊ ခုဘဝတွေ၊ နောင်ဘဝတွေ ပေါ့နော်။ တို့ဗုဒ္ဓရဲ့ ကမ္မဝါဒက ဒီလူပေါ်မှာ လာရောက်ပြီးတော့ ဖြစ်ထွန်းနေတဲ့ ကမ္မဝါဒပါလို့ ဒီလို ပြောရမှာပေါ့နော့်။

အဲဒီ ကမ္မဝါဒကို ဒေါက်သုံးဒေါက်နဲ့ ပြောတယ်။ ဝိပါကဝဋ် လို့ဆိုတဲ့ ဒေါက်၊ ကမ္မဝဋ် လို့ဆိုတဲ့ ဒေါက်၊ ကိလေသဝဋ် လို့ဆိုတဲ့ ဒေါက်။ အဲဒီ ဝဋ်သုံးခု လို့ဆိုတဲ့ ဒေါက်သုံးဒေါက်နဲ့ လည်နေတာကို ဗုဒ္ဓ

ကမ္မဝါဒ အဖြစ်နဲ့ တည်ဆောက်ထားတာ ဖြစ်တယ်။ ဒါလေးကို မောင်ကျော်ကျော်က နားဝင်ပေးပါလို့ ဒီလို ပြောရမယ်နော်။

ကောင်းပြီ ဒါကို နားဝင်ပြီဆိုရင် ရှေ့တစ်ခုလေး ပြောမယ်။ ရှေ့တစ်ခုလေး ပြောမယ် ဆိုတာက တို့ဗုဒ္ဓရဲ့ အသိဉာဏ်တရား ဆိုတာကလည်းပဲ တစ်လောကလုံးနဲ့ မတူဘူး။ အတုလံ ဆိုပြီးတော့ အတု မရှိဘူးလို့။ ဒါဆို မောင်ကျော်ကျော် ကြားဖူးတယ်နော်။ ကောင်းပြီ ဒီလိုဆိုရင် တို့ဗုဒ္ဓရဲ့ မြင်တဲ့ အမြင်ဟာ သူများနဲ့ မတူမှ ဖြစ်မယ်။ သူများတစ်တွေနဲ့ တူနေတယ် ဆိုရင် တို့ဗုဒ္ဓလည်းပဲ တကယ် မထူးဘူးလို့ ပြောရမှာပဲ။ အတုလ မဖြစ်ဘူးလို့ ပြောရမှာပေါ့။ တကယ် သူများနဲ့ ဘယ်လိုမှ မတူဘူးလို့ ပြောရမှာပါ။ သူများနဲ့ မတူတာလေးကို တို့ လမ်းခွဲ ကြည့်ရအောင်နော်။

တို့ဗုဒ္ဓနဲ့ ကျန်တဲ့ ကမ္ဘာသူ ကမ္ဘာသား ဖြစ်တဲ့သူတွေနဲ့ မတူညီတဲ့ အမြင်ပါကွာ။ အဲဒီအမြင်က ဘာပြောမလဲ ဆိုရင်ဖြင့် သူများတစ်တွေက ဘယ်လို မြင်သလဲလို့ ဆိုရင် ဆိုကြပါစို့ - အရပ်ထဲမှာ မောင်မဲ ဆိုတဲ့ သူတစ်ယောက်ဟာ သူများပစ္စည်းတွေကို လိုက်ခိုးနေတယ်ဆိုရင် အဲဒီအရပ်ထဲက လူတွေက ဘယ်လိုပြောမလဲဆိုရင် မောင်မဲဟာ သူခိုးပဲလို့ ပြောမှာပဲ မဟုတ်လား။ (ပြောမှာပါ ဘုရား။)

တစ်ခါ အဲဒီအရပ်ထဲကလူ မဟုတ်ဘဲ၊ တစ်နိုင်ငံလုံးက လူတွေကလည်း မောင်မဲဆိုတာ သူခိုးပဲလို့ ပြောမှာပဲ မဟုတ်လား။ ဒီတစ်နိုင်ငံလုံးက လူတွေ မကဘူး၊ ဒီတစ်ကမ္ဘာလုံးမှာ ရှိတဲ့လူတွေကလည်း မောင်မဲသာ ခိုးတာသိရင် မောင်မဲဟာ သူခိုးပဲလို့ ပြောမှာပဲ မဟုတ်လား။ အဲဒီလို အားလုံး လူမှန်သမျှက မောင်မဲက ခိုးတယ်ဆိုရင် မောင်မဲဟာ သူခိုးပဲလို့ မှတ်ယူတာဟာ လူတိုင်းရဲ့ ဓလေ့ပဲပေါ့ကွာ။

အဲဒီထဲမှာ တို့ဗုဒ္ဓအရှင်မြတ်ကတော့ အဲဒါကို လွန်မြောက်မှာနော်။ အဲဒီလိုမျိုး မယူဘူး ဖြစ်မှာ။ မောင်မဲဟာ သူခိုးလို့ ဆိုတဲ့ဟာကို လွန်မြောက်မှာ။ အားလုံး တစ်ကမ္ဘာလုံးရှိတဲ့သူတွေက မောင်မဲက ခိုးတယ်ဆိုလို့ရှိရင် မောင်မဲက သူခိုးပဲလို့ ယူတယ် မဟုတ်လားကွာ။ တို့ဗုဒ္ဓက ဘယ်လို ယူမှာလဲဆိုရင် မောင်မဲ ခိုးတာမဟုတ်ဘူးလို့ တို့ဗုဒ္ဓက ပြောပြီနော်။

တကယ်တော့ သူများပစ္စည်းကို မောင်မဲ သွားယူတယ်။ အဲဒါကို ဗုဒ္ဓက ဘယ်လို ပြောတုံးဆိုရင် မောင်မဲ ခိုးတာမဟုတ်ဘူးလို့ ပြောတယ်။ ဟာ . . . မောင်မဲပဲ ယူနေမှ မောင်မဲ ခိုးတာမဟုတ်ဘူးလားလို့ တို့လူတွေက မေးမယ် ဆိုပါတော့ကွာ။ အဲဒီတော့ ဗုဒ္ဓက ပြောတယ်။ သူ့ ကိလေသာကြောင့် သူ ခိုးတာလုပ်တာပါတဲ့၊ ဟုတ်ပြီနော်။ တကယ်တော့ သူ့ ကိလေသာ မရှိဘူးဆိုရင် မောင်မဲ ခိုးမလားတဲ့။ ခိုးလောက်ကဲ့လားကွ။ (မခိုးလောက်ပါ ဘုရား။) ကိလေသာ,သာ မရှိရင်တော့ မခိုးလောက်ဘူးကွနော့်။ သူ သူများ ပစ္စည်းကို လိုချင်တပ်မက်တဲ့ ဓာတွေ စောမနေဘူး ဆိုရင် သူ မခိုးလောက်ဘူးကွာ။ လိုချင် တပ်မက်နေတဲ့ ကိလေသာ၊ တဏှာတွေ ထနေလို့သာ သူ ခိုးတာပေါ့။

အဲဒီတော့ တကယ်လို့ မောင်မဲကို နုတ်ယူဆင်ခြင် ကြည့်လိုက်။ မောင်မဲဆီက ကိလေသာကို မရှိစေနဲ့။ နုတ်ထားလိုက်။ ကဲ . . . မောင်မဲ ခိုးပါ့မလား။ (မခိုးပါဘူး ဘုရား။) မခိုးဘူး။ ကဲ . . . ဒီလို

ဆိုရင် မောင်မဲ ခိုးတာလို့ ပြောလို့ မဖြစ်ဘူးကွနော် ဟုတ်လား။ တကယ် သူများပစ္စည်းကို မောင်မဲ လက်ကြီးနဲ့ ယူတာ အမှန်ပဲ။ မောင်မဲ အိတ်ထဲ ထည့်တာလည်း အမှန်ပဲ။ ဒါပေမယ်လို့လည်း တကယ် သာ မောင်မဲ ဆီမှာ ကိလေသာ မရှိရင် မောင်မဲ မခိုးဘူး။ အခု ကိလေသာ ရှိလို့သာ ခိုးတာဆိုတော့ ခိုးတယ် ဆိုတာ ကိလေသာကြောင့် ဖြစ်တာပါတဲ့၊ တို့ဘုရားက ပြောတာနော်။

ခိုးတယ်ဆိုတာ ကိလေသာကြောင့် ဖြစ်တာပါလို့ ဆိုတော့၊ ဒါဖြင့် မောင်မဲ ခိုးတာ မဟုတ်ဘူး ပေါ့နော် ဆိုတော့ မဟုတ်ဘူး။ မောင်မဲက လူပဲ။ လူက မခိုးဘူးဘဲ။ ကိလေသာက ခိုးတာ ဒီလို ပြော ပြီနော်။ ဒါ တို့ဗုဒ္ဓက ပြောပုံလေးနော့်။ ဒါ ထူးခြားချက်ပဲ။ ထူးခြားချက် ဆိုတော့ တို့ဗုဒ္ဓက ထူးလို့ မို့လို့၊ ဗုဒ္ဓ အထူးလေးတွေ ပြောနေတယ်လို့ မအောက်မေ့နဲ့နော်။ မင်းတို့တစ်တွေကလည်း ဗုဒ္ဓဘာသာ ဝင်တွေ မဟုတ်လား။ ဗုဒ္ဓဘာသာဝင်တွေ ဆိုတော့ ဗုဒ္ဓ ယူတဲ့အတိုင်း မင်းတို့ လိုက်ယူရမှာနော့်။ မင်းတို့ လိုက်ယူရမှာဆိုတော့ ဗုဒ္ဓ ယူတာကို မင်းတို့သိမှ မင်းတို့ ယူတတ်မှာနော့်။ အဲဒီလို ယူတတ်ဖို့ အတွက် ဗုဒ္ဓရဲ့ အယူကို မင်းတို့ ပီပီသသ သိပါလို့ ဒီလို ပြောရမယ်နော့်။

မောင်မဲဟာ တကယ်သာ ကိလေသာ မရှိရင် မခိုးဘူးတဲ့။ ကိလေသာ ရှိလို့သာ မောင်မဲ ခိုး တာတဲ့။ ဒါဖြင့် ကိလေသာ ဆိုတာ မောင်မဲလားပေါ့။ မောင်မဲ မဟုတ်ဘူးလားပေါ့။ ကိလေသာဆိုတာ မောင်မဲ မဟုတ်ပါဘူးတဲ့။ ဝိပါက် ရှိလို့သာ သူ ကိလေသာ ရှိတာပါတဲ့။ ဝိပါက်ကြောင့် ဖြစ်တဲ့ ပစ္စည်း တဲ့။ ကိလေသာဟာ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးပေါ့ကွာနော်။ ဝိပါက်ကြောင့် ဖြစ်တဲ့ ကိလေ သာပါတဲ့။ ကိလေသာလည်း မောင်မဲ မဟုတ်ပါဘူးတဲ့။

ဒီလိုဆိုရင် ဝိပါက်က မောင်မဲလားပေါ့။ ဝိပါက်ကလည်း ကံကြောင့် ဖြစ်တာပါတဲ့။ မောင်မဲ မဟုတ်ပါဘူးတဲ့။ ဟုတ်ပြီနော်။ ဝိပါက်က ကံကြောင့် ဖြစ်တာ။ ဒီလိုဆိုရင် ကံကကော မောင်မဲ မဟုတ်ဘူးလားလို့ မေးတဲ့အခါကျတော့ ဆိုးတယ်ဆိုတဲ့ ကံကကော မောင်မဲ မဟုတ်ဘူးလားလို့ မေး တဲ့အခါကျတော့ မဟုတ်ဘူးတဲ့။ သူလည်း ကိလေသာကြောင့် ဖြစ်တာတဲ့။ သူတို့က ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် လှည့်ဖန်သွားလိုက်ကြတာ မောင်မဲ မရှိတော့ဘူး။ ခိုးသူဟာ မောင်မဲ မဟုတ်ဘူး ဖြစ်သွားတော့တာပေါ့။

အဲဒီတော့၊ သြော် . . . မောင်မဲ ဆိုတဲ့သူဟာ သူခိုးပဲ ဆိုပြီးသကာလ မင်းတို့လည်း သူခိုးဆိုလို့ ရှိရင် ဆဲမိမှာပဲ။ မုန်းမိမှာပဲ။ ဒီအထဲမှာ ဝိုင်းရိုက်တဲ့ အထဲမှာတောင် ပါချင်ပါမိမှာပဲ။ ပြောကြစို့ - သူခိုး ဝိုင်းရိုက်ကြတယ် ဆိုပါတော့ကွာ။ တကယ်ဆိုတော့ သူခိုး ဝိုင်းရိုက်ရင် သူခိုး နာတာပဲ ရှိမှာပေါ့ ကွာ။ ခိုးသူ နာတာပဲ ရှိမှာပဲကွ။ ဟုတ်ပြီနော်။ ခိုးတာဟာ သူမှ မဟုတ်ဘဲ။ ကိလေသာကြောင့် ဖြစ်တဲ့ ပစ္စည်းပဲကွ။ ကိလေသာကြောင့် ဖြစ်တဲ့ ပစ္စည်းကို မောင်မဲ ရိုက်တော့ မောင်မဲပဲ နာမှာ မဟုတ်ဘူး လားကွ။ တကယ်တော့ မောင်မဲ ခိုးတာမှ မဟုတ်ဘဲ။ ဒီကိလေသာကြောင့် ခိုးတာပဲ။ ကိလေသာ,သာ မထိဘူး ဆိုရင်တော့ မောင်မဲက နောင်လည်းပဲ ခိုးဖြစ်နေဦးမှာနော့်။

အဲဒီတော့ တို့ဘုရား သိပုံလေးက၊ ဩော် . . . ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် လို့ဆိုတဲ့ ဒီအဖြစ် သုံးခုဟာ လူမှာ လာပြီးတော့ ရနေတဲ့ ရောဂါတစ်ခု ပါပဲတဲ့။ ဥပမာတစ်ခု ပြောမယ် . . . မောင်ရင့်မှာ ဝဲပေါက်နေတယ် ဆိုပါတော့၊ ဝဲက ရောဂါပဲပေါ့။ ဝဲပေါက်နေတယ် ဆိုလို့ရှိရင် အဲဒီဝဲက မင်းလားလို့ မေးရင် မဟုတ်ဘူးနော်။ တကယ်တော့ မင်းအပေါ်မှာ လာစွဲနေတဲ့ ဝဲပဲ ဖြစ်တယ်နော့်။

အဲဒီတော့ ဝဲဟာ မောင်ကျော်ကျော် ဖြစ်တယ်ဆိုရင် မောင်ကျော်ကျော် မသေမချင်း ဝဲ မပျောက်တော့ဘူး။ ဝဲက မောင်ကျော်ကျော် မဟုတ်တဲ့အတွက် ကဲ . . . မောင်ကျော်ကျော်ချည်း ကျန်ပြီး ဝဲပျောက်သွားအောင် ဆေးလုပ်လိုက်လို့ရှိရင်၊ ဆေးလုပ်လိုက်ရင် ဝဲပျောက်သွားမှာ မဟုတ်လား။ ပျောက်သွားတာကို ထောက်ခြင်းအားဖြင့် ဝဲဟာ မောင်ကျော်ကျော် မဟုတ်ဘူး။ မောင်ကျော်ကျော် မဟုတ်ပေမယ်လို့ ဘယ်မှာ ဖြစ်နေတာတုံးဆိုရင် မောင်ကျော်ကျော် အပေါ်မှာ ဒီဝဲက ဖြစ်နေတာ မဟုတ်လားကွာ။ အဲဒီလို ဝဲက ဖြစ်နေတာ။ ဖြစ်နေတာ ဖြစ်တဲ့အတွက် မောင်ကျော်ကျော်ပဲ ဝဲလိုလို၊ ဝဲကပဲ မောင်ကျော်ကျော်လိုလို ဖြစ်နေတာပေါ့ကွာ။

အခုလည်းပဲ ခိုးပြီဆိုရင် ခိုးချင်တဲ့ ကိလေသာက မောင်မဲ မဟုတ်ဘူး။ ဒါပေမဲ့ မောင်မဲမှာတော့ လာစွဲနေတာပေါ့နော်။ ခုန ရောဂါက မောင်ကျော်ကျော်ဆီမှာ လာဖြစ်နေသလို အခု ခိုးချင်တယ် ဆိုတာကလည်း မောင်မဲမှာ လာဖြစ်နေတယ်။ ဒါဖြင့် ခိုးချင်တာက မောင်မဲလားလို့ မေးတော့ မဟုတ်ဘူး။ သူ နဂိုတုန်းက ဝ ခဲ့တာ တစ်ခုကို၊ ဝိပါက် တစ်ခုကို ဖြစ်ခဲ့ဖူးတာဆိုတော့ ဝိပါက်က မောင်မဲလား ဆိုတော့ သူ ကံ တစ်ခုခုကို လုပ်ခဲ့ဖူးလို့သာ သူ ဝိပါက်က ဖြစ်တာလို့ ဆိုတဲ့အခါကျတော့ ဒီကိလေသာကြောင့် ကံ၊ ကံကြောင့် ဝိပါက်၊ ဝိပါက်ကြောင့် ကိလေသာ လို့ဆိုတဲ့ အခါကျတော့ ဒါဟာ သူ့ဟာသူ လည်ပတ်နေတဲ့ဟာကြီးက လူ လာစွပ်နေတာ။ ဒီဖြစ်ရပ်ကြီးကနော်၊ ဒီဖြစ်ရပ်ကြီးက လူကို လာစွပ်နေတဲ့အခါကျတော့ ဟောဒီ ဖြစ်ရပ်ကြီးက ဆိုးဆိုးဆာဆာ ဖြစ်ရပ်ကြီးဆိုတော့ ဒီသူ့ကို လူဆိုးလို့ ထင်တော့တာ မဟုတ်လားကွ။

ဥပမာ တစ်ခု လူတစ်ယောက် အနာကြီးရောဂါတွေ ပေါက်နေပြီဆိုရင် ဟာ . . . ဒီလူ အနူကြီး နဲ့ မပြောပေဘူးလား။ ဒီလူက နူတာ ဟုတ်ရဲ့လားကွယ်။ တကယ်တော့ အနာကြီးရောဂါပိုးက နူတာ နော်။ တကယ်လို့သာ ဒီလူ့ဆီက အနာကြီးရောဂါပိုး ပျောက်သွားအောင် လုပ်လိုက်လို့ရှိရင် ဒီလူ အနူကြီး ဟုတ်သေးရဲ့လား။ (မဟုတ်ပါဘူး ဘုရား။) မဟုတ်တော့ဘူးနော်။

အဲဒီလိုမျိုးလိုပဲ ဒီလူ့ဆီကနေပြီးတော့ ခိုးချင်တဲ့ ကိလေသာကို ပျောက်အောင် လုပ်လိုက်။ ဒီလူ သူခိုး ဟုတ်သေးတော့ရဲ့လားကွ။ မဟုတ်ဘူး။ အဲဒီတော့ မောင်မဲဟာ သူခိုးမဟုတ်ဘူး။ ဘာဖြစ်လို့တုံးဆိုရင် ခိုးတယ် ဆိုတာက ရောဂါလိုပဲ သူ့ဟာနဲ့သူ ဖြစ်ထွန်းပြီးတော့ နေနေတာ ဖြစ်တယ်။

မောင်ရင် ကြီးပေါင်းဆိုတဲ့ အပင် မြင်ဖူးလား မသိဘူး။ သစ်ပင်တွေပေါ်မှာ ကြီးပေါင်းပင် ဆိုတာ ရှိတယ်ကွဲ့နော်။ ကြီးပေါင်းပင် ဆိုတာ - သရက်ပင်ဆိုရင် သရက်ရွက်နဲ့လည်း မတူဘူး။ အသီး သီးရင်လည်း သရက်သီးလို မသီးဘူး။ အပွင့် ပွင့်ရင်လည်း သရက်ပွင့်လို မပွင့်ဘူး။ အကိုင်း

ကလည်းပဲ သရက်ကိုင်းနဲ့ မတူဘူး။ အရွက်ကလည်း သရက်ရွက်နဲ့ မတူဘူး။ အရသာကလည်း သရက်ရဲ့ အရသာနဲ့ မတူဘူး။

ဒါပေမယ်လို့ ထွက်နေတာကတော့ သရက်ကိုင်းကပဲ ထွက်နေတာကွနော်။ သရက်ကိုင်းကနေ ထွက်နေတာဆိုတော့ ဒါသရက်ပင်ပဲလို့ ထင်ချင်စရာ ရှိတယ်နော်။ ဒါပေမဲ့ မဟုတ်ဘူး။ သရက်ကိုင်းကနေ ထွက်နေပေမဲ့ သူက တစ်ကိုင်းပဲကွာ။ အကိုင်းတစ်ကိုင်းပဲ။ အကိုင်းတစ်ကိုင်း ထွက်နေပေမဲ့ သူ့ကို ဘာပြောတုံးဆိုတော့ ကြီးပေါင်းလို့ ပြောတယ်။ ဟုတ်တယ်။ သစ်ပင်ကြီးမှ လာပေါင်းတဲ့ အတွက် သူ့ကို ကြီးပေါင်းလို့ ခေါ်တာပေါ့ကွယ်။

အခုလည်း မောင်မဲ ကလေးတုန်းက ခိုးပါ့မလားကွယ်။ မခိုးဘူးနော်။ ကြီးလာတော့ ပစ္စည်းပစ္စယတွေကလည်း သုံးတတ် စွဲတတ် ဖြစ်နေ။ ပစ္စည်းပစ္စယတွေကိုလည်း ရအောင်က မရှာနိုင်။ အဲဒီ ပစ္စည်းပစ္စယတွေကို သုံးချင် စွဲချင်တဲ့ ကိလေသာတွေကလည်း တဖွားဖွား ထလို့ ဆိုတော့ ဒီပစ္စည်းတွေကို ခိုးတဲ့ အဖြစ်ဆီကို မောင်မဲ ရောက်တော့မှာ မဟုတ်လားကွာ။ ခိုးတယ်ဆိုတဲ့ ကိလေသာက ကြီးမှ လာပေါင်းတာနော်။ မောင်မဲကို ဒါကြောင့် ကြီးပေါင်းလို့ပဲ ပြောရမှာပဲနော့်။ ဒီကြီးပေါင်းဟာ မောင်မဲ မဟုတ်ဘူးကွ။ ဒါဆို ခွဲရမှာပဲ မဟုတ်လားကွ။

အဲဒါကို ကွဲ့ဖို့ရန်အတွက် နည်းနည်းပါးပါး ပုံစံလေး ထုတ်ပြီး ကြည့်မယ်ဆိုရင် ဥပမာ - နတ်ပူးတယ်ဆိုတဲ့ လူတစ်ယောက် ရှိတယ် ဆိုပါတော့ကွာ။ နတ်ပူးတယ် ဆိုတဲ့ လူတစ်ယောက်ဟာ ကိုယ်တွေ ခေါင်းတွေ ယိမ်းလို့ ယိုင်လို့ပေါ့ကွာ။ လက်နှစ်ချောင်း ထောင်ပြီးသကာလ ဘာပြုတယ် ညာပြုတယ်နဲ့ စကားတွေ ပြောမှာပေါ့ကွာ။ တကယ်လို့ နတ်ထွက်သွားပြီလို့ ဆိုတဲ့အခါကျတော့ သူပြောတဲ့ စကားတွေကို အဲဒီလူ သိလား။ မသိဘူးနော်။ သူ လှုပ်တဲ့ လှုပ်ရှားချက်တွေကို အဲဒီလူ သိပါ့မလား။ နတ်ဝင်တဲ့သူက မသိဘူးနော်။

အဲဒီလို မသိပေမဲ့ ဒီလူ ကိုယ်တိုင်ချည်းပဲ လှုပ်ရှားခဲ့တာပဲ။ ဒီလူ ကိုယ်တိုင်ချည်းပဲ ပါးစပ်နဲ့ ပြောခဲ့တာနော်။ ကဲ . . . ဒီလူ ပြောတာ ဟုတ်ရဲ့လားလို့ ဒါ မေးရမှာပဲနော်။ ကဲ . . . ဒီသူ လှုပ်တာ ဟုတ်ရဲ့လားပေါ့။ လှုပ်တာကလည်း လှုပ်နေတာပဲ။ ဒီကိုယ်ကြီးက လှုပ်နေတာပဲ။ ဒါပေမဲ့ ဒီသူ လှုပ်တာ ဟုတ်ရဲ့လားဆိုတော့ မဟုတ်ဘူး။ နတ်ဝင်လို့ လှုပ်တာ။ ဒီလို ပြောကြတယ် မဟုတ်လားကွာ။ စကားပြောတာကလည်း ဒီသူ့ ပါးစပ်ကြီးနဲ့ ပြောတာဆိုတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ဒီသူ ပြောတာ မဟုတ်ဘူး။ ဘယ်က ပြောတာလဲဆိုတော့ ဒါ နတ်က ပြောတာလို့ ပြောရတယ် မဟုတ်လား။

အဲဒီတော့ ဆိုလိုတာကတော့ဖြင့် တို့မှာ ကိုယ်ကိုယ်တိုင် လုပ်ပေမဲ့လည်း ကိုယ်က လုပ်တာ မဟုတ်တာ ရှိတယ်။ ဒါ ပုံစံကတော့ ထွက်လာတာပေါ့နော်။ ကိုယ်ကိုယ်တိုင်က ပြောပေမဲ့လည်း ကိုယ်က ပြောတာ မဟုတ်တာ ရှိတယ်ပေါ့။

ဥပမာ တစ်ခါ အရက်တွေ ဘာတွေ သိပ်သောက်မူးထားတဲ့ လူတစ်ယောက်က တစ်ချိန်တုန်းက သူ စကားမပြောဘူး။ တုဏှီဘော နေတတ်တယ်။ အဲ . . . အရက်တွေသာ ဝင်သွားပြီဆိုရင်တော့

စကားတွေကို ကရား ရေလွှတ်သလို တတွတ်တွတ် ပြောကြတာတွေလည်း ရှိတယ် မဟုတ်လားကွ။ ဆဲစရာရှိ ဆဲ၊ ဆိုစရာရှိ ဆို။ တကယ်တော့ သူ ဆဲနေတာလားဆိုတော့ သူ ဆဲနေတာလည်း မဟုတ်ဘူး။ သူ ဆိုနေတာလည်း မဟုတ်ဘူး။ သူ့ထဲ ဝင်သွားတဲ့ အရက်က သူ့ကို ပူးပြီးတော့ ဒီအရက်ကနေ ဆဲဆိုနေတာနော်။

အဲဒါကြောင့်လို့ လူတွေကလည်းပဲ၊ သူက လူကောင်းပါကွာ။ မဆဲတတ်ပါဘူး။ သူအခု မူးလို့ ဆဲတာပါလို့ ခွင့်လွှတ်ကြရတာပဲ မဟုတ်လားကွာ။ ကဲ . . . သူက ဆဲတာ မဟုတ်ဘူး။ အရက်က ဆဲတာလို့ ဒီလို ပြောရမှာပဲ မဟုတ်လားကွ။ ဟာ . . . အရက်က ပါးစပ် ပါလို့လားကွာ။ အရက်က မဆဲတတ်ပါဘူး။ မဟုတ်ဘူး။ ဒီသူ့ကို ပူးပြီး ဆဲနေတာ။ အရက်က ဒီလူ့ ကိုယ်ထဲကို ဝင်သွားတော့ ဒီလူ့ကို ပူးပြီ မဟုတ်လားကွ။ ပူးပြီးတော့ ဒီလူ့ ပါးစပ်ထဲ ဝင်သွားတော့ အရက်က ဆဲတော့တာပေါ့ကွာ။ အဲဒီလိုမျိုးနော်။

အခုလည်း မောင်မဲက ခိုးတယ်လို့ဆိုရင် မောင်မဲကို ကိလေသာက လာပူးလိုက်တယ်။ ကိလေသာက လာပူးတယ်ဆိုရင် ဟော . . . မောင်မဲက မောင်မဲစိတ် မရှိတော့ဘူး။ သူ့ ကိလေသာက နေပြီးတော့ ခိုးတဲ့အတိုင်း သွားခိုးချည်ဆိုရင် မောင်မဲက သွားခိုးရပြီ။ တကယ်တော့ မောင်မဲ ခိုးတာ ဟုတ်ရဲ့လားကွာ။ မဟုတ်ဘူးနော်။ အဲဒါကြောင့်မို့လို့ ခိုးတဲ့သူကို တို့ကနေပြီးတော့ ခိုးတဲ့သူ ဆိုရင် ဆဲလား ဆိုလား ရိုက်လား ပုတ်လားနဲ့။ တကယ်လို့ လုပ်ခွင့်ရရင်လည်း တို့က လုပ်ချင်တတ်ကြတယ်နော်။

တကယ်တော့ ခိုးတဲ့သူက သနားစရာပဲ။ တကယ်တော့ အပူးခံရတာပဲ မဟုတ်လားနော့်။ ဘာ အပူးခံရတာတုံးဆိုရင် သူ့ ကိလေသာက အပူးခံရတာ မဟုတ်လား။ အဲဒီတော့ ကိလေသာက သူ့ကို ဖိစီးပြီးတော့ နေလိုက်တဲ့အခါကျတော့ မောင်မဲ မလှုပ်သာတော့ဘူး။ သွားခိုးဆိုရင် မောင်မဲက ခိုးတော့တာပေါ့နော်။ ကိလေသာနော်။ အဲဒီတော့ ခိုးတာလည်းပဲ မောင်မဲ ခိုးတာ မဟုတ်ဘူး။ ကိလေသာကြောင့် ခိုးတာ။

တစ်ခါ ကိလေသာက မောင်မဲလား ဆိုတော့ ကိလေသာကလည်း မောင်မဲ မဟုတ်ဘူး။ အရင်တုန်းက ခိုးတာ ကောင်းတယ်လို့ မှတ်ချက် ချဖူးခဲ့တဲ့ ဝိပါက် ရှိလို့ ကိလေသာက ပေါ်တာဆိုတော့ အဲဒီ ကိလေသာကလည်း မောင်မဲ မဟုတ်ဘူး။ ဝိပါက်လည်း မောင်မဲ မဟုတ်ဘူး။ ကံလည်း မောင်မဲ မဟုတ်ဘူး ဆိုတော့ ဟော . . . ဖြစ်ရပ်ကတော့ ကိလေသာကြောင့် ကံ၊ ကံကြောင့် ဝိပါက်ဆိုတော့ ဒီ သုံးခုလေး လည်ပတ်ပြီးတော့ ဖြစ်ထွန်းတာ မဟုတ်လား။ ဒီသုံးခုလေး လည်ပတ်တာကလည်းပဲ ကလေးကတည်းက၊ မွေးကတည်းက ပါလာတာ မဟုတ်ဘူး။ ကြီးလာမှ သူ့ဆီ လာပေါင်းလာတဲ့ အရာ မဟုတ်လား။ ဒါ ကြီးပေါင်းကွ မှတ်ထားနော်။

အဲဒီ ကြီးပေါင်း ဆိုတာက ဒီအပင် မဟုတ်ဘူး။ သရက်ပင် ဆိုလည်း သရက်ပင် မဟုတ်ဘူး။ ကြီးပေါင်းပင်ပဲနော့်။ ပိန္နဲပင်ကနေ ကြီးပေါင်း ထွက်နေတယ်ဆိုရင်လည်း အဲဒီ ကြီးပေါင်းဟာ ကြီးပေါင်းပင်ပဲ။ ပိန္နဲပင် မဟုတ်ဘူး။ ကြီးပေါင်းပဲ။ သူနဲ့ တခြားစီပဲနော့်။ ပိန္နဲသီးလည်း မသီးဘူး။ ပိန္နဲရဲ့

အရသာလည်း မရှိဘူး။ ပိန္နဲရွက် ပုံသဏ္ဌာန်လည်း မရှိဘူး။ ဟုတ်ပြီနော်။ ကြီးပေါင်းရွက်က အခု လည်း ဒီအတိုင်းပဲ။

မောင်မဲရဲ့ လူ့ အဖြစ်က မခိုးဘူး။ မောင်မဲရဲ့ လူ့ အဖြစ်က ခိုးချင်တဲ့ ကိလေသာလည်း မဟုတ်ဘူး။ မောင်မဲရဲ့ လူ့ အဖြစ်က ခိုးတာကို ကောင်းတယ်ဆိုတဲ့ ဝိပါက်လည်း မဟုတ်ဘူး။ ခိုးတာ ကောင်းတယ်ဆိုတဲ့ ဝိပါက်ကလည်း ခိုးတာကြောင့် ဖြစ်တာ။ ခိုးတာကလည်းပဲ ခိုးချင်တာကြောင့် ခိုးတာ။ ခိုးချင်တာကလည်းပဲ ခိုးတာ ကောင်းတယ် ဆိုတဲ့ ဝိပါက်ကြောင့် ခိုးတာဆိုတော့ ဒီသုံးခုဟာ လူပေါ်မှာ ဘယ်လိုကနေ ဘယ်လိုလုပ် မသိဘဲ ရောက်နေတယ်။ ဟုတ်ပြီနော်။

ကြီးပေါင်းပင်ကလည်း ဒီသစ်ပင်ပေါ်မှာ ဘယ်လိုလာရောက်တယ် ဆိုတာ မသိဘူး မဟုတ်လားကွာ။ ကြီးပေါင်းပင်ဟာ ဒီသစ်ပင်ပေါ်မှာ ဘယ်လို လာရောက်တယ် ဆိုတာ မသိဘဲနဲ့ မသိနိုးနားနဲ့ လာပြီး ကပ်သွားသလို အခု တို့မှာလည်းပဲ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ်လို့ ဆိုတာ၊ အခု တို့ဆီမှာ လာကပ်တယ်ကွာ။

ဥပမာ - တို့ဆီမှာ ပွေးပေါက်ပြီ ဆိုရင် ပွေးက ဘယ်လို လာပေါက်တယ် ဆိုတာ တို့ မသိဘူးနော်။ ပွေး ဖြစ်နေမှပဲ ဟင်း . . . တို့တော့ ပွေးက လာပေါက်နေပြီလို့ သိတာ မဟုတ်လားကွာ။ တကယ်တော့ ဒါ  ကူးတော့ ကူးတာပဲကွနော်။ ဆိုကြပါစို့ ပွေးရှိတဲ့ လူနဲ့ ရောထွေးယှက်တင် နေလိုက်တယ် ဆိုရင် သူ့ဆီက ပွေး အမှုန်တစ်ခုခုက ကိုယ့် လာကပ်ပြီး နောက်တော့ ဒီမှာ ပွေး ဖြစ်ရောပေါ့နော်။ ဝဲရှိတဲ့ လူနဲ့ ရောထွေးယှက်တင် နေလိုက်လို့ရှိရင် ဝဲရှိတဲ့ လူဆီကနေ ဝဲပိုး တစ်ကောင်ကောင် လာကပ်ပြီးတော့ တို့ဆီမှာ ဝဲတွေ ဖြစ်လာတာပေါ့နော်။ အဲဒီတော့ ဆိုလိုတာကတော့ ဒီပစ္စည်းဟာ တို့ မဟုတ်ဘူး။ တိုရဲ့ အပြင်အပ တခြားက ပစ္စည်းသာ ဖြစ်တယ်။

ဥပမာ - တို့အဆုတ်မှာ တီဘီရောဂါ ဖြစ်တယ် ဆိုပါတော့ကွာ။ တီဘီရောဂ ါ ဖြစ်တယ်ဆိုတာ တို့ဟာတို့ ဖြစ်တာ မဟုတ်ဘူး။ တို့ရဲ့အဆုတ်ထဲ ဖြစ်တာလည်း မဟုတ်ဘူး။ သူများရဲ့ အဆုတ်ထဲမှာ စားနေတဲ့ ပိုးတစ်ခုကနေပြီးတော့ သူများက အသက် ရှူလိုက်တဲ့အခါမှာ လေနဲ့ ပါလာတာ။ အဲဒီ တီဘီပိုးကလေးကနေပြီးတော့ လေနဲ့ ပါလာတာ။ ပါလာတဲ့ လေကို တို့က ရှူသွင်းလိုက်တယ်။ ရှူသွင်းလိုက်တဲ့အခါကျတော့ တို့အဆုတ်ထဲ သူက ဝင်သွားတယ်။ ဝင်သွားတဲ့အခါကျတော့ သူ့အဆုတ်ထဲက ပိုးက တို့အဆုတ်ထဲ လာရောက်တယ်။ ဘယ်အချိန်က ကူးလိုက်မှန်းတော့ မသိဘူးပေါ့ကွာ။ ဟော . . . တို့ အဆုတ်ရောဂါ တီဘီနာ ဖြစ်ရောပေါ့။ ဒီတော့ ဒီအဆုတ်ပိုးကလည်း တို့ မဟုတ်ဘူး။ အပြင်အပပစ္စည်းပဲနော်။

ခုနတုန်းက ကိလေသာကလည်း တို့ မဟုတ်ဘူး။ ကိလေသာတို့၊ ကံတို့၊ ဝိပါက်တို့ကလည်း တို့ မဟုတ်ဘူး။ အပြင်အပပစ္စည်း။ ဒီ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် ဒီသုံးခုဟာ လည်နေပြီ ဆိုရင်တော့ ဒီသူတော့ ဝန်လေးနေပြီ။ တို့သာ မဟုတ်ရှိရမလား၊ တို့တော့ ဝန်လေးနေပြီ။ ခုနတုန်းက ဝဲပေါက်နေပြီဆိုရင် ဝဲက တို့ မဟုတ်ဘူး။ တို့ မဟုတ်ပေမဲ့ တို့အပေါ်မှာ ပေါက်နေပြီဆိုရင် တို့တော့

တပြင်းပြင်းနဲ့ ကုတ်နေရတဲ့ အဆင့်အထိ ဝန်လေးနေပြီလို့ ပြောကြစို့ကွာ။ အဲဒီလိုမျိုးလိုပဲ တို့ ဒုက္ခရောက်တာလို့။ အဲဒါကို တို့ဘုရားက မြင်တယ်ကွ။

အဲဒီတော့ လူနဲ့ ယောဒီ သံသရာနဲ့ဟာတဲ့၊ တခြားစီဟ။ လူနဲ့ ကံသံသရာနဲ့ဟာ တခြားစီဟလို့ တို့ဘုရားက မြင်တာ။ ဘာဖြစ်လို့တုံးဆိုရင် ကံသံသရာက ခိုးတာ၊ လိမ်တယ် ဆိုတာကလည်း ကံသံသရာက လိမ်တာလို့ ဒီလိုမျိုးလို ပြောတယ်နော်။ အဲဒီလိုမျိုး ကောင်းမှု ကောင်းရာတွေကို မသိနိုးနားနဲ့ လုပ်ရင်လည်းပဲ ကံသံသရာကနေ လုပ်တာလို့ ဒီလို ပြောရမှာပေါ့နော့်။ အဲဒီ ကံသံသရာတွေကို လူနဲ့ တခြားစီဆိုတော့ ခွဲလို့ ရတာပေါ့နော်။ လူပဲ ကျန်ခဲ့ပြီးတော့ အဲဒီ ကံသံသရာတွေ ကျွတ်သွားအောင် ချွတ်လို့ ရတာပေါ့နော်။ တကယ်လို့သာ ကံသံသရာဟာ လူပါပဲလို့ ဆိုရင်တော့ လူ မသေမခြင်း ဒီကံသံသရာက ကျွတ်မှာ မဟုတ်ဘူးနော်။

အခုတော့ ကံသံသရာနဲ့ လူ တခြားစီလို့ အစဆုံး စမြင်လိုက်တယ်ကွာ။ တို့ဘုရားက အဲဒီလို အစဆုံး စမြင်တာကို ဘာလို့ ပြောရတုံးဆိုတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်တာလို့ ဒီလို ပြောရမယ်။ ခိုးတာဟာ လူ မဟုတ်ဘူး၊ ငါ  မဟုတ်ဘူး၊ သူ မဟုတ်ဘူး။ ခိုးတာဟာ ယောကျ်ားလည်း မဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူး။ ဒီလို ပြောပြီနော်။ အဲဒီတော့ ခိုးတဲ့သူကြီးကိုပဲ တို့က သူခိုးလို့ စွဲနေကြပြီ။ တကယ်တော့ လူက ခိုးတာ မဟုတ်ဘူး။ လူက အသုံးချခံရတာပဲ ဖြစ်တယ်။

အသုံးချခံရတယ် ဆိုတာ ဆိုကြပါစို့ကွာ။ ကောက်ပင်ကို တံစဉ်နဲ့ ရိတ်တယ်။ ကောက်ပင်ကို တံစဉ်နဲ့ ရိတ်တယ် ဆိုလို့ရှိရင် ကောက်ပင်ရယ်၊ တံစဉ်ရယ်၊ ရိတ်တဲ့သူရယ်၊ ရိတ်တာရယ် ပေါ့နော်။ စကားလုံး လေးလုံး ရှိတယ်ပေါ့။ လယ်သမားဟာ ကောက်ပင်ကို တံစဉ်နဲ့ ရိတ်တယ်။ ကောက်ပင်ရယ်၊ တံစဉ်ရယ်၊ ရိတ်တယ် ဆိုတာရယ်မှာ ရိတ်တာက ကြိယာ။ ရိတ်တဲ့ ကြိယာကို ဘယ်သူလုပ်တာလဲ ဆိုရင် လယ်သမားက လုပ်နေတယ်။ လယ်သမားက လုပ်တယ်ဆို ကဲ . . . တံစဉ်မပါဘဲနဲ့ ရိတ်လို့ရမလားကွ။ (မရပါဘူး ဘုရား။)

တံစဉ် မပါဘဲနဲ့ ရိတ်လို့ မရဘူး။ တကယ် ကောက်ပင် ဖြတ်တာကျတော့ တံစဉ်က ဖြတ်တာနော်။ တံစဉ်က ဖြတ်တာဆိုတော့ ကဲ . . . လယ်သမား မပါဘဲနဲ့ တံစဉ်က သူ့ဟာသူ ဖြတ်မလားကွာ။ သူ့ဘာသာ သူလည်း မဖြတ်ဘူး။ အဲဒီတော့ တံစဉ်က ဘာတုံးဆိုရင် တံစဉ် ဆိုတာ အသုံးချခံရတဲ့ ပစ္စည်း။ လယ်သမားက ကောက်ပင်ကို ရိတ်တဲ့အခါမှာ အသုံးချခံရတဲ့ ပစ္စည်း။ အသုံးခံ ပစ္စည်းပေါ့ကွာ။

အခုလည်းပဲ ကိလေသာက ခိုးတဲ့လုပ်ငန်းကို လုပ်ပြီဆိုရင် လူကို အသုံးချလိုက်တာ။ လူက ကရိဏ်းပစ္စည်းလို့ ဒီလို ပြောရမှာပေါ့ကွာ။ အသုံးချခံပစ္စည်း ကရိဏ်းပစ္စည်း တံစဉ်လို ပစ္စည်းပေါ့ကွာ။ ကောက်ပင် ရိတ်တဲ့အခါမှာ လူက ရိတ်တာပဲ။ ဒါပေမယ်လို့ လူက ရိတ်တယ်သာ ပြောတာ တံစဉ်က ဖြတ်ရတာ။ လူက ရိတ်တဲ့အခါမှာ တံစဉ်နဲ့ အသုံးချရတာပဲ။ အသုံးချခံပစ္စည်းပဲ။ တံစဉ်လို

ပစ္စည်းပေ့ါ။ လူကလည်း ဒီအတိုင်းပဲ။ ခိုးတာကို လူ့ လက်နဲ့ သွားယူ။ သူများပစ္စည်းကို သွားယူ။ လူ့ လက်က ဒါ အသုံးချခံရတာပဲ။ ကိလေသာက ခိုးတာလို့ ဒီလို ပြောရမှာပေ့ါနော်။

အဲဒါကို တို့ဘုရားက ပီပီပြင်ပြင် မြင်တယ်ကွာ။ တို့ဘုရားက ပီပီပြင်ပြင် မြင်တယ်ဆိုတော့၊ ဘာပြောတုံးဆိုတော့၊ အေး . . . သူခိုးဆိုပြီးလည်း မုန်းမနေနဲ့တဲ့။ ဒီလူက ခိုးတာ မဟုတ်ဘူး။ လူလိမ် ဆိုပြီးတော့လည်း အမြင်ကပ် မနေနဲ့တဲ့၊ ဒီလူက လိမ်တာ မဟုတ်ဘူး။ သူ့ ကိလေသာက လိမ်တာ။ သူ့ ကိလေသာက ခိုးတာတဲ့။ အဲဒီလိုမျိုးလို ဖြစ်တဲ့အတွက် တို့ဘုရားရဲ့ အမြင်က ခြားသွား ပြီနော်။

လောက မြင်တာနဲ့ လောက ကတော့ ဒီသူက လိမ်ပြီဆိုရင် ဒီသူ လူလိမ်ပဲ။ ဒီသူ့ လက်နဲ့ ခိုး ပြီဆိုရင် ဒီသူ သူခိုးပဲ။ ဒီလိုမျိုးတွေ မဟုတ်လား။ အဲဒီလိုမျိုးလို ခိုးတာတွေ လိမ်တာတွေဟာ တို့ ဘုရားကတော့ လူ မဟုတ်ဘူး။ ဒီလို ပြောတယ်ကွ။ အဲဒီလို လူ မဟုတ်တဲ့ဟာကို လူ မဟုတ်မှန်း သိတဲ့အခါကျတော့ ကောင်းပြီ ဒီလိုဆိုရင် အဲဒီလို လူ မဟုတ်တဲ့ဟာတွေ လူဆီ မကပ်နိုင်အောင် လေ့ကျင့်ရမယ် ဆိုပြီးတော့ တရားကျင့်ခိုင်းတာကွ။ လူ မဟုတ်တဲ့ ကိလေသာတွေ လူကို ကပ်နေ တယ်ဆိုရင် ဒီ ကိလေသာတွေ ကွာအောင် လူက လုံးပန်းရမှာ မဟုတ်လား။ လူမှ မဟုတ်ဘဲ ခွာလို့ ရရမှာပေ့ါ။ လူတွင်း ပစ္စည်း ဆိုရင်တော့ ဘယ်ခွာလို့ ရမလဲပေ့ါနော့်။

လူ မဟုတ်တာဆိုတော့ သူ့ ခွာလို့ ရတယ်ဆိုရင် ခွာတဲ့ လေ့ကျင့်ခန်း လုပ်တာကို တရား အားထုတ်တာလို့ ခေါ်တယ်ကွနော်။ တကယ်လို့ တရားအားထုတ်လို့ အကုန် ကွာသွားပြီလို့ ဆိုလို့ ရှိရင် တရား ပြီးသွားတယ်လို့ ဒါ ပြောရတယ်ပေ့ါနော့်။ တရား အဆုံးကို တရားပြီးဆုံးခြင်းကို ရောက်သွားတယ်လို့၊ တရား ပေါက်သွားတယ်လို့ ဒီလို ပြောရမှာပေ့ါနော့်။

အခုတော့ ကိလေသာနဲ့ လူကို အတူတူလို့ ထင်တယ်။ ကံနဲ့ လူကိုလည်း အတူတူလို့ ထင် တယ်။ ဒါ တစ်ကမ္ဘာလုံး လူတွေက ထင်နေတာနော်။ အဲဒီလို ထင်နေတဲ့အထဲတည်းက တို့ဘုရားက တရားကျင့်လိုက်တဲ့အခါကျတော့ ကိလေသာ၊ ကံ၊ ဝိပါက်တွေနဲ့ လူနဲ့ အတူတူ မဟုတ်ဘူးတဲ့။ အဲဒီလို အတူတူ မဟုတ်ဘူးလို့ သိတဲ့ဟာက သက္ကာယမိစ္ဆာဒိဋ္ဌိ ခွာတာ။ ကိလေသာ၊ ကံ၊ ဝိပါက် ဒီသုံးခု လည်ပတ်နေတာကို လူပဲလို့ ထင်တာက သက္ကာယမိစ္ဆာဒိဋ္ဌိ ပဲလို့ တို့ဘုရားက ပြောတယ်။

ဘာဖြစ်လို့တုံးဆိုရင် လူက ထင်ရှားတယ်လေကွာ။ မောင်မဲဆိုရင် မောင်မဲက ထင်ရှား အကောင်ကြီး ရှိတယ်နော်။ ကိလေသာက မထင်ရှားဘူး။ ကံကလည်း မထင်ရှားဘူး။ ဝိပါက်က လည်း မထင်ရှားဘူး။ ဒီတော့ မထင်ရှားတဲ့ ကိလေသာတို့၊ ကံတို့၊ ဝိပါက်တို့ သံသရာ လည်နေတာကို မောင်မဲဆိုတဲ့ ထင်ရှားတဲ့ အကောင်ကြီး လုပ်တာပါပဲလို့ ဒီအကောင်ကြီး အပေါ်မှာ တို့က အထင်လွဲ ပြီး တို့ဘုရားနဲ့ သာမန်လူတွေရဲ့ ကွဲပြားတဲ့ အသိပဲ။

တကယ်တော့ အသိ ကွဲမှ အပြော ကွဲမယ်။ အပြော ကွဲမှ အလုပ် ကွဲမယ်။ အလုပ် ကွဲမှ သာမန်လူတွေက အရူးတွေ ဆိုရင် တို့ အရူးဘဝက လွတ်မြောက်မှာ မဟုတ်လားကွယ်။ တို့ဘုရားက

သူဟာ အတုလံ သာမန်လူတွေနဲ့ မတူတော့ဘူးလို့ ဒီလို ပြောတယ်နော်။ လူတွေက ဘယ်လိုဖြစ်လဲ ဆိုရင် ဆဲစရာရှိလည်း ဆဲ၊ ဆိုစရာရှိရင်လည်း ဆို ဒီလိုမျိုးလို မဟုတ်လား။ အဲလိုဆိုတော့ လူတွေက ခုတ်စရာရှိ ခုတ်၊ ထစ်စရာရှိ ထစ်။ တို့ဘုရားက အဲဒီလိုမျိုး မဟုတ်တော့ဘူး။

ဘာဖြစ်လို့ သူက မဟုတ်တာလဲဆိုရင် သူက စောင့်နေလို့လား ထိန်းနေလို့လား၊ သူ စောင့်နေ ထိန်းနေတာလည်း မဟုတ်ဘူး။ သာမန်လူတွေကတော့ သူများတွေ ဓားနဲ့ ခုတ်သလို ကိုယ်လည်း ခုတ်တတ်ကြတယ်။ သူများတွေ နှုတ်နဲ့ ဆဲသလို ကိုယ်လည်း ဆဲတတ်ကြတယ်။ သာမန်လူတွေနော်။ ဒါပေမယ်လို့ သိပ်ဆဲတဲ့ လူတွေက ရိုင်းတယ် ဆိုပြီးသကာလ ကိုယ့်ကိုကိုယ် အရိုင်းလူတွေ ဖြစ်သွားမှာ စိုးရိမ်တဲ့အတွက် ဆဲချင်ဦးတော့လည်း ထိန်းနေကြရတာပေါ့ကွာ။ ဓားနဲ့ ခုတ်ချင်ဦးတော့လည်း ထိန်းနေ စောင့်နေကြရတယ်။ အဲဒီလို ထိန်းနေ စောင့်နေကြရတဲ့ လူမျိုး၊ မထိန်း မစောင့်တဲ့ လူမျိုး အဲဒါတွေက သာမန်လူတွေလို့ ဒီလို ပြောရမှာပေါ့။

တို့ဘုရားကတော့ ထိန်းနေ စောင့်နေတဲ့ လူလည်း မဟုတ်ဘူး။ မထိန်း မစောင့်တဲ့ လူလည်း မဟုတ်ဘူး။ မထိန်း မစောင့်ရင်လည်း ဆဲစရာရှိ ဆဲ၊ ထိုးစရာရှိ ထိုး၊ ခုတ်စရာရှိ ခုတ် ဖြစ်မှာပဲ မဟုတ်လားကွယ်။ တစ်ခါ ထိန်းနေ စောင့်နေရင်တော့ ဆဲစရာရှိလည်း မဆဲဘူး။ ထိုးစရာရှိလည်း မထိုးဘူး။ ခုတ်စရာရှိလည်း မခုတ်ဘူး။ ဒါပေမဲ့ သူက ထိန်းထား စောင့်ထားရလို့ မဟုတ်လား။ အဲဒီလိုမျိုးဆိုတော့ သူလည်းပဲ အတူတူလို့ ပြောရမှာပေါ့။ သူများလည်း ထိုးချင် ခုတ်ချင်တယ်။ သူလည်း ထိုးချင် ခုတ်ချင်တာပဲ။ သူများကတော့ အထိန်း အစောင့် မရှိဘူး။ သူကတော့ အထိန်း အစောင့် ရှိတယ်။ ဒီလို ပြောရမှာပေါ့နော်။ အထိန်း အစောင့် ရှိသူနဲ့ မရှိသူ ဒါပဲ ထူးတယ်။ သူများလို စိတ် ဖြစ်နေတာပဲ။

တို့ဘုရားကတော့ အဲဒီလို သူများလို စိတ် မဖြစ်ဘူး။ ဘာဖြစ်လို့တုံးဆိုရင် သူများက ရိုက်ချင်တယ်၊ ပုတ်ချင်တယ်၊ ထိုးချင်တယ်၊ ခုတ်ချင်တယ် ဆိုတော့ ဒီကောင် တော်တော် ဆိုးတယ်ကွာ။ ဆိုးတဲ့ အမှုနဲ့ အဲဒီဆိုးတဲ့ အမှုကို လက်ခံပြီး လုပ်ဆောင်ရတဲ့ လူပေါ့နော်။ အဲဒါကို တစ်ခုတည်းလို့ မှတ်လိုက်တာပေါ့ကွယ်။ ဆိုးတာကို လုပ်တာနဲ့ ဆိုးတာကို လုပ်တဲ့သူကို တစ်ခုတည်းလို့ မှတ်လိုက်တာ။ ဆိုးတာကို လုပ်တာက ကြိယာ ဟုတ်ပြီနော်။

ဆိုးတာကို လုပ်တယ် ဆိုတာက ဆိုကြပါစို့ သူများပစ္စည်း ခိုးချင် ခိုးမယ်။ သူများကို လိမ်ချင် လိမ်မယ်။ သူများကို ဆဲချင် ဆဲမယ်။ ဒါ ဆိုးတာ လုပ်တာတွေပေါ့နော်။ အဲဒါကို၊ အဲဒီ ဆိုးတဲ့အမှုကို၊ လုပ်တဲ့သူကို၊ ဩော် . . . ဒီကောင် လူဆိုးပဲလို့ ဒီလို သတ်မှတ်လိုက်တာ မဟုတ်လား။ အဲဒီတော့ ဘာဖြစ်လဲ ကိုယ်က မခံနိုင်တဲ့အခါကျတော့ ဆဲရင်ဆဲ သို့မဟုတ်ရင် ကိုယ်က စောင့်စည်းတယ် ဆိုရင်တော့လည်းပဲ မဆဲဘဲနဲ့ မှိတ်ကြိတ်ပြီးတော့ နေလိုက်ပေါ့ကွာ။ ပုထုဇဉ်တွေဟာ အဲဒီလို နေကြတာကွဲ့။

တို့ဘုရားကတော့ သူ အရိယာ ဖြစ်တယ်ဆိုရင် အရိယာ အမြင် ရှိရမယ်။ အရိယာ အမြင်က ဘယ်လို မြင်တာတုံး ဆိုရင် ဟာ . . . ခိုးသူနဲ့ ခိုးတဲ့အမှုနဲ့ တခြားစီပဲ။ ဟုတ်ပြီနော်။ လူနဲ့ ခိုးတဲ့အမှုနဲ့

တခြားစီပဲလို့ တို့ဘုရားက မြင်တာ။ ဟာ . . . လိမ်တဲ့အမှုနဲ့ ဒီလူနဲ့ တခြားစီပဲ။ မောင်မဲ လိမ်တယ် ဆိုပေမဲ့ လိမ်တဲ့အမှုဟာ မောင်မဲ မဟုတ်ဘူး။ တို့ဗုဒ္ဓက ဒီလိုမျိုးလို မြင်တယ်ပေါ့ကွယ်။

လိမ်တယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ။ ပဋိစ္စ လိမ်ဖို့ အကြောင်းကို ထောက်ဆပြီးတော့ သမုပ္ပါဒ လိမ်တယ်ဆိုတဲ့ အဖြစ်ကို ဖြစ်တာတဲ့။ ဒီလို ပြောတယ်နော့်။ အဲဒီလိုမျိုးလို ပြောတာ ဖြစ်တဲ့အတွက် တို့ဘုရား မြင်တာက ဘယ်လိုမြင်တာတုံး ဆိုရင် လိမ်နေတဲ့သူကြီးကို မျက်စိက တပ်အပ်မြင်နေရ လည်း ဒီကောင် လိမ်တာ မဟုတ်ဘူးတဲ့။ ဒီလိုမျိုးလို မြင်တယ်ကွယ်။

သာမန်လူတွေကတော့ ကိုယ့် လာလိမ်တာကို ကိုယ်က ခံရပြီဆိုရင် ဟာ . . . ဒီကောင် လိမ် တာပဲလို့ မှတ်တာပေါ့ကွာ။ မှတ်ကြတာနော့်။ ကိုယ့်လာပြီးတော့ ဆဲတဲ့လူကြီးကို တိုက်ရိုက် မျက်စိနဲ့ မြင်နေပြီဆိုရင် ဒီကောင် ငါ့ဆဲတာ မမှတ်ဘူးလား။ (မှတ်ပါတယ် ဘုရား။) ဆဲသူကို ဒီကောင်လို့ မှတ် လိုက်တယ်။ အဲဒါကို မိုက်တယ်လို့ ပြောရမယ်။

အဲဒီ မိုက်တာကို ဘုရားက စကားလုံးနဲ့ ဘယ်လိုပြောသလဲဆိုတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ တဲ့။ သက္ကာယကို သူတို့က လွဲမှားပြီးတော့ သိနေတာတဲ့၊ သက္ကာယ ဆိုတာ ထင်ရှားတဲ့ အကောင်ကြီးပေါ့။

ကဲ . . . မောင်မဲက မောင်ရင်တို့ကို ဆဲတယ် ဆိုပါတော့။ မောင်မဲက မောင်ရင်တို့ကို ဆဲတယ် ဆိုရင် ဒါ မောင်မဲက အကောင်ကြီး မဟုတ်လား။ မောင်မဲဆိုတဲ့ ဒီအကောင်ဟာ ငါတို့ကို ဆဲတဲ့ အကောင်။ ဟော . . . မောင်ရင်တို့က အဲဒီလိုမျိုးလို မှတ်ယူလိုက်တာဟာ မောင်မဲအပေါ်မှာ အထင် လွဲလိုက်တာ။ ဘယ်လို အထင်လွဲတာတုံးဆိုတော့ မိစ္ဆာဒိဋ္ဌိ ဖြစ်လိုက်တာ။ မောင်မဲက ထင်ရှားတဲ့ အကောင်ကြီးဖြစ်တဲ့အတွက် သက္ကာယ။ သန္တောကာယော သက္ကာယော။ သန္တော ထင်ရှားရှိတဲ့ မောင်မဲ ကိုယ်ကြီးပေါ့။

ထင်ရှားရှိတဲ့ မောင်မဲ ကိုယ်ကြီးကို ဆဲသူလို့ သတ်သတ်မှတ်မှတ် မောင်ရင်တို့က နေပြီးတော့ ယူဆလိုက်တာပေါ့နော်။ အဲလို ယူဆလိုက်တာ မှန်သလားလို့ ဆိုတော့ မှားတယ်။ မှားရင် မိစ္ဆာဒိဋ္ဌိ။ သက္ကာယမိစ္ဆာဒိဋ္ဌိ။ အဲဒါ ဘာနဲ့ သွားတူလဲဆိုရင် အဲဒီသူထက် မှားတဲ့၊ မိုက်တဲ့ သူတွေဟာ ဘယ် လောက်ရှိသလဲ ဆိုရင် အရိုင်းဆုံး တိုင်းလိုက်ရင်တော့ ခွေးလို့ ဖြစ်တယ်။ ခွေးဟာ မောင်ရင်တို့လည်း ခွေးကို ငယ်ငယ်တုန်းက ဆော့ခဲ့ဖူးမှာပဲနော်။

ကိုက်တတ်တဲ့ ဟောင်တတ်တဲ့ ခွေးကို မောင်ရင်တို့က ခဲနဲ့ ထုလိုက်လို့ရှိရင် ခွေးက ထုတဲ့ လူကို လာကိုက်သလား၊ ခဲကို ကိုက်သလား။ တကယ်တော့ မောင်ရင်တို့ ခွေးကို ခဲနဲ့ ထုလိုက်လို့ရှိရင် ခဲလုံးကို သွားကိုက်တာနော်။ ခွေးက တကယ်တော့ ထုတဲ့ လူကို နောက်မှ သူ ကိုက်မှာ။ ခဲကို အရင် ကိုက်မှာနော့်။ ခဲကို ကိုက်မှာဆိုတော့ တကယ်တော့ အခုလည်း မောင်မဲက မောင်ရင်တို့ကို လာဆဲပြီ ဆိုရင် ဪ . . . မောင်မဲဟာ ငါတို့ကို ဆဲသူဆိုတော့ မောင်မဲကို မောင်ရင်တို့က သွားပြီး မဲတာ မဟုတ်လားကွ။

တကယ်တော့ မောင်မဲက ခဲလုံးပဲကွ။ ဟုတ်ပြီနော်။ သူက ထုတဲ့အခါမှာ အသုံးချခံရတဲ့ ပစ္စည်းပဲ။ တကယ်တော့ မောင်မဲက ခဲလုံးပဲဆိုတော့ ခဲလုံးက ခွေး မှန်တာကိုကွ။ သူ နာတာက ခဲလုံး မှန်လို့ နာတာဆိုတော့ သူက ခဲလုံးကို အရင် သွားကိုက်တာနော်။ ခဲလုံးကို အရင်သွားကိုက်တာ ဆိုတော့ ခဲလုံးက မာမာကြီး။ သူ့သွား ကျိုးယုံရှိမှာပဲ။ ဘာတတ်နိုင်မှာလဲနော့်။

တို့မိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ ခွေးတစ်ကောင် ရှိတယ်။ သူက လမ်းဘက် ထွက်ထွက်ပြီး ကိုက်တတ်တယ်။ ဒါနဲ့ တော်တော် လူရှုယ်တွေကပေါ့။ သူတို့ကို လမ်းသွားရင် ဟောင်တာတို့ ကိုက် တာတို့ပေါ်မှာ မှီပြီးတော့ မုန်းတာပေါ့။ မုန်းတော့ အဲဒီလူငယ်တွေက ဘာလုပ်တုံးဆိုရင် သဘော်သီး အစိမ်းတစ်လုံးကို မီးဖုတ်တယ်တဲ့။ မီးဖုတ်တော့ သဘော်သီးက တအား ပူသွားတာပေါ့နော်။ တအား ပူတော့ ကိုင်စရာလေး တစ်ခုနဲ့ သူတို့က ကိုင်သွားတယ်။

အဲဒီအိမ်ရှေ့ ရောက်တဲ့အခါကျတော့ အဲဒီအိမ်က ခွေးကလည်း ထွက်လိုက်တာပေါ့။ ထွက် လိုက်တော့ အဲဒီသဘော်သီးနဲ့ ပစ်လိုက်တာပေါ့။ ခွေးက အဲဒီသဘ်ာသီး သွား ကိုက်တာပေါ့။ သွား ကိုက်တော့ အဲဒီသဘော်သီးအပူ ဆိုတာက အထဲမှာ အရည်တွေနဲ့ဆိုတော့ တအား ပူတာ မဟုတ် လား။ ခွေး ပါးစပ်ကလည်း ဒီသဘော်သီး ကိုက်ထားတာဆိုတော့ ချွတ်လို့ တော်တော်နဲ့ မရဘူး။ ဒီ အပူတွေက လောင်ပြီး သွားတွေ အခွေလိုက် ကျွတ်သွားတယ် ပြောတယ်။ ဆိုလိုတာကတော့ အဲဒီ ခွေးဟာ သူ့ လာမှန်တဲ့ ခဲလုံးကို သူ ကိုက်တတ်တယ်ပေါ့။

အဲဒီလိုပဲ မောင်မဲက မောင်ရင်တို့ ပစ္စည်း လာခိုးပြီဆိုလည်း မောင်ရင်တို့ မောင်မဲကို ရိုက် လွှတ်မှာနော်။ မောင်မဲက မောင်ရင်တို့ကို လာဆဲရင်လည်း မောင်ရင်တို့က မောင်မဲကိုပဲ ရိုက်လွှတ်မှာ နော်။ မောင်မဲက ဆဲသူလည်း မဟုတ်ပါဘူး။ မောင်မဲက ခိုးသူလည်း မဟုတ်ပါဘူးလို့ ပြောရမှာပေါ့ နော်။ ကိလေသာကြောင့် ဖြစ်တဲ့ သူ ခိုးတယ်ဆိုတဲ့ ကံ ဖြစ်တာပါ။ ကိလေသာလည်း မောင်မဲ မဟုတ် ပါဘူး။ ဝိပါက်ကြောင့် ဖြစ်တဲ့ ကိလေသာပါ။ ဒီ ဝိပါက်ကရော မောင်မဲတဲ့လား ဆိုတော့ ဒီ ဝိပါက်က လည်း မောင်မဲ မဟုတ်ပါဘူး။ ဟို အရင့်အရင်ကနေပြီးတော့ ကံတွေရဲ့ အကျိုးအဖြစ်နဲ့ ဝိပါက်ပါလို့ ဒီလို ပြောရမှာပေါ့နော်။

အဲဒီတော့ ကိလေသာလည်း မောင်မဲ မဟုတ်ဘူး။ ကံလည်း မောင်မဲ မဟုတ်ဘူး။ ဝိပါက် လည်း မောင်မဲ မဟုတ်ဘူး ဆိုရင်တော့ တကယ်တော့ မောင်မဲဟာ အသုံးခံပစ္စည်းပဲ။ ခဲလုံးဟာ အသုံးပစ္စည်းပဲ။ မောင်ရင်တို့ကို မောင်မဲကနေ လာဆဲတာပဲ ဆိုပြီး မောင်မဲ ရိုက်လွှတ်ရင်တော့ မောင်မဲ နာတာပဲ ရှိမှာပါလို့ ဒီလို ပြောရမှာပေါ့နော်။

အဲဒီတော့ အဲဒီလိုပဲ ခွေးကလည်း သူ့ လာမှန်တဲ့ခဲကိုပဲ သူကနေ လိုက်ကိုက်တယ် ဆိုရင်တော့ လည်း အဲဒီ ခွေးသွားတွေပဲ နာတာပဲ ရှိမှာပါပေါ့။ ခဲက သူ့ဟာသူ လာမှန်တတ်တဲ့ အနေအထား မရှိပါ ဘူး။ လူကနေ ပစ်လိုက်လို့သာ သူ့ လာမှန်တာပါလို့ ဒီလို ပြောရမှာပေါ့နော့်။ အဲဒီလိုမျိုးလိုပဲ ကိလေ သာကနေ လုပ်လိုက်တာကြောင့် မောင်မဲကနေပြီးတော့ ဒီလိုမျိုးလို ဒါဖြစ်တာပါလို့ ပြောရမယ်နော့်။

အဲဒီတော့ တို့ဘုရား အသိအရဆိုရင် မောင်မဲက လာပြီး ပစ္စည်းခိုးပြီ ဆိုရင်တော့လည်း မောင်မဲကို ဆဲလည်း မဆဲချင်ဘူး။ ရိုက်လည်း မရိုက်ချင်ဘူး ဖြစ်ရမယ်။ ဘာဖြစ်လို့ မဆဲချင် မရိုက်ချင်တာလဲ မောင်မဲမှ မဟုတ်ဘဲ။ မောင်မဲ မဟုတ်ဘူးလို့ တို့ဘုရားက သိတဲ့အတွက် သက္ကာယမိစ္ဆာဒိဋ္ဌိ မရှိဘူး။ သက္ကာယအပေါ်မှာ အမြင်မှား မဖြစ်ဘူး။ မောင်မဲဆိုတဲ့ သက္ကာယအပေါ်မှာ အမြင်မှန်မှန်ပဲ မြင်တယ်။ အဲဒီလို အမြင်မှား မဖြစ်တဲ့အတွက် မောင်မဲကို သူခိုးလို့ မသတ်မှတ်ဘူး။ မသတ်မှတ်တဲ့အတွက် သူခိုး ခိုးတာ ခံပြင်းရမှာ မောင်မဲကို မခံပြင်းတော့ဘူး။ မောင်မဲကို မခံပြင်းတော့တဲ့အတွက် စောင့်နေရတာလည်း မဖြစ်ဘူးလို့ ပြောရမှာပေါ့။

တို့ဘုရား အသိအရ မောင်မဲရဲ့ ခိုးတာကို ခံရဦးတော့လည်းပဲ မောင်မဲကို စိတ် မတိုမိအောင် စောင့်စည်း စောင့်ရှောက်နေရတာလည်း မဟုတ်ဘူး။ ဒါဖြင့် မစောင့်စည်းဘဲနဲ့ ကိုယ်ပိုင် ထပြီး သကာလ ဆဲတာတွေ ဆိုတာတွေ လုပ်လိုက်သလား ဆိုတော့ မစောင့်မစည်းတဲ့ လူတစ်ယောက် လုပ်နည်းကားလည်း တို့ဘုရား မလုပ်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မောင်မဲက တရားခံကို မဟုတ်လို့ဘဲ။ တို့ဘုရားရဲ့ အသိထဲမှာနော်။ အဲဒါကို တစ်လောကလုံး မသိသေးတဲ့ အသိ။ တို့ဘုရားက သိတာနော်။

မောင်မဲက ခိုးပြီဆိုရင် မောင်မဲ တရားခံပဲ။ မောင်မဲကို ဆဲကြတော့မှာပဲ။ မောင်မဲကို ရိုက်ကြတော့မှာပဲ။ တကယ်လို့မှ ကိုယ်က ခွင့်လွှတ်တတ်တယ်၊ စောင့်စည်းတတ်တယ် ဆိုရင်တော့ ခွင့်လွှတ် စောင့်စည်းပြီး နေလို့သာ မောင်မဲကို မဆဲတာတို့ မရိုက်တာတို့ လုပ်မှာနော်။ ရိုက်တာ ဆဲတာတွေကို မလုပ်ဘဲ ရှိရမယ်နော်။ တကယ်တော့ တရားခံက မောင်မဲပဲ။ ဟုတ်ပြီနော်။ စောင့်စည်းသူရော မစောင့်စည်းသူပါ နှစ်ယောက်စလုံးက တရားခံ အဖြစ် ချမှာကတော့ မောင်မဲက တရားခံပဲ။

တို့ဘုရားကတော့ မောင်မဲကို အဲဒီလိုမျိုးလို ပြောရမှာဆိုရင် မောင်မဲက တရားခံကို မဟုတ်ဘူး။ ကိလေသာတွေ၊ ကံတွေ၊ ဝိပါက်တွေ လာပြီးတော့ ရောဂါဘယတစ်ခု လာပြီးတော့ ပတ်နေသလိုမျိုး မောင်မဲကို လာပတ်နေသလိုမျိုးလို ခံရရှာတာလို့ ဘုရားက မောင်မဲကိုပဲ သနားမှာနော်။ သူ့ကို တရားခံလို မမြင်ယုံတွင် မကဘဲနဲ့ သနားစရာအကောင်လို့များတောင် မြင်ဦးမှာနော်။ အဲဒီအမြင်ဟာ လောကကြီးမှာ တို့ဘုရား တစ်ဆူတည်းရဲ့ သီးခြား အမြင်လို့ ဒီလို ပြောရမှာပေါ့။

တကယ့်ကိုပဲ မှားယွင်းတဲ့ လွန်ကျူးတဲ့လုပ်ငန်းကို ခံရပါရက်နဲ့ အဲဒီ မှားယွင်းတဲ့ လွန်ကျူးတဲ့သူကို ဒီကောင်ဟာ မှားယွင်း လွန်ကျူးမှုရဲ့ တရားခံ ဖြစ်တယ်လို့ တို့ဘုရားက မတွက်ဘူး။ တစ်လောကလုံးက တွက်တယ်နော်။ တစ်လောကလုံးက တွက်ပေမယ်လို့ တို့ဘုရားက မတွက်ဘူး။

ဩော် . . . ဒါ သူ့ ကိလေသာကြောင့် ဒီ ကံကို သူလုပ်တာလို့၊ သူ့ ဝိပါက်ကြောင့်လည်း အဲဒီ ကိလေသာပေါက်တာလို့၊ သူ့ရဲ့ ရှေးအခါက ကံတွေကြောင့်လည်း ဒီ ဝိပါက်ကလည်း တစ်ခါ ထပ်ပေါ်တာလို့ ဘုရားကတော့ လုံးဝ ဒီ ကိလေသာရယ်၊ ကံရယ်၊ ဝိပါက်ရယ် လို့ဆိုတဲ့ သံသရာရဲ့ ဝိုင်းကြီး ပတ်ပတ်ကို သူက မြင်တယ်လေကွယ်။

သူက မြင်တဲ့အခါကျတော့ ဒီပုဂ္ဂိုလ်ကို အဖတ်မဆယ်ဘူး။ ဒီပုဂ္ဂိုလ်ကို တရားခံလို့ မချဘူး။ ဟုတ်ပြီနော်။ ဒါဆိုရင် ဘယ်သူရှိမှာလဲ။ တစ်လောကလုံးမှာ တို့ဘုရား တစ်ဆူပဲ ရှိမှာပဲ မဟုတ်လား။ တို့ဘုရားရဲ့ ထူးခြားတဲ့အဖြစ်ကို မင်းတို့ မြင်ကြပြီလား။ ဒါ တို့ဘုရားရဲ့ အသိ ထူးခြားပုံနော်။

ကြည့်၊ သူ့ကို လာပြီးတော့ ဆိုးဆိုးဝါးဝါးနဲ့ လုပ်နေတဲ့ တရားခံကိုပဲ သူက တရားခံလို့ မမြင်ဘူး။ သူ့ကို လာဆဲနေတယ် ဆိုရင်လည်းပဲ ဒီသူ ဆဲသူလို့ သူက မမြင်ဘူး။ သူ့ကို လာရိုက်နေဦးတော့ တောင်မှလည်း ဒီသူ့ကို ရိုက်သူလို့ သူက မမြင်ဘူး။ ဒီသူက ရိုက်တာလို့ သူ မမြင်ဘူး။ ဘာဖြစ်လို့လဲ ဆိုရင် သူ့ ကိလေသာတွေ၊ ကံတွေ၊ ဝိပါက်တွေက နေပြီးတော့၊ သံသရာတွေက နေပြီးတော့ ဆိုးနေတာလို့ ဒီလို မြင်တာနော်။

အဲဒီတော့ လူကို တရားခံလိုမှ မမြင်ဘဲနဲ့ ဆိုတော့ အပြစ်တင်စရာ ရှိပါဦးတော့မလား။ မရှိဘူးနော်။ သူက စောင့်စည်းနေလို့သာ အပြစ်မတင်တာလား။ မဟုတ်ဘူးနော်။ သူကနေပြီးတော့ မစောင့်စည်းလို့သာ ဆိုရင် ကဲ . . . မစောင့်စည်းဘူးလို့ ဆိုရင် သူ့ တကယ်ပဲ အပြစ်တင်စရာ ရှိတဲ့ အတိုင်း အပြစ်တင်လိုက်သလား ဆိုရင် မတင်ဘူး မဟုတ်လား။ သူ့ဆီမှာ အပြစ်တင်စရာ လူ၊ အပြစ်ရှိတဲ့ လူလို့ရော ဘုရား မြင်လို့လား။ မမြင်ဘူးနော်။ အပြစ်ရှိတဲ့ လူလို့ မမြင်တာဆိုတော့ သူ့အတွက် အပြစ်ကို စောင့်စည်းနေရတာလည်း မရှိဘူး။ ဟုတ်ပြီနော်။ အပြစ်တင်လိုက်တာလည်း မရှိဘူး။ ကဲ . . . တို့ဘုရားက ဘယ်လောက် ထူးခြားသလဲလို့ ဒီလို ပြောရမှာပေါ့။

လောကကြီးမှာ အဲဒီလိုမျိုးလို မြင်တဲ့ အမြင်ကို သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်တာလို့ ဒီလို ပြောရမယ်နော်။ အဲဒီလို သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ပြီးတဲ့ နောက်ပိုင်းကျတော့ ဒီအမြင်အတိုင်းကို ကြည်စင်နေအောင် လေ့ကျင့်လိုက်တယ်။ လေ့ကျင့်လိုက်တော့ အကုန်လုံးကို ကြည်စင် အမြင်ပေါက်သွားပြီ ဆိုတော့ သူ တရားပြီးပြီ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်တာနော်။

အဲဒီလို အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရောက်တဲ့အခါကျတော့ သူ့ စိတ်ထဲမှာ အကုန်လုံးကို မြင်နေပြီ။ ဆိုးတဲ့သူကိုလည်း သူ ဆိုးတာ မဟုတ်ပါဘူးနဲ့ ကြီးပေါင်းတွေ။ ကောင်းနေတဲ့သူတွေ ဆိုရင်လည်းပဲ ကောင်းနေတာ မဟုတ်ဘူး။ ကြီးပေါင်းတွေ။ ဒီလို မြင်ပြီနော်။ အဲဒီလိုဖြစ်တော့ သူ ဘာမှ မပြစ်တင်စရာ အပြစ်သားတွေ အဖြစ်နဲ့ အဖတ်ဆယ်စရာ မရှိတော့ဘူးကို ဖြစ်သွားတယ်။ အဲဒီလို အဖတ်ဆယ်စရာ မရှိတော့ဘူး ဆိုတော့ သူကဖြင့် ဘာမှ လူတွေကို ဆိုးဆိုးဝါးဝါးဖြင့် မတုံ့ပြန်တော့ဘူး။ တစ်လောကလုံးကတော့ ဆိုးတဲ့လူတွေဆိုရင် အဆိုးနဲ့ပဲ ပြန်တုံ့ပြန်ချင်ကြတာ မဟုတ်လား။

ဒီအထဲမှာ ဆိုးတဲ့သူကို အကောင်းနဲ့ တုံ့ပြန်တယ်။ ဆိုးတာ နည်းနည်းပါးပါးပဲ ရှိမယ်။ သူကလည်းပဲ တကယ်တော့ သူက စောင့်ရှောက် စောင့်စည်းပြီးတော့ လေ့ကျင့်ထားလို့ အကောင်းနဲ့ တုံ့ပြန်နိုင်တာနော့်။ အပြစ်သားကတော့ အပြစ်သားပဲ၊ အပြစ်သားလို့တော့ မြင်တာပဲနော်။ အပြစ်သားလို့ မြင်ရက်သားနဲ့ သူတို့ကနေပြီး သူတို့ အပြစ် မဖြစ်အောင်၊ အလွန်မဖြစ်အောင် စောင့်စည်းပြီး

နေလို့ကို အကောင်းနဲ့ တုံ့ပြန်တာ။ အပြစ်သားလို့ မြင်တဲ့အတိုင်း မစောင့်စည်းသူကတော့ အပြစ်နဲ့ပဲ တုံ့ပြန်လိုက်တာနော်။

တို့ဘုရားကတော့ အပြစ်နဲ့လည်း မတုံ့ပြန်ဘူး။ စောင့်ရှောက်ပြီးတော့ ကောင်းတာနဲ့လည်း မတုံ့ပြန်ဘူး။ ဘာဖြစ်လဲ သူက ဘာနဲ့ တုံ့ပြန်လည်း ဆိုတော့ ဒီလူက အပြစ်သားကို မဟုတ်ဘူးလို့ ဆိုတဲ့ အမြင်ရှိနေတာ ဖြစ်တဲ့အတွက် အပြစ်တင်စရာကို သူ့မှာ မရှိဘူးလို့ ဒီလို ပြောရမှာပေါ့။ ကဲ . . . တို့ဘုရား မြင်ပုံ ဉာဏ်ပိုင်းလေးက ထူးခြားရဲ့ မဟုတ်လားကွယ်။ ဒါဟာ ဘုရားကို ကြည်ညိုရတာ လေးလို့ ဒီလို ပြောရမှာပေါ့။

တို့ဘုရားရဲ့ ဒီထူးခြားတဲ့ ဉာဏ်ကလေးကို သူ့ဆီမှာတွင် သူက သိမ်းမထားဘူး။ သူ့ရဲ့ တပည့်သား ဖြစ်တဲ့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမတွေကို သက္ကာယမိစ္ဆာဒိဋ္ဌိ (ဖြုတ်ကြ)[၂] လို့ သူ ပြောတယ်။ ဘယ်လောက်အထိ သူ ပြောသလဲဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ဖို့ရန်ဟာ အရေး အကြီး ဆုံး ဖြစ်တယ်တဲ့။ ဘယ်လောက် အရေးကြီးသလဲ ဆိုတော့ သူက ဂါထာလေးနဲ့ ပြောတယ်။

**တတိယ ဝိယာ ဩမထော** - တကယ်လို့များ မင်းတို့ ရင်ဝ လှံစူးနေမယ်ဆိုရင် အရေးမကြီး ဘူးလား။ သိပ်အရေးကြီးတာပေါ့နော်။ ရင်ဝ လှံစူးပြီဆိုရင် တကယ်လို့ နုတ်ပြီး သကာလ ဆေးတို့ ဝါးတို့ မထည့်ဘူးဆိုရင် သေသွားမှာပေါ့နော်။ အဲဒီ ရင်ဝ လှံစူးတာ အရေးကြီးသလို၊ **ဒယှမာနောဝ မတ္ထကေ** - ခေါင်း မီးလောင်နေတာကော အရေးမကြီးဘူးလား။ ခေါင်း မီးလောင်ရင်လည်း သေသွား မှာပဲနော် မငြိမ်းရင်တော့။ အဲဒီ ရင်ဝ လှံစူးတာ ခေါင်း မီးလောင်တာ အရေးကြီးသလို၊ **သက္ကာယဒိဋ္ဌိ ပဟာနာယ** တဲ့ သက္ကာယဒိဋ္ဌိ ပယ်ဖို့ရန် အရေးကြီးတယ်တဲ့။ ဗုဒ္ဓဘာသာဝင်တွေကို အစဆုံး ပြောတဲ့ စကားက အဲဒီ သက္ကာယမိစ္ဆာဒိဋ္ဌိ ပယ်ဖို့ ပြောတယ်။

မင်းတို့လည်း ဗုဒ္ဓဘာသာဝင်တွေပဲနော်။ မင်းတို့ကို ဘုရားက ပြောတဲ့အသံ မင်းတို့ ကြားပြီ နော်။ သက္ကာယဒိဋ္ဌိကို မင်းတို့ ပယ်ကြ။ မင်းတို့ ခေါင်း မီးလောင်နေတာလောက် အရေးကြီးတယ်။ မင်းတို့ ရင်ဝ လှံစူးနေတာလောက် အရေးကြီးတယ်လို့ ဘုရားက ပြောတယ်နော့်။

ဒါပေမယ်လို့ တို့ဗုဒ္ဓဘာသာတွေ သက္ကာယဒိဋ္ဌိ မပယ်ကြဘူးကွ။ သက္ကာယဒိဋ္ဌိ မပယ်ကြတဲ့ အတွက် တို့ဗုဒ္ဓဘာသာဝင်တွေက ကိုယ့်လာဆဲပြီဆိုရင် ဒီကောင့်ကိုက ဆဲတာပဲနဲ့။

ကိုလင်းအောင်တောင်မှ အဲလိုမျိုး တစ်ခါတည်း လုပ်တယ်လို့ ပြောတယ်မှတ်တယ်။ ဘာလဲ ကွ မင်းက ငါ့ကို ဒါအကောင်ကို မြင်လို့ပေါ့နော်။ တကယ်တော့ ညီတော်မောင်ကနေ သူ့ လာပြီးတော့ တစ်ခါတည်း ကတောက်ကဆတ် ပြောမှာပေါ့နော်။ ကတောက်ကဆတ် ပြောတဲ့အခါကျတော့ ကတောက်ကဆတ် ပြောတာ ခံရပြီပေါ့။ ခံရတော့ ကတောက်ကဆတ် ပြောတဲ့သူက ဘယ်သူတုံး ဆိုတော့ ဒီကောင်ပဲလို့ ဆိုတာမျိုး ဖြစ်ရောပေါ့ဗျာ။

ဒီကောင် ဟုတ်ရဲ့လားဆိုတော့ တကယ်က ကိလေသာနော့်။ ညီတော်မောင်ရဲ့ ကိလေသာလို့ ပြောရမှာပေါ့။ ဒီ ကိလေသာက ညီတော်မောင် မဟုတ်ဘူးနော်။ ဒီ ကိလေသာကလည်း ဘာဖြစ်တုံး ဆိုတော့ သူ့မှာ အကျပ်အတည်း အခက်အခဲတွေက ဖြစ်နေမှာ မဟုတ်လား။ ဒီအကျပ်အတည်းတွေ ဖြစ်တော့လည်း သူ့မှာ ဘယ်လိုမှ မထွက်တတ်တဲ့ အခါကျတော့ ကိုယ် မွေးထားတဲ့ ခွေး တစ်ကောင် တောင်မှ ချောင်ပိတ်ရိုက်ပြီဆိုရင် ဒီခွေးက ဘာလုပ်မလဲဆိုတော့ ဒီသခင်လည်း ကိုက်မှာပါပဲ။ ကိုက်ပြီး ထွက်ရမှာပဲနော့်။

အဲဒီလိုပဲပေါ့။ သူ့ အကျပ်အတည်းတွေ အခက်အခဲတွေက ဖြစ်တော့ ဘယ်လိုမှ မထွက်တတ်တော့ဘူး။ ဘယ်လိုမှ မထွက်တတ်ဘူး ဆိုတဲ့အခါကျတော့ ဝူးဝူးဝါးဝါးတွေ လုပ်ရမှာပေါ့။ ဝူးဝူးဝါးဝါး လုပ်တဲ့အခါကျတော့ အင်း . . . မင်းကလည်းပဲ မှားသေးတယ်။ မင်းက ဝူးဝူးဝါးဝါး လုပ်သေးလား ဆိုပြီးတော့ ဒေါက ကန်ပြီပေါ့။ ဒေါကန်ပြီ ဆိုရင်တော့ ဒါ  သက္ကာယဒိဋ္ဌိ၊ တော်တော့ကို မပြုတ်တာလို့ ပြောရမှာပေါ့။ ကိုလင်းအောင်နော့်။

ညီတော်မောင်က တကယ်တော့ ညီတော်မောင်ပဲ။ အခု ငါ့ကို ဝူးဝူးဝါးဝါး လုပ်လိုက်တာက ညီတော်မောင် မဟုတ်ဘူး။ ညီတော်မောင့်ကို လာပူးနေတဲ့ ပယောဂ တစ်ခုခုကနေပြီးတော့ ငါ့ကို ပြောနေတာလို့ ဒီလိုမျိုး နားလည်ပေးရမယ်။

ဘုရားရဲ့ တပည့်ကို ဘုရားက ဒီလို သင်တာနော့်။ ဘုရားက ဘာသင်လဲဆိုရင် မင်းတို့ သက္ကာယဒိဋ္ဌိ ဖြုတ်။ ငါ့ရဲ့ ဘာသာဝင်ထဲကို မင်းတို့ ဖြစ်ချင်တယ်ဆိုရင် မင်းတို့ သက္ကာယဒိဋ္ဌိ ဖြုတ်။ မင်းတို့ သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့ရန် ဘယ်လောက် အရေးကြီးသလဲဆိုရင် ခေါင်း မီးလောင်နေတာလောက် အရေးကြီးတယ်။ ရင်ဝ လှံစူးနေတာလောက် အရေးကြီးတယ်။

ရင်ဝ လှံစူးနေတာ မနုတ်ဘဲထား သေမှာပဲ။ ခေါင်း မီးလောင်နေတာ မငြိမ်းဘဲထား သေမှာပဲ။ သက္ကာယဒိဋ္ဌိ မဖြုတ်ဘဲနဲ့ထား သေမှာပဲ။ သေမှာပဲဆိုတာ အထပ်ထပ် သေမှာပဲ။ အထပ်ထပ် သေမှာပဲဆိုတာ သက္ကာယဒိဋ္ဌိ မဖြုတ်ဘဲနဲ့ ထားရင် ဟိုလူနဲ့ ဒေါကန်လိုက်ရ။ ဒီလူနဲ့ လောဘကြီးလိုက်ရ ဖြစ်မှာနော့်။

ဖြစ်လို့ရှိရင် ဘဝမှာ ဆူးလှည်း ဆွဲလာတဲ့ လူလိုပေါ့။ အရှုပ်ချည်း အကုန် ဖြစ်နေမှာနော့်။ ရှုပ်နေမှာပဲ။ ဟိုသူနဲ့ သွားငြိလိုက်၊ ဒီသူနဲ့ သွားငြိလိုက်၊ ဒေါသကြောင်းနဲ့ သွား ငြိလိုက်၊ လောဘကြောင်းနဲ့ သွား ငြိလိုက် အကုန်ရှောက် ငြိနေမှာပဲ။ လူတွေက ငြိစရာကို ဖြစ်နေမှာပဲ။

လူတွေကလည်း ပြောမယ် ဆိုရင်တော့ ထင်ရာမြင်ရာတွေ စိုင်းပြီး နေကြ ထိုင်ကြတာတွေ မဟုတ်လား။ စိုင်းပြီး နေကြ ထိုင်ကြလို့ ဆိုတော့ သူ မှန်တယ်တို့ သူ မှားတယ်တို့ ဘာမှ ရှိမှာလဲ မဟုတ်ဘူး။ ကိုယ့်ဘက်ကကို ကိုယ်မှန်ကြတာပဲ။ ကိုယ်လုပ်တာကို ဟုတ်တယ်လို့ လုပ်ကြတာပဲ။ ဒီကနေ့ လူ့လောကမှာ မှန်တယ်လို့ လုပ်ကြတာပဲ။ ဒီကနေ့ လူ့လောကမှာ မှန်တယ်ဆိုပြီးတော့

ဘယ်သူမှ ဦးခိုက်နေတာ မဟုတ်ဘူး။ ကိုယ် ရှိတဲ့ဘက် ကိုယ်မှန်တယ်လို့ မှတ်ကြတာပဲနော်။ ကိုယ် မရှိတဲ့ဘက်က ကိုယ့်ရဲ့ ရန်ဘက်က ဆိုရင်တော့ မှားတယ်လို့ မှတ်ကြရတာပဲ မဟုတ်လား။

အဲဒီလိုဆိုတော့ မှန်တာ မှားတာကို တကယ် သိနေတာ မဟုတ်ဘူး။ အဲဒီလို မသိနေတဲ့ လောကကြီးထဲမှာ ကိုယ်က ဝင်ပြီး နေရတာဆိုတော့ သူတို့ မှားတိုင်းသာ သူတို့ မှားတာကို ကိုယ်က ခံရတိုင်းသာ ဒီကောင်က ငါ့အပေါ်မှာ အမှားကို ကျူးလွန်တယ်လို့ သက္ကာယဒိဋ္ဌိသာ လုပ်လိုက်မယ် ဆိုရင် ဒီအကောင်က လုပ်တာ။ ဒီကောင်က ငါ့ အပေါ်မှာ မှားယွင်းတဲ့ အမှုကို ဒီကောင် လုပ်တာလို့ ဆိုရင် ကဲ . . . သက္ကာယဒိဋ္ဌိ ဖြစ်မသွားဘူးလား။

တကယ်တော့ ဒီကောင် လုပ်တာလို့ ဆိုရင် ဒီကောင့်မှာ ကိလေသာ မရှိစမ်းပါလား။ လုပ်ပ့ါ မလား။ (မလုပ်ပါဘူး ဘုရား။) မလုပ်ဘူးဆိုရင် ကိလေသာကြောင့် ဖြစ်တဲ့ ပစ္စည်းကို ဒီအကောင် လုပ်တာလို့ သူ့အပေါ်မှာ တို့ကနေပြီး စွဲလိုက်လို့ရှိရင် သက္ကာယဒိဋ္ဌိ ဖြစ်ရော မဟုတ်လားနော်။ အဲဒီ တော့ အဲဒီလို သက္ကာယဒိဋ္ဌိကို တို့က ဖြုတ်ရမှာဗျ။

ဘုရားက အဲဒါ ဖြုတ်စေချင်တာ။ သူ့ တပည့်ဆိုရင် သက္ကာယဒိဋ္ဌိ ဖြုတ်ပြီးသား ဖြစ်ရမယ်။ သူ့ တပည့် ဖြစ်လား မဖြစ်လား ဆိုတာ စည်းတားတဲ့ နေရာလေးမှာ ဟော . . . သက္ကာယဒိဋ္ဌိက ကျော်လာခဲ့ပြီဆိုရင် သူ့ တပည့်စာရင်းထဲတော့ ဝင်ပြီ။ သက္ကာယဒိဋ္ဌိ စည်းတောင် မကျော်သေးဘူးလို့ ဆိုရင်တော့ သူ့ တပည့်စာရင်းထဲတောင် မဝင်သေးဘူး။ အရန်လောက်ပဲ ရှိသေးတယ်လို့ ပြောရမှာ နော့်၊ ဟုတ်ပြီနော်။

အဲဒီတော့ သက္ကာယဒိဋ္ဌိ လို့ ဆိုတဲ့ဟာကတော့ဖြင့် ခင်ဗျားတို့ ရှုကြပါ။ ပွားကြပါ။ ဘယ်သူ ဘာဖြစ်ဖြစ်။ ကိုယ် ဘာဖြစ်ဖြစ်။ ကိုယ် တစ်ခါ တစ်ခါ စိတ်တိုမယ်။ ငါ စိတ်တို ဘာဖြစ်တုံး။ သြော် . . . ငါ့ ကိလေသာပဲပေ့ါ။ တကယ်တော့ စိတ်တိုပြီး ပြောလိုက်မယ်၊ ဆဲလိုက်မယ်၊ လုပ်လိုက်မယ်။ သြော် . . . ဒါဆိုရင်တော့ ငါ မဟုတ်ဘူးဘဲ။ လာပူးပြီပဲ။ ငါ့ နတ်က လာပူးသလား။ ငါ့ ဘီလူးက လာပူးသလား။ ငါ့ သရဲက လာပူးသလား။ ငါ့ တစ္ဆေက လာပူးသလား။ ပူးပြီနော်။

တစ္ဆေဆိုတာကလည်း တောထဲက သင်္ချိုင်းမှာသာ ရှိတာ မဟုတ်ဘူးနော့်။ သရဲဆိုတာက လည်း တောထဲက သစ်ပင်ခွကြားမှာ ရှိတာ မဟုတ်ဘူးနော်။ ဘီလူးဆိုတာကလည်း ဟိုတောကြီးတွေ မှာ ရှိတာ မဟုတ်ဘူးနော့်။ နတ်တွေဆိုတာကလည်း ဟို မိုးပေါ်မှာ တောတွေထဲမှာ ရှိတာ မဟုတ်ဘူး နော့်။ တို့ရဲ့ စိတ်ဓာတ်တွေပဲလို့ ပြောရမှာပေ့ါ။

တို့က အာဋ္ဌာဝကမော့် သွင်းထားတယ်ဆိုရင် ဒေါ်ထပြီဆိုရင် တို့ အာဋ္ဌာဝကဘီလူး ဖြစ်သွား တာပဲ မဟုတ်လား။ အာဋ္ဌာဝကမော့် မသွင်းရင် (အောက်နား)[၂] ဘီလူးစိတ်လောက် ထားတယ် ဆိုရင် လည်းပဲ တို့က ကြမ်းပြလိုက်လို့ရှိရင် တို့ပဲ ဘီလူး ဖြစ်သွားတာပဲ မဟုတ်လား။ တို့ပဲ သရဲ ဖြစ်သွား တာနော့်။

အဲဒီတော့ ဆိုလိုတာကြဖြင့် ဩော် . . . ငါ့ ဒီလိုလာဖြစ်ပြီ ဆိုရင် ဒါကြီးက ငါ့ လာစီးနေပါလား။ ပြောမယ်ဆိုရင် မာန်နတ်ရဲ့ အမျိုးအနွယ်တွေလို့ ဒီလို ပြောရမှာပေါ့နော်။ မာန်နတ် ဆိုတာက လည်း ကိုယ့် ကိုယ်ပဲနော်။ အဲဒီ မာန်နတ်ရဲ့ အမျိုးအနွယ်တွေ တစ်ပုံတစ်ထွေးကြီး ရှိနေတာဟာ ဒင်းတို့ အလုပ် မလုပ်နိုင်အောင်တော့ဖြင့် ဒင်းတို့ကို တို့က နှိပ်ကွပ်ရမှာပဲလို့ နှိပ်ကွပ်ရမှာနော်။

အဲဒီလိုမျိုးလို နှိပ်ကွပ်တဲ့အခါမှာ ဘာက စ နှိပ်ကွပ်ရမှာတုံးဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ စ ဖြုတ်ရမယ်။ သက္ကာယမိစ္ဆာဒိဋ္ဌိ ဆိုတာ ခုန ပြောခဲ့တဲ့ ကိလေသာတွေ၊ ကံတွေ၊ ဝိပါက်တွေ လည်ပတ်ပြီးတော့ ဖြစ်ပွားနေတဲ့ဟာကို ဒီအကောင်ပေါ်မှာ လည်ပတ်ဖြစ်ပွားပေမဲ့ ဩော် . . . ဒီအကောင် မဟုတ်ပါလားလို့ ဒါ သိရမှာပေါ့။ လူနဲ့ သံသရာကို ခွဲ သိရမှာ။

လူနဲ့ သံသရာကို တစ်ခုတည်း မဟုတ်ဘူးလို့ ခွဲပြီးသိရင်ကတော့ ဒီသူဟာ တကယ်လို့ လူက နေပြီးတော့ ကိုယ့် လောဘ ဖြစ်လောက်အောင် ဒေါသ ဖြစ်လောက်အောင် လာလုပ်လည်းပဲ အဲဒါ သူ မဟုတ်ဘူး။ ကိုယ်က သိရမှာနော်။ သူ မဟုတ်တဲ့အတွက် သူ့ကို ကိုယ်က အပြစ်ယူဖို့ မဟုတ်ဘူး။

ကြားဖူးတယ်။ တစ်ခါ တို့ ရွှေဘိုမှာ တို့ တပည့်ထဲကပဲ။ ဒကာတစ်ယောက် သူ့မိန်းမက နတ်အုန်းသီး ဆွဲတယ်တဲ့။ နတ်အုန်းသီး ဆွဲတာမှာ မဆွဲဖို့ရန် နှစ်ခါ သုံးခါ ပြောတာ မရဘူးတဲ့။ ဒါနဲ့ တစ်နေ့တော့ သူ့ မိန်းမကို ရိုက်တာဆိုပဲ။ နတ်အုန်းသီး ဆွဲလို့ ရိုက်နေတုန်းမှာပဲ သူတို့ရဲ့ ဦးလေး သားချင်း လုပ်တဲ့သူက သူတို့အိမ်ကို အလည် လာသတဲ့။ တခြား တောရွာကနေပြီးပေါ့နော်။

ဦးလေးဧည့်သည် အလည် လာတယ်ဆိုတော့လည်း ရိုက်ရတာ နည်းနည်း အားနာတာပေါ့လေ။ ဒါနဲ့ မရိုက်တော့ဘဲနဲ့ လေပြေသွေးပြီးတော့ နေလိုက်တာပေါ့။ နေလိုက်တော့ ဦးလေးလုပ်တဲ့ သူကလည်းပဲ မသိချင်ယောင်ဆောင်မနေဘူးတဲ့။ ဟာ . . . မင်း မိန်းမကို ရိုက်လှချည်လားလို့ ဒီလို မေးတယ်တဲ့။ မေးတော့ သူလည်း ရှက်ကိုးရှက်ကန်းနဲ့ ပြောရတာပေါ့လေ။ မိန်းမဗျာ နတ်အုန်းသီး မဆွဲဖို့ ပြောတာ တစ်ခါလည်း မကဘူး၊ နှစ်ခါလည်း မကဘူး၊ သုံးခါလည်း မကဘူးပေါ့။ အဲဒါ မရ တာနဲ့ ကျုပ်လည်း ရိုက်တာလို့ ရှက်ရှက်နဲ့ ဒီလို ပြောတာပေါ့လေ။

ပြောတဲ့အခါကျတော့ ဦးလေးလုပ်တဲ့သူက ပြောတယ်တဲ့။ ဟာ . . . ဒီလိုဆိုရင် ရိုက်ဟ။ နာနာရိုက်။ ငါ ဈေးထဲက ကြိမ်ဝယ်ပေးမယ်လို့ ဦးလေးက ပြောတယ်တဲ့။ အဲလို ပြောပေမဲ့ ဦးလေးက ရပ်မသွားဘူး။ အေး . . . ဒါပေမဲ့ သူ့ ယုံကြည်ချက်ကိုတော့ မင်း ထိအောင် ရိုက်လို့ သူက ပြောတယ်တဲ့။ မင်း နတ်အုန်းသီး ဆွဲတာ လူက ဆွဲတာ မဟုတ်ဘူး။ သူ့ ယုံကြည်ချက်က ဆွဲတာလို့ သူက ပြောတယ်။ တကယ်သာ သူ နတ်မယုံရင် ဆွဲပါ့မလား။ (မဆွဲပါဘူး ဘုရား။) သူ ယုံကြည်လို့ ဆွဲတာဆိုတော့ ရိုက်တာဟာ လူ ထိမှာလား။ ယုံကြည်တာကို ထိမှာလား။ (လူထိမှာပါ ဘုရား။) လူ ထိမှာနော်။ ရိုက်လို့ နာတာက လူပဲ နာမှာနော်။ ယုံကြည်တာက နာမှာလား။ (မနာပါဘူး ဘုရား။) မနာတော့ ထပ်ဆွဲမှာပဲ။ သူ ယုံကြည်တာကြီးက ရှိနေမှာနော်။ အဲဒီတော့ လူ နာမှာ ကြောက်လို့ မဆွဲဘဲ

နေရင် သူ ရှိတုံးတော့ မဆွဲဘဲ နေမှာနော်။ သူက အားကောင်းမောင်းသန်နဲ့ ကိုယ့်ကိုယ် စီးပိုးနိုင်တုန်းတော့ မဆွဲဘဲ နေမှာပေါ့။ သူ လဲကျသွားပြီဆိုရင် ထပ်ဆွဲမှာပေါ့။

တို့ မန္တလေးမှာ ဘိုးချစ်စံ ဆိုတဲ့ ဒကာတစ်ယောက်။ အဲဒီ ဒကာဆိုလို့ရှိရင် အဲဒီလိုပဲ နတ်အုန်းသီးကို သူက တစ်ခါတည်း ခြေထောက်နဲ့ လိမ့်ကန်ပစ်လိုက်တယ်။ ဟာ . . . သူ့ မိန်းမလည်း ထပ်ထပ် ဆွဲတယ်။ မိန်းမတော့ သူက မရိုက်ဘူး။ အုန်းသီးပဲ ခြေထောက်နဲ့ လိမ့်ကန်ပစ်လိုက်တယ်။ ဒါနဲ့ မိန်းမက ဆွဲဖန်များတဲ့ အခါကျတော့ ငါ့ အိမ်တော့ မဆွဲနဲ့။ ဒါ နင့် နတ်အိမ် မဟုတ်ဘူး။ နင် ဆွဲချင်လို့ ရှိရင်၊ မဆွဲရ မနေနိုင်ဘူးဆိုရင် ဟောဒီ နွားစာတိုက်ထဲ သွားဆွဲလို့ ပြောတယ်။ သူ့မိန်းမကလည်း နွားစာတိုက်ထဲကို သွားဆွဲတယ်တဲ့ဗျာ။

နောက် ကြီးလာလို့ သူကလည်း အိုလာပြီ။ သူ့ မိန်းမကလည်း အိုလာပြီ။ သူ့ သားသမီးတွေကလည်း ကြီးလာပြီပေါ့နော်။ ကြီးလာတဲ့အခါကျတော့ သူ့ မိန်းမကလည်း သူ့ သားသမီးတွေကို စည်းရုံးလိုက်တော့ ပိုပြီး အောင်မြင်တယ်နဲ့တူတယ်။ နတ်အုန်းသီးကို ဆွဲလိုက်သမှ ရွှေတွေ ဘာတွေ ချလို့ဗျာ။ အုန်းသီးဆွဲတဲ့ ရွှေခြင်းတွေ ဘာတွေနဲ့ ဗျာ။ ကဲ . . . မပျောက်ဘူးလို့ ဆိုလိုတာနော်။ ယုံကြည်ချက်ကို မထိရင် မရဘူးလို့ ဒီလို ပြောရမှာပေါ့နော်။

အဲဒီတော့ နတ်အုန်းသီးမဆွဲနဲ့ ပြောတာ မရလို့ ရိုက်တယ်လို့ဆိုတော့ အေး . . . မင်း ယုံကြည်ချက်တော့ ထိအောင် ရိုက်ကွလို့ ပြောတယ်တဲ့နော်။ ဒါမှ မဟုတ်ရင် မင်းဟာ လူ နာတာ ရှိမှာပဲတဲ့။ ဒါ မရိုက်နဲ့လို့ ပြောတာပဲပေါ့။ တကယ်ကတော့ လူက အုန်းသီးဆွဲတာ မကြိုက်လို့ လူရိုက်ပြီ ဆိုရင် လူ နာတာ ရှိမှာပေါ့။ အုန်းသီးဆွဲတာ လူက ဆွဲတာမှ မဟုတ်ဘဲ။ ယုံကြည်ချက်က ဆွဲတာပဲ။ ယုံကြည်ချက်က ပူးပြီး ဆွဲခိုင်းလို့ ဆွဲတာနော်။

အဲဒီတော့ (ပူးတယ်)၂ ဆိုတာ စုန်းပူးသလို ပူးမှ၊ နတ်ပူးသလို ပူးမှလို့ မအောက်မေ့ကြနဲ့နော်။ ကိုယ့်မှာ ဒီဟာကို လုပ်လောက်အောင်၊ အလုပ် ဖြစ်လောက်အောင်၊ လုပ်တောင် လုပ်နေပြီ ဆိုရင်တော့ သူကတော့ ကိုယ့်ပူးနေပြီလို့ ဒီလို ပြောရမှာပေါ့နော်။

အဲဒါကြောင့်မို့လို့ ကိုလင်းအောင်ရေ စိတ်မဆိုးနဲ့နော့်။ ကိုလင်းအောင် ညီကနေပြီးတော့ ကိုလင်းအောင်ကို တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါးကလေး တုံ့ပြန်လိုက်ပြီဆိုလည်း သူက တုံ့ပြန်တာ မဟုတ်ဘူးဗျ။ ဘာက တုံ့ပြန်တာတုံးဆိုတော့ သူ့ ကိလေသာက တုံ့ပြန်တာနော့်။ သူ့ ကိလေသာက သူပဲ မဟုတ်ဘူးလား ဘုရား ဆိုတော့ မဟုတ်ဘူး။ သူ့ ဝိပါက်ကြောင့်ဗျ။ ဒါဖြင့် သူ့ ဝိပါက် သူ မဟုတ်ဘူးလား ဆိုတော့ မဟုတ်ဘူးဗျ။ သူ အရင်တုန်းက မသိနိုးနားနဲ့ လုပ်ခဲ့တဲ့ ကံတွေကြောင့်ဗျ။ သူ့ ကံကြောင့်ဗျ။ သူ့ ကံကြောင့် သူ့ ဝိပါက်ဖြစ်။ သူ့ ဝိပါက်ကြောင့် သူ့ ကိလေသာဖြစ်။ သူ့ ကိလေသာ ကြောင့် သူ့ ကံဖြစ် ဆိုတော့ ဒါဟာ သူ့အပေါ်မှာ လည်ပတ်နေတဲ့ ဝဲနာလို ယားနာလို သူ့အပေါ် လာစွဲနေတဲ့ ရောဂါတစ်မျိုးပဲ ဖြစ်တယ်ဗျနော့်။

ဒါ ပြောမယ်ဆိုရင်တော့ ညီတော်မောင်ရဲ့ ရောဂါက ဒါ ငါ့ကို ဆိုးဆိုးဝါးဝါး တုံ့ပြန်လိုက်ပြီ လို့ ဒီလိုပဲ နားလည်ရမှာနော်။ အဲဒီတော့ ရောဂါက ကိုယ့်ကို တုံ့ပြန်တာကို ညီတော်မောင်က တုံ့ပြန်တာမှ မဟုတ်ဘဲ။ ညီတော်မောင့်ကို မုန်းနေလို့ ဖြစ်ပါ့မလားနော်။ မဖြစ်ဘူး။ အဲဒါကြောင့်မို့လို့ ကိုယ့်အပေါ်မှာ ဆိုးဆိုးဝါးဝါးနဲ့ သူတို့က နေပြီးတော့ တုံ့ပြန်တာကို ခံရပြီ ဆိုလည်းပဲ တုံ့ပြန်တဲ့ သူကို သွားပြီး အရေးမယူကြနဲ့နော်။

တုံ့ပြန်တဲ့ သူကို သွားပြီး အရေးယူရင် ခဲလုံးကိုက်တဲ့ ခွေးလိုပဲ ဖြစ်နေမှာ မဟုတ်ဘူး။ ခွေးက ခဲလုံး ငါ့ လာမှန်တာပဲ ဆိုပြီး သကာလ ခဲလုံးကို သွားကိုက်ပြီဆိုရင် ခဲလုံးနဲ့ ပေါက်တဲ့ ပြဿနာက ပြီးပါ့မလား။ လူ သွားကိုက်မှပဲ လူက ထွက်ပြေးပြီး မပေါက်နိုင်မှာ မဟုတ်လား။ အခုတော့ မဟုတ်ဘူး။ သူက ခဲလုံး ကိုက်နေပြီဆိုတော့ နောက်ထပ် ကျန်တဲ့သူတစ်ယောက် နောက်ထပ် သူ့ ပြန်ပေါက်ဦးမှာပေါ့နော်။

အဲဒီခဲလုံး သူက လိုက်ကိုက်နေပြီ ဆိုရင်တော့ လူတော့ မကိုက်ရတော့ဘူး။ သူပဲ ခဲလုံး အမှန် ခံနေရဦးမှာနော်။ အဲဒီတော့ ပြဿနာလုပ်တဲ့ လူလို့ ထင်ရတဲ့သူ သက္ကာယမိစ္ဆာဒိဋ္ဌိ ကိုပေါ့နော်။ ဩော် . . . ပြဿနာ ဒီကောင်လုပ်တဲ့ဟာ မဟုတ်ဘူးလို့ အထပ်ထပ် နှလုံးသွင်းပါနော်။

ကိုယ်က သူ့ရဲ့ တုံ့ပြန်ချက်ကို ခံပြင်းပြီလို့ ဆိုလို့ရှိရင် အဲဒီ ခံပြင်းတာကို ဘေးနား အသာချပြီးတော့ ငါ့ကို ခံပြင်းအောင် လုပ်တဲ့သူဟာ သူလား၊ သူ့ရဲ့ ကိလေသာလား၊ သူ့ရဲ့ သံသရာလားလို့ ဒါကို အထပ်ထပ် ဆင်ခြင်ပါလို့၊ အထပ်ထပ် ဆင်ခြင်လို့ ဟောတာတော့ အပီ ကွဲသွားပြီ ဆိုရင် ဒါ ဘုရားရဲ့ စည်းဘက် ရောက်လာပြီလို့ ဒီလို ပြောရမယ်ဗျနော်။

တို့ဘုရားက တစ်လောကလုံးထက် ထူးခြားတဲ့ အသိကို သိတာနော်။ သူ သိတဲ့အသိကို တို့တပည့်တွေကို ပေးခဲ့တာနော်။ တို့လည်းပဲ သူ့လိုပဲ သိရမှာနော်။ သူ့လို သိမှ သူ့လို လွတ်မြောက်မှာ သူ့လို ငြိမ်းချမ်းမှာ မဟုတ်လား။ တို့ကို သူက အလှအပ ဟောခဲ့တာ မဟုတ်ဘူး။ သူ့လို လွတ်မြောက်ဖို့အတွက် ဟောခဲ့တာနော်။

ဒီ သက္ကာယမိစ္ဆာဒိဋ္ဌိ လေးမှ မပြုတ်ဘူးဆိုရင် ဘာနဲ့ သွားပြီး လွတ်မြောက်ရမှာတုံး။ ဘာနဲ့ သွားပြီး ပွားကြရမှာတုံး။ ဒီ သက္ကာယမိစ္ဆာဒိဋ္ဌိ လွတ်မြောက်ပါမှ ဒီလွတ်မြောက်တဲ့အတိုင်း အကုန်လုံးကို နှံ့နေအောင် ဖြန့်ပြီး ကြည့်တဲ့လုပ်ငန်းကို တရားအားထုတ်တယ်လို့ ခေါ်တယ်ဗျနော်။

ဒါကို ပွားရင်တော့လည်းပဲ အကုန်လုံး လွတ်ကုန်မှာ မဟုတ်လား။ အစတော့ လွတ်အောင်တော့ အမြင်ကို အရင် ဖောက်နော်။ ဒီ သက္ကာယမိစ္ဆာဒိဋ္ဌိ အမြင်ကိုတော့ သေသေချာချာကို အမြင်ပေါက်အောင် ဖောက်ကြနော်။ ဒါသာ ပေါက်ပြီဆိုရင် ဒါ ဆက်ပွားမှာပေ့ါ။ ဒါ ဆက်ပွားရင် လူတွေဟာ အပြစ်တင်စရာကို မရှိဘူး ဖြစ်သွားမယ်။

အပြစ်တင်စရာ မရှိလို့ သူတို့ အပြစ်တွေကို ကိုယ်ခံနေရမှာလား ဆိုတော့ သူတို့ရဲ့ ကိလေသာကြောင့် ဖြစ်တဲ့ အပြစ်ကို သိပြီလို့ဆိုတော့ သူတို့နဲ့ တိမ်းကာ ရှောင်ကာ ကိုယ့်ဆီကို အပြစ်တွေ မရောက်အောင် နေနိုင်တာပေါ့နော်။ အဲဒီလို ဖြစ်တဲ့အတွက် ဘုရားရဲ့ အသိဟာ အထူးခြားဆုံး အသိ။ ဟုတ်ပြီနော်။

အထူးခြားဆုံး အသိဆိုတာ ထူးရုံ ထူးတာလား။ ဒီအသိကို အသုံးချရင်ကော အသုံးမှ ကျပါ့မလား။ သိပ် အသုံးကျတဲ့ အသိနော်။ ဘယ်လောက် အသုံးကျသလဲ ဆိုရင် လူ လုံး၀ လွတ်မြောက်တယ်။ လူ လုံး၀ ငြိမ်းချမ်းတယ်။ ဘာမှ ဆူးလှည်း ဆွဲလာတဲ့ ပုံသဏ္ဍာန်မျိုး လုံး၀ မရှိဘဲနဲ့ ထိလိုက်တဲ့ လူတိုင်းဟာ ကိုယ်နဲ့ ဘာမှ မငြိတော့ဘဲနဲ့ လွတ်မြောက်နေလိမ့်မယ်နော်။

အဲဒီလိုမျိုးလို မယားနဲ့လည်း ပေါင်းနေရတယ်။ သားနဲ့လည်း ပေါင်းနေရတယ်။ အဲဒီလိုပဲ စီးပွား ကြီးပွားရေး အပိုင်းဆိုင်ရာ လူတွေနဲ့လည်း ပေါင်းနေရတယ်။ လူတွေ အများကြီးနဲ့လည်း ပေါင်းနေရတာပဲ။ သူတို့က ဘယ်လောက်ပဲ ရှုပ်ရှုပ်ထွေးထွေး ရှိနေနေ ကိုယ်က ရှင်းနေပြီဆိုရင် ကိုယ်နဲ့စပ်လာရင် သူတို့နဲ့ ဘယ်လိုမှ ငြိမနေဘူး ဖြစ်ရမယ်။

ကိုယ်က လူထဲမှာ နေနေရပြီးတော့ လူထဲမှာ နေနေရတဲ့အတိုင်း လူ့ဓလေ့ လူ့ထုံးစံအတိုင်း သူက ဒေါသထွက်၊ ငါကလည်း ဒေါသထွက်၊ သူက လောဘထွက်၊ ငါကလည်း လောဘထွက်၊ သူက ချစ်စရာ ကြိုက်စရာ ဖြစ်အောင်နေ၊ ငါကလည်းပဲ သူ ချစ်စရာ ကြိုက်စရာ ဖြစ်အောင်နေ၊ သူက လည်းပဲ ကိုယ့်ညို့၊ ကိုယ်ကလည်းပဲ သူ့ညို့၊ သူ့ဒေါသနဲ့လည်း ကိုယ့်ထိုး၊ ကိုယ့်ဒေါသနဲ့လည်း သူ့ထိုး နဲ့ လောက နေရတာ အေးပါ့မလားနော်။ (မအေးပါဘူး ဘုရား။)

အဲဒီလိုမျိုးလို မအေးတဲ့ ဖြစ်ရပ်ကြီးကို တို့က ဘာလုပ်ကြမှာလဲဆို ဟောဒီ သက္ကာယမိစ္ဆာဒိဋ္ဌိကြီးကိုပဲ ဖြုတ်ရမှာနော့်။ တောထဲ ပြေးနေလို့လည်း မရဘူးနော့်။ သစ်ပင်အောက် ပြေးနေလို့လည်း မရဘူးနော့်။ အဲဒီလိုပဲ ဝါးပင်အောက်မှာသွားပြီး တစ်ယောက်တည်းနေမယ်ဆိုလို့လည်း မရဘူးနော့်။

တကယ်တော့ တို့က တောထဲမှာ သွားနေပြီး သကာလ သစ်ပင်တစ်ပင်ရင်း ဝါးတစ်ပင် အောက် နေမှာဆိုတာထက် တို့က လူဖြစ်တဲ့အတွက် လူတွေနဲ့လည်း ပေါင်းရောင်းနေရမှာပဲနော့်။ လူတွေနဲ့ ပေါင်းရောင်းနေမယ်ဆိုတာ စီးပွား မရှိရင်လည်း ဘာစားမလဲ၊ ဘာဝတ်မလဲ၊ ဘာသုံးမလဲ၊ ဘာမှ စားစရာလည်း မရှိ၊ ဝတ်စရာလည်း မရှိ၊ သုံးစရာလည်း မရှိဘူးဆိုရင် ဘယ်လိုလုပ် ချမ်းသာမလဲလို့ ပြောရမှာပေါ့နော်။

အဲဒီတော့ လူဟာ ချမ်းချမ်းမြေ့မြေ့ နေနိုင်ဖို့ရန်အတွက် စားစရာတွေ၊ ဝတ်စရာတွေ၊ သုံးစရာတွေလည်း အထိုက်အလျောက် ရှိရမှာပဲ။ ဒါတွေ ရှိဖို့ရန်အတွက် အလုပ်လည်း လုပ်ရမှာပဲ။ လုပ်ပြီဆိုရင် လူသူ လေးပါးတွေနဲ့ ပေါင်းရမှာပဲ။ လူသူ လေးပါးတွေနဲ့ ပေါင်းပြီလို့ ဆိုရင် လူတွေက အကုန်ကောင်းပြီးသားလား ဆိုတော့ အကုန် ကောင်းပြီးသားလည်း မဖြစ်ဘူး ဖြစ်လိမ့်မယ်နော်။

အဲဒီတော့ ဘာဖြစ်လဲ။ ဩော် . . . လူတွေနဲ့ လူတွေရဲ့ သံသရာဖြစ်တဲ့ ကံတွေပေါ့နော်။ ခွဲပြီး ကိုယ်ကနေ ကြည့်လိုက်လို့ရှိရင် ခွဲပြီး ကြည့်ပြီးတော့ ဖြစ်နိုင်သမျှအထိ ကိုယ်နဲ့ ထိစပ်ရတဲ့ သူတွေကို ကံတွေ ကောင်းပြီးတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်တဲ့ အမြင်ကလေးလည်း ကိုယ်က နေပြီးတော့ ပြောဆိုပေးရမယ်နော့်။

တကယ်လို့ သူ နားမလည်သေးတောင်မှလည်း သူ့ရဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိ မပြုတ်တဲ့အတွက် ဆိုးဆိုးဝါးဝါး ဖြစ်ရပ်တွေ ရှိတယ် ဆိုရင်လည်းပဲ ဒီဆိုးဆိုးဝါးဝါး ဖြစ်ရပ်တွေကို ကိုယ့် မထိအောင် သူ့ ပြုမူချက်ဖြစ်တဲ့ ဆိုးဆိုးဝါးဝါးတွေကို ကိုယ့်ဆီကို ရောက်မလာအောင် ကိုယ်က နေပြီးတော့ တိမ်းတိမ်းရှောင်ရှောင် နေတတ်ရမယ်နော့်။

အဲဒီလိုမျိုးလို ကိုယ်ကဖြင့် မတိမ်းနိုင် မရှောင်နိုင်လို့ သူ့ ဆိုးဝါးချက်က ကိုယ့်ကို လာထိဦး တော့ ကိုယ်က အဖတ်မဆယ်ဘူး။ အဲဒီ လူ့ကို ကိုယ်က အဖတ်မဆယ်ဘူး။ ဘာဖြစ်လို့တုံး ဆိုရင် ဒီသူ လုပ်တာမှ မဟုတ်ဘဲ။

ဒီသူရဲ့ ကံ၊ ကိလေသာ၊ ဝိပါက် လို့ဆိုတဲ့ အရာတွေက လည်ပတ်ပြီး ဖြစ်ပွားနေတဲ့ ရောဂါ ဘယလို ဟာမျိုးကို သူ ဝဲပေါက်နေတယ်ဆိုရင် ဝဲပေါက်တဲ့ကောင်ကို တို့က ဝဲအိုးလို့ ပြောကြမှာ ဆိုတာထက် ဝဲဆိုတာ ဒီလူ မဟုတ်ဘူး။ ဝဲဆိုတာ ရောဂါတစ်ခုလို့ ကိုယ်က သိတယ် မဟုတ်လား။ ကိုယ်က သိတော့ ဒီဝဲ ကိုယ့် မကူးအောင်ရယ်၊ ဒီဝဲ သူ့ဆီမှာ ပျောက်အောင်ရယ် ကိုယ်က လမ်းညွှန် မှာနော်။ လမ်းညွှန်လို့ သူလည်း ဝဲပျောက်သွားပြီဆိုရင် သူက ဘယ်လောက် ကျေးဇူးတင်မလဲပေါ့။ သူ ဝဲပျောက်သွားတဲ့အတွက်နော့်။

အခုလည်းပဲ ဝဲယားနာလိုပဲ သူ့ဆီမှာ ကိလေသာက ထနေတာဆိုတော့ ကိလေသာ ထတော့ ကံတွေလည်းပဲ သူက ကျူးလွန်တာပေါ့။ ကျူးလွန်တဲ့အခါကျတော့ ကိုယ့် လာဆဲလည်း ခံရမှာပေါ့ နော့်။ ကိုယ့်လည်း ရိုက်တယ်ဆိုလည်း ခံရမှာပေါ့။

ခံရပြန်တာ ဆိုတော့လည်းပဲ ဩော် . . . သူ ရိုက်တာ၊ သူ ဆဲတာက သူ မဟုတ်ဘူး ဆိုပြီး သကာလ ကိုယ်က နေပြီးတော့ ခွင့်လွှတ်ရတာကို တကယ်တော့လည်း အရူးတစ်ယောက်ယောက်က မောင်ရင်တို့ကို ဆဲပြီဆိုရင် မောင်ရင်တို့က ဒီအရူးကို ဖက်လုံးမလား။ (မလုံးပါဘူး ဘုရား။) မလုံး ဘူးနော့်။

ဩော် . . . သူ ရူးလို့ တို့ကို ဆဲရှာတာ။ သူ့ ပိုတောင် သနားတယ် မဟုတ်လား။ အဲ . . . တကယ်လို့ တို့ကနေပြီးတော့ ဒေါသအားကြီးလွန်းရင်၊ သက္ကာယဒိဋ္ဌိ အားကြီးလွန်းရင် ဩော် . . . ဒါ တို့ဆဲတဲ့ အရူးကွာ ဆိုပြီးတော့ ဖက်လုံးချင် လုံးမှာနော့်။

ကြားဖူးတယ်။ တို့ မုံရွာမှာ ရှင်လောင်းလှည့်နေတာတဲ့။ ရှင်လောင်းလှည့်တာ သံဃာရပ်ထဲ ရောက်တဲ့အခါကျတော့ ရှင်လောင်းကလည်း တော်တော် စည်စည်ဝေဝေလှည့်ပုံ ရပါတယ်။ အလှူ့

ဒကာကြီးကလည်း ရှေ့ကနေ သပိတ်ကြီး လွယ်၊ ယပ်ကြီးထမ်းလို့ ဆိုပဲကွ။ ရှင်လောင်း ရှေ့ကနေပြီး တော့ အဲဒီထဲတည်းမှာ အရှုးတစ်ယောက်က လမ်းဘေးကနေ ဆဲတာတဲ့။ ဆဲတဲ့အခါကျတော့ အလှူ ဒကာကလည်း သူ့ အလှူကို ရှင်လောင်းလှည့်တာကို အရူးက ဆဲရမလား ဆိုပြီးတော့ တောင်ရှည် ပုဆိုးကြီးနဲ့ ခေါင်းပေါင်းကြီးနဲ့ပေါ့ကွာ။ အရူးကို သွားပြီးတော့ တစ်ခါတည်း ဖက်လုံးတာဆိုပဲ။ ဒီလူ တော့ တော်တော်မိုက်တဲ့ လူလို့ ပြောရမှာပဲနော့်။ အရူးကို ဖက်လုံးတယ်ဆိုတော့ ဒီ ဒကာကြီးလည်း ဘယ်လို ဖြစ်သွားဦးမလဲနော့်။

တကယ်တော့ ဒါလောက်များတော့ သက္ကာယဒိဋ္ဌိ ရှိဖို့ မကောင်းပါဘူးနော့်။ အတော်များများ လူတွေတောင်မှ အဲဒီလောက်တော့ အရူးမို့ ဆိုပြီးတော့ ဖြေ ပြေကြပါတယ်နော်။ ဩော် . . . အရူးမို့ ဆဲတာပဲ။ အရူးမို့ ရိုက်တာပဲ ဆိုပြီးတော့ ခံရဦးတော့တောင်မှလည်း နောက် မခံရအောင် လုံးပန်းပြီး သကာလ နေရမှာပေါ့နော်။

ခွေးတွေတောင် ကြည့်ပါလား။ ခွေးရူးသာ လာတယ်လို့ ဆိုရင် ဘယ်လောက်ကောင်းတဲ့ ခွေး ဖြစ်ဖြစ် ခွေးရူးကို ခံမကိုက်ဘူးဗျ။ ပုန်းတာပဲဗျ။ လွတ်အောင် ပြေးတာပဲလို့ ပြောတယ်။ ခွေးကောင်း ကတောင်မှ ခွေးရူးကို ခံမကိုက်ဘူးလို့ ဆိုရင်တော့ လူကောင်းက လူရူးကိုတော့ ပြန်ပြီး မသတ်ပုတ် မိဖို့တော့ လိုတာပေါ့နော်။

အဲဒီထဲတည်းမှာ လူရူးသာ မသတ်ပုတ်ဘဲ နေတာလောက် မကဘဲ ခုန ကိလေသာတွေနဲ့ ရူးနေတဲ့ ကိလေသုံမတ္တကပေါ့။ ဉမ္မတကပေါ့။ ပုထုဇန ဉမ္မတကပေါ့။ အရူးတွေပဲ။ ခိုးကြတယ်၊ ဆိုးကြတယ်၊ လိမ်ကြတယ်၊ ကောက်ကြတယ်၊ သတ်ကြတယ်၊ ဖြတ်ကြတယ် ဆိုတာ ကောင်းမယ် ထင်လို့ သူတို့ လုပ်တာ။ တကယ်တော့ ကောင်းမှာ မဟုတ်ဘူး။ ကောင်းမှာ မဟုတ်တာကို ကောင်း မယ် ထင်ရင်တော့ ဒါ  အရူးလို့ ပြောရမှာပေါ့။

အဲဒီလို ရာဂုံမတ္တက၊ ဒိဋ္ဌုမတ္တက ဒီအရူးတွေကို တို့က အရူးမှန်း သိပြီလို့ ဆိုတဲ့အခါကျ အရူး မပျောက်ရင်တော့ ဒါဆိုရင် သူတို့ ရူးနေသေးတာလို့ ပြောရမှာပဲ မဟုတ်လား။ ကိုယ်လည်းပဲ သူ့လိုပဲ ဆိုရင်တော့ ကိုယ့်အရူး သူ့အရူးနဲ့ အရူး အရူးချင်း ဆဲကြ ဆိုကြတော့ ဖြစ်မှာပေါ့နော့်။

အဲဒီတော့ ကိုယ်က အရူးပျောက်နေပြီ ဆိုရင် ဩော် . . . သူ့ ဒိဋ္ဌုမတ္တက ဖြစ်နေတာ။ ဒီအရူး နဲ့တော့ ကိုယ်က ဖက်ပြီးသကာလ ရန်မဖြစ်သင့်ဘူးပေါ့နော့်။ ကိုယ်ကနေပြီးတော့ မလုံးသင့်ဘူးလို့ ပြောရမှာပေါ့နော်။ အဲဒီလိုမျိုးလို ကိုယ့်ကိုကိုယ် ကျင့်ရမှာဗျနော်။

ပထမဆုံးကတော့ ဟောဒီ သက္ကာယမိစ္ဆာဒိဋ္ဌိကို ဖြုတ်ရမယ်။ နောက် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ် ပြီးတဲ့နောက်ပိုင်းကျတော့ ဒီ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ချက်ကို ဆပွားပြီး ဆထက်ဆ လူတိုင်း လူတိုင်း အပေါ်မှာ ရှင်းနေအောင် လင်းနေအောင် မြင်အောင် ကိုယ်က ကြည့်ပေးရမယ်နော်။ အဲဒီလိုမျိုးလို ကြည့်ပေးရတဲ့ လုပ်ငန်းမျိုးကို ဘာဝနာ ပွားတာလို့ ခေါ်တယ်။ တရား အားထုတ်တာလို့ ခေါ်တယ်။

အဲဒီလို အားထုတ်လိုက်လို့ ကိုယ်က မြင်နေပြီ အကုန်လုံးကို လင်းနေပြီ ဆိုတော့၊ လင်းကုန်ပြီ ဆိုလို့ရှိရင် တို့ဘုရားက နေပြီးတော့ လူတွေကို အပြစ်တင်တာမျိုး မလုပ်သလို၊ အပြစ် မတင်မိအောင် စောင့်စည်းနေတာမျိုးလည်း မလုပ်ရသလို ဟော . . . တို့လည်းပဲ ဘာမှ မလုပ်ဘဲ လွတ်မြောက်နေမှာ မဟုတ်လား။ အဲဒီလို လွတ်မြောက်ပြီး နေနိုင်ကြပါစေလို့ ဒီလို ပြောရမယ်နော်။

အခု တို့ ပြောဆိုတဲ့ စကားလေးကလည်းပဲ ပထမဆုံး ကံအကြောင်း ပြောလိုက်တယ်။ ဗုဒ္ဓရဲ့ ကံဟာ နိဂဏ္ဌနာဋ္ဌပုတ္တ လို့ဆိုတဲ့ ဂိုဏ်းဘုရားကြီးရဲ့ ကံနဲ့ တခြားစီ ဖြစ်တယ်။ ဟုတ်ပြီနော်။ တခြားစီ ဖြစ်ပုံကိုလည်း သိကြမယ် ထင်ပါတယ်နော်။ အဲဒီ ကံဟာ တခြားစီ ဖြစ်တယ်လို့ သိတဲ့အခါကျတော့ ဟော . . . ဒီ ကံဟာ ဒီ ဝဋ္ဋသုံးပါးနဲ့ လည်ပတ်ပြီးတော့ ဖြစ်ပွားနေတဲ့ ဘဝ ဖြစ်တယ်။ ဟောဒီ ဘဝ ဟာ တို့ မဟုတ်ဘူး။ ဘဝဟာ လူ မဟုတ်ဘူး။

တို့ဘုရား၊ ရဟန္တာတို့ ဆိုတာတွေဟာ အဲဒီ ဘဝတွေ အကုန် ငြိမ်းသွားကြပြီ။ ဒါပေမယ်လို့ လူ မသေသေးဘူးနော်။ လူ ရှိသေးရဲ့သားနဲ့ပဲ ဘဝတွေကိုပဲ ငြိမ်းကုန်ကြပြီနော်။

အဲဒါကိုပဲ ဘုရားလက်ထက်က ဘုန်းကြီးတွေအထိ အတော်များများပဲ ရဟန္တာ သေပြီးရင် ဘဝ မဖြစ်တော့ဘူးလို့ ပြောကြတာပေါ့နော်။ သာမန်လူတွေ အသိနဲ့ သာမန်လူတွေ သေရင်တော့ နောက်ဘဝ ဖြစ်သေးတယ်လို့ သူတို့က သိနေကြတာကို ရဟန္တာ သေရင်တော့ နောက်ဘဝ မဖြစ်တော့ ဘူးလို့ ဒီလို ယူလို့မို့လို့ တရားစွဲခံရတယ်။ အဲဒါကို အရှင်သာရိပုတ္တရာကနေပြီးတော့ သွားပြောရ တယ်။ သွားပြောတဲ့အခါကျတော့ နားလည်သွားပါတယ်။

ဟ - ဘဝက သေပြီးမှ ငြိမ်းမှာလား။ မသေခင် ငြိမ်းမှာလားပေါ့။ တကယ်တော့ ရဟန္တာ ဖြစ်တဲ့အချိန်ဟာ အသက်ငါးဆယ်မှာ ရဟန္တာ ဖြစ်တယ်ဆိုရင် အသက်ငါးဆယ်ကနောက်ကို ဘဝ မရှိ တော့ဘူး။ ဘာကံမှ မရှိတော့ဘူးလို့ ဒီလို ဆိုလိုတာပေါ့။ ကံဆိုတာ ကိုယ်၊ နှုတ်၊ နှလုံးတို့ရဲ့ လွန်ကျူး ချက်လို့ အစောပိုင်းတုန်းက ပြောခဲ့တယ်။ ဘာ ကိုယ်၊ နှုတ်၊ နှလုံး လွန်ကျူးချက်မှ မရှိတော့ဘူး။ အဲဒါကို သူ့ ဘဝ ငြိမ်းသွားပြီ။ ဘဝ သိမ်းသွားပြီလို့ ပြောတာနော်။

တကယ်လို့ အသက်နှစ်ဆယ်မှာ သူ ရဟန္တာ ဖြစ်တယ်ဆိုရင် အသက်နှစ်ဆယ်မှာ ဘဝ ငြိမ်း ပြီ။ တို့ မြတ်စွာဘုရားကတော့ သူက ဗောဓိပင်ရင်းမှာ ဘုရားဖြစ်တာဆိုတော့ ဗောဓိပင်ရင်းမှာ သူ့ ဘဝ စငြိမ်းတယ်။ ဘဝ ငြိမ်းပြီးတဲ့နောက် ဘဝ မရှိပြီးတဲ့နောက် သူ့ အသက်လေးဆယ်ငါးနှစ် ကြာ အောင် နယ်တကာ လှည့်ပြီး သူ တရားဟောနေတယ်။ သူ့မှာ ဘဝ မရှိတော့ဘူး။ ကံ မရှိတော့ဘူးလို့ ဒီလို ဆိုလိုတာပေါ့။ လွန်ကျူးချက် ဘာမျှမရှိတော့ဘူးလို့ ဒီလို ဆိုလိုတာပေါ့။

အဲဒီအဖြစ်ရောက်အောင် ကျုပ်တို့လည်း လိုတယ်။ တို့ဘုရားကလည်းပဲ ကျုပ်တို့ကို သူ့ တပည့်အဖြစ်နဲ့ သူ့ကို ဆွမ်းလေး၊ ကွမ်းလေး၊ ကျောင်းလေး၊ ကန်လေး လှူနေဖို့ရန်အတွက် ဒကာ ဒကာမ မွေးခဲ့တာ မဟုတ်ဘူးနော်။ ခင်ဗျားတို့ကို တို့ဘုရားက ဒကာ ဒကာမအဖြစ် မွေးခဲ့တာဟာ သူ့

ထောက်ပံ့ဖို့အတွက် မွေးခဲ့တာ မဟုတ်ဘူးနော်။ ခင်ဗျားတို့ကို သူ့လို လွတ်မြောက်မှု ဖြစ်တဲ့ ဘဝ ငြိမ်းတဲ့ဆီကို ရောက်အောင် ခေါ်ဖို့အတွက် ခင်ဗျားတို့ကို မွေးခဲ့တာနော်။

ဒီအထဲမှာ ခင်ဗျားတို့က စီးပွားရေးလေး၊ ကြီးပွားရေးလေး လုပ်ကိုင် စားသောက်နေသူ ဆိုတော့ ဒါလေးထဲကနေပြီး ဒီလို တရားရှာတဲ့ သူတွေကို တို့ ကူညီမယ်၊ ထောက်ပံ့မယ် ဆိုပြီး သကာလ ခင်ဗျားတို့ကနေပြီး ဆွမ်းကလေး၊ ကွမ်းကလေး၊ သင်္ကန်းကလေး၊ ကျောင်းကလေး ကူညီ ထောက်ပံ့ကြရတာနော်။

အဲဒီတော့ ဩော် . . . ဒကာ ဒကာမဆိုတာ ဘုန်းကြီးတွေအတွက် ဆွမ်းကွမ်းတွေ ကျောင်း ကန်ကနားတွေအတွက် ထောက်ပံ့ဖို့ရန် တို့ ထားခဲ့တာလို့ ဒီလို မဟုတ်ဘူးနော်။ တပည့်တပန်း ဘုန်းကြီးတွေနဲ့ တန်းတူ ထားခဲ့တာ။ တပည့်တပန်း ဘုန်းကြီးတွေလည်း ဘယ်ခေါ်လဲ။ ခုန ပြောခဲ့တဲ့ ဘဝ ငြိမ်းရာဆီကိုပဲ ခေါ်သွားတာပဲ။ တို့ ဒကာ ဒကာမတွေကိုလည်း ဘယ်ခေါ်လဲ။ ဘဝ ငြိမ်းရာဆီကိုပဲ ခေါ်သွားတာပဲနော်။

ကဲ . . . တို့က လူတော့ ဖြစ်နေတယ်။ ဘဝ မရှိဘူး၊ ငြိမ်းသွားပြီဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲပေါ့။ ဘာလွန်ကျူးချက်မှ မရှိတော့ဘူးဆိုရင် ဘယ်သူ့ မုန်းတာကိုမှ မခံရတော့ဘူး။ တွေ့တဲ့လူတိုင်းက ချစ်နေတယ်။ ဘာဖြစ်လို့တုံးဆိုရင် လူကို လူက မမုန်းချင်ဘူး။ လူကို လူက မမုန်းချင်ပေမဲ့ လူကို လူက မပေါင်းဝံ့ဘူး။

ဘာဖြစ်လို့တုံးဆိုရင် တော်တော်ကြာ သူ့ပေါင်းလို့ရှိရင် သူက ကိုယ့်ပေါ်မှာ လိမ်လား ကောက်လား လုပ်ချင်လုပ်မှာပေါ့။ လုပ်ရင် မုန်းရမှာက ကြောက်စရာကြီး ဆိုပြီးတော့ ရန်သူတွေ များမှာ စိုးရိမ်တဲ့အတွက် မပေါင်းဝံ့ဘူးနော်။

တကယ်တော့ လူတွေကို မုန်းတယ် မုန်းတယ်ဆိုတာ အဲဒီလူကသာ ကျူးလွန်တဲ့အမှု တစ်ခုခုကို မလုပ်ရင် ဘယ်သူမှ မုန်းလို့ မရဘူး။ မုန်းတယ်ဆိုတာ လူမုန်းတာ မဟုတ်ဘူး။ ကျူးလွန်မှုကို မုန်းတာနော်။

တကယ်တော့ လူက ကောင်းတာချည်းပဲ ကျူးလွန် ကျူးလွန်၊ မကောင်းတာချည်းပဲ ကျူးလွန် ကျူးလွန်၊ ကျူးလွန်တဲ့ဟာဆိုရင် မုန်းတာပဲ။ ဟုတ်ပြီနော်။ အဲဒီ ကျူးလွန်တာကိုသာ ဒီသူ့ဆီက ဘာမှ မရှိတော့ဘူးဆိုရင် လောကရဲ့ မိတ်ဆွေ ဖြစ်သွားပြီ။ သူနဲ့ ထိစပ်တဲ့ လူတိုင်းက ဒါ သူ့ကို ချစ်ကြည်လေးစားသူ ဖြစ်သွားမှာပေါ့နော်။ မမုန်းတော့ဘူး။ သူ့ မုန်းစရာ ကုန်သွားပြီလို့ လောကကြီးရဲ့ မိတ်ဆွေ ဖြစ်သွားပြီလို့ ဒီလို ပြောရမှာပေါ့။

အဲဒီလိုများ ဖြစ်သွားပြီ ဆိုရင်တော့ ဟာ . . . လောကကြီးမှာ တကယ့်ကို မျက်နှာရှိတဲ့ လူတစ်ယောက် ဖြစ်သွားပြီလို့ ပြောရမှာပေါ့။ အဲဒီလိုမျိုးလို ဖြစ်ဖို့အတွက် ဒကာ ဒကာမတွေကို ဘုရား

ကနေပြီးတော့ မင်းတို့က တို့ရဲ့ ဒကာ ဒကာမတွေ ဆိုပြီးတော့ တရားဟောခဲ့တာနော်။ ဆွမ်းလေး ကွမ်းလေးမှ ရစေတော့ ပေးစေတော့ ဆိုပြီးတော့ ဒကာ ဒကာမ မွေးခဲ့တာ မဟုတ်ဘူးနော်။

အဲဒီတော့ ကိုလင်းအောင်တို့လည်း ဒကာ ဒကာမ လုပ်နေပြီးတော့ ဩော် . . . တို့ ပေးဖို့ အတွက် ဘုရားက နေပြီးတော့ မွေးခဲ့တာ မဟုတ်ဘူးဟေ့။ တို့လည်း သူ ရောက်တဲ့ဆီကို ရောက်ဖို့ အတွက် တို့ကို ဒကာ ဒကာမ ဆိုပြီးတော့ သတ်မှတ်ခဲ့တာ။ ဟုတ်ပြီနော်။ အဲဒီတော့ အဲဒီ ရောက်အောင် နှင်ကြပါလို့ ဒီလို ပြောရမယ်နော့်။

အဲဒီဆီ ရောက်အောင် နှင်ဖို့ရန်အတွက် ပထမဆုံးအနေနဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ကြပါပေ့ါ။ ဟောဒီ သက္ကာယမိစ္ဆာဒိဋ္ဌိက တို့ တစ်သာသနာလုံး မပြုတ်ဘူးဗျ။

လယ်တီဆရာတော်ကြီးတို့ဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိကို တော်တော်ပြုတ်စေချင်တာဗျ။ သက္ကာယမိစ္ဆာဒိဋ္ဌိ ဆိုတာ ခေါင်း မီးလောင်သလောက် အရေးကြီးတယ်။ ရင်ဝ လှံစူးသလောက် အရေးကြီးတယ်လို့ ဆိုတာဟာ သူတို့ သိပ်သိတယ်ဗျ။ သိပ်သိတဲ့အတွက် သက္ကာယမိစ္ဆာဒိဋ္ဌိကို (ဖြုတ်ကြဟ)၂ နဲ့ သက္ကာယဒိဋ္ဌိဟာ သိပ်ဆိုးတယ်ကွနဲ့ ဒီလိုလည်း ပြောတယ်။

ဘယ်လောက်ဆိုးသလဲဆိုရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိနေရင်တဲ့ နောက်တုန်းက လုပ်ခဲ့တဲ့ ကံတွေဟာ မင်းတို့ကို အကျိုးပေးနေမှာတဲ့။ ဒါ လယ်တီဆရာတော်ကြီးက ပြောတာနော်။ ဘာဖြစ်လို့တုံး ဆိုရင် နောက်တုန်းက လုပ်ခဲ့တဲ့ ကံတွေက ပုတီးလုံးကလေးလို နေတာတဲ့။ တကယ်လို့ မိစ္ဆာဒိဋ္ဌိ ဆိုတာက ပုတီးကြိုးနဲ့ တူတယ်ကွတဲ့။

အဲဒီ ပုတီးကြိုးနဲ့တူတဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိ ရှိနေရင် အဲဒီ ပုတီးလုံးကလေးတွေကို ကုံးထားတော့ ကြားထဲက ဘယ်မှ လွင့်ကြဲမသွားဘူးကွတဲ့။ ကဲ . . . ပြောတာနော်။ တော်တော်လည်း ယုတ္တိတန်သလိုချည်းပဲနော်။

ဆိုလိုတာကတော့ တို့ လုပ်ခဲ့ပြီးသမျှ (ဘဝတွေ)၂ က ကံတွေဟာတဲ့ သက္ကာယမိစ္ဆာဒိဋ္ဌိကြီးနဲ့ ကုံးထားတာတဲ့။ သက္ကာယမိစ္ဆာဒိဋ္ဌိ ဆိုတဲ့ ကြိုးလေးနဲ့ ကုံးထားတော့ တို့ ရှိနေတာတဲ့။ ဒါကြောင့်မို့လို့ အဲဒီက အဆိုးတွေ ရှိရင်လည်း အဆိုးတွေ လာလိမ့်မယ်တဲ့။ အဲဒီတုန်းက အကောင်းတွေ ရှိရင်လည်းပဲ ဒီမှာ အကောင်းတွေ ဖြစ်လိမ့်မယ်တဲ့ သူက အဲဒီလိုမျိုးလို ပြောတယ်။

တကယ်လို့များ မင်းတို့က အဲဒီကံတွေကို မလိုချင်တော့ဘူးဆိုရင် ဟောဒီ သက္ကာယမိစ္ဆာဒိဋ္ဌိလို့ဆိုတဲ့ ကြိုးကလေးသာ ဖြတ်ပစ်လိုက်တဲ့။ ပုတီးကုံးဆိုတာ ကြိုးကလေးသာ ဖြတ်လိုက်ရင်တော့ ပုတီးလုံးတွေက လွင့်ကြဲသွားမှာ မဟုတ်လား။ လွင့်ကြဲသွားတော့ အကျိုးပေးစရာ မရှိတော့ဘူးလေ။ အဲဒီလိုမျိုးလို သက္ကာယမိစ္ဆာဒိဋ္ဌိက စွမ်းတာကွနဲ့ လယ်တီဆရာတော်ကြီးက ပြောခဲ့တယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်တာဆိုပြီးတော့ အဲဒီလိုမျိုးလို ပြောပြီး သက္ကာယမိစ္ဆာဒိဋ္ဌိကို ဖြုတ်ကောင်းခြင်းကြီး ဖြုတ်ပြီလို့ဆိုတဲ့ အခါကျတော့ ဘာဖြုတ်တုံးဆိုတော့ သက္ကာယ သွားဖြုတ်တယ်။

သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ပါဆိုနေ မိစ္ဆာဒိဋ္ဌိ မဖြုတ်ဘူး။ သက္ကာယ သွားဖြုတ်တယ်။ သက္ကာယက လူ မဟုတ်လား။ လူက ထင်ရှားရှိတဲ့ အရာကြီး။ ထင်ရှားရှိတဲ့ အရာကြီးကို ပါဠိလို သက္ကာယလို့ ခေါ်တာ ပေါ့နော်။

ဟာ . . . အဲဒီတော့ သက္ကာယကြီးကို ကျုပ်က ယောကျ်ား ယောကျ်ားလို့ မဟုတ်ဘူးလို့ မှတ်တယ်။ ကျုပ်က လူ လူမဟုတ်ဘူးလို့ မှတ်တယ်။ ကျုပ်က ခင်ဗျားတို့နဲ့စာတော့ ငါပေါ့။ ခင်ဗျားတို့က ကျုပ်နဲ့စာတော့ သူများတွေပေါ့။ သူများတွေ မဟုတ်ဘူးလို့ မှတ်တယ်။ သူများလည်း မရှိဘူး။ ငါ လည်း မရှိဘူး။ ယောကျ်ားလည်း မရှိဘူး။ မိန်းမလည်း မရှိဘူး။ ပုဂ္ဂိုလ်လည်း မရှိဘူး။ သတ္တဝါတွေ လည်း မရှိဘူး။ အဲဒီလိုမျိုးလို ဘာမှ မရှိဘူးလို့ လုပ်ပစ်လိုက်ရင် သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်ကရောတဲ့။ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်တာ မဟုတ်ဘူး။ သက္ကာယ ပြုတ်တာ။

ဒီ သက္ကာယ အပေါ်မှာ အထင်လွဲတဲ့ဟာမှ သက္ကာယမိစ္ဆာဒိဋ္ဌိ မဟုတ်လား။ ဒီ သက္ကာယက တော့ မခိုးဘူးဗျ။ သက္ကာယ ဆိုတဲ့ မောင်မဲက ခိုးတယ်ဆိုရင် သက္ကာယက မောင်မဲ။ မောင်မဲက သက္ကာယကြီး။ မောင်မဲက မခိုးဘူး။ ကိလေသာကြီးက ခိုးတာ။

ခိုးတယ်ဆိုတာ ကိလေသာကြောင့်ဖြစ်တာဆိုတော့ မောင်မဲကတော့ သတ္တုကျနေတာပေါ့ဗျာ။ သတ္တုကျနေတော့ မောင်မဲ မင်း ခိုးတာပေါ့။ မင်း သူခိုးပဲလို့ မောင်မဲကို တို့က သူခိုးလို့ စွဲပြီဆိုတော့ ဟော . . . မိစ္ဆာဒိဋ္ဌိ ဖြစ်ကရောပေါ့။ မောင်မဲကို သူခိုးလုပ်ပစ်လိုက်တာ မဟုတ်လား။ အဲဒါ မိစ္ဆာဒိဋ္ဌိလို့ ပြောတာဗျနော့်။

အဲဒီလိုဆိုတော့ ဟာ . . . မောင်မဲက သူခိုး မဟုတ်ဘူး။ အဲဒီလိုမျိုး လုပ်ရမှာ။ အခုတော့ မောင်မဲကို မရှိဘူး။ အရိုးက မောင်မဲလားတဲ့။ အရိုးက မောင်မဲ မဟုတ်ဘူး။ အသားက မောင်မဲလား တဲ့။ အသားလည်း မောင်မဲ မဟုတ်ဘူး။ အသွေးတွေ၊ အကြောတွေ၊ အရေတွေက မောင်မဲလား ဆိုတော့ အသွေးတွေ၊ အကြောတွေ၊ အရေတွေကလည်း မောင်မဲ မဟုတ်ဘူးတဲ့။ မောင်မဲဆိုတာကို မရှိဘူးတဲ့။

မောင်မဲဆိုတာ မရှိဘူးလို့ လုပ်ပစ်လိုက်တဲ့အခါကျတော့ သက္ကာယကြီး ဖြုတ်ပစ်လိုက်တာပေါ့ နော့်။ သက္ကာယ ဖြုတ်ပစ်လိုက်တော့ ပြောမယ်ဆိုရင် ဘာမှ မရှိဘူး ဖြစ်သွားမှာပေါ့နော့်။ ဘာမှ မရှိ ဘူးဆိုရင်တော့ ကောင်းတာကကော ဘယ်မှာတုံး၊ မကောင်းတာကကော ဘယ်မှာတုံး။ ကောင်းတာ လည်း မရှိတော့ဘူး။ မကောင်းတာလည်း မရှိတော့ဘူး။

တို့ လယ်တီဆရာတော်ကြီး ဆိုတာ ဒို့ ထေရဝါဒရဲ့ တကယ့်ကို အသည်းလို့ ပြောရမှာပေါ့။ သည်းခြေလို့ ပြောရမှာပေါ့။ အဲဒါလောက် အသည်းလို သည်းခြေလို ပြောရလောက်တဲ့ အဲဒီ ဆရာ တော်ကြီးတွေတောင်မှ သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ပါဆို သက္ကာယကြီး ဖြုတ်သွားတယ်။

သက္ကာယ ဖြုတ်ရမယ်ဆိုတော့ တို့က အူကြောင်ကြောင်ကြီးလိုကို ဖြစ်သွားတယ်။ တို့ကိုယ်တို့ တို့ မဟုတ်ဘူး ဆိုတာကို လုပ်ရမယ်ဆိုတော့ ကဲ . . . ငါကြီး ရှိရဲ့သားနဲ့ ငါ မဟုတ်ဘူးလို့ ဆိုတော့ ကဲ . . . ဘယ်လို လုပ်မလဲကွာ။

ဟို . . . မိုးကုတ်တရား သွားထိုင်တယ်ဆိုတဲ့ လူတစ်ယောက်။ သွားထိုင်ပြီး ပြန်လာတဲ့အခါ ကျတော့ မိုးကုတ်တရားက ဘာပြောတုံးဆိုတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်လိုက်တာပေါ့ကွာ။ သက္ကာယ ဖြုတ်လိုက်တာ အဲဒီလိုပဲ ပထဝီကလည်း မင်း မဟုတ်ဘူး။ ငါ မဟုတ်ဘူးနော်။ အာပေါ ကလည်း ငါ မဟုတ်ဘူး။ တို့ထဲမှာ ရှိနေတာက ပထဝီတို့၊ တေဇောတို့၊ အာပေါတို့၊ ဝါယောတို့ပဲ ရှိတယ်ပေါ့။ အဲလိုဆိုတော့ ငါ ရှိသေးလားပေါ့။ မရှိပါဘူး ဘုရားပေါ့။

ဒါနဲ့ သူ တရားသင်တန်း ဆုံးတဲ့အခါကျတော့ အိမ်ပြန်သွားတယ်။ အိမ်ပြန်သွားတော့ သမီး က အိမ်တံခါး ပိတ်ထားတယ် ဆိုပဲ။ တခါးပိတ်ထားတာနဲ့ သူ တခါးခေါက်တယ်။ တံခါးခေါက်တော့ သမီးကနေပြီး ညဘက်ဆိုတော့ မေးတာပေါ့လေ။ အပြင်ဘက်က တံခါးခေါက်တာ ဘယ်သူလဲပေါ့။ ကျွန်တော်ပါ သမီးရတဲ့။ ငါပါလို့ မပြောဝံ့ဘူးလေ။ ငါပါလို့ ပြောလိုက်ရင် တော်တော်ကြာ သက္ကာယ ဒိဋ္ဌိက ဖြုတ်ထားတာ မဟုတ်လား။ ကျွန်တော်ပါ သမီးရလို့ ပြောတယ်တဲ့။ အဲဒီလိုမျိုးတွေ အူကြောင် ကြောင် ဖြစ်ကုန်တာကွ။

သက္ကာယမိစ္ဆာဒိဋ္ဌိ ဖြုတ်ဖို့ ပြောတာ သက္ကာယကြီး သွားဖြုတ်လိုက်တော့ အူကြောင်ကြောင် တွေ ဖြစ်ကုန်တာဗျ။ အေး . . . တို့ ထေရဝါဒသာသနာမှာ သက္ကာယမိစ္ဆာဒိဋ္ဌိတော့ အကြောက်ကြသား ကွ။ ကြောက်ပေမယ်လို့လည်းပဲ မိစ္ဆာဒိဋ္ဌိကို မသိတော့ ကဲပါ . . . ဒီ သက္ကာယကြီးကို ဖြုတ်ပစ်လိုက် တာ အေးပါတယ်ဆိုပြီး သက္ကာယကြီး အမှုန့်ကြိတ်ပြီး လုပ်ပစ်လိုက်တဲ့ အခါကျတော့ လူ မရှိတော့ ဘူး။

သတ္တဝါ ဆိုတာလည်း မရှိတော့ဘူးလို့ လုပ်ပစ်လိုက်တဲ့ အခါကျတော့ တကယ် လူကြီးတွေက ထင်းလင်းကြီးတွေ မြင်နေရတယ်။ ကိုယ့်ကိုကိုယ်လည်း မြင်နေရတယ်။ စကားတွေလည်း ပြောနေရ တယ်။ အစားတွေလည်း စားနေရတယ်။ လူတွေကတော့ ရှိနေတယ်။ ရှိနေတဲ့ဟာကို မရှိဘူးလို့ တရားကနေ အတင်း သင်လိုက်တဲ့ အခါကျတော့ တရားကလည်း ရချင်တာဆိုတော့ မရှိဘူး လုပ်ရ တော့တာပေါ့ကွာ။ တစ်ခါတည်း မရှိဘူး လုပ်တော့ အဲဒီအတိုင်းပဲဗျာ။

တစ်ခါ မိုးညှင်းရဲ့ ရိပ်သာမှာ ဒေါ်ကြည်မြိုင် တို့ဆိုတဲ့ သူတွေက ပြောတယ်။ လူတစ်ယောက် သူ့ခြင်း မေ့သွားတယ်တဲ့။ သက္ကာယမိစ္ဆာဒိဋ္ဌိတော့ ပြုတ်သွားပြီပေါ့ဗျာ။ သက္ကာယမိစ္ဆာဒိဋ္ဌိ ပြုတ်သွား ပြီး အိမ်ပြန်သွားတဲ့ အခါကျတော့ ကျောင်းကနေပြီး လူအုပ်ကြီးနဲ့ အိမ်ပြန်သွားတဲ့ အခါကျတော့ ကျောင်းပေါက် ကျော်ကျော်လောက် ရောက်တဲ့အခါ သူ့ခြင်း ကျန်ခဲ့တာကို ဒါ ဘယ်သူ့ခြင်းလဲ ဆိုတဲ့ အခါကျတော့ ဟာ . . . ဒါ ဟို . . . ပြန်သွားတဲ့ လူတစ်ယောက်ရဲ့ ခြင်းပဲလို့ ဆိုတော့ လှမ်းခေါ်တာ ပေါ့။

အဲဒီလူကို လှမ်းခေါ်တဲ့ အခါကျတော့ ဒီမှာ ခြင်းတစ်လုံး ကျန်ခဲ့တယ်ပေါ့။ အဲဒီ ပြန်သွားတဲ့ လူတွေထဲက ဘယ်သူ့ခြင်းလဲလို့ လှမ်းမေးလိုက်တာပေါ့လေ။ ရုပ်နာမ်ရဲ့ ခြင်းလို့ ပြောသတဲ့ဗျာ။ အမှန်ကတော့ သူ့က ရုပ်နာမ်နဲ့ ဖြုတ်လိုက်တာကိုးကွ။

လူ မရှိဘူး။ သူ့ကို ရုပ်နဲ့ နာမ် နှစ်ပါးပဲ ရှိတယ်လို့ ဆိုပြီးသကာလ (ရုပ်နာမ်ရဲ့ ခြင်း)[၂] ဆိုပြီး ပြန်ပြောတယ်တဲ့။ ငါ့ခြင်းလို့ကလည်း မပြောဝံ့ဘူး မဟုတ်လား။ ငါ့ခြင်းလို့ ပြောရင် အခုတွင် သက္ကာယဒိဋ္ဌိက ဖြုတ်ပေးလိုက်တာ။

သက္ကာယဒိဋ္ဌိကြီးက ပြန်စွပ်သွားတယ် ဆိုရင်တော့လည်း ဒါ မကောင်းဘူး မဟုတ်လား ကွယ်။ အဲဒီလိုမျိုးလို တို့ ထေရဝါဒဗုဒ္ဓဘာသာမှာလည်းပဲ အူကြောင်ကြောင် ဖြစ်တယ်ကွဲ့။ သက္ကာယ မိစ္ဆာဒိဋ္ဌိ ဖြုတ်တာကြီးကနော်။

အဲဒါကြောင့်မို့လို့ တို့ဘုရားရဲ့ အသိကတော့ဖြင့် ထူးထူးခြားခြား အသိနော်။ သုံးလည်း သုံး လောက်တဲ့ အသိနော်။ တကယ့်ကို သုံးလို့ရှိရင်လည်းပဲ အကျိုးတွေ တစ်ပုံတစ်ပင်ကြီး များပြားမယ့် အသိနော်။ ဒီအသိလေးကို တို့ သိရတာဖြင့် ဒါ တော်တော် ထူးထူးခြားခြား သိရတဲ့ အသိနော်။ ဘုရားအပေါ်မှာလည်း ကြည်ညိုလို့ မဆုံးနိုင်အောင်လို့ ပြောရမှာပေါ့။

ဩော် . . . တို့ဘုရားက လောကရဲ့ ပြဿနာတွေကို ဒီလို လွတ်မြောက်အောင် လုပ်တာပါ လားလို့ ဆိုတာမျိုး သိရမယ်နော်။ အဲဒီတော့ မင်းတို့ ကိုယ်တိုင်လည်း ဘုရားကို အဲဒီလို သိပြီးတော့ ဟ, တို့ကိုယ်တိုင်လည်း ဘုရားနောက်က လိုက်နေတဲ့ သူတွေပဲ။ တို့လည်းပဲ လွတ်မြောက်နိုင်ရမယ် လို့ဆိုတဲ့ အသိကို မင်းတို့လည်း မျှော်မိနိုင်ကြပါစေလို့ ဒီလို ပြောရမယ်နော့်။

တို့ တရားလေးက အဲဒါကလေးကို မင်းတို့ မျှော်မိတယ်ဆိုရင် ဒီမျှော်မိတဲ့ ကောင်းတဲ့ စိတ်ဓာတ်ကလေးကပဲ မင်းတို့ကို ဆက်ဆက်ပြီး ဆောင်သွားတဲ့အတွက် တကယ်လည်းပဲ မင်းတို့ ကျွတ်လွတ်ကုန်ကြမှာပါလို့ ဒီလို ပြောရမယ်နော့်။

အခု တို့ ပြောဆိုကြတာလည်း ဒီလို ကျွတ်လွတ်ဖို့ကိုပဲ ရည်မှန်းပြီး ပြောဆိုတာ ဆိုတော့ ဒီ ရည်မှန်းတဲ့အတိုင်းလည်း ပြီးစီးအောင် ဆောင်ရွက်နိုင်တဲ့ အဖြစ်ကို ဟောဒီ တို့ ပြောတဲ့ တရားဓမ္မ လေးက ဆောင်နိုင်ပါစေလို့ ဆိုတာကိုပဲ တို့ ဆန္ဒပြုမယ်နော်။

ဒါလေးကိုပဲ မင်းတို့က ဝမ်းသာနိုင်ကြတယ်ဆိုရင် သာဓု ခေါ်ပေးကြပါလို့ ဒီလို ပြောရမယ် နော်။

(သာဓု သာဓု သာဓုပါ ဘုရား။)

* * *

# အရှေ့ရိုးမ ဓမ္မဝိဟာရီ၏

# ဩဝါဒလင်္ကာ ရှင်းတမ်း

ပုညာပုည၊ အာနဉ္ဇဟု၊ ဘဝထိုထို၊ လူစိတ်ကိုယ်၌၊ ဖျက်ဖြို နိုပ်စက်၊ ဖြစ်, အပျက်ကို၊ ပြက်ပြက်ထင်ထင်၊ ဉာဏ်သွင်း မြင်လျက်၊ အဘိသင်္ခါရ၊ မဖြစ်ရအောင် -

- ပါပလီလီ၊ မပြုမိက၊ မရည် ရှေ့နောက်၊ အထက်, အောက်နှင့်၊ မျှော်, ကြောက် ရှောင်ကြဉ်၊ ခုပြစ် မြင်လျက်၊ ဝိသင်္ခါရ၊ ပြုပြင်ပလော့။
- ဒါနလီလီ၊ မလှူမိလည်း၊ မရည် ရှေ့နောက်၊ အထက်, အောက်နှင့်၊ မျှော်, ကြောက် ရှောင်ကြဉ်၊ ခုကျိုး မြင်လျက်၊ ဝိသင်္ခါရ၊ လှူဒါန်းကြလော့။
- သီလလီလီ၊ မစောင့်မိလည်း၊ မရည် ရှေ့ နောက်၊ အထက်, အောက်နှင့်၊ မျှော်, ကြောက် ရှောင်ကြဉ်၊ ခုကျိုး မြင်လျက်၊ ဝိသင်္ခါရ၊ စောင့်သုံးကြလော့။
- ဘာဝနာလီလီ၊ မပွားမိလည်း၊ မရည် ရှေ့နောက်၊ အထက်, အောက်နှင့်၊ မျှော်, ကြောက် ရှောင်ကြဉ်၊ ခုကျိုး မြင်လျက်၊ ဝိသင်္ခါရ၊ အားထုတ်ကြလော့။
- ဘဝ ဖြစ်မြောက်၊ ဆင်းရဲ ရောက်မှ၊ ရွံ့ကြောက် လှစွာ၊ မြည်တမ်း ပါ လည်း၊
- သတ္တဝါအများ၊ ဘယ်ဘုရားနှင့်၊ တရား, သံဃာ၊ ဒေဝတာတို့၊ ကယ်လာ ဆယ်မ၊ ကူ မရဘူး။

" သဗ္ဗပါပဿ အ ကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ"

မိန့်ပြန်ဆုံးမ၊ ဗုဒ္ဓစကား၊ ဦးထိပ်ထားသည်၊ အမှားအလျဉ်၊ သုတ်သင်ကြ။ ။

* * *